


# လမင်းမိုမို

## နှောင်ကြိုးတာခဲဆုံးတိုင်


စာမူခွင့်ပြုချက်အမှတ် - ၃၈၉/၂၀၀၃ (၃)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၉၀/၂၀၀၃ (၄)

၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၃၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(ချစ်မင်းလွင်စာပေ-၁၈၁၉)
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။





**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် စနစ်ကျ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





## ၁

ဒီနေ့ အစည်းအဝေးဟာဖြင့် အစည်းအဝေးပွဲစစ်စစ် ဘယ်လိုမှ မဖြစ်နိုင်တော့ဘဲ ကြိမ်းမောင်းဆူပူပွဲကြီးသာ ဖြစ်ရတော့မည်ကို သိထားသော အဆင့်မြင့်ပိုင်း ဝန်ထမ်းအသီးသီးဟာ ဦးဝင်းနီ ဘက်ကို ဘယ်သူမှ မကြည့်ကြဘဲ ခေါင်းလေးတွေ အသီးသီးငုံ့ကာ လွဲဖယ်ကာ ကိုယ်နှင့် သက်ဆိုင်ရာ စာရွက်စာတမ်းတွေကိုပဲ လေ့လာဖတ်ရှုနေသလိုလို ဘာလိုလို အပိုးကျိုးကျိုး ငြိမ်သက်ပျပ်ဝပ်နေကြသည်။

ဦးဝင်းနီရဲ့ များပြောင်လှစွာသော လုပ်ငန်းခွဲတွေ အားလုံးရဲ့ တာဝန်ရှိသူတွေ မဟုတ်ဘဲ၊ တချို့တစ်ဝက်ရဲ့ တာဝန်ရှိသူတို့သာ ပါဝင်သော အစည်းအဝေး ဖြစ်ပါသည်။ အမှားအယွင်း အနာအဆာ မရှိသူတွေ ဤအစည်းအဝေးထဲ မပါ။ အဆူခံရစရာ ရှိသူတွေ၊ ထုချေလွှာတင်ရမည့်သူတွေ၊ တစ်ခုမဟုတ်တစ်ခု လစ်

ဟာပျက်ကွက် အရှုံးထွက် မှားယွင်းထားသူတွေချည်းသာ ဤ အစည်းအဝေးမှာ ပါပါသည်။

ဦးဝင်းနီဟာ စိတ်ရင်းကောင်းသလောက် အတ္တက လည်း ကြီးသည်။ ငါ့အလုပ်၊ ငါ့ငွေ၊ ငါ့မိန်းမ၊ ငါ့သမီး ဆိုသည့် စိတ်မျိုး အပြည့်ရှိသည်။ သို့သော် ပေးရ ကမ်းရ ကျရ ချီးမြှင့် ရမည်ဆိုလည်း ရက်ရက်ရောရော အနှမြောမရှိ ဝန်ထမ်းတွေအပေါ် ကြည့်ရှုသူပင်။ စိတ်တိုတတ်ကာ ဆူပူကြိမ်းမောင်းတတ်သည့် နေရာမှာတော့ သူကလွဲ၍ တေဒင်္ဂပေးသင့်သူ မရှိတော့။

အလုပ်တွေများကာ အလုပ်ရှုပ်လှတာနှင့်အမျှ သူ့ စိတ်က ဘယ်တော့မှ မရှည်။

"ကဲ ... ကိုစိုးမြင့်က စ,ပြောချည်၊ ခင်ဗျား ကန်က ငါး တွေ ဘာကြောင့် သေကုန်တယ်ဆိုတာ၊ ဘာမှားလဲ၊ ခင် ဗျားဘက်က ဘာလိုလဲ"

ဦးစိုးမြင့်မှာ ပုစွန်ကန် ငါးကန်တွေကို ဦးစီးအုပ် ချုပ်ရသူ မန်နေဂျာပင်။ ဦးဝင်းနီ စကားကြောင့် မျက်နှာငယ်နှင့် ထ,ရပ်ကာ သူ့လုပ်ငန်းအခြေအနေတွေနှင့် ဒီအပတ် သူ့ကန်က ငါးတွေ သေနှုန်း ဆုံးရှုံးနှုန်း မြင့်တာအတွက် အထောက်အထား အကိုးအကား ဆင်ခြေ ဆင်လက်တွေနှင့် လျှောက်လဲနေပါ သည်။





ကျန်လူတွေဟာ တိတ်ဆိတ်လျက်ပင်။ ကိုယ့်အလှည့် ဘာပြောရမလဲ တထိတ်ထိတ် ကျိတ်၍ စာစီနေကြပါသည်။ ဦးဝင်းနီသည် ဦးစိုးမြင့် စကားတွေကို ကျေနပ်သလား၊ မကျေနပ် သလားတော့ မသိ။ အတော်ကြာ အမေးအဖြေ အတုံ့အလှယ်တွေ လုပ်ပြီးလျှင် ကြိမ်းမောင်းသတိပေးစကားနှင့် နိဂုံးချုပ်လိုက်ပါသည်။

"ကဲ ... ဦးဝင်းမော်၊ ခင်ဗျားရဲ့ အဲကွန်းဘတ်စ် မှောက် ရတဲ့ကိစ္စ၊ အဖြစ်က ဆိုလိုက်တာ၊ ဒီကိစ္စက နောက်က တသီတတန်းကြီး မပြီးနိုင် မစီးနိုင်အောင် ကျုပ်ကို ဒုက္ခ တွေပေးတော့မှာ၊ မနေ့က ကြားလိုက်ရတော့ သွေးတိုးပြီး လူက လဲတောင်လဲချင်တယ်၊ ကားတွေအားလုံးကို အန္တရာယ် ကင်းဖို့၊ လုံခြုံစိတ်ချရဖို့ နံပါတ်တစ်လို့ ပြောထားတယ်၊ ခု ဘယ်လိုဖြစ်သွားသလဲ ...

ခုတလောအတွင်းကို ဟိုနေရာက ဟိုဟာဖြစ်၊ ဒီနေရာက ဒီဟာဖြစ်၊ ဆုံးရှုံးရတာတွေ ဆက်တိုက် ... ကဲ ... ကဲ ... ပြော"

ဦးဝင်းမော်က ကပျာကယာထ,ကာ သူ့ရဲ့အဝေး ပြေးကားလိုင်းနှင့် ပတ်သက်သည့် ကိစ္စတို့ကို အစီရင်ခံနေပါသည်။ တစ်ချက် တစ်ချက် ဖြတ်ကာ တောက်ကာ ကြိမ်းမောင်းလိုက် သတ်သော ဦးဝင်းနီကို ခိုးကြည့်ကာ "သားရွှေသွေး" သက်ပြင်း တွေ ချနေမိပါသည်။

အင်း ... ဒီဒေါသအိုးကြီးဟာ သူ့ယောက္ခမလောင်းကြီး မဟုတ်လား။ မကြာတော့တဲ့ ရက်အတွင်း အတိအကျဆိုရသော် နောက်ထပ် ဆယ့်တစ်ရက်ဆိုရင် သူ့ရဲ့ယောက္ခမစစ်စစ်ကြီး ဖြစ်ပြီလေ ...။

တကယ်တော့ ဦးဝင်းနီဟာ သားရွှေသွေးရဲ့ အဖေဦးရဲသွေးရဲ့ ငယ်သူငယ်ချင်း။ တပ်ထဲဝင်ကြတော့ တူတူ။ တပ်မှာ အတော်ကြာ တာဝန်အတူထမ်းဆောင်ဖူးပြီးတဲ့နောက် ဦးဝင်းနီက မကျန်းမာပင်စင်နှင့် စောစောအနားယူသွားပါသည်။ ပြီးတော့ သူပိုင်စီးပွားရေး ထူထောင်လုပ်ကိုင်ရာက တစ်ရှိန်ထိုး အောင်မြင်ကာ လုပ်ငန်းပေါင်းများစွာနှင့် ကုမ္ပဏီအကြီးကြီး ဖြစ်လာခဲ့တာ။

သားရွှေသွေး ကျောင်းပြီး ဘွဲ့ရတော့ အသက်နှစ်ဆယ်သာ ရှိပါသေးသည်။ အဲဒီတုန်းကတည်းက ဖေဖေကလွှတ်လို့ ဦးဝင်းနီထံ အလုပ်သွားလျှောက်ကြည့်ခဲ့တာ ဦးဝင်းနီက ချက်ချင်းခေါ်ခန့်ထားပြီး တဖြည်းဖြည်း တာဝန်မြှင့်တင်ပေးလာခဲ့တာ ခုဆိုရင် လုပ်သက်က ကိုးနှစ်တောင်ကျော်ပြီ။

သားရွှေသွေးက ဆောက်လုပ်ရေးပိုင်းနှင့် ဆောက်လုပ်ရေးပစ္စည်းတွေ မှာယူတင်သွင်းသည့် လုပ်ငန်းခွဲ၌ တာဝန်ယူရ၍ တာဝန်ကြီးကာ အလုပ်လည်း များလှသည်။ ဦးဝင်းနီကိုင်တွယ်ထားသော Export-Import အပိုင်းမှာလည်း တွဲလုပ်ပေးရသေး၍ သူ့မှာ အားချိန်နည်းလှပါသည်။





သူ အလုပ်ဝင်ပြီး လုပ်သက်တစ်နှစ်သာ ရှိကတည်းက ဦးဝင်းနီက သူ့ကို ကုမ္ပဏီရုံးချုပ် အဆောက်အအုံမှာ ပြောင်းရွှေ့နေစေခဲ့ပါသည်။ မြို့လယ်က ခြောက်ထပ်တိုက် ရုံးချုပ်ကြီးမှာ ဦးဝင်းနီရဲ့ လုပ်ငန်းခွဲများစွာရဲ့ ရုံးခန်းတွေအသီးသီးရှိပြီး ခြောက်ထပ်က အခန်းကျယ်ကြီးမှာတော့ တစ်ခြမ်းကို သားရွှေသွေးရဲ့ အိမ်ခန်းအဖြစ် မွမ်းမံထားပြီး တစ်ခန်းက အစည်းအဝေးခန်းမဟောလ်ကြီး ဖြစ်သည်။

ဦးဝင်းနီရဲ့ သမီးဖြစ်သူ နီတာဟာ ဟိုးအရင်ကတည်းက သားရွှေသွေးနှင့် အနည်းအကျဉ်း ခင်မင်ရင်းနှီးပါသည်။ လွန်ခဲ့တဲ့ လေးနှစ် နီတာ ကိုယ်တိုင် စတိုးနှင့် စူပါမားကက် လုပ်ငန်းခွဲကို ဝင်ဦးစီးလာတဲ့ နောက်ပိုင်း သူတို့ချင်း ပိုမိုရင်းနှီးလာရာက သံယောဇဉ်ပိုကာ ချစ်သူတွေဘဝကို ရောက်ခဲ့ကြတာပါ။

ပထမတော့ ဦးဝင်းနီကို သားရွှေသွေးက ထိတ်လန့်ကြောက်ရွံ့နေခဲ့ပါသေးသည်။ နီတာ ဖွင့်ပြော အသိပေးလိုက်သည့်အခါ ဦးဝင်းနီရော ဇနီးဖြစ်သူ ဒေါ်မြနန္ဒာရော ကန့်ကွက်စကား မဆိုခဲ့ကြပါ။

ဒေါ်မြနန္ဒာကတော့ နဂိုကတည်းက အေးအေး။ ခင်ပွန်းဖြစ်သူက ပူပူလောင်လောင်မို့ ဇနီးက အလိုအလျောက် အေးငြိမ်းသည့်ပုံစံ ဖြစ်သွားရသည် ထင်ပါသည်။ သဘောကောင်းကောင်း စကားကို ချိုချိုလေး ပြောတတ်သော အန်တီမြနန္ဒာဟာ

လည်း သားရွှေသွေးရဲ့အမေ ဒေါ်ချိုချိုနှင့် ခင်မင်သူပါပင်။ တက္ကသိုလ်တုန်းက မျက်မှန်းတန်းခဲ့ကြကာ ခင်ပွန်းချင်း ခင်မင်တော့ နည်းနည်းပိုရင်းနှီးကျွမ်းဝင်လာကြတာမျိုးပါ။

ဦးဝင်းနီ ဆေးပင်စင်ယူပြီး နောက်ပိုင်းတော့ လူကြီးချင်း သိပ်မတွေ့ဖြစ်ကြတော့။ တစ်ယောက်သတင်း တစ်ယောက်မေးမြန်းကြတာမျိုးမျှသာ။ သူ့သမက်လောင်းရယ်လို့ အသိအမှတ်ပြုပြီးနောက်မှာတော့ ဦးဝင်းနီက သားရွှေသွေး အပေါ် ဆန်ရင်းနှာနှာဖွပ်တဲ့သဘော ပိုပြီးတော့ပင် တာဝန်တွေပေး၊ ပိုနိုင်း၊ ပိုကြိမ်းမောင်းလာပါသည်။

လွန်ခဲ့တဲ့ ခြောက်လက သားရွှေသွေးနှင့် နီတျာ စေ့စပ်ကြောင်းလမ်းကြပါသည်။ အဲဒီတုန်းက လူကြီးချင်း ပြန်ဆုံဖြစ်ကြပြီး အဲဒီနောက်မှာ မတွေ့ကြပြန်။ မင်္ဂလာကိစ္စတွေကိုတော့ လူငယ်နှစ်ယောက် သဘောကျသာ တိုင်ပင်စီစဉ်နေကြတာ ဖြစ်၍ လူကြီးတွေက အစစ ဝင်မပါပါ။

ခုတော့ လက်ထပ်ဖို့ရက်က ဆယ့်တစ်ရက်မျှသာ လိုပါတော့သည်။ အားလုံးလိုလိုလည်း စီစဉ်ပြီးပါပြီ။ ဖိတ်စာတွေပင် ဝေပြီးနေပါပြီ။ မင်္ဂလာဆောင်ရက် နီးကပ်နေသော သတို့သားလောင်း သားရွှေသွေးကို ဦးဝင်းနီက အလုပ်တာဝန်လျှော့ပေါ့မပေးပါ။ ခိုင်းထားသည်မှာ အားချိန်မကျန်အောင် ပိပြားနေ၍ ခုတလော သားရွှေသွေး ပင်ပန်းလှပါသည်။





"ကဲ ... ဟိုကောင် ... ရွှေသွေး"

ကျန်လူတွေကို ဦးဝင်းမော်၊ ကိုစိုးမြင့်၊ ကိုကျော်စွာစသဖြင့် ဦးတန်ဦး၊ ကိုတန်ကို၊ တပ်ခေါ်ပေမဲ့ သားရွှေသွေးတစ်ယောက်မှာတော့ သမက်လောင်းဖြစ်၍ ရာထူးတာဝန်ကြီးတာချင်းတူတူ "ဟိုကောင်" ဖြစ်နေရတာ ကြာပေပြီ။

"ဟုတ်ကဲ့ အန်ကယ်"

"ဒီလ ပထမပတ် ဝင်ရမဲ့ စတီးအမိုးပြားတွေပါတဲ့ မင်းကွန်တိန်နာက ခုထိမဝင်တာ ဘယ်လိုဖြစ်တာလဲ၊ ငွေဈေးနဲ့ပြန်တွက်ရရင် ကြာလေ ငါ့အတွက် မကိုက်လေပေါ့ကွ"

"ကျွန်တော်တို့ ဘက်က အမှားအယွင်း မဟုတ်ပါဘူး အန်ကယ်၊ တစ်ဖက်က ချွတ်ယွင်းချက်ပါ"

"တစ်ဖက်က ချွတ်ယွင်းချက်နဲ့ ငါတို့ မကိုက်ရင် အဲဒီတစ်ဖက်ကို မင်း ဘာလုပ်ဖို့ စိတ်ကူးထားလဲ"

"တစ်ဖက်ကို လှမ်းသတိပေးထားပါတယ်၊ သူတို့ဘက်ကလည်း တောင်းပန်ထားပါတယ်၊ ဒီကိုအဝင် နှစ်ပတ်ကျော်နောက်ကျတာဆိုတော့ ကျွန်တော် အားလုံးပြန်ပြောဆိုညှိထားပါတယ် အန်ကယ်၊ ဒီမှာပါ"

သားရွှေသွေးက ဦးဝင်းနီထံ စာရွက်စာတမ်းတချို့ကို တရိုတသေ ကမ်းကာ ပြလိုက်ပါသည်။

"အနော်ရထာလမ်းပေါ်က ဟို(---)ရုံးဟောင်းမြေနေရာ ကိစ္စက မင်း လိုက်နေတာ ဘယ်လိုလဲ"

"အဆင်ပြေဖို့ များပါတယ် အန်ကယ်"

"အဆင်ပြေဖို့ များတာ မလိုချင်ဘူးကွ၊ အဆင်ပြေပြီဆိုဟာ ကြားချင်တယ်"

"ပြေပါလိမ့်မယ် အန်ကယ်၊ ပြေမှာပါ"

ကိုယ့်ဘက်က ဒီလောက်ပဲ ပြောလို့ရပါသေးသည်။ စာရွက်စာတမ်းနှင့် တံရားဝင်မကျသေးသရွေ့ အဆင်ပြေပါတော့မည် ဆိုတာထက် ဘယ်လိုလုပ် ပိုပြောလို့ ရပါမလဲ။ ဒါကိုမှ မကြားချင်တော့ ဘယ်လိုပြောရမည် မသိပါ။

"တူတူ ... တူတူ ... တူတူ"

ရုတ်တရက် သားရွှေသွေး ခါးမှ ဖုန်းသံမြည်လာ၍ အလန့်တကြား ဖြစ်သွားမိကာ ဖုန်းကို ကြည့်လိုက်ပါသည်။ အိမ်က ဖုန်းနံပါတ်။ ဖေဖေ သို့မဟုတ် မေမေ ဖြစ်မည်။ သားရွှေသွေးက တစ်ဖက်လှည့်ကာ ဖုန်းကိုဖွင့်ပြီး အသံတိုးတိုးနှင့် ...

"ဟယ်လို"

"ရွှေသွေးလားဟေ့"

"ဟုတ်ကဲ့ ဖေဖေ၊ ကျွန်တော် မအားဘူး၊ အစည်းအဝေးခန်းထဲမှာ၊ နောက်မှ ပြန်ဆက်လိုက်မယ် ဖေဖေ၊ ဒါပဲနော်"

သားရွှေသွေးက ဖုန်းကို ဖြတ်လိုက်ပါသည်။





"ဒီဟာတွေ ငါ မရှင်းဘူး၊ မင်း ဘယ်လိုအပေးအယူနဲ့ ညှိထားတာလဲ၊ ငါ့ကို ရှင်းပြဦး"

သားရွှေသွေးက ဖိုင်လ်အပိုတစ်ကော်ပီကို ကိုင်ကာ ဦးဝင်းနီ အနား လျှောက်သွားရင်း ခါးကိုင်းရပ်၍ ရှင်းလင်းပြောပြနေရပါသည်။

"တူတူ ... တူတူ ... တူတူ"

သားရွှေသွေးမှာ စကားတန်းလန်းနှင့် စိတ်ရှုပ်သွားကာ ဖုန်းကို တစ်ခါငုံ့ကြည့်ရပြန်သည်။ ဒီဖုန်းခေါ်သံတွေကြောင့် ဦးဝင်းနီ ပိုစိတ်မရှည် ဖြစ်လာနိုင်သည်။ ဖုန်းနံပါတ်က အိမ်က နံပါတ်ပင်။ ဖေဖေပဲ ထပ်ဆက်တာ ဖြစ်မှာ။

သားရွှေသွေးရဲ့ အဖေ ဦးရဲသွေးဟာလည်း တစ်ယောက်ဆို ဆိုသလောက် ပြောစမှတ် တွင်ရလောက်သည့် လူပင်။ ဘုကျ၍ သူ့စိတ် သူ့သဘောချည်း သူဆောင်တဲ့ ဖွတ်သမားကြီးတည်း။ မိန်းမနှင့် သားကို တစ်သွေး တစ်သံ တစ်မိန့်နှင့် အုပ်ချုပ်ချင်သူ၊ အုပ်ချုပ်တတ်သူဖြစ်ကာ ဖေဖေ့ကြောင့် ကျဉ်းကျပ်စိတ်ရှုပ်ရတတ်သည်။

ဦးဝင်းနီက သူ့ကို ရုံးချုပ်မှာ ပြောင်းနေဖို့ ကမ်းလှမ်းတော့ သားရွှေသွေး ဝမ်းသာအားရ သဘောတူကာ ပြောင်းရွှေ့ဆင်းလာခဲ့ခြင်းတွင် ဖေဖေနှင့် စိတ်ကျဉ်းကျပ် ရှုပ်ထွေးရခြင်းတို့ကြောင့် တွန်းအား အများကြီးပါသည်။ အရွယ်ရောက်လာ

သော သားပျို့နှင့် အဖေတစ်ယောက်အကြား စိတ်သဘောကွာဟ မညီမျှရတာတွေ အများကြီးတွင် ဖေဖေက သူ့သဘောသာ ခိုင်မာစွာ တည်စေလိုသည်ဟု သားရွှေသွေး ခံစားရသည်။

ဖေဖေနှင့် သားရွှေသွေးဟာ တကျက်ကျက်။ သားမို့ သူကသာ အမြဲရှုံးရသည်။ ဖေဖေဟာလည်း ဦးဝင်းနီလိုပင် အော်ဟစ်ဆူပွက် ပွစိပွစိ ညံတတ်ရာ၌ နီးနီးလေးကပ်၍ လိုက်သည်။ ပိုဆိုးတာက ဖေဖေက ခွကျတာ။

"တူတူ ... တူတူ"

"Excuese me အန်ကယ်"

သားရွှေသွေးက နောက်နည်းနည်းဆုတ်ကာ ဖုန်းဖွင့်ပြီး ...

"ဖေဖေလား၊ ကျွန်တော် မအားသေးဘူး၊ စကားပြောလို့ မရသေးဘူး"

"ဟေ့ကောင် ... ရွှေသွေး၊ ဒါ မင်းအဖေ ဆက်နေတာကွ၊ မင်းရည်းစား ဆက်နေတာ မဟုတ်ဘူး"

"ဟုတ်ပါတယ်၊ ဒီမှာ ကျွန်တော် စကားပြောနေတုန်းမို့၊ ဆောရီး ဖေဖေ၊ ခဏနေ ပြန်ဆက်လိုက်မယ်၊ ဒါပဲနော်"

သားရွှေသွေးက ဖုန်းပြန်ပိတ်လိုက်ပါသည်။

"ဦးရဲသွေးလား"

"ဟုတ်ကဲ့ အန်ကယ်"





"မင်းအဖေ ဘာကိစ္စရှိနေသလဲမှ မသိတာ"

"ရပါတယ် အန်ကယ်၊ ခဏနေမှ ဆက်လိုက်ပါ့မယ်"

သားရွှေသွေးက ဦးဝင်းနီကို ရှင်းစရာရှိတာတွေ ဆက်ရှင်းပြနေလိုက်ပါသည်။

"တူတူ ... တူတူ ... တူတူ"

"ဟာ ... ဖေဖေကတော့ ပြဿနာပဲ"

သားရွှေသွေး လွှတ်ခနဲ တီးတိုးညည်းညူ လိုက်မိပါသည်။

"ကဲပါ ... မင်းအဖေ အရေးကြီးတာရှိလို့ နေမှာပေါ့၊ အလကား ဖုန်းဆက်တတ်တာမှ မဟုတ်ဘဲ၊ စကားပြောလိုက်၊ ငါလည်း ရှင်းပါပြီ၊ မင်းအပိုင်း ရပြီ၊ မင်း အပြင်ထွက်ပြောချင် ပြောလိုက်၊ ကိုကျော်စွာ ... ခင်ဗျားရေသန့်စက်ရုံနဲ့ ပတ်သက်လို့ ပြီးစီးမှု အခြေအနေ အနေအထားတွေ သိချင်တယ်"

ဦးဝင်းနီက တခြားတစ်ယောက်ထံ ဦးတည်လိုက်ပြီမို့ သားရွှေသွေး ခေါင်းညိတ်ကာ အစည်းအဝေးခန်းမမှ ခပ်သုတ်သုတ် ထွက်လာပါသည်။ အခန်းပြင်ရောက်မှ ဆက်တိုက်မြည်နေသောဖုန်းကို ဖွင့်ကာ ...

"ဟယ်လို ..."

သက်ပြင်းတစ်ချက်နှင့် ထူးလိုက်ပါသည်။

"ဟော့ကောင် ... ရွှေသွေး၊ မင်း ဒီတစ်ချီ ဖုန်းပိတ်ချလိုက်ရင် ငါ နောက်ကို ဘယ်တော့မှ မင်းဆီ ဖုန်းမဆက်တော့ဘူးမှတ်"

"ဖေဖေကလည်းဗျာ၊ ဖေဖေလည်း ရုံးဌာနတွေမှာ အလုပ်လုပ်လာတာပဲ၊ ပင်စင်သွားတာမှ လေးငါးလ ရှိသေးတာ၊ နားမလည်တာလည်း မဟုတ်ဘဲနဲ့၊ အစည်းအဝေးခန်းမှာ ကိုယ်စကားပြောနေရတုန်း ဘယ်လိုလုပ် ဖုန်းဖြတ်ပြောမလဲဗျ"

"လုံးဝပြောခွင့်မရှိရင်လည်း ဖုန်းကို အပြီးအစီး Power off လုပ်ထားပေါ့ကွ"

"ဒါကတော့ တခြား ဘာဒ ရေးတကြီးကိစ္စ ရှိမလဲလို့ ဖုန်းတော့ ဖွင့်ထားရသေးတာပေါ့ ဖေဖေရ"

"ဘာကွ၊ ဒီတော့ တခြားက တစ်ယောက်ယောက် ဆက်တာ အရေးကြီးရင်ကြီးမယ်၊ ငါဆက်တာက အရေးမကြီးဘူးဆိုတဲ့ သဘောပေါ့ ... ဟုတ်လား"

"ဖေဖေကလည်းဗျာ၊ ကျွန်တော့်ကို အမြဲရစ်နေတာပဲ၊ ကိုယ့်အဖေဆိုတော့ အားမနာရဘဲ နောက်မှ ပြန်ပြောလည်း ရတဲ့သဘောကို ဆိုလိုတာပါ"

"ခုပြောဖို့ အရေးကြီးလို့ပေါ့ကွ၊ ငါ ဆက်နေတာ အရေးလည်းကြီးတယ်ဆိုရင် မင်း ဦးဝင်းနီက ပြောလို့ရပါတယ်"





"ဟုတ်ပါတယ်၊ ခုလည်း သူက ဖေဖေမှန်း သိသွားလို့ အပြင်ထွက်ပြောလိုက်ပါလို့ ပြောတာပါပဲ"

"ယောက္ခမ ခွင့်ပြုမှ မင်း ငါနဲ့ စကားပြောရတာပေါ့"

"ဟား ... ဖေဖေကလည်း အဓိပ္ပာယ်မရှိတာ၊ အလုပ်လုပ်နေတုန်းမို့ပါဗျာ၊ ပြီးတော့ ကျွန်တော့်အလုပ်နဲ့ ပတ်သက်ပြီး နှောင့်နှေးကြန့်ကြာနေတာတွေကို ကျွန်တော် ဖြေရှင်းချက် ပေးနေရတာဗျ၊ ယောက္ခမက ယောက္ခမ၊ ဘော့စ်က ဘော့စ်ပဲ၊ ကိုယ့်ဘက်က ဖြေရှင်းနေရတုန်း ကိုယ့်ဖုန်းဝင်လို့ စကားဖြတ်ပြောနေပြီး လူကြီးက ရပ်စောင့်နေရမယ်လို့ ဘယ်ဖြစ်ပါ့မလဲ ဖေဖေရာ"

"ငါကကော မင်းဆီ အားအားယားယား အလကားနေ ဖုန်းဆက်နေလို့လား၊ နှစ်လတစ်ခါတောင် မင်းနဲ့ငါ ဖုန်းပြောဖူးလို့လား"

"ဟုတ်ပါတယ်၊ အဲဒါက သတ်သတ်ပါ"

"လူကြီးလို့ ပြောရအောင်ကလည်း ဦးဝင်းနီလည်းလူကြီး၊ ငါလည်းလူကြီးပါကွ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ဖေဖေက အဖေလေ၊ မွေးသဖခင်လေ၊ အားနာစရာရှိ အစိမ်းကို အားနာရတာပေါ့၊ အကျက်ကို ဘယ်အားနာမလဲ"

"ဟေ့ကောင် ... အပိုတွေ လျှောက်ပြောမနေနဲ့၊ မင်းနဲ့ ငြင်းခုန်နေရတာနဲ့ လိုရင်းကို မရောက်ဘူး"

"ဟုတ်ကဲ့ ... ပြောပါ ဖေဖေ၊ လိုရင်းကို ကျွန်တော်လည်း သိချင်တယ်၊ ဖေဖေ ဘာတွေ အရေးကြီးနေလို့လဲ"

"ဒီမှာ ရွှေသွေး ... မင်းအမေလေ ဒေါ်ချိုချို ..."

"မေမေ ဘာဖြစ်လို့လဲ ဖေဖေ"

သားရွှေသွေး အလန့်တကြား ဖြစ်သွားရပါသည်။

"လန့်မနေနဲ့ ... ဒေါင်ဒေါင်မြည်၊ ငါနဲ့ကောင်းကောင်းကြီး ရန်ဖြစ်နိုင်တယ်"

"ဩော် ... ဖေဖေတို့ ရန်ဖြစ်ကြလို့လား"

ဒါများ။ ဒါက ရိုးနေပြီ။ ဖေဖေနဲ့ မေမေဟာ ဘယ်တုန်းကများ တည့်ကြလို့လဲ။ အမြဲရန်ဖြစ်နေတာ။ တိုးတိုးတိတ်တိတ် ကျိတ်ဖြစ်တာနဲ့ ပွည်ပွည်ဖြစ်တာ၊ ဒါပဲကွာသည်။ ရန်မဖြစ်တဲ့ အချိန်တွေမှာလည်း စိတ်ထဲကတော့ မတည့်နေကြတာပင်။

ဖေဖေက ပွည် ပွည် လူသိရှင်ကြား ကြိမ်းမောင်းဗိုလ်ကျတတ်ကာ မေမေကတော့ စိတ်ထဲက ကျိတ်၍ ခါးသီးတတ်၍ မတည့်ကြ။

"ဟေ့ကောင် ... ရန်ဖြစ်တာလောက်ကို စကားထဲ ထည့်မပြောဘူး၊ ခုဟာက ရန်ဖြစ်တာ မဟုတ်ဘူး၊ မင်းအမေနဲ့ ငါ လမ်းခွဲလိုက်ပြီ"





"ဗျာ"

"အေး ... ဦးရဲသွေးနဲ့ ဒေါ်ချိုချို အိမ်ထောင်သက် သုံးဆယ့်နှစ်နှစ်အရမှာ ကွဲသွားကြပြီ၊ အပြီးကွဲပြီ ဟေ့ကောင်၊ အဲဒါကို သတင်းစာထဲထည့်ဖို့ လုပ်စမ်း"

"ဟာ ... ဖေဖေတို့ဟာက မဟုတ်တာ၊ ဘာလို့ ထည့်ရမှာလဲ"

"ဟေ့ကောင် ... ငါ အတည်ပြောနေတာ၊ တကယ်ကွဲသွားတာ၊ အခု မင်းအမေလည်း အိမ်မှာ မရှိဘူး"

"မေမေ ဘယ်ထွက်သွားလဲ"

"မသိဘူး ဟေ့ကောင်၊ သိလည်း မသိချင်ဘူး၊ မင်းသိရင်လည်း လာမပြောနဲ့"

"ဟာ ... အခိပ္ပာယ်မရှိတဲ့ဟာ၊ ဖေဖေတို့ကဗျာ၊ ကျွန်တော့်မှာ အလုပ်ကရှုပ်ရတဲ့ကြားထဲ အရေးထဲ မိဘကလာကွဲနေတယ် ... ပြဿနာပဲ"

"မင်းက ဘာတွေရှုပ်နေလဲ"

"ဟာ ... ရှုပ်တာပေါ့ ဖေဖေရ၊ အလုပ်က များရရှုပ်ရတဲ့အထဲ နောက်ဆယ့်တစ်ရက်မှာ မင်္ဂလာဆောင်တော့မယ်လေ၊ မင်္ဂလာဆောင်ရက် ဒီလောက်ကပ်နေမှ ကျွန်တော်မရှုပ် ဘယ်သူရှုပ်မလဲ၊ ယောက္ခမကလည်း ခွင့်လေးဘာလေးပေးဖို့ နားလည်မှုရှိတာ မဟုတ်ဘူး၊ ချာလပတ်ကို

ယမ်းနေတာ၊ ဖေဖေနဲ့မေမေ ကိုယ့်အိမ်မှာကိုယ် ငြိမ်းငြိမ်းလေးနေပြီး အလုပ်မရှိ အလုပ်ရှာ ရန်ဖြစ်နေကြတယ်၊ ဒီအချိန်မှာများ ထ,ကွဲလိုကွဲ၊ သတင်းစာထဲ ထည့်ဖို့ကလာလိုက်သေးတယ်"

"ဟေ့ကောင် ...၊ ငါ တကယ်ထည့်မှာ"

"ဘာလို့ ထည့်ရမှာလဲ၊ ထည့်စရာလား ဖေဖေရဲ့၊ ကျွန်တော်တို့ မင်္ဂလာသတင်းနဲ့ ကပ်ပါလာမှာပေါ့၊ ကျွတ် ... ပြဿနာပဲဗျာ၊ အဘိုးကြီး အဘွားကြီးတွေ ဖြစ်နေမှ ကွဲစရာလားဗျ"

"ကွဲတာပဲကွ ... ဘယ်တော့ကွဲကွဲပေါ့၊ ကိုယ့်သဘောပေါ့၊ ကွဲလောက်အောင် ဖြစ်မှ ကွဲမှာပေါ့၊ ကွဲလောက်အောင် မဖြစ်ဘဲနဲ့ ငယ်တုန်းမို့ဆိုပြီး စောစောစီးစီး ကွဲထားရမှာလား ... မင်း ပြောပုံက"

"ဘယ်ဟုတ်မလဲ၊ ဒီအရွယ်ရောက်မှ တစ်ယောက်သည်းညည်း တစ်ယောက်ခံရမှာပေါ့၊ ဒီထိအောင်တောင် ခံလာပြီးမှ ခုမှ မခံမရပ်နိုင်တွေ ဘာတွေ ထဖြစ်နေကြတာလဲ၊ ကဲပါ ... ပြောပါဦး၊ ကွဲလောက်အောင် ဖြစ်တာက ဘာလဲ"

"သူက ငါ့ကို မပေါင်းနိုင်တော့ဘူး ပြောတယ်လေကွာ၊ ဒါဟာ ကွဲဖို့ပဲ ရှိတာပေါ့"





"ဟာ ... မေမေက မပေါင်းနိုင်ဘူးပြောရင် ဖေဖေက ပေါင်းပါကွာ ... ဘာညာ ပြောရမှာပေါ့"

"ဟေ့ ... ဘာဖြစ်လို့ ပြောရမှာလဲကွ၊ သူက မပေါင်းနိုင်ဘူးဆိုတော့ ငါကလည်း ဒါဖြင့် ကွဲကြမယ်ဟေ့လို့ပဲ ပြန်ပြောနိုင်တာပေါ့ကွ၊ ငါက ဘာကြောင့် တောင်းပန်နေရမှာလဲ၊ ငါကကော သူ့ကို သိပ်ပေါင်းချင်နေတာ မှတ်လို့၊ မပေါင်းချင် ဆင်းသွားပေါ့ကွ ... ဒါပဲပေါ့"

"ဟာ ... ဖေဖေတို့က အလကားသက်သက် အလုပ်ရှုပ်တယ်ဗျာ"

"ဟေ့ကောင်၊ ဒါ ဖအေကိုပြောတဲ့ စကား၊ ဖအေကိုပြောတဲ့ လေသံလား ဟေ့ကောင်"

သားရွှေသွေးသည် စိတ်ရှုပ်ရှုပ်နှင့် သက်ပြင်းတွေ စွတ်ချနေမိပါသည်။ သူ့မှာ ရှုပ်ရှုပ်ရတဲ့ကြားထဲ ဖေဖေနဲ့မေမေ သက်သက် အလုပ်ပိုတာပဲ။

"ကဲ ... အဲဒါ ကျွန်တော်က ဘာလုပ်ရမှာလဲ၊ ပြန်စေ့စပ်ပေးရမှာလား"

"ဟေ့ ... ပြန်စေ့စပ်ပေးဖို့သဘော ငါ့စကားထဲ တစ်ခွန်းတလေ ပါသလား၊ မင်းကို ပြောချင်တာ ပြချင်တာတွေလည်း ရှိသေးတယ်၊ အိမ်ကိုလာခဲ့ဦး၊ နောက်ပြီး သတင်းစာထဲမှာ ကွာရှင်းပြတ်စဲပြီးစီးခြင်း မင်း ထည့်ပေး"

"ဒါတော့ မထည့်ပါနဲ့ ဖေဖေရာ၊ တောင်းပန်ပါတယ်၊ ကြီးတောင့်ကြီးမားကျမှ ပြီးတော့ သားလုပ်တဲ့သူ မင်္ဂလာဆောင်ခါနီးလေးမှ ကပ်ပြီးတော့ ဖေဖေတို့ဟာက ရက်စရာကောင်းတယ်"

"ဟော့ကောင် ရွှေသွေး၊ သူစိမ်းနှစ်ယောက် အတူပေါင်းနေကြတာကွ၊ စိတ်သဘော မတိုက်ဆိုင်တဲ့နေ့ ကွဲကြတာ ဘာမှရက်စရာ မကောင်းဘူး၊ ဒါသဘာဝပဲ၊ မင်းအဖေရော အမေရော အိမ်ထောင်ရေး ဖောက်ပြန်ပြီး ကွဲကြတာလည်း မဟုတ်ဘူး၊ တခြားပြစ်မှုတွေလည်း မရှိဘူး၊ စိတ်ချင်းမတိုက်ဆိုင်ဘူး၊ အတူနေလို့ မတည့်ဘူး၊ ဒါကြောင့် ကွဲတယ်၊ ဘာကို ရက်ရမှာလဲကွ"

"ကျွတ် ... နေပါဦး ဖေဖေရာ၊ ဒါတွေက ထားစမ်းပါ၊ မေမေ ဘယ်ရောက်သွားလဲ၊ ဘယ်ကို ဆင်းသွားမယ် ပြောလဲ"

"သူ ဆင်းသွားမဲ့နေရာ ငါ့ကို ပြောသွားမလားကွ"

"ဘာပဲဖြစ်ဖြစ် မေမေ့ကို ရှာရဦးမှာပေါ့"

"ရှာပြီးရင် ဘာလုပ်မှာလဲ"

"အိမ်ပြန်ခိုင်းရမှာပေါ့"

"ဟော့ကောင် ... ငါက ပြန်ရှာခေါ်ခိုင်းတယ် ထင်မှာပေါ့ကွ၊ အပြတ်ပြောပြီးပြီနော်၊ ငါ လုံးဝရှာခေါ်မခိုင်းဘူး၊





သူ့ဟာသူ နေစရာမရှိလို့ ပြန်တက်လာရင်တော့ ငါမရိုင်းဘူး ... မောင်းမချဘူး၊ အေး ... ပြန်တက်လာရင်တော့ ငါ့ကို သူ တောင်းပန်ရမယ်၊ ဒါပဲ"

သားရွှေသွေးသည် မေမေ့ကို ဘယ်သွားရှာရမလဲ စဉ်းစားရ ကျပ်နေပါသည်။ မမှန်းဆနိုင်၍ ဆွေမျိုးအိမ်တွေ သူငယ်ချင်းအိမ်တွေကို တစ်အိမ်တက်ဆင်း အကုန်လျှောက်ရှာရတော့မှာပင်။ တကျက်ကျက်သာ ရန်ဖြစ်နေကြသော်လည်း မေမေ့ တစ်သက်မှာ မေမေဟာ ခုလို တစ်ကြိမ်မှ ဆင်းမသွားဖူး၍ ဘယ်လိုနေရာမျိုးကို ဆင်းသွားမည် ဆိုသည်ကို လုံးဝမမှန်းဆတတ်ပါ။

"ဟော့ကောင် ... မင်း လာမှာလား"

"ဟုတ်ကဲ့ပါ၊ လာပါ့မယ်"

"ဘယ်တော့လဲ"

"ဒီနေ့ညနေ သို့မဟုတ် ညဘက် လာခဲ့ပါ့မယ်"

"အေး ... ပြီးရော၊ မင်း ဘယ်အချိန်လာလာ ငါ့အတွက် ဒံပေါက်တစ်ထုပ် ဝယ်ခဲ့၊ မင်း ဒီနေ့အဖို့ မလာတော့ဘူးဆိုရင် ငါ့အဖို့တော့ ငတ်ပေါ့ကွာ"

"လာပါ့မယ်ဆို ဖေဖေကလည်း"

"ဒါပဲ ဟော့ကောင်"

တစ်ဖက်က ဖုန်းချသံက အရင်မြည်လာပါသည်။

သားရွှေသွေးက Enid ခလုတ် အသာနှိပ်ရင်း ခေါင်းတွေ ပွရှုပ် လာသည်။ မင်္ဂလာဆောင်ရက် ကပ်ကာမှ အရေးပေါ်ပြဿနာ တစ်ခုက မရှုပ်,ရှုပ်အောင် ဝင်လာပြန်ပြီ။

(မွှမ်)





## ၂

ဖေဖေ ခုမှ ခြံထဲက တက်သွားပုံပေါ်သည်။ ဖေဖေ ခြံထဲစိုက်လေ့ရှိသော ကွင်းထိုးဖိနပ်က ဖိနပ်စင်မှ ချထားကာ အိမ်ထဲဘက် ဦးတည်၍ ချွတ်ထား၍ ဒီဖိနပ်ချွတ်ကာ အိမ်ပေါ်တက်သွားပုံပင်။ အိမ်ရှေ့တံခါးပွင့်နေ၍ သားရွှေသွေးက အိမ်ထဲလှမ်းဝင်ခဲ့ပါသည်။

"ဖေဖေ ..."

"ဒီမှာဟေ့"

ထမင်းစားခန်းဘက်က အသံလာတာမို့ သားရွှေသွေးက ထမင်းစားခန်းဘက် ဝင်လာသည်။ ဖေဖေက စားပွဲမှာ ထိုင်နေပါသည်။ ရှေ့မှာ ကော်ဖီပန်းကန်နှင့် ပေါင်မုန့်ထုပ် တွေ့ရ၍ သူ စိတ်မကောင်း ဖြစ်သွားကာ ...

"ဖေဖေ ဆာနေပြီ ထင်တယ်၊ ကျွန်တော် နည်းနည်း နောက်ကျသွားတယ်"

"မဆာပါဘူး ... ဗျင်းလို့ ကော်ဖီ သောက်မလားလို့ ပါ"

ဖေဖေက အိမ်နေရင်း ဘောင်းဘီရှည်အစင်းနှင့် တီရှပ်ပွကြီး ဝတ်ထားသည်။ ပါးစပ်မှာ စီးကရက်တန်းလန်း။

ဖေဖေသည် တာဝန်ထမ်းသက် တစ်လျှောက် ဘောင်းဘီဝတ်ခဲ့ရ၍ အိမ်နေရင်းကော အပြင်ထွက်လျှင်ကော ဘောင်းဘီဝတ်ရတာသာ နှစ်သက်ပါသည်။ လူကဝ,၍ ဗိုက်ရွှဲနေသော်လည်း ဖေဖေ ဘောင်းဘီဝတ်တာသည် အထာကျ ကြည့်ကောင်းသည်။

"ဒံပေါက် ထည့်လိုက်ရတော့မလား ဖေဖေ"

"အေး ... ထည့်"

ဆာနေတာ သေချာပါသည်။

"တည့်ကော တည့်ရဲ့လား ဖေဖေ"

"မတည့်စရာ ဘာရှိလဲကွ"

"မသိဘူးလေ ... မေမေ ဆိုရင် သွေးတိုးရှိလို့ ဒံပေါက် မတည့်ဘူး ကြားဖူးလို့ပါ၊ ဖေဖေကော သွေးတိုးမရှိဘူး လား"





ဖေဖေ သွေးတိုးရှိမရှိ သူ မသိပါ။ ဖေဖေတို့နှင့် အတူမနေတာ ကိုးနှစ်ထဲ ဝင်လာပြီ မဟုတ်လား။ အိမ်ကို သူ မျက်ခြည်ပြတ်သည်။ မေမေကတော့ ထစ်ခနဲရှိ ဖုန်းဂဒီးဂဒီးဆက်ကာ စကားတွေ လျှောက်ပြောနေတတ်၍ မေမေနှင့် ပတ်သက် တာတွေ သူပိုသိသည်။

"ဒီမိန်းမအကြောင်း မပြောနဲ့"

"ဖေဖေကလည်းဗျာ"

"လက်စသတ်တော့ မင်းအမေက သူခိုးမပဲကွ"

သားရှေ့သွေး ရှုံ့မဲ့ ခေါင်းကုတ်မိသည်။

"အားလုံး ခိုးသွားတယ်"

သူ စကား မထောက်မိ။ အိမ်ရှေ့ဧည့်ခန်းစပ်က ရော့ကင်းချဲကြီး နေရာလွတ်နေတာ၊ ဧည့်ခန်းထောင့် ကြေးပန်းအိုး အကြီးကြီး မရှိတော့တာတွေကိုတော့ မြင်သာထင်သာဖြစ်၍ မရှိ တော့မှန်း ချက်ချင်းသိသည်။

"ဘုရားဆင်းတုကအစ ခိုးသွားတယ်၊ တောက်၊ ငါ့ရော့ ကင်းချဲ( Rocking Chair)ကြီး ပါသွားတာတော့ စိတ်အနာ ဆုံးပဲ၊ ပေါင်မုန့်ကင်စက်၊ ဘလဲင်ဒါတွေကအစ၊ ရော့ကင်းချဲ တို့ ပေါင်မုန့်ကင်စက်တို့ ယူသွားတာကတော့ ငါ့ကို တမင်သက်သက် လုပ်တာကွ၊ ရော့ကင်းချဲမှာ ငါအမြဲထိုင် တာ သူသိလို့ မရှိရင် ငါ ဒုက္ခရောက်အောင်၊ ပေါင်မုန့်ကို

ငါက ကင်မှ စားတာသိလို့ ပေါင်မုန့်ကင်စက် မရှိရင် ဒုက္ခရောက်အောင်၊ ဟား ဟား … ငါကလည်း ဒုက္ခမရောက်ပါဘူးကွ၊ ဘာမှ ဂရုမစိုက်ဘူး"

"မေမေ ဒီလောက် ပစ္စည်းတစ်ပုံတစ်ပင်နဲ့ ထွက်သွားတာ ဖေဖေ မသိလိုက်ဘူးလား"

"ငါက အိပ်ရာထ နေမြင့်တာကိုးကွ၊ ညက ရန်ဖြစ်ကြတယ်ကွာ၊ ဒီမနက် ကားသံတော့ ကြားသားပဲ၊ သူဈေးသွားမယ်ပဲ ထင်တာပေါ့၊ မင်းအမေက စိတ်ပုပ်စိတ်ယုတ်ကို ကြီးတယ်၊ ကားပါ ခိုးသွားတယ်"

"ကားလည်း ယူသွားတယ် ဟုတ်လား"

"အေးလေ၊ ဒီဖဲင်ကြီးဟာ ငါ မြတ်နိုးတဲ့ကားကွ၊ မင်းက ကားလဲဖို့ ပြောတာတောင် ငါ လဲခဲ့သလား … တောက်"

ကားတစ်စင်းနှင့် လိုချင်တာတွေတင်ပြီး ကားကို မောင်းကာ အိမ်ကထွက်သွားသော မေမေ့ကို သားရွှေသွေး ရယ်ချင်လာသည်။ တက္ကသိုလ်ကတည်းက ကားမောင်းကျောင်းတက်ခဲ့သူမို့သာ မေမေဟာ နောက်ပိုင်းလည်း မောင်းဖြစ်နေတာ။ မေမေ့ အသက်က ခြောက်ဆယ်ထဲဝင်ပြီ။ ဖေဖေက ခြောက်ဆယ့်တစ်။

"အပြင်ခဏသွားတာ မဟုတ်ဘဲ ထွက်သွားတာဆိုတာ ဖေဖေ ဘယ်လိုလုပ် သိလဲ"





"ညကတည်းက သူက မပေါင်းတော့ဘူး ပြောတာလေ၊ မနက်က ကားသံကြားတော့လည်း ငါက အိပ်မှုန်စုံဝါးနဲ့ ညကဖြစ်တာ သတိမရသေးဘူး၊ ငါ နိုးလာတော့ သင်းကို မတွေ့မှ ပြန်မလာ ပြန်မလာနဲ့ မသင်္ကာလို့ လျှောက်ကြည့်တော့ သူ့အဝတ်အိတ်လည်း ပျောက်နေတယ်၊ ဗီရိုထဲလည်း အဝတ်အစား လျော့နေတယ်၊ သူ့လက်ဝတ်လက်စားဘူးလည်း မရှိဘူး၊ ဟိုဟာမတွေ့ ဒီဟာမတွေ့နဲ့ ကြွပြီဆိုတာ သိလာတာပေါ့ကွ"

"မေမေ ဖုန်းဆက်သေးလား"

"မဆက်ပါဘူး … ဘာဖြစ်လို့ ဆက်ရမှာလဲ"

"ဖေဖေရော အမျိုးတွေအိမ်လေး ဘာလေး မဆက်ဘူးလားဗျာ"

"ဟ … ဘာကြောင့် ဆက်ရမှာလဲကွ၊ သူ မရှိတာ ဒီနေ့ လွတ်လပ်လိုက်တာကွာ၊ ပိုတောင် နေလို့ကောင်းသေးတယ်"

"ဖေဖေတို့ ဟာကလည်းဗျာ၊ တစ်ယောက်ကို တစ်ယောက် နားလည်မှု လွဲတာလေးနဲ့၊ မေမေကလည်း အပြီးသွားတာ မဖြစ်နိုင်ပါဘူး"

"နားလည်မှုလွဲတာ မဟုတ်ဘူးကွ၊ နားလည်မှုလွဲလို့ ခဏသွားတာဆိုရင် သင်းလည်း သွားပွတ်တံလောက်ပဲ ယူသွားမှာပေါ့၊ ခုဟာက ရှောကင်းချဲ့ရော၊ တို့စ်တာရော၊ ဘလဲင်ဒါ

ရော၊ ကြေးပန်းအိုးရော၊ ကြေးပန်းအိုးကြီးကတော့ သူ မက်တာမို့ ထားပါတော့၊ ငါက မမက်ပါဘူး၊ ငါသုံးနေတာတွေ ခိုးသွားတာတော့ နာတယ်ကွာ ... တောက်"

"ဘယ်လို ဖြစ်ကြလို့လဲ ... ဖေဖေတို့က ..."

"ခါတိုင်းတွေလိုပါပဲ၊ အဲဒီကမှတစ်ဆင့် ပွဲက ဆူလာတာ"

"မဖြစ်ပါဘူး၊ ဖေဖေတို့မှာ ဒီနှစ်ယောက်ပဲ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ရှိတာ၊ မေမေ့ကို ပြန်ရှာပြီး ဒီပြန်ပို့ရမှာပဲ"

"သူက ပြန်ပေါင်းပါရစေ မပြောရင် ငါကတော့ မပေါင်းဘူးနော် ဟေ့ကောင်၊ ငါလည်းလိုက်အရှာမခိုင်းဘူး၊ ငါက ရှာခိုင်းသလိုမျိုးဖြစ်အောင် မင်း ငါ့သိက္ခာကိုမချနဲ့ ရွှေသွေး"

"သိက္ခာကျတာတွေ ဘာတွေ ဖေဖေ တွက်မနေနဲ့၊ ကွဲလို့မှ မရတာ"

"ရတယ် ဟေ့ကောင်၊ ဘာလို့မရရမှာလဲ"

"ကျွန်တော့်မင်္ဂလာဆောင်လည်း ရှိတယ်လေ၊ သတို့သားရဲ့ အဖေအမေဆိုတာ စုံတွဲပွဲထွက်ရဦးမှာပေါ့"

"ဆောရီးပဲ ငါ့သား၊ ဒီအတွက်တော့ မင်းအတွက် စိတ်မကောင်းဘူး"

"ဟာ ..."

"ဒီမိန်းမနဲ့ ငါတွဲပြီး ပွဲမထွက်နိုင်ဘူး၊ ခဏတောင်မတွဲနိုင်ဘူး၊ ဒါပဲ"





"ဟာ ... ဖေဖေ ဒီလိုပြောတယ် ဟုတ်လား"

"ပြောတယ်လေ ... ဘာဖြစ်လို့လဲ"

သားရွှေသွေးက သူ့အဖေ ဦးရဲသွေးကို မျက်မှောင်ကြုတ်ပြီး မကျေမချမ်း ကြည့်နေပါသည်။

"ရန်ဖြစ်တာ ဘာဆန်းလဲကွ၊ အခန့်မသင့်ရင် ဖြစ်မှာပဲ၊ ဒီလို ဘာမှမဆန်းတာကို သူက ငါ့ကို ခြိမ်းခြောက်ဖိုလ်ကျတဲ့ သဘောနဲ့ လုံးဝမပေါင်းနိုင်တော့ဘူး လုပ်ပြီး ဆင်းချသွားတာ၊ သူ့ဘက်က အရမ်းဖောင်းလ်သွားပြီ၊ သူ လုပ်ချင်တဲ့ အချိုးက သူ မရှိဘဲ တစ်ယောက်တည်း နေကြည့်စမ်း အဘိုးကြီး ဆိုတဲ့ အချိုးလေ၊ ရတယ် ... ငါက ဒီလိုလုပ်လို့ကို စိတ်နာတယ်ကွာ၊ အလကားမိန်းမ၊ ဘယ်တော့မှ ပြန်မပေါင်းဘူးကွ"

"ကျွတ် ... စိတ်ရှုပ်တယ်ဗျာ"

"မင်း စိတ်ရှုပ်မနေနဲ့၊ မင်းကိစ္စ မဟုတ်ဘူး"

"ဟာ ... ကျွန်တော့်ကိစ္စပဲပေါ့ ဖေဖေရ၊ ကျွန်တော့်အဖေနဲ့ အမေလေ"

"မင်းဟာမင်း အေးအေးနေကွာ၊ ကိုယ့်မင်္ဂလာကိုယ်ဆောင်၊ ငါကတော့ မင်္ဂလာဆောင် မလာဘူး၊ ဝင်းနီကိုလည်း ရှင်းပြမယ် ... ဒါပဲ"

"အေးအေးနေ ဆိုရင် ကျွန်တော့်ကို ဖေဖေ ဘာကြောင့် လှမ်းခေါ်သေးလဲ၊ ဖေဖေ လှမ်းခေါ်ကတည်းက ဒီကိစ္စဟာ ကျွန်တော်နဲ့ ဆိုင်တာပေါ့"

"ခေါ်တာ နှစ်ချက်တည်း၊ တစ်ချက်က သတင်းစာထဲ ထည့်ဖို့၊ ဒါလည်း ငါ ဆုံးဖြတ်ချက် ပြင်လိုက်တယ်၊ မထည့်တော့ဘူး၊ ငါက ထည့်ရင် ငါ အရေးလုပ်ရာကျ တယ်၊ ဂရုမစိုက်ပဲကို နေမယ်၊ နောက်တစ်ချက်က ကား လည်းမရှိဘူး၊ မင်းကို ငါစားဖို့ တစ်ခုခု ဝယ်ခဲ့စေချင်လို့ ဒါပဲ"

"ရေရှည်ကြီး ဖေဖေ ဘယ်လိုစားသောက်မလဲ၊ ကျွန်တော် ကလည်း မနက်တစ်ခေါက် ညတစ်ခေါက် ဘယ်လာပို့ပေး နိုင်ပါ့မလဲ"

"နေပါစေ ဟေ့ကောင်၊ ပို့စရာ မလိုဘူး၊ နောက်ရက်တွေ ငါ့အစီအစဉ်နဲ့ငါ ဝယ်ခြမ်းစားသောက်မယ်၊ မင်းကို အပူ မတပ်ဘူးကွာ"

"အပူတပ်မှာစိုးလို့ချည်းပဲ ပြောနေတာ မဟုတ်ဘူး ဖေဖေ"

"အပူမတပ်ဘူးလေကွာ၊ ပြီးရောပေါ့"

"အဓိပ္ပာယ်မှ မရှိတာ"

"တော်ကွာ ရွှေသွေး၊ မင်းနဲ့ငါ ဆက်ဖြစ်ရလိမ့်မယ်"





"ဖေဖေက တစ်ခုခု ပြောကြစို့ဟေ့ ဆိုရင် ဆွေးနွေးလို့ ညှိလို့ကို မရဘူး၊ ဖေဖေ့စိတ် ဖေဖေ့သဘောချည်းပဲ၊ ဒါတွေကြောင့် မေမေနဲ့ ဖြစ်နေတာ"

ဦးရဲသွေးက သားရွှေသွေးကို မော့စိုက်ကြည့်ပါသည်။

"အေး ... မင်းကလည်း ငါ့ကို အပြစ်မြင်တယ်၊ နေပါစေ ကွာ၊ ကဲ ... မင်းလည်းပြန်တော့၊ မင်းကိုလည်း ငါ အလို မရှိဘူး"

"မပြန်ဘူးဗျာ၊ နေဦးမယ်"

သားရွှေသွေးက ခုံဆွဲ၍ ဝင်ထိုင်လိုက်ပါသည်။

"နေချင်ရင် ငါ့ကိုတော့ လာမဝေဖန်နဲ့"

သားရွှေသွေးသည် သက်ပြင်းကြီး တစ်ချက်ကို ချကာ ...

"ဖေဖေ့ကို မဝေဖန်နဲ့ ဆိုရင် မဝေဖန်ပါဘူး"

"သိတယ် ... ငါသိတယ်၊ မင်းတို့သားအမိက ငါ့ကို ဝေ ဖန်ဖို့ အကွက်ကောင်းကို စောင့်နေတာ။ ဘယ်ခြေလှမ်း ဟာကွက်ရှိမလဲ စောင့်ပြီး အကွက်ရတာနဲ့ ထောက်မယ်၊ ဒါပဲ မဟုတ်လား၊ မင်းလည်း ငါ့ကို အမြင်မကြည်ဘူး၊ ငါသိပါတယ်၊ အရွယ်လေး ရောက်တာနဲ့ လွတ်ပြီကျွတ်ပြီ ဆိုပြီး အိမ်ပေါ်က ကျောကော့ဆင်းသွားတယ်"

"ဒါက ... အလုပ်က ..."

"အလုပ်က အလကားပါ၊ အဓိက,က မင်း စိတ်ပါ၊ မင်း ငယ်ငယ်ကတည်းက ဖေဖေက ဖေဖေ့စိတ်ချည်းပဲ ဒါဘဲ ငါ့ကို စောဒက တက်ဖူးတာပဲ၊ ငါလိုဖအေနဲ့ နေရတာ မင်း စိတ်ကျဉ်းကျပ်တယ်၊ အလုပ်ကလည်း နေစရာပေး ရော ပျော်ရွှင်ပြီး မြင်းလိုဟီပြီး ထွက်သွားတာ"

ဖေဖေ့စကားက မှန်သင့်သလောက် မှန်၍ သားရွှေ သွေး တိတ်နေလိုက်ပါသည်။

"ငါ့မှု၊ ငါ့စည်းကမ်းနဲ့ မင်းကို ငါ အုပ်ချုပ်တယ်၊ ဒါကို မင်း ကျဉ်းကျပ်တယ်ဆိုရင် မင်းဟာ ငါ့စံလောက် စည်းကမ်း မှတ် မပြည့်လို့ပဲ"

"ထားပါတော့ ဖေဖေရာ ... မေမေနဲ့ ပြန်ခေါ်ဖို့ ဦးတည် ပြောနေတာ၊ ဖေဖေက ကျွန်တော့်ဘက် မြားဦးလှည့်နေ ပါလား"

"ဒီမိန်းမအကြောင်း စကားတောင် လုပ်မပြောချင်ဘူး၊ သူက ငါ့ကို လုပ်ကိုင်ပေးရတာတွေကို နာအုံ့ထင်နေတာ၊ မသိခဲ့ပေါင်ကွာ၊ ဟွန်း ... စားစရာ စီစဉ်ချက်ပြုတ်ပေးရ တာ၊ ငါ့ပစ္စည်းတွေ သိမ်းပေးရတာ၊ ပစ္စည်းထားတဲ့နေရာ ငါ မေ့နေလို့ ရှာဖွေပေးရတာ၊ ငါ့ဖုန်း ထူးပေးရတာ ... အို ... အစစအရာရာ ဘာကိစ္စပဲဖြစ်ဖြစ် သူလုပ်ကိုင်ပေး နေရသရွေ့ကို ဝင့်ဆင်းရဲလို့ မှတ်နေတာ ...





အေးပေါ့ကွာ၊ အခု ငါက ပင်စင်ယူလိုက်ပြီဆိုတော့ ငါလို အသုံးမဝင်တော့တဲ့ လူတစ်ယောက် ဝေယျာဝစ္စကို လုပ်ကိုင်ပေးရမှာ သူ့အတွက် အောက်ကျ နောက်ကျဖြစ် ပြီပေါ့"

ဦးရဲသွေး အသံက မချိုတင်ကဲသံလို ပါလာကာ ဒါကို ချက်ချင်း ဖုံးအုပ်၍ လေသံကိုရော မျက်နှာကိုပါ တင်းပစ် လိုက်ပါသည်။

"ဒါတော့ မဟုတ်ဘူး ဖေဖေ၊ ဖေဖေ ပင်စင်ယူလိုက်လို့ မေမေက မလုပ်ကိုင်ပေးချင်တော့တာမှ မဟုတ်တာ၊ ဟိုး ရှေ့တစ်သက်လုံးကတည်းက ဒီအလုပ်တွေကို မေမေ ငြီးငွေ့ခဲ့တာပါ၊ ခုတော့ ပိုဆိုးတာက မေမေလည်း အသက်ကြီးလာပြီလေ၊ ဖေဖေ့ထက် တစ်နှစ်ခွဲပဲ ငယ်တာပဲ၊ မေမေ ပင်ပန်းပြီပေါ့၊ လုပ်နေရတဲ့သူ ဆိုတော့ ပါးစပ်က ပင်ပန်းမှုအလျောက် ပြောတာရှိမယ်၊ ဒါကို ဖေဖေ သည်း ညည်းခံရမှာပေါ့ ဖေဖေ"

"ဟေ့ကောင်၊ ငါ့ကို မိကျောင်းမင်း ရေကင်းလာမပြနဲ့၊ ပင်ပန်းလို့ ညည်းညူတာလား၊ အသည်းထဲက အောက်ကျ တယ် ယူဆတာလား ငါ ခွဲခြားသိတယ်၊ သူကချည်း လုပ်ကိုင်ပေးရလေခြင်းလို့ သူ့စိတ်က နာသလို ငါကလည်း နာတယ်ကွ၊ ငါ အိမ်ထောင်သက် သုံးဆယ့်နှစ်နှစ်လုံးလုံး

လင်ယောကျ်ားကောင်းတစ်ယောက်အဖြစ်နဲ့ ကောင်းကောင်းနေတယ်၊ မင်းတို့ သားအမိကို လုပ်ကိုင်ကျွေးမွေးခဲ့တယ်၊ ငါ့မိန်းမကို ငါ့ကြောင့် အရှက်မရစေဘူး၊ ငါ့ကြောင့် မျက်နှာမငယ်စေဘူး၊ ရဲသွေးမိန်းမဟော့ ဆိုတာနဲ့ လူတကာ လေးစားရိုသေပြီး နေရာပေးရအောင် ငါသိက္ခာကို သူ့အတွက် ဂုဏ်ပြုလက်ဆောင် ပေးထားတယ်၊ ဒါကို သူ မမြင်တတ်ဘူး၊ မကြည့်ဘူး၊ ဒါကိုလည်း သူက ကျေးဇူးတင်ထိုက်တယ် မထင်ဘူး၊ တော်ပါပြီကွာ"

ဦးရဲသွေးက စကားလည်းဖြတ်၊ ဒံပေါက်လည်း လက်စသတ်ကာ စီးကရက်ဘူးမှ တစ်လိပ်မီးညှိဖွာလိုက်ပါသည်။

"ဖေဖေ့ဟာကလည်း ရေတောင် မသောက်သေးဘူး"

"သောက်မှာပေါ့ကွ"

သားရွှေသွေးက ဖေဖေ့အတွက် ရေတစ်ဖန်ခွက် ထည့်ပေးလိုက်ပါသည်။

"ကျွန်တော် ရောက်ကတည်းက ဒံပေါက်မစားခင် ဖေဖေ သောက်တာ သုံးလိပ်တောင်နော်၊ ခုလည်းတစ်လိပ်၊ ဖေဖေ စီးကရက် တအားများတယ်၊ လျှော့ဖို့ကောင်းတယ်"

"ဟော့ကောင် ... ငါ့မှာ ယောကျ်ားတစ်ယောက်ရဲ့ မကောင်းမှုဆိုလို့ ဒီဆေးလိပ်ကလေးပဲ နာမည်တပ်လို့ရရုံ ရှိတာပါကွာ၊ စင်းလုံးချောကြီးတော့ ဘယ်ဖြစ်နိုင်ပါ့မလဲ"





"မကောင်းတာကြောင့် ပြောနေတာ မဟုတ်ဘူးလေ၊ ဖေဖေ့ ကျန်းမာရေးအတွက် ပြောနေတာ"

"ကျန်းမာရေး ... ကျန်းမာရေးနဲ့ မင်းအမေလေတွေပါကွာ၊ တစ်နေ့ ဆေးလိပ်ဖိုး ဘယ်လောက် ဆိုတာအပေါ် နှမြော တွန့်တိုတာက တစ်ဝက်မက ပါပါတယ်၊ ကျန်းမာရေး ထိခိုက်မှာစိုးတာက သဘောလောက်ပါ"

"ဖေဖေက အဲဒါ ခွကျတာပေါ့၊ ကျန်းမာရေး ထိခိုက်မှာ စိုးလို့ ပြောတဲ့သူကို ဆေးလိပ်ဖိုးကြောင့် မဟုတ်လားလို့ ပြောရင် တစ်ဖက်လူက အောင့်သက်သက် ဖြစ်တာပေါ့၊ ဘာကြောင့်ပဲဖြစ်ဖြစ် ဖေဖေ လျှော့သင့်တာပဲ"

"ငါဖြစ်ရင် ငါသေမှာပါကွာ၊ မင်းတို့သားအမိ သေမှာ မဟုတ်ဘူး"

"တွေ့လား၊ ဖေဖေက အဲဒါ ဇွတ်ကြီး ခွကျတာ ... တစ်ယူသန်ပဲ"

"ငွေကြေးအရဆိုလည်း ငါတို့ မဆင်းရဲဘူးကွ၊ ပိုက်ဆံရှိတယ်၊ ပိုက်ဆံလည်း ရှိရက်နဲ့ သေခါနီး မြိုးမြဲချွေတာပြီး ဘာလုပ်ဖို့ သေသွားရမှာလဲ"

ဒါတွေ မေမေနဲ့ မတည့်တာပင်။ သားရွှေသွေးက သူ ဘယ်လောက်ပြောပြော ဖြတ်ဖို့ဝေးလို့ လျှော့ဖို့တောင် မျှော်

လင့်ချက်မရှိသည့် စကားကို ဆက်ပြောမနေချင်တော့။ သူ့အတွက် အရေးကြီးတာ ရှိသေးသည်။

"လောလောဆယ် အရေးကြီးတာ မေမေ့ကို ပြောမယ်နော်"

ဦးရဲသွေးက ခွန်းတုံ့မပြန်။ စီးကရက်သာ ငေးငိုင်ဖွာနေသည်။ ဆံပင်ဖြူ ကြိုကြားနှင့် မေမေ့ကို သားရွှေသွေးက စိုက်ကြည့်ရင်း ...

"ကျွန်တော့် မင်္ဂလာဆောင်ကို မေမေတို့ မတက်ရောက်ရင် တစ်ဖက်မိသားစုအပေါ် ဘယ်လောက် မျက်နှာပျက်ဖို့ကောင်းလဲ"

"ဟာ ... ဦးဝင်းနီကို ငါ အကျိုးအကြောင်း ပြောမယ်လေ၊ မင်းမင်္ဂလာပွဲကို သဘောမတူလို့ မတက်တာမျိုးမှ မဟုတ်တာ၊ နီတျာနဲ့ မင်းကို သဘောတူလွန်းလို့ ဟိုဘက်တောင် လွန်သေးတယ်၊ နီတျာ့ကိုလည်း ကိုယ့်သမီးရင်းလို မေတ္တာရှိတယ်"

"ဒါ မေမေပဲ သိတာပဲ၊ အသိုင်းအဝိုင်း ညှိပရိသတ်ကတော့ မင်္ဂလာဆောင်ကို ရွှေသွေး အမေ မလာဘူး ဆိုတာပဲ သိမှာ"

"ငါတင် မဟုတ်ပါဘူး၊ မင်းအမေကော လာမယ်ထင်လို့လား"





"ပိုဆိုးတာပေါ့ဗျ၊ ရွှေသွေး မိဘတွေ မလာဘူးဆိုရင် လူတိုင်းက ပြဿနာတစ်ခုခုရှိလို့ ထင်မှာပဲ"

"ခုမသိ တော်ကြာ သိမှာပါကွာ၊ ငါတို့လင်မယား ကွဲတာကို သိရင် ရှင်းသွားမှာပဲ၊ မျက်နှာချင်း မဆိုင်ချင်လို့ မလာကြဘူးပေါ့"

"မိန်းကလေးဘက် အပေါ် ဘယ်ကောင်းမလဲ ဖေဖေ"

"ငါ နီတျာ့ဆီ ကိုယ်တိုင် ဖုန်းဆက်ချော့မော့ တောင်းပန်ဦးမှာ"

"ခဏလာလိုက်တော့ ဘာဖြစ်မှာမို့လဲ၊ ဖေဖေတို့က ကျွန်တော့်အတွက်တောင် ခဏလေး မျက်နှာချင်း မဆိုင်နိုင်တော့ဘူးလား"

"မင်းအမေက ငါ့အပေါ် ရင့်သီးတယ်ကွ၊ ငါမျက်နှာချင်း မဆိုင်နိုင်ဘူး၊ ဆိုင်ရရင်လည်း မင်းမင်္ဂလာဆောင်ကြီးမှာ အော်ကြီးဟစ်ကျယ် ရန်ထဖြစ်ကြလိမ့်မယ်"

"ဖေဖေတို့ဟာက လုံးဝအဓိပ္ပာယ် မရှိဘူးဗျာ"

"ဟေ့ကောင် ... အဓိပ္ပာယ်ရှိတယ် မရှိဘူး ဆိုတာ လူတစ်ကိုယ်ချင်း အပေါ်မှာပဲ မူတည်တယ်၊ မင်းအတွက် အဓိပ္ပာယ် မရှိပေမဲ့လည်း ငါ့အတွက် ရှိရင်ရှိတယ်၊ ဒါ ငါ့လွတ်လပ်ခွင့်ပဲ"

"ဖေဖေ သားတစ်ယောက် အတွက်တောင် နည်းနည်းက လေး မလုပ်ချင်တာလေး တစ်ခုကို လုပ်မပေးနိုင်ဘူးလား"

"မင်း မလုပ်ချင်တာကော မင်း လုပ်မလား"

သားရွှေသွေးသည် မကျေမချမ်းနှင့် ဖေဖေ့ကို စိုက်ကြည့်နေမိပါသည်။ ဖေဖေဟာ ဘယ်တုန်းကမှ သူ မလုပ်ချင်တာကို လုပ်ဖူးခဲ့သူ မဟုတ်သည့် တစ်ယူသန်ဆန်သူ တစ်ဦးပင်။ မေမေဟာလည်း ဖေဖေ့နီးပါး တစ်ယူသန်စိတ်ရှိသည့် အမျိုးသမီးတစ်ယောက် ဖြစ်ပြန်ရာ သူတို့ကြားက မကျေနပ်မှု၊ သဘောချင်းမတူညီမှု၊ သေးသေးပါးပါးကလေးတွေဟာ ဖြည်းဖြည်းချင်း ထုထပ်သိပ်သည်းလာပုံပင်။

"မင်းလည်းပဲ အကြောင်းထူးသာ မရှိရင် မိဘအိမ်ကို နှစ်လလောက်နေမှ တစ်ခါပေါ်လာတဲ့ သားမျိုးပါကွ"

သားရွှေသွေးက ဘာမှမပြောတော့ဘဲ ကားသော့သာ ကောက်ကိုင်လိုက်ပါသည်။





## ၄

သားရွှေသွေးက ဘေးမှာပါလာသော နီတျာ့ကို ကြည့်ကာ ...

"တော်ကြာ မေမေက ဘာဘာညာညာတွေ ပြောနေလို့ နီတျာ စိတ်ညစ်နေရဦးမယ်"

နီတျာက နှုတ်ခမ်းဖုဖုလေးကို စူကာ ချစ်စဖွယ် ပြုံးလေးနှင့် ...

"ရပါတယ် ကိုသားရယ်၊ နီတျာပါလာတော့ အန်တီချို နည်းနည်းများ ပိုအားနာမလားလို့ပါ"

"မထင်ပါဘူးကွာ၊ ဖေဖေရော မေမေရော တစ်ယူသန်ကွ"

"အိမ်မှာ မေမေလည်း ဒီတိုင်းပါပဲ၊ မေမေက အေးလို့သာ ဘက်ညီသွားတာ၊ တစ်ယောက်ကတင်းရင် တစ်ယောက်က လျှော့နိုင်မှ၊ နှစ်ယောက်လုံးက အတင်းသမားဆိုရင် ပြဿနာ ဖြစ်ရောပေါ့"

"ကိုယ်တို့ကျရင်ရော ... ! ၊ ကိုယ်ပဲ လျှော့လိုက်ပါ့မယ် ကွာ"

"အမယ် ... နီတျာက လျှော့မှာပါနော်၊ နီတျာက နားအေး ပါးအေးပဲ ကြိုက်တာ၊ မေမေ့လိုပေါ့"

သားရွှေသွေးက ကားကို ကြီးကြီးတို့လမ်းထဲ ကွေ့ ဝင်လိုက်ပါသည်။

"အန်တီချို ဒီမှာဆိုတာ ကိုသားဆီ အန်တီချိုက ဆက် တာလား"

"အမယ်လေး ... မဆက်ပါဘူးကွာ၊ ကိုယ်လျှောက်ဆက် ကြည့်တာပါ၊ တော်ပါသေးတယ်၊ ပထမဆုံး အန်တီအေး ဆီဆက်တယ်၊ သူက အံ့ဩနေပြီး ကိုယ်ဆက်မှ သိတာ၊ သူ့ဆီမလာဘူးတဲ့၊ ကိုယ် ဒုတိယဆက်ကြည့်တာ ကြီးကြီး ဆီပဲ၊ ဖုန်းအများကြီး မဆက်လိုက်ရဘူးပေါ့"

"ကြီးကြီးက ဘာတဲ့လဲ"

"မင်းအမေ ရှိပါတဲ့၊ မင်းအဖေနဲ့အမေ သူငယ်ပြန်ကြသလား တဲ့"





နီတျာက တလွင်လွင် ရယ်လိုက်ပါသည်။

"ကိုသားက ကြားကနေ သူ့စိတ်တစ်စိတ်ကြီး လုပ်မနေ နဲ့ဦး၊ ဟိုဘက်ကိုလည်းချော့၊ ဒီဘက်ကိုလည်းချော့၊ ပြန် တည့်ဖို့ ကိုသား တာဝန်ပဲဟာ"

"ဟာ ... သူတို့က သိပ်ခေါင်းမာကြတာ၊ ဖေဖေနဲ့ဆို ကိုယ်နဲ့တောင် ထပ်စကားများဦးမလို့"

"ကိုသားက စိတ်လျှော့ထားပါဆိုမှ ချော့မော့တောင်းပန် ပေါ့"

"ချော့တာပဲကွ၊ တောင်းပန်တာပဲ၊ စိတ်ရှုပ်တယ်ကွာ"

"အန်ကယ်ရဲက ဖေဖေ့ဆီ မနေ့က ဖုန်းဆက်ပြီးပြီ"

"ဟင် ... ဟုတ်လား၊ ဘာတဲ့လဲ ... ပြဿနာပဲ"

"မင်္ဂလာဆောင် သူ မလာဘူးဆိုတာ ပြောတာပါပဲ"

"စိတ်ညစ်ပါတယ်ကွာ၊ အန်ကယ်က ဘာတဲ့လဲ"

"ခင်ဗျားတို့ သီးသန့်စီ လာကြပေါ့ ... လို့ ပြောတယ်၊ အန်ကယ်ရဲကလည်း ဟိုမှာ မျက်နှာချင်း ဆိုင်မိတာနဲ့ ကိုယ့်သား မင်္ဂလာပွဲပဲ ပျက်မှာတဲ့"

"နီတျာ့အဖေရော စိတ်ဆိုးသေးလား"

"စိတ်တော့ မဆိုးဘူး၊ စိတ်ရှုပ်စိတ်ပျက်တော့ ဖြစ်တာ ပေါ့၊ တဖျစ်တောက်တောက်နဲ့ပေါ့"

သားရွှေသွေးက သက်ပြင်းချကာ ကားကို ကြီးကြီးတို့ခြံထဲ ကွေ့ဝင်လိုက်ပါသည်။

"ကိုသား လာမှာ ပြောထားသေးလား"

"ကြီးကြီးကိုတော့ ပြောထားတယ်၊ မေမေ့နဲ့တော့ ဖုန်းမပြောရသေးဘူး"

ကြီးကြီးတို့ အိမ်ဟာ ခြံကျယ်ပေမဲ့ တိုက်က တစ်ထပ်တိုက် ခပ်ပြားပြားလေး ဖြစ်ပါသည်။ ဟိုတုန်းကတော့ ကြီးကြီးတို့ လင်မယားရယ်၊ သမီးနှစ်ယောက်တည်းရယ်မို့ လုံလုံလောက်လောက်ပင်။ ခုတော့ မမငယ် အမျိုးသား နိုင်ငံခြားသွားနေတုန်း မမငယ်တို့ သားအမိတစ်တွေက ဒီမှာ ပြန်လာနေနေသည်။

ဘဘ၊ ကြီးကြီး၊ မမငယ်နှင့် မမငယ်ရဲ့ ကလေးက သုံးယောက်။ မမငယ်နှင့် ပါလာသော ကလေးထိန်းက နှစ်ယောက်။ နဂိုရှိသော ကြီးကြီးတို့ အိမ်ဖော်က တစ်ယောက်။ ဒီတိုက်ပုပုပြားပြားထဲမှာ မေမေ မပါသေးဘဲတောင်မှ လူကိုးယောက်ရှိနေပြီ။

အိပ်ခန်းကျယ် နှစ်ခန်းပဲပါတာ သိထားတာမို့ မေမေ ဘယ်လိုအိပ်နေပါလိမ့် စိတ်ရှုပ်ရသည်။ အရင်က ဘဘနှင့် ကြီးကြီး အိပ်ခန်းတစ်ခန်း၊ မမကြီး မမငယ်တို့က နှစ်ယောက်အတူ တစ်ခန်း နေကြတာ။ ခုတော့ ပိုတဲ့အခန်းမှာ မမငယ်နှင့် ကလေးသုံးယောက်လုံး နေနေလိမ့်မည်။





အန်တီအေး အိမ်ဟာ ဒီထက်အများကြီးကျယ်သော နှစ်ထပ်တိုက် ဖြစ်ပေမဲ့ သားကြီး မိသားစုကလည်း အိမ်မှာ။ သမီးပျို အငယ်ကလည်း ရှိသည်။ အန်တီအေးဟာလည်း ချွေးမနှင့် မတည့်တစ်ချက် တည့်တစ်ချက်၊ သူတို့အိမ်သားစုတွေဟာ တကျက်ကျက်လို့ ကြားရဖူးသည်။

ဒါကြောင့် မေမေ မရွေးချယ်တာ ဖြစ်ပေမည်။

"ဟော ... ရွှေသွေးတို့ လာပြီဟေ့"

ဘဘက ရယ်မောသံကြီးနှင့် အိမ်ဝမှ ဆီးကြိုလိုက်ပါသည်။ သားရွှေသွေးနှင့် နီတျာတို့ ကားပေါ်မှ ဆင်းကာ အိမ်ထဲဝင်လာလျှင် မမငယ်ရော ကလေးတွေပါ အပြေးအလွှား ရောက်လာကြသည်။

"နီတျာ ... လာ ... ညီမလေး လာ၊ ရွှေသွေးရေ ... ငါက အန်တီချို့ နည်းနည်းပါးပါး စိတ်ကောက်တာ ထင်တာဟဲ့၊ မဟုတ်ဘူးတော့၊ အတော်စိတ်နာနေတာ၊ လုံးဝမပြန်ဘူး ချည်း ချနေတာပဲ၊ အန်ကယ်ရဲ့ကကော ဘယ်လိုလဲ"

"ဖေဖေကလည်း အပြောကတော့ အပြတ်ပဲ"

"အဲဒါ ဘယ်လိုဖြစ်ကြတာလဲ"

"ခုမှ ရုတ်တရက် ဖြစ်တာမှ မဟုတ်တာ၊ တစ်သက်လုံး ဖြစ်လာတာတွေ စုတာ"

သားရွှေသွေးမှာ ကိုယ်မဂ်လာဆောင်ခါနီးကျကာမှ ကိုယ့်ရဲ့မိဘနှစ်ပါးက ကွဲကြမည် ကွာကြမည် ဖြစ်နေ၍ ရယ်ရမလို ငိုရမလို ဘယ်လိုခံစားရမည်ပင် မသိတော့အောင် စိတ်ရှုပ်နေပါသည်။

"ခု ... မေမေ ဘယ်မှာလဲ"

"မီးဖိုထဲမှာ"

"နီတျာ ... မမငယ်နဲ့ စကားပြောနေဦး"

"ရတယ် ... ကိုသား သွား၊ အေးအေးဆေးဆေးချော့၊ နီတျာ အပြန်မိုးချုပ်မယ်လို့ အိမ်ကို ပြောခဲ့ပြီးသား"

မမငယ်က အာလူးကောင်း နှုတ်သွက်သူမို့ သားရွှေသွေး မီးဖိုထဲတောင် မရောက်မီ နီတျာနှင့် စကားဖောင်ဖောင်လက်ဆုံကျနေပါပြီ။

သားရွှေသွေး မီးဖိုထဲဝင်လာလျှင် မေမေသည် မီးဖိုထဲက ဂက်စ်မီးဖိုရှေ့ ရပ်ပြီး ဘာတွေ ကြော်လှော်နေသည်မသိ။

"မေမေ ဘာတွေ လုပ်နေတာလဲ"

"ဩော် ...၊ သားလာပြီလား"

"ခုန ဘာဘာ အကျယ်ကြီးအော်တာ မေမေ ကြားမှာပါ၊ ထွက်မလာဘူး"





"မကြားပါဘူး ... ကိုယ့်အသံနဲ့ကိုယ် ကိုယ့်အာရုံနဲ့ကိုယ် ဖြစ်နေတာ"

"ဘာတွေ လုပ်နေတာလဲ ညှော်ကညှော်နဲ့"

"မညှော်ပါဘူး၊ မွှေးတောင်မွှေးသေး၊ ကြက်သွန်နီကြော်နေတာ၊ ရှလာရင် ချရမယ်၊ ဘာလချောင်ကြော် လုပ်ပေးမလို့"

"ဟာ ... လုပ်မဲ့သူတွေ ရှိသားနဲ့ မေမေကလဲ"

"မမြင့်တို့က သိပ်မလုပ်တတ်ဘူး သားရဲ့၊ သူတို့ချည်း လုပ်ကိုင်ပေးနေတာ မနေတတ်ပါဘူး၊ ပျင်းလာပြီ၊ ဒါကြောင့် အပျင်းပြေ ဝင်လုပ်နေတာ"

"မေမေ့ကိုက ဒါတွေ မလုပ်ရ မနေနိုင်တာ"

"ဒါပေါ့လေ၊ မင်းအဖေ သုံးဆယ့်နှစ်နှစ် ခိုင်းစားလာတော့ လူက ခေါက်ရိုးကိုကျိုးလို့၊ ဘာမှ မလုပ်ရ မကိုင်ရဘဲ မနေတတ်တော့ဘူး ဖြစ်နေပြီ။ ကျွန်စိတ် ပေါက်နေပြီ"

သားရွှေသွေးက စိတ်ညစ်ညစ်နှင့် ခေါင်းသာ ကုတ်နေမိပါသည်။ မေမေ့ မျက်နှာဟာ ခပ်တင်းတင်း။ အခဲတွေမကြေသေး။ စကားစလိုက်တော့ ပိုပြီး ထန်လာသည်။

မေမေဟာ အသက်ခြောက်ဆယ်တွင်း ဆိုပေမဲ့ ဆံပင် သိပ်မဖြူသေး။ ထိပ်စလေးတွေသာ နည်းနည်းဖြူသေးသည်။ နှစ်လတစ်ကြိမ်လောက်ပဲ ပုံမှန်ဆိုးနေသူ ဖြစ်သည်။ မေမေ့ဆံပင်

က ကုပ်နားတင် အတိုအဖျားလေးသာ ကောက်ထား၍ ခေါင်းစည်းအလှလေးနှင့် သိမ်းစုစည်းထားတော့ နုနယ်နေသည်။

ပါတိတ်ဝမ်းဆက် လက်စကနှင့် မေမေ့လောက်မဝဲ့သေးသော မေမေက ချောမောအရွယ်တင်လှသည်။ ငယ်ကတည်းက မိဘချမ်းသာအဆင့်မြင့်တဲ့ ဂုဏ်ရှိမှု၊ ကိုယ့်ကားကိုယ်မောင်း ကျောင်းတက် ဘွဲ့ရခဲ့တဲ့ ဂုဏ်ရှိန်၊ ခင်ပွန်းသည်ရာထူးကြောင့် ကမ္ဘာ့တော်ဘဝ၌ ကြာကြာနေခဲ့ရသေးသည့် ဂုဏ်ရှိန်။ ခုထိ ကိုယ့်ဟာကိုယ် စတိုင်ကျကျ ကားမောင်း သွားလာနေဆဲဖြစ်သည့် ဂုဏ်ရှိန်တို့က မေမေ့ မျက်နှာ၌ ထင်ဟပ်ကာနေသည်။

နဂိုနေ၌ သိမ်မွေ့သော်လည်း ဒေါသဖြစ်လျှင် မေမေ့မျက်နှာက မာန်မာနနှင့် ထန်လာတတ်သည်။

"ကျွန်တော် ငယ်ငယ်ကလည်း အိမ်မှာ အိမ်ဖော်ရှိခဲ့တာပဲဟာ၊ ခုထိ ထားထားလည်း ရတာပဲ၊ မေမေတို့ကိုက မထားတော့တာကိုး၊ ဒီတော့ မေမေ ပင်ပန်းတာပေါ့"

"မင်း အိမ်မှာ မနေကတည်းက မထားတော့တာလေ၊ နောက်ပိုင်း အလုပ်သမားတွေက အသစ်ရှာရင် စိတ်ချရတာရှားရှား၊ အဘိုးကြီး အဘွားကြီး နှစ်ယောက်တည်းရယ်၊ မင်းအဖေက စနေ တနင်္ဂနွေလည်း ဂေါ့ဖ်သွား၊ ငါတစ်ယောက်တည်း ပစ်ထားတာ၊ ပစ္စည်းယူ လူသတ်မဲ့ဟာမျိုးနဲ့ နှစ်ယောက်တည်း ကျန်ရမှာ ကြောက်လို့ မထားတော့တာလေ ..."





အိမ်ဖော်ရှိတုန်းကတော့ မေမေ မပါဘဲ ပြီးရလို့လား၊ ကိုယ်အကုန်ပါရတာပဲ၊ အောက်ခြေသိမ်းသာ မလုပ်ရတာ၊ ကိုယ်တစ်ဝက်မက လုပ်ရတာပဲ"

"မေမေကိုကလည်း မနေတတ်တာကို"

"အေးပေါ့ ... မင်းတို့ယောက်ျားတွေက ကိုယ်မလုပ်ရတိုင်း လုပ်ပေးတဲ့သူကိုပဲ မနေတတ်လို့ ဝင်လုပ်ရတယ် အပြစ်ဖို့တာ၊ သိပ်စိတ်နာဖို့ ကောင်းတယ်၊ ဝင်မလုပ် ဝင်မစီမံဘဲနေလို့ မရအောင် ဟိုဟာတောင်း ဒီဟာမေး၊ ဟိုဟာစားချင် ဒီဟာ သောက်ချင်ကျတော့ မပြောဘူး၊ မင်းတို့သားအဖကို လုပ်ပေးခဲ့တာ မဟုတ်ဘူးပေါ့၊ ငါကိုက မနေတတ်လို့ ကျွန်ဇာတာပါလို့ပေါ့၊ ဟုတ်ပါတယ် ... သိပ်မှားခဲ့တာပဲ"

"မေမေကလည်းဗျာ"

"အဲလို ပြောရင်လည်း မင်းတို့က စိတ်ညစ် စိတ်တိုသေး၊ ယောက်ျားတွေများ မတရားတာ၊ လက်လှုပ်နေရတဲ့ သူကပါးစပ်လှုပ်မှာပဲ၊ ပင်ပန်းတဲ့သူက ပြောမှာပဲ"

"မေမေ အဲဒါတွေ ပြောနေတာ ကိုယ့်စိတ်ဒုက္ခ ကိုယ်ရှာနေတာပဲပေါ့၊ အဲသလိုတွေ တွေးနေ စဉ်းစားနေတာကိုက

ကိုယ်စိတ်ညစ်အောင် ကိုယ်လုပ်တာ၊ ကြီးကြီးတို့ ဘဘတို့လည်း လင်မယားတွေပဲ၊ ဒီလိုပဲ ရှိမှာပေါ့၊ တည့်နေတာပဲ ဟာ"

"မင်းဘဘက မင်းအဖေ ခိုင်းသလောက်လည်း မခိုင်းဘူး၊ မင်းအဖေ ငါ့ကို ပစ်ထားသလောက်လည်း မပစ်ထားဘူး"

"ဖေဖေလည်း သူ့သူ့ကိုယ်ကိုယ်ပါပဲ မေမေရယ်"

"မဟုတ်ဘူး၊ မင်းအဖေဘက်က လိုက်မကာကွယ်နဲ့၊ သူက သခင် ငါက ကျွန်လို လိုလေသေးမရှိ လုပ်ပေးစေချင်တာ၊ လုပ်ပေးဖန်များတော့ မလုပ်ပေးတဲ့ဟာက အပြစ်ဖြစ်တယ်၊ ဓိဓာကကြောင်၊ အစားအသောက်က ချေးများ၊ ဟိုဟာ ချက်ထားရက်နဲ့ ဒီဟာစားချင်တာ၊ ပင်ပန်းတဲ့လူ အမောပြေအောင် ချိုးကျူးတတ်တာလေး ရှိလားဆိုတော့ မရှိဘူး၊ စိတ်တိုင်းမကျရင် သူကပဲ ဗျစ်တောက် ဗျစ်တောက်၊ မိန်းမကိုကျ အိမ်ထဲ ပျင်းနေမှာပဲလို့ ဘုရားလေး ဘာလေး လိုက်မပို့ချင်ဘူး၊ မိန်းမကို ဈေးလေး ပလာဇာလေး ပို့ဖို့ကျ လုံးဝစိတ်ကူးမပေါက်ဘူး ..."

သူကျတော့ အချိန်မှန် ဂေါ့ဖ်ရိုက်သွားမယ်၊ ဘီယာ သောက် ချိန်းမယ်၊ စစ်တုရင်သွားထိုးကြမယ်၊ သူ့ဘော်ဒါတွေနဲ့ သူကတော့ ထွက်လို့၊ ငါ့ကိုကျ အိမ်စောင့်ကြီးလို





ပစ်ထားလာတာ သုံးဆယ့်နှစ်နှစ်၊ အိမ်မှာ သူစားဖို့ချက်၊ သူဝတ်ဖို့ လျှော်ဖွပ်မီးပူတိုက်၊ သူ့ဝေယျာဝစ္စလုပ်၊ သူဖွတာ ရှုပ်တာတွေ ကောက်သိမ်းရ ရှင်းရ၊ သူပြန်လာတာကို စောင့်"

"မေမေတို့ကလည်းဗျာ ... မေမေ့ဆီ သွားတော့လည်း စိတ်ညစ်ရ၊ မေမေ့ဆီ လာတော့လည်း စိတ်ညစ်ရ၊ တစ်ယောက်သည်းညည်းကို တစ်ယောက် မခံနိုင်ဘူး"

"သည်းညည်းဆိုတာ တစ်ဖက်တည်းက ဆက်တိုက်ခံလို့ မရဘူးဟဲ့၊ သူလည်းခံ ကိုယ်လည်းခံမှ ခံနိုင်ရည်ရှိမပေါ့၊ ပင်စင်ယူပြီးမှ ပင်စင်နာစွဲနေတယ်၊ သူ့ကိုပမာမခန့်လုပ်ပါပြီ၊ သူ့ကို ခံပြောပါပြီ၊ သူ့ကို မလေးစားတော့ပါဘူးနဲ့၊ သူက ပိုဓိဓာကြောင် ပုံကြီးချဲ့လာတာကျ သူ မမြင်ဘူး၊ လုပ်ကိုင်ပေးရတဲ့သူက သေတော့မယ်၊ သေအောင်လည်း လုပ်ရ၊ အထင်လွဲလည်းခံရ မျက်နှာကောင်းလည်းမရ၊ ကိုယ့်လည်း လူရာမသွင်း၊ ဘယ်သူက ဒါမျိုးကို သည်းခံ ပေါင်းနိုင်မှာလဲ"

"သုံးဆယ့်နှစ်နှစ်တောင် ပေါင်းခဲ့ပြီးမှပဲ မေမေရာ"

"သုံးဆယ့်နှစ်နှစ်လုံးလုံး မိုက်လုံးကြီးလို့ အမှတ်သည်းခြေမရှိလို့ ကြိတ်မှိတ်ခံခဲ့တာ၊ ခုထိတောင် ကိုယ်က ရန်းမထွက်ဘူးဆိုရင် ကိုယ့်အလွန်ပဲ ဖြစ်တော့မယ်"

"ဖေဖေရော မေမေရော တစ်ယောက်ကို တစ်ယောက် ချစ်လို့ယူထားကြတာပဲ မေမေရယ်"

သားရွှေသွေးက လေသံကိုလျှော့၍ ပြောလိုက်ပါသည်။

"မေမေ ဟိုတုန်းက ကိုရဲသွေးကိုပဲ ချစ်လို့ယူခဲ့တာ၊ ဒီဇို့ ဒီအချိန် ဦးရဲသွေးကြီးကိုတော့ ချစ်ဖို့ဝေးလို့ မုန်းလွန်းလို့၊ ဟိုတုန်းက ဒီပုံစံကြီးဆိုရင် ငါ လုံးဝမယူခဲ့ဘူး၊ သေချာတယ်၊ သူ့အတွက် သူ့တစ်ကိုယ်ကောင်းချည်းပဲ၊ ငါ့မိန်းမ ပင်ပန်းနေလား၊ ငါ့မိန်းမ အထီးကျန်နေလား၊ ငါ့မိန်းမ ဘယ်များသွားချင်နေမလဲ၊ ပျင်းနေမလား၊ တစ်ကြိမ်မှ တွေးမပေးဖူးဘူး၊ သူလုပ်ချင်တာ၊ သူစားချင်တာ၊ သူသွားချင်တာတွေပဲ သူ့ခေါင်းထဲရှိတယ်၊ သူ့အတွက်ပဲ သူသတိတရရှိတယ်"

"ကြက်သွန်ကြော်တွေလည်း တူးကုန်ပါဦးမယ် မေမေရယ်"

"ကဲပါ ... မင်း အိမ်ရှေ့သွားနေစမ်းပါ သားရယ်၊ ကြက်သွန်ကြော်ရရင် ကျန်တာ နောက်မှ ဆက်ကြော်မယ်၊ မေမေ လာခဲ့မယ်"

"နီတျာလည်း ပါလာတယ်"

"ဟင် ... ကြည့်စမ်း ... မင်း စောစောကတော့ မပြောဘူး"





ဒေါ်ချိုချိုသည် ကမန်းကတန်း ကြက်သွန်ကြော်တွေကို စစ်ဆယ်ကာ ဇကာပေါက်ကလေးနှင့် ဆီစစ်ထားလိုက်ပါသည်။ ဆီအိုးကိုချကာ "ကဲ ... လာ"ဟု ရှေ့မှ ထွက်သွားနှင့်လေသည်။

"သမီး ပါလာတာ သူက မပြောဘူး နီတျာရယ်၊ အန်တီကို သူပြောချင်ရာတွေပဲ လျှောက်ပြောနေတယ်၊ မအေကို မျိုးစုံ ဂဂျီဂချောင်လုပ်ပြီး ဝ,မှ နီတျာ ပါလာတယ်တဲ့လေ"

"ရပါတယ် အန်တီချို၊ သမီး မမငယ်နဲ့ စကားကောင်းနေတာ"

"မေမေရော ဖေဖေရော နေကောင်းတယ်နော် သမီး"

"ဟုတ်ကဲ့ ... ကောင်းပါတယ် အန်တီချို"

"သမီးလည်း သတင်းကြားပြီးရောပေါ့၊ သူ့အဖေနဲ့ မတည့်လွန်းလို့လေ၊ ဖြစ်သမျှအကြောင်း အကောင်းပေါ့ကွယ်"

မေမေ့လေသံက လူကြီးတွေတန်မဲ့ ခုလို ဖြစ်ရကြံရတာအပေါ် ခပ်ရှက်ရှက်လေသံမျိုး ပေါက်နေပါသည်။

"ဒီလိုပါပဲ အန်တီချိုရယ်၊ လူကြီးတွေ ဖြစ်လာတော့ အိမ်မှာလည်း ဖေဖေနဲ့ မေမေက ဒီလိုပဲ တကျက်ကျက်ပါပဲ၊ လျှာနဲ့သွားလိုပဲဟာ၊ ခဏနေတော့လည်း ပြီးသွားတာပါပဲ"

"မပြီးဘူး ... မပြီးဘူး၊ ခုလို ခွဲမနေလိုက်ရင် ပြီးမှာကို မဟုတ်တော့ဘူး၊ သမီးတို့ကိစ္စနားကပ်မှ လူကြီးတွေက

တစ်မှောင့် ဖြစ်ရတာ မျက်နှာတော့ ပူတယ်၊ ဒါပေမဲ့ သမီးအမေ မြန်နှာကိုတော့ ဖုန်းဆက်တောင်းပန်ရဦးမယ်၊ မတတ်သာတော့လည်း ကိုယ့်ဘက်က ပျက်ကွက်ရတော့မယ် မဟုတ်လား"

နီတျာက သားရွှေသွေးကို တစ်ချက်လှမ်းကြည့်လိုက်ရှာသည်။

"သမီးကိုပါ အန်တီက တောင်းပန်ပါတယ်၊ သမီးနဲ့သားကိစ္စကို အင်မတန် နှစ်သက်ကျေနပ်တယ်၊ ဝမ်းသာဂုဏ်ယူတယ်နော် သမီး၊ သမီးကိုလည်း ချစ်တယ်၊ ဒါပေမဲ့ သူ့အဖေကိုတော့ အန်တီ မျက်နှာချင်းကို မဆိုင်နိုင်ဘူး၊ မင်္ဂလာဆောင်မှာ ဆုံနေရရင် ပြဿနာထဖြစ်မှာ သေချာတယ်၊ အဲဒီကျ ပိုပြီး အရှက်တကွဲ ဖြစ်မယ်၊ ဒီတော့ အန်တီ မင်္ဂလာဆောင်ကို မလာတော့ဘူးဆိုတာ သမီးကို တောင်းပန်ရင်း ပြောပြတာပါ"

"အန်တီရယ် ... အန်တီ အဲလိုပြောမှာစိုးလို့ပဲ အခု သမီးလိုက်လာတာပါ"

"သမီးကို ချစ်လည်းချစ် အားလည်းနာပါတယ်ကွယ်၊ အန်တီလေ မင်္ဂလာသတင်း နားမှာပဲ သားတို့ သမီးတို့ မင်္ဂလာပွဲကို အင်မတန် ကြည်နူးပီတိဖြစ်ကြောင်းနဲ့ ဆုမွန်ကောင်းတောင်းတဲ့ သတင်းလေး ထည့်မလား စဉ်းစားတယ်၊





နို့မို့ရင် အန်တီ မလာတာအပေါ် လူတွေ သို့လော သို့လော တွေးမလားလို့လေ"

"ဟာ ... မေမေကလည်း ထုံးစံမရှိတာ၊ အဲလိုကြီး မထည့်ပါနဲ့၊ ဖေဖေနဲ့ မေမေ တွဲရက် ဆုတောင်းပေးတာဆို တစ်မျိုးပေါ့၊ မေမေ တစ်ယောက်တည်း နာမည်ကြီးနဲ့ ပိုတောင်တွေးစရာ ခေါင်းရှုပ်စရာ ကောင်းသေးတယ်"

သားရွှေသွေးသည် မျက်နှာကို ရှုပုပ်၍ ဆောင့်ကြီးအောင့်ကြီး ပြောမိပါသည်။

"ဘဘတို့ ကြီးကြီးတို့ မပြောကြတော့ဘူးလားဗျာ"

"စစ်ကူတောင်းမနေနဲ့ သား၊ မင်းအဖေလည်း မလာဘူးပဲပြောမှာပဲ၊ ငါနဲ့မှ မျက်နှာချင်း မဆိုင်ချင်တာ၊ မေမေစဉ်းစားပြီးပြီ၊ သားတို့ မင်္ဂလာမောင်နှံ နောက်မှာ စုံတွဲလျှောက်ဖို့ကတော့ တင့်တယ်အောင် အစ်ကိုကြီးနဲ့မမ စုံတွဲကို လျှောက်ခိုင်းမှာပေါ့၊ လစ်ဟာနေအောင်တော့ ဘယ်လုပ်မလဲ"

"ဘဘနဲ့ကြီးကြီးက ဘဘနဲ့ကြီးကြီးပဲလေ၊ မိဘမှ မဟုတ်ဘဲ၊ ဖေဖေလည်း ဒီတိုင်း မေမေလည်း ဒီတိုင်းပဲ၊ သားတစ်ယောက်တည်းရဲ့ မင်္ဂလာဆောင်မှာ မာနတွေ အာဃာတတွေ ထားဖို့ပဲ ခေါင်းထဲရှိတယ်၊ ကိုယ့်စိတ်ကိုယ် ချိုးနှိမ်ပြီး ပြေလည်အောင် ဟန်ဆောင်လုပ်ပေးဖို့လေးတောင် စိတ်ကူးမရှိဘူး"

"မင်းအဖေလည်း ဒီတိုင်းပဲ မဟုတ်လား၊ မင်းအဖေကျတော့ မင်းရအောင် မပြောနိုင်ဘူး မဟုတ်လား၊ တစ်ယူသန်ကြီးလေ၊ မေမေ့ကျမှ လာပြောမနေနဲ့သား၊ ခုချိန်ကစ,ပြီး မေမေလည်း မင်းအဖေလိုပဲ ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ်ပဲ ... မှတ်ထားလိုက်"

"တကယ်တမ်းကျတော့ ဖေဖေရော မေမေရော ကျွန်တော့်အတွက်ကို ဦးစားပေးပြီး မကြည့်ပေးကြဘူးနော်"

"ရင်နာအောင် မပြောနဲ့ သား၊ သားကိုလည်း ချစ်တယ်၊ သမီးကိုလည်း ချစ်တယ်၊ အားနာတယ်၊ ဒါပေမဲ့ မေမေ့မှာလည်း နာလုံးတွေက များနေပြီ"

ဒေါ်ချိုချို မျက်ရည်လည်လာပါသည်။

"တော်ပါတော့ ကိုသားရယ်၊ အန်တီ စိတ်မကောင်းအောင် မပြောပါနဲ့"

"နီတျာ ဖေဖေနဲ့ မေမေဆီမှာ ကိုယ် မျက်နှာငယ်တာပေါ့"

"ဒါပေမဲ့ ဘဘနဲ့ကြီးကြီး လျှောက်ပေးမယ် ဆိုလည်းပြီးတာပါပဲ၊ နီတျာဘက်က လူတွေဆိုရင် ဘဘနဲ့ကြီးကြီးကိုပဲ ကိုသား မိဘလို့ ထင်ကြမှာပါ"

နားလည်လိုက်လျောစွာ သူ့ကို နှစ်သိမ့်နေသော နီတျာကို သားရွှေသွေးက မျက်နှာပူပူနှင့် မျက်နှာလွှဲထားပါသည်။





"အန်တီလည်း စိတ်မကောင်း ဖြစ်မနေပါနဲ့ အန်တီရယ်၊ အသက်ကြီးပိုင်းမှာ စိတ်ချမ်းသာကြရဖို့က အဓိကပါ၊ မိသားစုတစ်စုမှာ မိန်းမတွေဟာ အဖြည့်ခံဘဝပါပဲ၊ နီတျာနားလည်ပါတယ်၊ အန်တီ့ ခံစားချက်ကို ကိုယ်ချင်းစာပါတယ်"

နီတျာရဲ့ သာယာချိုအေးသော ဖြေသိမ့်စကားလေးတွေကြောင့် ညစ်မှိုင်းအုံ့ဆိုင်းသော အနေအထားကြီးက တဖြည်းဖြည်း ကြည်လင်သာယာလာပါသည်။ ဒေါ်ချိုချိုက ထိုင်ရာမှထပြီး အခန်းထဲ ဝင်သွားရာမှ ပြန်ထွက်လာသောအခါ ...

"သမီးလေးဖို့ မင်္ဂလာလက်ဖွဲ့"

နီတျာ လက်ချောင်းလေးများကို ဆွဲယူကာ မီးကောင်းကောင်း အရည်ကောင်းကောင်း စိန်တစ်လုံးလက်စွပ်ကလေးကို စွပ်ပေးလိုက်ရင်း ...

"သမီးတို့မှာ ဒီထက်ပြည့်စုံတာ သိပါတယ်၊ ဒါပေမဲ့ ဒါက အန်တီ့လက်ဖွဲ့ သီးသန့်ပါ၊ အန်တီ့မိဘတွေရဲ့ အမွေအနှစ်ပဲ၊ အန်တီ့မှာလည်း သားရွှေသွေး တစ်ယောက်တည်း ရှိတာ ဆိုတော့ သမီးဆီကိုပဲ အမွေလက်ဆင့်ကမ်းဖို့ ရှိတယ်"

"ကျေးဇူးတင်ပါတယ် အန်တီ၊ သိပ်လှတာပဲ"

"သမီးအမေဆီကို သီးသန့် ဖုန်းဆက်တောင်းပန်ပါဦးမယ်၊ သူ့အဖေနဲ့ မျက်နှာချင်း ဆိုင်ဖို့ကတော့ ဒီဘ၀ ဒီမျှပါပဲ"

သားရွှေသွေးသည် မေမေ့ကို မကျေနပ်ရင်းကပင် သနားလည်း သနားလာကာ ...

"နေပါဦး ... ကားမောင်း ယူသွားတာက ထားပါတော့ မေမေရာ၊ ရော့ကင်းချဲက ဘာကြောင့် ယူသွားရတာလဲ"

"အမြင်ကတ်လို့လေ၊ သူကတော့ ဒီခုံမှာ တလှုပ်လှုပ်ထိုင်ပြီး သတင်းစာဖတ် စာအုပ်ဖတ်နဲ့လေ၊ မိန်းမ ဘယ်နား ရောက်နေမှန်းကို သတိမရတာ"

"ဩော် ... အခု ဒီခုံကြီး ထိုင်စရာမရှိတော့ မေမေ့ကို သတိရနေအောင်ပေါ့"

"အောင်မာ ...၊ ငါ့ကို သတိမရစေချင်ပါဘူး၊ သူစိတ်တို အောင် သက်သက်ညစ်တာ၊ တနုံ့နုံ့ စိတ်အနှောင့်အယှက် ဖြစ်နေအောင်"

"တို့စ်တာရော ... ဒီတိုင်းပဲလား"

"ဒီတိုင်းပဲလေ၊ ကပ်စေးနည်း ကော်တရာကြီး၊ ထပ်လည်း ဝယ်ဖြစ်မှာ မဟုတ်ဘူးဆိုတော့ ပေါင်မုန့်ကိုလည်း မီးမ ကင်ဘဲ မစားတတ်၊ ဟော့ပလိတ်ပေါ်ပဲ သံဇကာပေါက်နဲ့ တင်ကင်ပစေ၊ တမင် နှောင့်ယှက်ခဲ့တာလေ၊ မုန်းလွန်း အားကြီးလို့"





နမေမေ့ကို အားလုံး ပွဲကျနေကြ၍ မေမေပါ မျက်နှာ လေး နည်းနည်း ကြည်လန်းလာပါသည်။

"သားနော် ...၊ တစ်ခါတည်း သေသေချာချာ မှာပါရဲ့၊ ကိုယ့်မိန်းမရဲ့ စိတ်ထဲမှာ တစ်သက်လုံး မကျေမနပ် အနာ တရ ဖြစ်သွားအောင် မလုပ်ရဘူး ... ကြားလား။ တရား မျှတရမယ်၊ တစ်ကိုယ်ကောင်း မဆန်ရဘူး၊ ယောကျ်ား လည်းလူ မိန်းမလည်း လူပဲ၊ မိန်းမကမှ ယောကျ်ားလောက် ခွန်အားဗလ မပြည့်စုံဘဲ ပိုအားနည်းသေးတယ်၊ ကိုယ်တောင် လုပ်ဖို့ပျင်းတဲ့ ပင်ပန်းတဲ့ ကိစ္စကို မိန်းမကို ခိုင်းရင် မတရားဘူး ငါ့သား၊ ကိုယ့်အပေါင်းသင်းနဲ့ကိုယ် တစ်ကြိမ် သွားရင် မိန်းမနဲ့လည်း တစ်ကြိမ် သွားသင့်တယ်ဆိုတာ မြဲမြဲမှတ်"

သားရွှေသွေး အဖို့ကတော့ ပြောမရ၍သာ လက် လျှော့လိုက်ရပေမဲ့ ကိုယ့်မင်္ဂလာပွဲကို အဖေရော အမေပါ အပြိုင်စိတ်လုပ်ပြီး မတက်ရောက်ကြဘူး ဆိုတာကို စိတ်ထဲကျိတ် ၍ လုံး၀ မကျေနပ်နိုင်ပေ။

(မြမြ)







စာအမှတ်

## ၄

မင်္ဂလာဆောင်မနက်မှာလည်း သားရှေသွေး တစ်ယောက် မလုပ်မဖြစ်သော အလုပ်ကိစ္စ တချို့ပြေးလွှားရပါသေးသည်။ ဒီမနက်အထိတော့ သူ့ကို ခိုင်းဖို့မသင့်သော်လည်း ကိစ္စတွေက သူကိုယ်တိုင်ကိုယ်ကျမှ ပြေလည်မည့်ကိစ္စမျိုးကလည်း ဖြစ်နေ သူကလည်း သူ့ဘက်ချွတ်ယွင်းချက်အတွက် ယောက္ခမတွေကို မျက်နှာပူစွာ ဖားချင်နေတာမို့ ပြေးရ လွှားရ လုပ်ပေးရပါသည်။

ဒီကြားထဲ သတို့သမီးဝတ်စုံထုပ်ထဲမှာ ပါလာသော ပဝါက မှားနေသည်ဆိုကာ ဝတ်စုံဒီဇိုင်နာဆီ ဖုန်းဆက်ရ သွားပြန်လဲယူရတာက ရှိသေးသည်။ သူများခိုင်းဖို့ကလည်း မဖြစ်။

ပဝါကို အပ်စဉ်က ပုံစံ အရောင် အရွယ် ထိုးမည့် ပန်းတို့ကို သားရွှေသွေးနှင့် နီတျာ နှစ်ဦးသာ မျက်မြင်သိထားရာ ထခြားတစ်ယောက် သွားလဲယူလာပြီး နောက်တစ်ခေါက် ထပ်မှားလာတာ မဖြစ်ရလေအောင် သားရွှေသွေးပဲ ပြေးလဲရသည်။ သူ မပြေးလျှင် နီတျာ ပြေးရမလို ဖြစ်နေသည်မို့လား ...။

ပန်းကုံးတို့ မင်္ဂလာလက်စွပ်တို့ ချီးမြှင့်ပေးမည့် လူကြီးများထံ၊ ဓာတ်ပုံ ဗီဒီယိုထံ၊ ပန်းသမားထံ တစ်ယောက်ပြီး တစ်ယောက် ဖုန်းဆက်၍ Confirm လုပ်ရတာပင် တစ်လုပ်။

နီတျာတို့အိမ်နှင့် အပြင်ကို ဝင်ချည်ထွက်ချည် ပြေးလွှားနေရသော သားရွှေသွေးကို ဦးဝင်းနီက မျက်ခုံးရှုံ့ကြီးနှင့် ...

"ဟေ့ကောင် ရွှေသွေး ... မင်းအဖေအမေက သူတို့ ဆုံးဖြတ်ချက် အတည်ပဲလား၊ ပြင်စရာ မရှိတော့ဘူးလား"

"ဟို ... ဘဘနဲ့ ကြီးကြီးနဲ့ ..."

"ဒါကို သိတယ်လေ၊ မင်း အဖေအမေများ စိတ်ပြောင်းမလား နည်းနည်းပါးပါး ထပ်ဆက်ကြည့်ပါဦးလား၊ မိဘကိုယ်တိုင်ကိုယ်ကျက အကောင်းဆုံးပေါ့"

"ဟုတ်ကဲ့"

တကယ်တော့ ဒီကြားထဲ သူ ထပ်ခါထပ်ခါ သွားလည်းသွား ဖုန်းလည်းဆက်ပြီးပါပြီ။ ဘယ်သူကမှ ဆုံးဖြတ်ချက်





မပြင်။ သားရွှေသွေးမှာ ဖေဖေ့ကိုရော မေမေ့ကိုပါ တကယ်ပင် မကျေမနပ် ဖြစ်မိခဲ့ပါသည်။

ဦးဝင်းနီ ထပ်ပြောတော့ အနံ့တိမြနန္ဒာကပါ မျှော်လင့်ချက်လေးထားကာ သူ့ကို ငေးစိုက်ကြည့်နေရှာသည်။ ဒီဘက်ကို အဆိုးဆိုစရာ မရှိပေ။ မင်္ဂလာဆောင်ကို သတို့သားမိဘမလာ၍ လူစားထိုး ပွဲထွက်ရမှာဟာ သတို့သမီးဘက်က စိတ်ဆိုးမယ်ဆို ဆိုးထိုက်သည်။

သို့ပေမဲ့ နီတျာရော ဒေါ်မြနန္ဒာပါ သူ့အပေါ် မဖိစီး မချုပ်ကိုင်ကြပါ။ ဖွတ်မတောင်းဆိုကြပါ။ ဦးဝင်းနီကတော့ လူနိုင်ငယ်နိုင် ဖြစ်နေသော သူ့ကို တဖျစ်တောက်တောက် ပြောပါသည်။

ဘာပဲဖြစ်ဖြစ် သူတို့ကျေနပ်အောင် ထပ်ခေါ်ကြည့်လိုက်တာ မမှားဘူးပင်။ ဆုံးဖြတ်ချက် မပြင်လည်း အရင်းပေါ့။ ပြင်ရင် အမြတ်ပေါ့။ သားရွှေသွေးက မေမေ့ထံ ဖုန်းခေါ်လိုက်ပါသည်။ ဦးဝင်းနီတို့ရှေ့ မပြောလို၍ ခြံထဲဆင်းလာခဲ့သည်။

"ဟယ်လို"

"မေမေလား"

"အေး ... သား၊ ပြောသား ... ဘာလိုလို့လဲ"

"လိုတာ ပြောနေရဦးမှာလား မေမေ"

မေမေ အသံတိတ်သွားပါသည်။

"လိုတာ ပေးပေးနဲ့ မေမေပေါ့၊ နောက်ဆုံးအကြိမ် ပြန်စဉ်းစားပါဦး မေမေ၊ ဒါ ကျွန်တော့်ရဲ့ တစ်သက်တစ်ခါ မင်္ဂလာပွဲပါ"

"သားရယ် ... မေမေ ပြောပြီးပြီပဲ"

"မေမေ ပြောပြီးတာက ပြီးတာပဲ၊ ထပ်စဉ်းစားကြည့်ဖို့ ပြောနေတာပါ မေမေ၊ နောက်မှ စိတ်ပြောင်းပြီး ငါတို့သားကို လိုက်လျောလိုက်ချင်ပါတယ် ဆိုရင် မရတော့ဘူး မေမေ၊ အခုဆိုရင် အချိန်တွေ မီပါသေးတယ်၊ ညနေလေးနာရီမှလေ မေမေ ... အချိန်ရပါသေးတယ်"

"ခက်ပါလား သား၊ မေမေ စိတ်မကောင်းအောင် မလုပ်ပါနဲ့"

"ကျွန်တော် စိတ်မကောင်းတာကျတော့ရော"

"မင်းအဖေကို မကြည့်ချင်ဘူး၊ သူ့မျက်နှာကို မြင်ကိုမမြင်ချင်ဘူး"

"ကျွန်တော့် အတွက်တောင် အောင့်ပြီး မကြည့်နိုင်ဘူးလား"

"မင်းအဖေ ခွစာဂဂျိဂျောင်ကြီး အကြောင်း မင်းအသိပဲ၊ မလာကြတာ ပိုကောင်းပါတယ်သား၊ မျက်နှာချင်းဆိုင်တွေ့မှ မျက်နှာကြီးတွေ ကိုယ်စီပုပ်သိုးနေတာမျိုး၊ ပြဿနာထ,တက်တာမျိုးဖြစ်ရင် ပိုရုပ်ဆိုးပါတယ်၊ ပြဿနာက





ဖြစ်မှာသေချာတယ်၊ သားလေး မင်္ဂလာဆောင်မှာ ရှန်းရင်းဆန်ခတ်နဲ့ ခုထက်ပို အရှက်ကွဲရမယ် သား၊ တွေ့တာနဲ့ မေမေ့ ပါးစပ်ကလည်း မုန်းတာတွေ ပေါက်ကွဲထွက်မှာပဲ၊ မင်းအဖေကကော ဘယ်တုန်းက ဘယ်သူ့ရှေ့ အားနာပါးနာနဲ့ ဣန္ဒြေဆည်ပြီး အောင့်ထိန်းဖူးလဲ ...

မင်းကိုလည်း လူကြားထဲ အော်ဆူရင် ဆူလိုက်တာပဲ၊ မေမေ့ကိုဆိုလည်း ဝူးဝါး ဝူဝါး ထ,လုပ်ရင် လုပ်ခဲ့တာပဲ၊ ခုထ,လုပ်ရင် မေမေက သင်းကို တစ်ခုခုကို ထ,လုပ်မှာ၊ ပွဲပျက်မှာ"

"ဒါတွေအားလုံးကို နည်းနည်းလေး နာရီပိုင်း စိတ်မထိန်းပေးနိုင်ဘူးလား မေမေ၊ ကျွန်တော် အနူးအညွတ်တောင်းပန်နေတာပါ၊ ကျွန်တော့်အတွက် စဉ်းစားကြည့်ပါဦး"

မေမေ အတန်ကြာ အသံတိတ်နေသည်။ အတန်ကြာလျှင် ...

"မဖြစ်နိုင်ဘူးသား၊ မေမေ့ကို ခွင့်လွှတ်ပါကွယ်"

မေမေ့ အသံက ငိုသံပါနေကာ ပြောပြီးသည်နှင့် န်းချသွားပါသည်။ သားရွှေသွေးသည် ဖုန်းကိုကိုင်ကာ ရင်ထဲ ာကျင်စွာ ခဏငြိမ်နေလိုက်မိပြီးမှ ဖေဖေ့ထံသို့ စိတ်မပါ လက် ပါစွာ ဖုန်းခေါ်လိုက်ပါသည်။

"ဟယ်လို"

ထူးသံကြီးက တစ်ယောက်တည်း စိတ်တိုနေသလို မာလှသည်။ ဖုန်းထကိုင်ရတာကိုပဲ စိတ်မရှည်ချင်တာ။ အိမ်မှာ မေ မဖြစ်ဖြစ် တခြားတစ်ယောက်ဖြစ်ဖြစ် ရှိလို့ကတော့ ဖေဖေ ဟာ ဘယ်တုန်းကမှ ထ,ကိုင်တဲ့သူ မဟုတ်ပါ။ ဖုန်းသံမြည်လျှင် သူ ဒိုင်စရာ မဟုတ်သလို နေသူပင်။

ခုတော့ တစ်ယောက်တည်းမို့သာ မဖြစ်၍ ထကိုင် ရေ ဟာ။

"ဖေဖေ"

သားရွှေသွေး အသံက ဝမ်းနည်းခြင်း ဆန္ဒမပြည့်ခြင်း နာ ကျင်ခြင်း မကျေနပ်ခြင်းတွေ ရောပြွမ်း၍ အက်ကွဲနေသည်။

"အေး ... ရွှေသွေး ... ပြောဟေ့"

"ဖေဖေ ညနေလေးနာရီကိုရောက်ဖို့ အခုမှ ဆယ့်တစ်နာရီ ပဲ ရှိသေးတာ၊ ကြားမှာ ငါးနာရီနီးပါး အချိန်ရှိပါသေး တယ်"

"ဟေ ... မင်း ဘာတွေပြောနေတာလဲ"

"ဒီနေ့ ကျွန်တော့် မင်္ဂလာဧည့်ခံပွဲလေ ဖေဖေ"

"ဟာ ... အေး၊ ဟုတ်သားပဲ၊ ဒီနေ့ ဆယ့်ခြောက်ရက်နေ့ ပဲ၊ ဟုတ်လား၊ ငါက နက်ဖြန်မှ ဆယ့်ခြောက်ရက်လား ထင်နေတာ၊ အေး ... အေး ... ကွန်ဂရက်ကျူလေးရှင်း သား၊ အဆင်ပြေပါစေ ... ဒါပဲလား"





သားရွှေသွေးမှာ ဘာဆက်ပြောရမည် မသိအောင် ခိတ်လေသွားပါသည်။

"တောက် ... ဒီမနက် ဒုက္ခရောက်လိုက်တာကွာ၊ ဟိုမိန်းမ တစ်ကိုယ်ကောင်း ကျွင့်သွားလို့ ကားမရှိတော့ကတည်းက ဒုက္ခရောက်တာ နေ့တိုင်းပါပဲကွာ၊ ငါ ဒီမနက်စားဖို့ ထမင်းကြော်တစ်ပွဲကို ဆိုက်ကားနဲ့ ထွက်ဝယ်ရတယ်ကွ၊ ငါ့ခြေထောက်က ခုတစ်လော နည်းနည်းနာနေတာ ဒီ လောက် အကွာအဝေးကိုတောင် အသွားအပြန် မလျှောက် နိုင်ဘူးကွ ...

ဆိုက်ကား အသွားအပြန် ငှားရတာပေါ့ကွာ၊ ထမင်း ကြော်မှာပြီး ဘေးက စတိုးဆိုင်တွေမှာ တိုလီမိုလီတွေ ဝယ်ရတယ်၊ ပေါင်မုန့်တို့ ထောပတ်တို့ စီးကရက်တို့ ပရုတ်ဆီတို့ သွားကြားထိုးတံတို့ပေါ့ကွာ၊ ဟော ... ကြည့် စမ်း ... အီးကုန်းစကျူလိပ် မေ့ခဲ့ပြီ"

သားရွှေသွေးသည် အံကိုကြိတ်ကာ ငိုင်၍ နားထောင် နေရပါသည်။

"အပြန် လက်ထဲလည်း ထမင်းကြော်ထုပ်ရော ဘာရော တစ်မွေ့တစ်ပိုက်နဲ့ကွာ၊ လမ်းမှာ ချိုင့်ထဲကျပြီး ဆိုက်ကား က စောင်းမှောက်တော့တာဟေ့၊ နဂိုကတည်းက နာပါ

တယ်ဆိုမှ ခြေထောက် အတော်ကို နာသွားတယ်ကွာ၊ ထိလိုက်တာနဲ့ တအားနာတာ၊ လမ်းတောင်လျှောက်ဖို့ ခက်နေတယ်၊ ငါ့မှာ တုတ်ကောက်ကလည်း မရှိတော့ ဂေါ့ဖ်ရိုက်တုတ်ကို လက်ကကိုင်ပြီး တုတ်ကောက်လုပ်ပြီး လျှောက်နေရတယ်"

သားရွှေသွေး ငြိမ်နေမိသည်။

"ဟယ်လို ... ဟော့ကောင် ... ဖုန်းကိုင်ထားတုန်းလား"

"ဟုတ်ကဲ့"

"နေပါဦး ... မင်း ဘာပြောဖို့ ဆက်တာလဲ၊ ခုနက လေးနာရီထိုးတာပေါ့ ဆယ့်တစ်နာရီ ထိုးတာတွေ ကြားလိုက်ပါတယ်၊ အဲဒါ ဘာပြောတာလဲ"

"ဘာမှမပြောတော့ပါဘူး ဖေဖေ"

"ဘာလဲကွ ... ဟော့ကောင်၊ ငါ ပြောချင်ရာတွေ လျှောက်ပြောနေတယ်ဆိုပြီး မင်းက စိတ်ကောက်တာလား၊ ခြေထောက်နာတာ ပြောပြမိတာပါကွာ၊ သားဖုန်းဆက်တုန်း အဖေတစ်ယောက်က သူ့ခြေထောက် နာတာလေး တိုင်တည်မိတာကို မင်းက ဘာဖြစ်တာလဲ"

"ဘာမှ မဖြစ်ပါဘူး ဖေဖေရာ"

"ဒါဖြင့် မင်း ဘာပြောမလို့လဲ"





"ကျွန်တော် ပြောမှာက ဖေဖေတို့များ စိတ်ပြောင်းပြီး ကျွန်တော့် မင်္ဂလာဆောင်ကို လာဖို့ ရည်ရွယ်ချက် ပေါ်လာမလားလို့ မျှော်လင့်ချက်နဲ့ ဆက်ကြည့်လိုက်တာပါ"

"ဟာ ... မလာဘူးလို့ ပြောပြီးပြီပဲကွာ"

"ကျွန်တော့်ဘဝမှာ ကျွန်တော့်ရဲ့ မင်္ဂလာညစာစားပွဲဆိုတာ ဒီတစ်ခါပဲ ရှိမှာနော် ဖေဖေ၊ ဖေဖေတို့အတွက်လည်း နောက်တစ်ကြိမ်ဆိုတာ ထပ်မပေါ်လာနိုင်တော့တဲ့ ပွဲပါ"

"ဒီတော့ ဘာဖြစ်လဲကွ၊ တစ်သက်တစ်မင်္ဂလာတော့ ငါ သိသားပဲ၊ မင်းလည်း ငါ့သားပဲ၊ ယောကျ်ားကောင်းပဲကွ၊ တစ်ကြိမ်တည်းပေါ့၊ ဒါ ဆန်းလား"

"အဲဒီတစ်ကြိမ်တည်း တစ်ရက်တည်းကို ဖေဖေ တက်ရောက်ပေးလိုက်ဖို့ ဖေဖေ့စိတ်ကို မပျော့ပြောင်းဖျနိုင်ဘူးလားဟင်"

"ဟော့ကောင် ... မင်း့ပွဲမလာချင်တာ မဟုတ်ဘူးကွ၊ ဟိုမိန်းမနဲ့ လုံးလုံး မျက်နှာချင်း မဆိုင်ချင်တာ၊ ကြည့်ကို မကြည့်ချင်ဘူး ... တောက်"

"ကျွန်တော့်အတွက် ဆိုရင်ကော ဖေဖေ"

"တော်စမ်းပါကွာ၊ ဘယ်သူ့အတွက်မှ မမြင်ချင်ဘူး၊ မင်းကို ငါပြောပြီးသား ကိစ္စကိုကွာ၊ မလာပါဘူး ဆိုတာ၊

သင်းအစ်မစုံတွဲ ပွဲထွက်ပေးမယ်ဆို၊ ပြီးရောပေါ့ကွ၊ မင်းက ငြင်းပြီးသားကို ထပ်ပြောနေရတယ်လို့"

"အဲဒီအတွက် ဦးဝင်းနီနဲ့ အန်တီဆီမှာ ကျွန်တော် မျက်နှာငယ်ရတယ် ဖေဖေ"

"ဒီကောင့်ကို ငါ တောင်းပန်ထားပါတယ်၊ ထပ်ပြောလည်း ထပ်တောင်းပန်ရုံပဲ၊ ဒီကောင်ကလည်း ဒီလောက်မှ နားလည်မှု မရှိဘူးလား၊ သူလိုကောင်စားဆိုရင် ငါထက်တောင် ဆိုးဦးမှာ၊ ကိုယ်ချင်းစာနိုင်ရမှာပေါ့၊ ဒီကောင် မင်းကိုဘာပြောလဲ"

"သူတို့ ဘာမှ ဖိမပြောပါဘူး၊ ကျွန်တော့်ဘာသာ စိတ်မကောင်း ဖြစ်တာပါ"

"ငါ မပါတဲ့အတွက် ဒီပွဲကို မင်း ဖျက်ရတာလည်း မဟုတ်ဘူး ရွှေသွေးရာ၊ ကဲ … ကဲ … ဒါပဲဟော့၊ ငါ့ခြေထောက် နာလာပြီ"

တစ်ဖက်က ဖုန်းချလိုက်ပါသည်။ သားရွှေသွေးသည် ဖုန်းကို End လုပ်ပြီး ခြံထဲမှာပဲ ဆက်ရပ်နေမိသည်။ မကျေမနပ်ဝဲစို့လာသော မျက်ရည်တို့ကိုလည်း လက်ချောင်းထိပ်ဦးနှင့် ပွတ်တို့သုတ်ပစ်လိုက်ပါသည်။





ဒီလိုနှင့် မင်္ဂလာဆောင်ပြီးကတည်းက ဖေဖေ့ဆီရော မေမေ့ဆီရော သားရွှေသွေး မရောက်တာ နှစ်လကျော်ခဲ့ပါပြီ။ သူ့မှာ အလုပ်တွေ ရှုပ်ပွကာ မအားလပ်တာလည်း ပါပါသည်။ ပြီးတော့ ရင်ထဲက အနာအကျင်နှင့် သွားချင်စိတ်ကလည်း ထက်သန်စွာ မပြင်းပြတာလည်း တစ်ကြောင်းပင်။

နီတျာက ဒီကုမ္ပဏီလက်အောက်ကပင် လုပ်ငန်းအခွဲဖြစ်သော စူပါမားကက်တွေ တာဝန်ယူ ကိုင်တွယ်တာမို့ ရုံးချုပ်ကြီးမှာ ရုံးမထိုင်ပါ။ စူပါမားကက်နှစ်ခုရှိတဲ့အနက် မိန်းဖြစ်သော ရွှေဂုံတိုင်မြို့နယ်ထဲက စူပါမားကက်ကြီးမှာ ရုံးထိုင်သည်ဖြစ်ရာ နံနက်ဆို တစ်ယောက် ကားတစ်စီးစီနှင့် ကိုယ့်အလုပ်ခွင်ကို ကိုယ်သွားကြသည်။

နီတျာက တစ်ခါတစ်ရံ နံနက်တစ်ခေါက် ညနေတစ်ခေါက် သွားသည်။ တစ်ခါတစ်ရံလည်း စူပါမားကက်နောက်တစ်ခုကို သွားတဲ့အခါ သွားသည်။ တစ်ခါတစ်ရံလည်း သူ့ရုံးထိုင်ရာမှာပဲ တစ်နေကုန် နေချင်နေသည်။ တစ်ခါတစ်ရံ စောပြန်ကာ တစ်ခါတစ်ရံလည်း နောက်ကျသည်။

သားရွှေသွေးကတော့ ထာဝစဥ် အပြန်နောက်ကျ သူပင်။ ဒီနေ့အဖို့ ဒီအလုပ်ရှုပ်ရင် နောက်တစ်နေ့မှာ နောက်အလုပ်တစ်မျိုးရှုပ်ရသည်။ မဖြစ်မနေ ရှောင်လွှဲမရ ကျွေးမွေးစားသောက်ရတာတွေရှိလျှင် ပို၍မိုးချုပ်သည်။

လက်ထပ်ပြီးကတည်းက နီတျာတို့ဘက်က လက်ဖွဲ့သော စုနီရာမ်ပါ့ခ်ထဲက ခြံနှင့်တိုက်ကလေးမှာ ပြောင်းနေကြကာ ရုံးချုပ်မှာ သူ မနေရတော့ပါ။ ဒီကြားထဲ မေမေကတော့ ဖုန်းဆက်လေ့ရှိ၍ မေမေနှင့် ဖုန်းတော့ပြောရပါသည်။ ဖေဖေကတော့ သူကစ,ဖုန်းဆက်လေ့လည်း မရှိ။ သားရွှေသွေးဘက်က မှတ်မှတ်ရရ နှစ်ကြိမ်သာ ဖုန်းလှမ်းခေါ်မှုးကာ နှစ်ကြိမ်လုံး ဖုန်းမကိုင်တာနှင့် ကြုံရသည်။

သူ ထပ်လည်းမဆက်ဖြစ်။ သွားလည်းမတွေ့ဖြစ်ခဲ့။ သူ့အလုပ်တွေကလည်း တကယ်ကို များတာ။ ဦးဝင်းနီကလည်း အရင်ကထက် ပိုလို့သာ တိုး၍ခိုင်းသည်။ မိုးချုပ်မှ အိမ်ပြန်ရောက်လာပြီးလျှင်တောင် အိမ်ရောက်လျှင် E-mail ရိုက်ပို့စရာတွေ Fax ပို့စရာတွေ၊ နိုင်ငံခြားဖုန်း ခေါ်စရာတွေ၊ ပြည်တွင်းဖုန်း ခေါ်စရာတွေက အိမ်အလုပ်အဖြစ် လိုက်ပါလာတတ်သည်။

သူနှင့်နီတျာမှာ ညားကာစ လင်မယားသာ ဆိုပေမဲ့ နံနက်ခင်းလေးတစ်ခါ၊ ညပိုင်းတစ်ခါသာ ဆုံတွေ့ရပါသည်။





နီတျာ အလုပ်က ပိတ်ရက်မရှိသလို သူ့အလုပ်ကတော့ ပိတ်ရက်ာလည်း ပိတ်ရက်အလျှောက် ချိန်းဆိုတွေ့ဆုံရတာတွေ၊ အဆက်အသွယ် ရှာဖွေဝင်ထွက်ရတာတွေ ရှိသည်။

သူ့မှာ ဘာမှ အလုပ်သိပ်မရှိသော တနင်္ဂနွေလိုရက်မျိုး ရှားရှားပါးပါး တစ်ရက်တလေမှာ နီတျာကိုပါ အိမ်မှာအကူးတက ရှိနေစေဖို့ တားထားရပါသည်။ တွေ့ရချိန်နည်းသည့်သူတို့လင်မယားဟာ တစ်နေကုန် တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ဖုန်းအကြိမ်ကြိမ်တော့ ဆက်ကြပါသည်။

ဒီညနေတော့ သူ ကျွေးမွေးရမည့်သူ တချို့ကိုဘီယာတိုက်ဖို့အတွက် မြကျွန်းသာကို သူ ခေါ်လာသည်။ ခေါ်လာချိန်ဟာ ညနေခြောက်နာရီမို့ ဒီညနေတော့ အိမ်ကို ရှစ်နာရီလောက် ရောက်ကောင်းရဲ့ အောက်မေ့ရသည်။ မြကျွန်းသာနှင့်အိမ်က မျက်နှာချင်းဆိုင်လမ်းပဲမို့ ဒီကထ,ပြီဆို ကားပတ်မောင်းပြီးမှ ဝင်ရမှာနှင့် သုံးမိနစ် လေးမိနစ်ပေါ့။

နီတျာများ မတော်တဆ စုပါမားကက်ပိတ်ချိန်မှပြန်လျှင် ညကိုးနာရီခွဲကျော်မည်။ နီတျာကို ရှစ်နာရီလောက်ပြန်ဖို့ ဖုန်းဆက်ရန် ဖုန်းကို နှိပ်နေရာ တစ်ဖက်က အတော်နှင့် လိုင်းမအား။

"ကိုရွှေသွေး ... မစွစ်စ်ဆီ ဆက်နေတာလား"

"ဟုတ်တယ်ဗျာ၊ လိုင်းမအားဘူး"

"ကိုရွှေသွေးလောက် မိန်းမဆီ တစ်နေ့အကြိမ်ကြိမ် ဖုန်းခေါ်တာ မရှိတော့ဘူးလို့ ကိုတင်ဝင်းညွှန့်က ပြောတာ ... ယုံရမှာပဲဗျာ ... ဟား ဟား"

"ကျွန်တော်တို့မှာ ဖုန်းပဲပြောရတာဗျ၊ ရည်းစားကျနေတာပဲ၊ သူလည်း အလုပ်များ၊ ကိုယ်လည်း အလုပ်များ၊ ညဥ့်နက်မိုးချုပ်မှ တွေ့ရမှာ၊ ဒီနေ့ည သူ့ကို ရှစ်နာရီလောက် ပြန်ခိုင်းမလို့"

"ဟား ဟား ... ဒါ ကျွန်တော်တို့ကို လစ်မစ်ပေးထားတာပေါ့နော်၊ ဟော့လူတွေ ... ခင်ဗျားတို့ ကြားတယ်နော်၊ ရှစ်နာရီ ဝိုင်းသိမ်းပေးရမယ်"

"သိမ်းပေးရမှာပေါ့ဗျာ၊ သနားပါတယ်"

"အဘိုးကြီးလည်း ခင်ဗျားကို အားကိုးရပေလို့ပဲ ကိုရွှေသွေးရ၊ အရမ်း အလုပ်လောဘကြီးတာဗျ"

"ကြီးတာတော့ မပြောနဲ့ဗျာ၊ ရှေ့ကဟာ လက်စမသတ်သေးဘူး၊ နောက်ကဟာကို လှမ်းထားပြီ၊ ဟန်းနီးမွန်းတောင် ထွက်ခွင့်မပေးပါဘူးဆို"

"ဟား ဟား ဟား"

သူတို့ ရယ်မောပွဲကျနေတုန်း သားရွှေသွေးက စားပွဲမှထ,ကာ ဟိုလျှောက် ဒီလျှောက် လုပ်ရင်း ဖုန်းကို ဆက်





ခေါ်နေပါသည်။ သူတို့က ရက်စ်တောရဲင့်ရဲ့ အပြင်မှာ ခင်းထားသော စားပွဲတွေမှာ ဖြစ်သည်။

"ဟော့လူတွေ လိုတာထပ်မှာဦး၊ ဒီက နည်းနည်း ကြာတယ်၊ ကြိုမှာထားမှ"

"မှာမယ် ... မှာမယ် ... မပူနဲ့၊ ဖုန်းသာ အေးအေးဆေးဆေးပြော"

"ခေါ်လို့ကို မရသေးဘူး"

ထပ်ခါထပ်ခါ ဆက်ခေါ်နေရင်း ဟိုဒီလျှောက်ရင်း သားရွှေသွေးရဲ့ မျက်လုံးတွေကလည်း ဟိုဟိုဒီဒီ အနီးတဝိုက်ကို ရောက်နေရာမှ တစ်နေရာကို အမြင်တွင် မျက်စိမလွှဲမိဘဲ စိုက်ခနဲ ငြိမ်သွားမိပါသည်။

ဖုန်းကို ဆက်မခေါ်မိတော့ဘဲ ပိတ်ပစ်လိုက်ကာ ရက်စ်တောရဲင့်ရဲ့ လမ်းဟိုဘက်ခြမ်း မျက်စောင်းထိုးလောက်က ခုံတန်းကလေးတစ်ခုမှာ ထိုင်နေသူကို တအံ့တသြ ကြည့်မိသည်။ ကျောဘက်က မြင်ရပေမဲ့ လူမမှားပါ။ မှားစရာလည်း မဟုတ်။ ကိုယ့်ရဲ့ မွေးသမိခင်ကိုတော့ ဘယ်နားမှာ မြင်မြင် လူမှားစရာမှ မရှိဘဲ။

သားရွှေသွေးက ဖုန်းဆက်နေဖို့ မကြိုးစားတော့ဘဲ မေ့သွားကာ ခုံတန်းဆီ ခြေလှမ်းကျဲနှင့် လျှောက်သွားလိုက်ပါ

သည်။ နီးကပ်လာမှ မှောင်လှဆဲဆဲ အလင်းရောင်၌ မေမေ့ကို ပိုထင်ရှားလာသည်။ တစ်ယောက်တည်းထိုင်ကာ လက်ထဲက ကြက်ကင်အတုံကို ဖြည်းဖြည်းစားနေတဲ့ မေမေ။

"မေမေ"

သားရွှေသွေး အသံကြောင့် မေမေက ချက်ချင်း လှည့်ကြည့်ကာ ဝင်းပသော အပြုံးနှင့် ...

"သား"

"မေမေ တစ်ယောက်တည်းလား"

"အေး၊ သားရော"

"ဟိုမှာ ကျွေးရမဲ့ မိတ်ဆွေအုပ်စု ပါတယ်"

"မေမေ ခုပဲ စဉ်းစားနေတာ၊ ဒီကအပြန်သားတို့အိမ် ဝင်ရကောင်းမလားလို့"

"စဉ်းစားနေစရာလား မေမေရ၊ ဒီလောက်နီးနေတဲ့ဟာကို ဝင်လိုက်ပေါ့"

"ဝင်လိုက်ရင် အိမ်မှာရှိကြပါ့မလား ဆိုတာရယ် ... နောက်ပြီး ..."

"နောက်ပြီး ... ဘာလဲ"

"မသိပါဘူးကွယ်၊ နောက်ပြီး သားများ မေမေ့ကို စိတ်ဆိုးနေလားလို့"





"ဟင် ... ဘာဖြစ်လို့လဲ"

"မင်္ဂလာဆောင်ပြီးကတည်းက မေမေ့ကို လာမတွေ့ဘူးမို့ လား"

"ဟာ ... မေမေကလည်း ... ပေဖေ့ဆီလည်း မရောက်ပါဘူး၊ အလုပ်များလွန်းလို့၊ စိတ်ဆိုးနေတာလည်း မဟုတ်ပါဘူး၊ အဲဒီတုန်းက စိတ်မကောင်းနဲ့ မကျေမနပ်တော့ ဖြစ်တာပေါ့ဗျာ၊ ဝမ်းနည်းတာပေါ့၊ မရောက်တာက စိတ်ဆိုးလို့ တမင်မလာတာ မဟုတ်ဘူး၊ ဖုန်းပြောဖြစ်နေသားပဲ၊ ကျွန်တော် စိတ်မဆိုးတာ မသိဘူးလား"

"ဖုန်းပြောရတော့ မျက်နှာမြင်ရတာမှလည်း မဟုတ်တာ၊ သားကို အကဲခတ်မရဘူးပေါ့"

"တော်ပါသေးတယ်၊ ခုတွေ့လိုက်လို့၊ မေမေ ခုနေအိမ်ကို သွားလိုက်ရင်တော့ အိမ်မှာ အလုပ်သမားနှစ်ယောက်ပဲ ရှိမှာ၊ နီတျာလည်း မရောက်လောက်သေးဘူး"

"ဩော် ... အေး ... တော်ပါသေးရဲ့၊ ခုတွေ့လိုက်လို့၊ နီတျာ နေကောင်းလား"

"ကောင်းပါတယ် မေမေ"

"သားတို့ ကလေးတွေ ဘာတွေ မရသေးဘူးလား၊ မယူ သေးတာလား"

"မယူတာ မဟုတ်ပါဘူး၊ မရသေးတာပါ မေမေ"

"မြေးတွေ ဘာတွေ ချီချင်လှပါပြီကွယ်၊ အေးလေ ... ခုမှ နှစ်လကျော် သုံးလထဲ ဝင်သေးတာပဲဟာ၊ မေမေကတော့ အရမ်းကို လိုချင်နေတာပဲ၊ တစ်နေ့ တစ်နေ့ အဲဒါပဲ တွေး တွေးနေမိတယ်"

"လာမှာပေါ့ မေမေရယ်"

သားရွှေသွေးသည် တစ်ယောက်တည်း ထိုင်နေသည့် မေမေ့ နံဘေး ဝင်ထိုင်လိုက်ကာ _

"မေမေ နည်းနည်းပိန်သွားတယ်"

"အေး ... ဟုတ်လား"

"ဟုတ်တယ်"

"ဟိုအိမ်မှာလည်း နေရ အိပ်ရ သိပ်မလွတ်လပ်ပါဘူးကွယ်၊ မိငယ်တို့ သားအမိတွေနဲ့ တစ်ခန်းထဲ အိပ်ရတော့ တော်ကြာ ဟိုကလေးက ထ,ရှူးပေါက်မယ်၊ တော်ကြာ နောက် တစ်ယောက်ကထ၊ ရေသောက်မယ်၊ အလှည့်ကျ ထ,ကြ နိုးကြ၊ မိငယ်ကတော့ လူငယ်ဆိုတော့ ခုထရှူးတယ်ပြီး ခုပြန်အိပ် ပျော်တာပဲ၊ မေမေ့မှာ နိုးသွားပြီး ပြန်အိပ်မရ တော့ဘူး၊ ဧည့်ခန်းကျတော့လည်း ကလေးထိန်းနှစ်ယောက် အိပ်နေတာ၊ နောက်ဖေးခန်းလေးကလည်း ကျဉ်းတော့ နဂိုတည်းက အမြင့် တစ်ယောက်ပဲ အိပ်ဖို့ဆန့်တာ"





"အဲဒီတော့ မေမေ ဘယ်လိုလုပ်မလဲ၊ အမြဲ အိပ်ရေးပျက် နေရတော့မှာလား"

"တစ်ခါတလေ နေ့လယ်ပြန်အိပ်ရင် အိပ်ပေါ့၊ အိမ်မှာ ကလေးနဲ့ မနေရတာကြာတော့ မိငယ်ကလေးတွေက တယ်ဆော့ တယ်ဆူတာပဲ၊ အားလုံးက မေမေ့ကို ဂရုစိုက် ကြပါတယ်၊ အစ်ကိုကြီးကအစ မပျင်းအောင် စကားလက် ဆုံကျပေးတယ်၊ ဒါပေမဲ့ ... နေရ မပျော်ဘူးကွယ်"

"ကိုယ့်အိမ်ကိုယ် ပြန်ပါလား မေမေရယ်"

"သားနော်၊ စကားကောင်း ပြောနေရာက ရန်မဖြစ်ချင်စမ်း ပါနဲ့"

"ဖေဖေ့ကို သတိမရဘူးလား၊ သိချင်လို့ အကောင်းမေး တာပါ"

"အကြောင်းရှိရင်တော့ ခေါင်းထဲ အတွေးဝင်တာပေါ့၊ လွမ်းဆွတ် သတိရတာမျိုးတော့ မဟုတ်ဘူး၊ တွေးမိလည်း အမြင်ကတ်တာနဲ့ နှိဂုံးချုပ်ရတာပဲ"

"ဖေဖေလည်း တစ်ယောက်တည်း စားရေးသောက်ရေးက အစ ဘယ်လို ချာလပတ်ယမ်းနေမလဲ မသိဘူး"

"ယမ်းပစေ၊ ခုမှ သူသိမယ်လေ၊ သူ အရင်လို စိမ်နဲ့နေရ ဖို့ သူ့မိန်းမဟာ ဘယ်လောက် ချာလပတ်ယမ်းခဲ့ရတယ်

ဆိုတာ၊ သူသေလုမတတ် ကြိုးရှန်းလုပ်၊ မေမေ လုပ်ပေးခဲ့တာလောက် ဘယ်လိုလုပ် ချက်စေ့မလဲ"

"ဒါပေါ့ မေမေရယ် ... ဘယ်လုပ်နိုင်ပါ့မလဲ၊ အစားကို ဝယ်စားပြီး အဝတ်ကိုလည်း စက်နဲ့ပဲ လျှော်ရတာတောင် မိုးလင်းက မိုးချုပ် လုပ်စရာ ပြည့်နေမှာပဲ၊ အိမ်သန့်ရှင်းရေးတို့ ဘာတို့ကအစပေါ့၊ ခုလောက်ဆို အိမ်လည်းဘယ်လောက် အခြေအနေ ပြောင်းနေမလဲ မသိဘူး"

"ကပျစ်ကညစ်နဲ့ စုတ်ပြတ်နေမှာပေါ့၊ ဖွပဲဖွတတ်တာ၊ ဒီပစ္စည်းယူကိုင် ကိုင်တဲ့နေရာချခဲ့၊ ဟိုဟာယူသုံး သုံးတဲ့နေရာ ပစ်ခဲ့တဲ့လူလေ၊ ခုဆို သူ တစ်ခုခုလိုချင်ရင် ဘာကို ဘယ်လိုက်ရှာရမလဲ သိမှာကို မဟုတ်ဘူး၊ တစ်အိမ်လုံးမှာ ပစ္စည်းအားလုံး နေရာတလွဲရောက်ပြီး ပျောက်နေမှာပေါ့၊ ဖုန်အလူးလူး သဲအလူးလူးနဲ့ ရှုပ်ပွညစ်ပတ်နေမှာပဲ၊ ဖုန်းပြေးကိုင်ရ၊ မြို့ဝထွက် သတင်းစာယူရ၊ ရေမော်တာတင်ရ ပိတ်ရ၊ မီးအားမြှင့်ရ ချရ၊ မြက်ခင်းရေဖျန်းရ၊ မြက်ရိတ်သမားရှာရ၊ ဘယ်ခလုတ်က ဘယ်မီးပွင့်သလဲ၊ ဘယ်သော့တံက ဘယ်သော့ခလောက်လဲတောင် တွဲမသိတဲ့ အပျင်းကြီး အပြေးအလွှားနဲ့ ပိန်ချုံးနေရောပေါ့"

"ခုထိကို အာယာတတွေ မကျေပါလား မေမေရယ်"





"မကျေပါဘူး၊ ဘယ်တော့မှ မကျေဘူး၊ ခုဆို မေမေ့မှာ ဘာဝေယျာဝစ္စ ဘာတာဝန်မှမရှိ ပေါ့ပါးလွတ်လပ်လို့ သက်သာချောင်ချိလို့၊ ဖျင်းတောင် ဖျင်းပါရဲ့၊ ကျောပေါ်က ဝန်ထုပ်ကြီး မရှိတော့ အသက်ရှူကိုဝပြီး လူကိုပေါ့ပါးနေတာပဲ"

"ဒါပေမဲ့ မေမေ ပျော်ရဲ့လား"

"ဒီအရွယ်ရောက်မှ ပျော်စရာလည်း မလိုဘူး၊ ခုဆို သွားချင်ရင် တစ်ယောက်တည်း ကားမောင်းပြီး သွားချင်ရာ သွားရုံပဲ၊ အရင်ကဖြင့် သူချည်း ကားယူပြီး ဦးအောင် ထွက်သွားတော့ အိမ်ထဲချည်း ကျန်ရစ်ရတာ၊ ခုဆိုဘုရားတက်လိုက်၊ ခုလို လေကောင်းလေသန့်ရှူ အပျင်းပြေ လမ်းလျှောက်လိုက်နဲ့ ဟန်ကိုကျနေတာ၊ ဒီကို ကားမောင်းလာ၊ ဒီထဲလမ်းလျှောက်၊ စားချင်တာ ဝယ်စား၊ ခဏနားပြီး ပြန်နေကျ"

မေမေ ပြောနေသလောက်တော့လည်း မေမေ့ဘဝ ဟန်ကျနေပုံ မရပါ။ ခုနစ,တွေ့တုန်းက ခုံတန်းပေါ် ထိုင်ရင်းငေးနေတဲ့ မေမေ့ မျက်လုံးတွေ ဝေသီဆွေးမြည့် အထီးကျန်ဆန်နေလှတာ သားရွှေသွေး အမြင်ပဲ မဟုတ်လား။

တကယ်လို့ သူသာ အသက်နှစ်ဆယ်ကျော်စအရွယ်ကတည်းက အိမ်ခွဲမသွားဖြစ်လျှင် ဖေဖေနဲ့ မေမေ့ အကြားမှာ

ဒီလောက် ပြဿနာတွေ ကြီးခိုင်မလာနိုင်လို့ ထင်မိပါသည်။ ဘာပဲဖြစ်ဖြစ် သူက ကြားခံအဖြစ် ဖေးဖေးမမ အခုအခံ ဖြစ်နေမည်။ မေမေလည်း အထီးကျန်မှုကို ဒီလောက် ခါးခါးသီးသီး မခံစားရဘဲ သူ့ကို အဖော်ပြုနေလို့ ရခဲ့မည်။

ဖေဖေ့ရဲ့ သခင်ကြီးတစ်ဆူဆန်မှု အတွက်လည်း သူက တစ်ဖက်တစ်လမ်း ကူညီပါရမီဖြည့် လုပ်ကိုင်ပေးနိုင်ရင် မေမေ သက်သာခဲ့မည်။ အိမ်အလုပ်တွေ ကူမလုပ်တောင် အနည်းဆုံး သူဟာ ဖေဖေ့ ဖုန်းတွေကို ကိုင်ပေးခြင်း၊ ခေါ်ပေးခြင်း၊ ဖေဖေ တောင်းတာတွေ ရှာဖွေယူပေးခြင်း၊ ဖေဖေ့ရဲ့ "ဆေးလိပ်ဟေ့"၊ "မီးခြစ်ဟေ့"၊ "သွားကြားထိုးတံဟေ့"၊ "ရေတစ်ခွက်ဟေ့"၊ "သတင်းစာဟေ့" ဆိုသည့် တောင်းဆိုမှုတွေကိုတော့ မေမေ့အစား ကူလုပ်ပေးနိုင်ခဲ့မည်။

မေမေ့အတွက်လည်း ဖေဖေ မပို့ပေးခဲ့ဘူးတဲ့ နေရာတွေကို သူ အဖော်ပြု လိုက်ပို့ပေးနိုင်ခဲ့မည်။ စကားပြောဖော်တော့ ရခဲ့ပေမည်။

ခုလိုကျတော့ရော မေမေဟာ တာဝန်ထုဂ်ကြီးပေါ့ပါးသွားတာက ပေါ့ပါးသွားတာ သတ်သတ်၊ အထီးကျန်ခြင်းက ပိုဆိုးလာပေမည်။ ဖေဖေနှင့် အတူနေပြီး ဖေဖေ အပြင်ထွက်သွားတာကို အိမ်စောင့်ကျန်ရစ်ရတဲ့ အထီးကျန်မှုမျိုးကသတ်သတ်၊





သားနဲ့လည်းတကွဲ၊ လင်နဲ့လည်းတကွဲ တခြားစီ တစ်နေရာစီနေထိုင်ရှင်သန်နေရတဲ့ အထီးကျန်ဆန်ခြင်းမျိုးက သတ်သတ်။ ဘူပေ။

ဖေဖေကော ဘယ်လိုနေမလဲ။ ဖေဖေ့ဆီလည်း သတင်းမေး စနည်းနာ သူ ရောက်ဖို့သင့်သေးသည်။ ဖေဖေသည်လည်းပဲ မေမေ့လိုပဲ သူ့အပေါ် သားရွှေသွေး စိတ်ဆိုးစိတ်နာနေသည်လို့ ထင်ကောင်း ထင်နေမည်။ ထင်နေဖို့က များပါသည်။

"မေမေ သိပ်မှောင်ရင်တော့ ညဘက် ကားမောင်း ပြန်ရတာ ကောင်းပါ့မလား"

"သိပ်မှောင်အောင် မနေတော့ပါဘူး၊ ခုနကတည်းက ပြန်တော့ဖို့ပဲ၊ သားအိမ် ဝင်,မဝင် စဉ်းစားနေတာ၊ ခုတော့ သားကလည်း ဒီမှာကျန်ခဲ့မှာ၊ နီတျာလည်း အိမ်မှာမရှိ၊ အိမ်ပဲ ပြန်ပါတော့မယ်"

"မေမေ သွေးတိုးသေးလား"

"မင်းအဖေကို ဒေါသဖြစ်ရ အသည်းယားရတာတွေ မရှိတော့လို့ သွေးတောင် မတိုးဘူး၊ ပုံမှန်ပဲ၊ အသက်တောင် ရှည်ဦးမယ်"

အသက်တောင် ရှည်ဦးမယ် ဆိုတာကတော့ ဟုတ်လားလို့ သားရွှေသွေးက စိတ်ထဲက မေးမိပါသည်။ မေမေ

ပြန်ဖို့ ဝင်းအပြင်မှာ ရပ်ထားခဲ့သည့် ကားဆီအထိ သားရွှေသွေး လိုက်ပို့သည်၊ မေမေ့ကား ထွက်သွားမှ မိတ်ဆွေတွေဆီ ပြန်လာ ခဲ့ပါသည်။

"ဖုန်းဆက်လို့ ရလား"

"မရသေးပါဘူး၊ ဖုန်းဆက်တာ အသာထားလိုက်ရတယ်၊ အမေနဲ့ လာတွေ့နေလို့၊ တစ်ယောက်တည်း ဒီထဲလမ်း လာလျှောက်တာတဲ့"

"ပြန်သွားပြီလား"

"ပြန်သွားပါပြီ"

အဲဒီတုန်း သားရွှေသွေးရဲ့ဖုန်းက တတူတူ မြည်လာ ပါသည်။

"ဆောရီးဗျာ ... ခင်ဗျားတို့ စားနှင့်ကြလေ"

"လုပ်ပါ ... ပြောပါ၊ ရပါတယ်"

ဖုန်းနံပါတ်က နီတျာ ဟဲန်းဖုန်း ဖြစ်နေ၍ ဖုန်းကို ဖွင့်ကာ ...

"နီတျာ ... ကိုယ်ခုန ခေါ်နေတာ ဘီးဖိး ဖြစ်နေလို့"

"ဟင် ... နီတျာလည်း ခုနတုန်းက တောက်လျှောက်ခေါ် နေတာ ကိုသား ဘီးဇီးဖြစ်နေတာ၊ နှစ်ယောက်ခေါ်တာ တိုက်နေတာ ထင်တယ်"

"နီတျာ အခု စူပါမားကက်မှာလား"





"အင်း ...၊ ခဏနေ ပြန်မှာ၊ ကိုသား ဘယ်အချိန်ပြန် ရောက်မလဲ မေးမလို့"

"ကိုယ်လည်း ရှစ်နာရီကျော် ပြန်ရောက်မယ်လို့ နီတျာ့ကို ပြောဖို့ ဆက်နေတာ၊ ကိုယ် အခု မြကျွန်းသာထဲမှာ ဘီ လား၊ ဦးမျိုးဇင်ဦး တို့ကို တစ်ဝိုင်းလာကျွေးတာ၊ နီတျာ ဒီကိုဝင်ရင် ဝင်ခဲ့ပါလား"

"ယောကျ်ားချည်းပဲ မဟုတ်လား၊ အိမ်ကပဲ စောင့်နေပါ့ မယ်၊ နီတျာက ခဏနေ ရောက်တော့မှာ၊ ကိုသားလည်း အဲဒီကပြီးရင် ပြန်မယ်မဟုတ်လား"

"ပြန်မယ်၊ ခရီးဆက်စရာ မရှိဘူး"

"ဒါဆို ဒါပဲလေ ကိုသား၊ သိပ်မမူးနဲ့နော်"

"အင်းပါ ... ဒါပဲနော် နီတျာ"

ဖုန်းပိတ်ပြီးတဲ့နောက် မိတ်ဆွေတို့နှင့် ဝိုင်းဖွဲ့စား သောက်နေပေမဲ့ သားရွှေသွေး စိတ်ထဲ မပေါ့ပါး မပျော်ရွှင် ပါ။ မေမေ့ကို အထီးကျန် ဆန်လှစွာ တစ်ယောက်တည်းထိုင်ပြီး ကြက်ကင်လေး စားနေပုံ မြင်ကွင်းနှင့် မြင်လိုက်ရတာမို့ မျက်စိထဲက ထွက်နိုင်ဘဲ တလည်လည် ပြန်မြင်ယောင်နေမိပါသည်။

စကားနည်းနေမိကာ သိပ်လည်းမသောက်ဖြစ် မစား ဖြစ်။ ဝိုင်းကိုရပ်လိုက်တော့ ရှစ်နာရီခွဲရှိပြီ။ လာကတည်းက

ကိုယ့်ကားနှင့်ကိုယ် အသီးသီးမို့ လူစုခွဲ နှုတ်ဆက်ကြကာ သားရွှေ
သွေးက အိမ်ကို ပြန်လာခဲ့ပါသည်။

ဗိုက်လည်းမပြည့် ဘာမှလဲ မစားချင်တော့။ နီတျာ
က ရေမိုးချိုးပြီး ထမင်းစားပြီးနေပါပြီ။

"ကိုသား မျက်နှာကြီးက ဘယ်လိုဖြစ်နေလဲ၊ ငြီးစီစီနဲ့
တစ်ခါတည်း ရေတန်းချိုးလိုက်လေ"

သူ ရေချိုးခန်းက ပြန်ထွက်လာကာ အဝတ်အစား
လဲပြီးလျှင် ...

"ကိုသားကို ပြောစရာရှိတယ် သိလား"

"ဘာလဲ နီတျာ၊ ဟိုဟာလား ... ကလေးလား"

"ဩော် ... ပြောစရာရှိလို့ စကားစ,လိုက်ရင် သူ ဒါပဲ
မေးနေတာပဲ၊ မဟုတ်ပါဘူး ကိုသားရယ်"

"ဒါဖြင့် ဘာလဲ"

"ဒီနေ့ နီတျာလေ နေ့လယ်က မြို့ထဲက ရုံးချုပ်ကို ခဏ
သွားရတယ်"

"အင်း ..."

"ရုံးချုပ်နားမှာလေ ဘတ်စ်ကားဂိတ် ရှိတယ် မဟုတ်
လား"

"အင်း"





"နီတျာလေ ... အန်ကယ်ရဲကြီး ဘတ်စ်ကားပေါ် တက်
သွားတာ တွေ့လိုက်တယ် ကိုသားရယ်၊ နီတျာ လှမ်းခေါ်လို့
လည်းမရနိုင်၊ နီတျာ စိတ်မကောင်းဘူးသိလား၊ ဘတ်စ်
ကားတွေက ကျပ်ကကျပ်နဲ့၊ တစ်ယောက်တည်း ဘတ်စ်
ကားနဲ့ သွားနေတာ မကောင်းပါဘူး၊ အန်ကယ်ရဲ့အသိ
မိတ်ဆွေဟောင်းတွေ တွေ့ရင်ကော ဘယ်လိုထင်မလဲ"

"တစ်ယောက်တည်း ဘယ်တွေများ လျှောက်သွားနေလဲ
မသိပါဘူး"

သားရွှေသွေး တီးတိုးရေရွတ်မိသည်။

"ပိုက်ဆံလည်း မရှိတာလည်း မဟုတ်ဘဲနဲ့၊ အန်ကယ်ရဲက
အန်တီချို ကားယူသွားလည်း နောက်ထပ် ကားတစ်စင်း
ဝယ်လိုက်ပေါ့၊ ကိုယ်ဝယ်နိုင်သားနဲ့ဟာကို၊ သွားစရာရှိ
ကိုယ့်ကားလေးကိုယ် ဣန္ဒြေရရမောင်းပြီး သွားလိုက်ပေါ့၊
ခုလို မြင်ရတော့ စိတ်ထဲမှာ တစ်မျိုးပဲ၊ ကိုသားကလည်း
အဖေ အမေဆီ တစ်ခေါက်တလေ သွားပါဦး၊ တော်ကြာ
တစ်မျိုးထင်နေမယ်၊ နီတျာ့ကိုပါ အထင်လွဲရင် လွဲမှာ၊
မင်္ဂလာဆောင် မလာခဲ့လို့ နီတျာက မကျေနပ်လို့များ
သူတို့သားကို မလွှတ်ချင်ဘူးလား ဘာလား၊ လူကြီးဆို
တော့ ဇဝေဇဝါ ထင်မိထင်ရာ စိတ်စွဲတတ်တယ်"

“နီတျာကို မထင်ပါဘူးကွာ”

“ဘယ်လို ပြောနိုင်မလဲ ကိုသားရဲ့”

“ကိုယ့်ကိုပဲ ထင်တာပါ၊ သူတို့ကို စိတ်ဆိုးနေတယ် ထင်တာ”

“ဟင် … ကိုသား ဘယ်လိုသိလဲ”

“ဒီနေ့ ကိုယ်လည်း မေမေနဲ့ တွေ့ခဲ့တယ်”

“ဘယ်မှာလဲ”

“မြကျွန်းသာမှာ”

သားရွှေသွေးက မေမေနဲ့ တွေ့ခဲ့ရပုံကို နီတျာကို ပြန်ပြောပြလိုက်ပါသည်။ နီတျာက ငေးငေးလေး နားထောင်နေသည်။

“ဟင်း …၊ အန်တီချို ခများလည်း တစ်ယောက်တည်း စိတ်ပြေလက်ပျောက် လျှောက်သွားနေတာပေါ့၊ သနားပါတယ်၊ အန်ကယ်ရော အန်တီရော ခုလိုဖြစ်နေတာ သိပ်ပြီး အထီးကျန် ဆန်နေကြမှာနော်၊ ကိုသား တစ်ခုခုလုပ်ပေးဦးလေကွာ”

“ကိုယ်လုပ်လို့မှ မရနိုင်တာ၊ နှစ်ယောက်လုံးက စိတ်လည်းမာ ခေါင်းလည်းမာ၊ သူတို့ကိုယ်သူတို့ အထီးကျန်ဆန်နေပါတယ်လို့ကို ဝန်ခံမှာ မဟုတ်ဘူး”





“ဘာပဲဖြစ်ဖြစ် ကြားက တစ်ခုခု ဝင်လုပ်ပေးနိုင်တာဆိုလို့ ကိုသား တစ်ယောက်ပဲ ရှိတာ၊ ကြံဖန်ပြီး စေ့စပ်ပေးကြည့်ပေါ့”

“ကိုယ် တတ်နိုင်တာ သူတို့ကို တတ်နိုင်သလောက် အဖော်ပြုပေးဖို့ပဲ ရှိတယ်၊ စေ့စပ်ပေးတာကိုတော့ လုံးဝလက်ခံမှာ မဟုတ်ဘူး သေချာတယ်၊ ကိုယ့်အဖေနဲ့အမေအကြောင်း ကိုယ်သိပါတယ် နီတျာရယ်”

“စိတ်မကောင်းစရာကြီးကွာ၊ ဒီအရွယ်မျိုးမှာ တစ်ဦးတည်းသော သားကလည်း အိမ်ထောင်ပြုသွားတာဆိုတော့ အဘိုးကြီး အဘွားကြီးချင်း နွေးထွေးစည်းလုံးပြီး အပြန်အလှန်ဖေးမစောင့်ရှောက်နေရမှာ၊ ခုတော့ တစ်ယောက်တစ်ကွဲနဲ့၊ မေမေကဆိုလည်း အမြဲသတင်းမေးတယ်၊ ကိုသားမိဘတွေ ပြန်အစေးမကပ်သေးဘူးလားနဲ့”

“ကိုယ်ထင်တော့ ပြန်အစေးကပ်ဖို့တောင် မလွယ်လှဘူးထင်ပါရဲ့ကွာ”

“ဘာလို့ မလွယ်ရမှာလဲ ကိုသားကလည်း၊ ခုလောလောဆယ်တော့ အန်ကယ်ရဲ့ကို ကားဝယ်ဖို့ရာ တိုက်တွန်းလိုက်ဦး၊ ဖုန်းလေးပဲ လှမ်းဆက်မပြောနဲ့၊ အိမ်ကိုလိုက်သွားပြော”

"ဟုတ်ကဲ့ ... ကျွန်တော်က အားတာကိုး၊ ဦးဝင်းနီတို့က နိုင်းတာမှ အကွက်ကို စေ့နေတာပဲကွာ"

နီတျာက ပြုံးနေပါသည်။

(မှမှ)





# ၁

သားရွှေသွေးသည် နေ့လယ် အလုပ်ကိစ္စတစ်ခုနှင့် ထွက်ရင်း တစ်ခါတည်း ဖေဖေ့ဆီ ဝင်လိုက်ဖို့ စိတ်ကူးသည်။ ညဘက် အိမ်ပြန်မှ ဝင်မည်လို့ ရည်ရွယ်ထားလျှင် ဖေဖေ့ဆီကို ရောက်မှာကို မဟုတ်တော့။

အလုပ်ကိစ္စကို အမြန်ဖြတ်ကာ နာရီကိုကြည့်တော့ ရုံးကို ပြန်ဝင်ဖို့ လေးဆယ့်ငါးမိနစ်သာ လိုပါတော့သည်။ ရုံးကိုလည်း အချိန်ကိုက် ပြန်ရမှာ။ ယောက္ခမက အစည်းအဝေးရှိသည်ဟု ကြိုပြောလိုက်သည်။ လုပ်လည်း လုပ်နိုင်တဲ့ အစည်းအဝေး။ ဒီလောက်တောင် လုပ်ငန်းခွဲတွေ ပွနေမှတော့ မကြာမကြာ အစည်းအဝေး မလုပ်လို့ကလည်း မဖြစ်တော့ပါ။

အိမ်ကိုရောက်တော့ ခြံတံခါး ပိတ်ထား၍ ဟွန်း မတီးဘဲ ကိုယ်တိုင် ဆင်းဖွင့်လိုက်ပါသည်။ ခြံက တိတ်ဆိတ်ခြောက်ကပ်နေသည်။ မြက်ခင်းတွေကလည်း စိမ်းမနေဘဲ ဝါချင်နေကာ ကြိုကျဲကျဲနှင့် မလှပ။

သားရွှေသွေးက အိမ်ရှေ့တွင် ကားရပ်ကာ ဘဲလ် တီးလိုက်ပါသည်။

"ဘယ်သူလဲဟော့"

"ကျွန်တော် ဖေဖေ"

"ဘယ်က ကျွန်တော်လဲ"

အလိုမကျသော ဆောင့်ကြီးအောင့်ကြီးသံ ပေါ်လာသည်။

"ဖေဖေ့ကို ဖေဖေလို့ ခေါ်မဲ့သူ ဘယ်နယောက် ရှိလို့လဲ"

သူကလည်း စကားတင် မခံဘဲ ပြန်ချေပလိုက်ပါသည်။

"မင်း တစ်ယောက်ပဲ ရှိပါတယ် မောင်မင်းကြီးသားရယ်၊ ဒီခေါ်သံက မကြားရတာကြာတော့ နားထဲ စိမ်းနေလို့ပါ"

ဖေဖေက ဖြည်းဖြည်း ထွက်လာကာ တံခါးသော့ လာဖွင့်သည်။ ထုံးစံအတိုင်း ချည်ဘောင်းဘီပွကြီးနှင့် ရှပ်လက်တိုတစ်ထည် ဝတ်ထားကာ ခြေထောက်မှာ ခြေအိတ်စွပ်ထားသည်ကို တွေ့ရ၍ ...





"ခြေအိတ်က ဘာဖြစ်လို့ စွပ်ထားတာလဲ ဖေဖေ"

"ဘာမှ မဖြစ်ပါဘူးကွာ။ သမံတလင်း နင်းတဲ့အခါ ဝရန်တာ ကျောက်ပြားတွေပေါ် နင်းတဲ့အခါ ခြေအေးလို့ပါ၊ ခြေထောက်က သိပ်မကောင်းချင်ဘူးမို့လား၊ ဒါကြောင့် ခြေအိတ် စွတ်ထားတာ"

ဖေဖေ ခြေထောက်ကို ထောက်လာပုံက ဖော့နင်းနေသလို ရွစိရွစိ ဖြစ်နေရာ ...

"ခြေထောက်က သိပ်နာနေတာလား ဖေဖေ"

"နည်းနည်းပါးပါးပါ"

ဖေဖေက စစ်သားဘဝက လာသူပီပီ တော်ရုံတန်ရုံ ရောဂါဝေဒနာကို ဇာမချဲ့ပေ။ သူ့ဟာနှင့်သူ တိတ်တဆိတ် ဖြစ်နေပြီး ဘယ်သူမှ မသိဘဲ ပျောက်ချင် ပျောက်သွားတတ်သည်။ တစ်ခါတစ်ရံ ပျောက်မှ၊ တစ်ခါတစ်ရံလည်း ပျောက်ကာနီးမှ အိမ်ကလူတွေ သိလိုက်တတ်သည်။

"မပေါ့နဲ့နော် ဖေဖေ၊ သိပ်နာရင် ဆရာဝန်လေး ဘာလေး ပြရအောင်လေ"

"မလိုပါဘူးကွာ"

"အသက်ကြီးပြီဆိုတော့ ဂေါက်လား၊ အရိုးအတက်ထွက်တာလား၊ အရွတ်တွေ ဘာတွေ စုတ်တာလား၊ ဘာကြောင့် ဖြစ်တာမျိုးလဲ သိရအောင် ဆရာဝန်ပြတာ မမှားဘူး"

"မလိုပါဘူးဆိုကွာ၊ မင်း အတော်လျှာရှည်တာပဲ၊ ငါက ခံနေရတဲ့သူပါ၊ ငါခံနိုင်လို့ နေတာပေါ့၊ မခံနိုင်ရင် မင်းတို့က ဆရာဝန် မပြပါနဲ့ ဆိုတောင်မှ ငါ ပြချင်ပြမှာပဲ"

"ပြီးတာပဲဗျာ၊ ဖေဖေ့ကိုယ် ဖေဖေ အသိဆုံးပေါ့၊ ပေါ့တော့ မပေါ့နဲ့နော်၊ ဟိုးတစ်ခါကတည်းက ဖေဖေ ခြေထောက်နာနေတာ၊ ကြာပြီ"

"ဘယ်တစ်ခါကတည်းကလဲ"

"ကျွန်တော် မင်္ဂလာဆောင်တဲ့နေ့က"

ဦးရဲသွေးက သားရွှေသွေးကို မျက်ခုံးပင့်ကြည့်ကာ ...

"ဟား ဟား ... မင်းဆိုတဲ့ကောင်က စကားကို မရမကကို ဆွဲစပ်တော့တာပဲ၊ မင်း မင်္ဂလာဆောင်နေ့ကို မင်း ပြန်စကားစပ်ချင်နေတာ"

"မဟုတ်ပါဘူးဗျာ ... ဖေဖေကလည်း၊ ဘာမှမဆိုင်ဘူး၊ အဲဒီနေ့က ဖေဖေ ခြေထောက်နာနေတဲ့ကြားက ဆိုက်ကားမှောက်သေးတယ်ဆို၊ ဒါကို မှတ်မိပြီး ပြောနေတာ"

"အေး ... ဟုတ်တယ်၊ ကဲ ... ထားစမ်းပါကွာ၊ ပြောစမ်း၊ မင်း ဘာကိစ္စရှိလို့ ပေါ်လာသလဲ၊ မင်းက ကိစ္စမရှိဘဲ အဖေဆီ အလည်အပတ် လာတတ်တဲ့ကောင် မဟုတ်ပါဘူး"





သားရွှေသွေးက ညှော်ခန်းဆက်တီတစ်ခုမှာ ဝင်ထိုင်ကာ မျက်လုံးဝေ့၍ တစ်အိမ်လုံးကို အကဲခတ်လိုက်ပါသည်။ အိမ်ဟာ မေမေရှိတုန်းကလောက် သပ်ရပ်သန့်ပြန့်မနေပေမဲ့ မေမေ ထင်သလောက်တော့လည်း ရှုပ်ပွညစ်ပတ်မနေပေ။ တတ်နိုင်သမျှတော့ ရှင်းလင်းသပ်ရပ်ထားသည်။

ဒီကြားထဲက မသပ်ရပ်လှတာကတော့ ဖေဖေ့ မကျွမ်းကျင်မှုကြောင့်သာပင်။

"ဖေဖေ ဒီမနက် ဘာစားပြီးပြီလဲ"

"ထမင်းပေါ့ကွ"

"ဝယ်စားတာလား"

"အခါခပ်သိမ်း ထွက်ဝယ်မစားနိုင်ပါဘူးကွာ၊ တောက် ... ဟိုကားသူခိုးမ ကားခိုးသွားတာ အတော်နာတယ်၊ တစ်မျှော် တစ်ခေါ် ထွက်ရ၊ ကားငှားရ ဆိုက်ကားငှားရနဲ့ ဘယ်ထွက်နိုင်မလဲကွ၊ တစ်ခါထွက်ပြီး အခြောက်အခြမ်းလေး ဝယ်ထားပြီး တစ်ပတ်လောက် ဆက်တိုက်စားရတော့တာပေါ့၊ ဒီနေ့တော့ ကြက်ဥကြော်နဲ့ စားတယ်"

သားရွှေသွေး စိတ်မကောင်းပေ။ အသက်ကြီးမှ နှယ်ဖွယ်ရာရာလေး လျှာရင်းမျက်မျက် မစားရ မသောက်ရဘဲ ဖြစ်သလို စားနေရရှာသည်။ ပြီးတော့ ဖေဖေက အရသာရှိရှိ အကောင်းတွေ ကြိုက်တတ်ပါဘိနဲ့။

"ဖေဖေ ပြုစုဖို့လည်း အဖော်ရ၊ ချက်ကျွေးဖို့လည်းရအောင် အလုပ်သမားတစ်ယောက် ခေါ်ထားမလား"

"မခေါ်ပါဘူးကွာ၊ ခေါ်ရင်လည်း ယောကျ်ားလေး ခေါ်ရမှာ၊ လုပ်နိုင်ကိုင်နိုင် ငယ်ငယ်ရွယ်ရွယ် ခေါ်ထားရင်လည်း သူ့လမ်းသူ များနေတာနဲ့ ငါခိုင်းဖို့ ဖမ်းမိချင်မှမိမှာ၊ လူကြီးပိုင်း ခေါ်ထားလည်း မတော် သူ့ကို ငါက ပြန်ပြုစုနေရရင် အခက် ...

တစ်ယောက်တည်း နေရတာ စာရင်းဇယား အရှင်းဆုံးပဲ၊ ဘယ်သူနဲ့မှလည်း ညှိနှိုင်းမနေရဘူး၊ ကိုယ့်ဟာကိုယ် ဆာရင်ထစား၊ မဆာရင်လဲ မစားဘဲနေရုံပဲ၊ ရိုက်စ်ကွတ်ကာနဲ့ ထမင်းတစ်အိုး တည်ပြီး ကြွသလို ကြည့်ရှုလုပ်ကိုင်စားလိုက်တာပေါ့၊ ဗိုက်ပြည့်ရင် ပြီးတာပဲဟာ"

"ဖေဖေက အကောင်းကြိုက်တဲ့ဟာ"

"ကိုယ်တစ်ယောက်တည်း နားအေးပါးအေး လွတ်လွတ်လပ်လပ်နေရတာ အရသာတွေ့နေတော့ အစားကောင်း မစားရလည်း နေပါစေတော့ ... ကိစ္စမရှိဘူး"

ဟုတ်သလား မဟုတ်သလားတော့ သားရွှေသွေးလည်း သေချာမသိ။ ဖေဖေ့နှုတ်က ပြောနေတာတွေကိုပဲ အတည်လို့ ယူရမှာသာ ဖြစ်ပါသည်။





"လူပို အဖော်မရှိဘဲ ဖေဖေ အစစအရာရာ အဆင်ပြေပါ့မလား"

"အဲဒါ မင်း အမေ ထင်နေတာ မဟုတ်လား"

"မဟုတ်ပါဘူး ... ကျွန်တော့်ဘာသာ ဖေဖေ့အတွက် စိတ်မချလို့ မေးတာပါဗျာ"

"အဆင်ပြေပါတယ်၊ သူ မရှိရင် အဆင်ပြေမှာ မဟုတ်ဘူး ထင်နေတဲ့ မင်း အမေကိုသာ ပြောလိုက်၊ လောကမှာ ဘယ်သူ မရှိရင်တော့ မဖြစ်ဘူးဆိုတာ မရှိဘူးလို့၊ ဘယ်သူပဲ မရှိမရှိ အဆင်ပြေတယ်လို့၊ သူလည်း ငါမရှိလို့ ဖြစ်သလို ငါလည်း သူ မရှိလို့ ဖြစ်တယ်၊ ဘယ်သူမှ မရှိလဲ ဖြစ်တယ်၊ မင်းမရှိလည်း ဖြစ်တယ်"

"ဖေဖေကလည်း ... တွေ့လား ... ကျွန်တော့်ကိုပါ ရစ်ဖို့ စာရင်းထဲ ထည့်ရစ်ပြန်ပြီ"

"သဘောပြောပြတာလေ"

ဦးရဲသွေး ထိုင်နေရာ နေရာ၏ ပတ်လည်တွင် ဆက်တိုက်ရှိုက်ဖွာနေသော ဆေးလိပ်မီးခိုးတို့က ရစ်သိုင်းအုံ့ဖွဲ့နေသည်။ တစ်ယောက်တည်းမို့ ပျင်းပျင်းနှင့် ဖေဖေ ဆေးလိပ်လည်း ပိုသောက်ဖြစ်မည် ထင်သည်။

"ကဲ ... မင်း လာရင်းကိစ္စ ပြောလေ"

"ဖေဖေ ခုရက်ပိုင်း ဘယ်တွေ သွားနေသလဲ"

"ဟေ ... မဟုတ်တဲ့နေရာလည်း ဘယ်မှ မသွားရပါလား ကွာ"

"မဟုတ်တဲ့နေရာ သွားတယ်လို့ မပြောပါဘူး၊ ဘယ်သွား သလဲပဲ မေးတာပါ"

"ဒီလိုပဲပေါ့ ... ဟိုသွား ဒီသွားပေါ့"

"ဘယ်လဲလို့ ကျွန်တော် သိချင်လို့ပါ"

"ဘာဖြစ်လို့လဲကွ"

"ဖေဖေ အမြဲသွားလာနေတာလား"

"တစ်ခါတလေပေါ့ကွ၊ အမြဲလည်း သွားလာ မနေနိုင်ပါ ဘူး"

"ဖေဖေကလည်း ဘယ်သွားလဲ ပြောလိုက်တော့ ဘာဖြစ် သွားမှာလဲ"

ဦးရဲသွေးက စီးကရက်ကို ထိုးချေလိုက်ရင်း ...

"ငါ အလုပ်လိုက်ရှာနေတာကွ"

"ဗျာ"

သားရွှေသွေးမှာ အံ့အားသင့်ရပါသည်။ ဖေဖေဟာ ဘာပဲဖြစ်ဖြစ် ရာထူးတာဝန် ကြီးကြီးကနေ အငြိမ်းစားခဲ့သူပါ။ ဖေဖေလိုလူက အလုပ်လိုက်ရှာနေသည် ဆိုတော့ သူ စိတ်မကောင်း ပေ။

"ဘာလုပ်ဖို့လဲ ဖေဖေ"





"ဟာ ... အလုပ်ရှာတယ် ဆိုတာ အလုပ် လုပ်ဖို့ပေါ့ ကွ"

"အလုပ် လုပ်ဖို့မှ မလိုတာ ဖေဖေရာ"

"ဟာ ... ဘာဖြစ်လို့ မလိုရမှာလဲကွ၊ လိုတာပေါ့၊ ငါ့အခု မှ မဟုတ်ပါဘူး၊ ငါ ပင်စင်စယူကတည်းက အပြင်အလုပ် တစ်ခုခု ရှာလုပ်ဖို့ ရည်ရွယ်ထားပြီးသားပါ၊ ရွှေသွေး၊ စောစောပိုင်းကတော့ နည်းနည်းအနားယူနေ နပ်နေတာ ပေါ့ကွာ၊ ခုတော့ ပင်စင်ယူတာလည်း အချိန်လေးရလာပြီ၊ ဒီ့ထက် ကြာလာရင်လည်း ငါ အလုပ်တစ်ခုခု ပြန်လုပ်ဖို့ အရည်အချင်း နည်းသွား တုံးသွားမယ်ကွ ...

တစ်ခုခုလုပ်နေမှ လူက အရည်အသွေး ရှိနေတာ၊ အချိန်တွေလည်း ပိုနေ အားနေတာ ပျင်းစရာကြီးကွာ၊ ပြီးတော့ ဒီတိုင်း ဘာအလုပ်မှ မလုပ်ဘဲ ထိုင်စားနေလို့ ဘယ်ဖြစ်ပါ့မလဲ"

"အမယ်လေး ဖေဖေရာ၊ ဖေဖေ့ တစ်သက် မသေခင် စား စမ်းပါ၊ ပိုက်ဆံကုန်သွားမှာ ကျနေတာပဲ၊ ထိုင်စားမနေနိုင် လောက်အောင် မွဲနေတာမှ မဟုတ်တာ၊ ဖေဖေတို့မှာ ပိုက်ဆံတွေ ရှိသားနဲ့ ဘာလုပ်ဖို့လဲ"

"တစ်နေ့တစ်နေ့ ဘာမှလုပ်စရာမရှိဘဲ နေနေရတာလည်း ငြီးငွေ့စရာကြီးကွ၊ အလုပ်ဝင်လုပ်နေတော့ လခရရင် စရိတ်

လည်း ကာမိတာပေါ့၊ ပိုက်ဆံရှိတာက ရှိတာပေါ့၊ ငါက အသက်ပြည့်လို့သာ ပင်စင်ယူလိုက်ရတာ ကျန်းကျန်းမာမာ ကြီးပဲကွ၊ အိမ်ထဲ တစ်နေ့ တစ်နေ့ ထိုင်ပြီး ဘာလုပ်မှာ လဲ၊ ငွေလိုလို့ တစ်ခုကြောင့်ပဲ မဟုတ်ဘဲနဲ့ ငါ အလုပ်လုပ် ချင်တာကွ၊ ဘာဖြစ်လဲကွာ"

သားရွှေသွေးသည် ထုံးစံအတိုင်း ဖေဖေ့ဆန္ဒ တစ်ခု ကို ဖေဖေ လက်လျှော့သွားအောင် ဘယ်တုန်းကမှ မပြောတတ် ခဲ့သည့်အတိုင်း ခုလည်း ဘာပြောရမည် မသိ။

"အလုပ်လုပ်ရတာထက် အဲဒီအလုပ်ကို သွားရလာရတာ က ကရိကထ ပိုနေမယ်ထင်တယ် ဖေဖေ"

"အလုပ်ဆီ ကိုယ်ကသွားရတာ ထုံးစံပဲကွာ၊ အိမ်က ထိုင် လုပ်နေလို့မှ မရဘဲ"

"နေ့စဉ်နဲ့အမျှ ကီစွနေဘ် ဖေဖေ၊ တစ်ရက်တလေ မဟုတ် ဘူး၊ ဖေဖေ အခု တစ်ရက်တလေ မြို့ထဲထွက်တာ ဘတ်စ် ကားစီးသွားနိုင်ပေမဲ့ နေ့စဉ်ကိစ္စ၊ ဖေဖေ နေ့စဉ် ဘတ်စ် ကား တိုးစီးနေဖို့ လွယ်ပါ့မလား"

ဦးရဲသွေးထံမှ ရတ်ချည်း တုံ့ပြန်မလာ။ ဖေဖေ ဘတ်စ်ကား စီးရတာ စီးနေလည်းမကျ၍ ပင်ပန်းတာ သေချာ သည်။ ငြိမ်သက်စဉ်းစားနေရာမှ တဖြည်းဖြည်းနှင့် ဦးရဲသွေး မျက်နှာပေါ် မကျေမချမ်း ဒေါသရိပ်တွေ ထင်လာပြန်ပါသည်။





'လွယ်တော့ ဘယ်လွယ်ပါ့မလဲကွ၊ ငါ့ခြေထောက် နာနေ ဘာကို တက်နင်းတဲ့သူနင်း၊ ကျပ်လိုက်တာလည်း ပြော မနေနဲ့၊ ကားပေါ်မလဲအောင် မနည်း ဟိုကိုင် ဒီကိုင် ကိုင် ထားရတာ၊ အိုကြီးအိုမနဲ့ သားလောက်အရွယ် စပယ်ယာက ဟောက်သေးတယ်၊ ငါလည်း ပြန်ဟောက်တာပဲ ဘယ်ရ မလဲ၊ ဒုက္ခမျိုးစုံနဲ့ ကားတိုးစီးရတာကွ၊ တိုးမစီးလို့လည်း ကားငှားသွားဖို့ကျတော့ ကားခက ဈေးမေးလိုက်ရင်ကြောက် စရာကောင်းအောင် ခေါင်ခိုက်နေတာ၊ ငါက ဟိုကဒီ ဒီကဟို တစ်နေရာပြီး တစ်နေရာ ကူးချင်တာ၊ ကားငှားသွားရ မယ်သာ ဆိုရင် သေပြီပေါ့၊ တစ်နေ့ တစ်နေ့ ကားခ နည်းမှာ မဟုတ်ဘူး၊ ဒါတွေ အားလုံး ဒီမိန်းမ ဒေါ်ချိုချို ပေးတဲ့ ဒုက္ခချည်းပဲ၊ တောက် ... ငါ့ကားကို သင်း နိုးသွား လို့"

"ဖေဖေတို့ဟာတွေက ငါ့ဟာ သူ့ဟာ ခွဲခြားလို့ ရတာမှ မဟုတ်ဘဲ၊ မေမေကလည်း ဒီကား သူလည်းပိုင်ခွင့်ရှိတယ် ဆိုပြီး ယူသွားတာပေါ့"

"ဟေ့ကောင် ... မင်းက မအေဘက်က တစ်ဖက်သတ် မလိုက်ပါနဲ့၊ သူက ဘာသွားစရာရှိတာမို့ ကားလိုရမှာလဲ၊ ငါ့မှာသာ သွားစရာတွေနဲ့"

"မေမေ့မှာ ဘယ်မှသွားစရာမရှိဘူး၊ ဘယ်မှသွားဖို့မလိုဘူးလို့ မေမေ ထင်နေတာကိုက မေမေနဲ့ ဖေဖေ့ကြားက ပြဿနာတွေထဲက တစ်ခုပဲ"

"တော်ကွာ ... ဟော့ကောင်"

"တော်ပါပြီ ... ဒါပေမဲ့ ဖေဖေ့ကို တစ်ခုတော့ တိုက်တွန်းရမယ်၊ ဖေဖေ သွားတာ လာတာ အလုပ်လုပ်တာ မလုပ်တာတွေ ကျွန်တော် ဘာမှမပြောပါဘူး၊ ဒါပေမဲ့ နေ့စဉ်နဲ့အမျှ အလုပ်ဆင်းဖို့ကိစ္စမျိုး ဖေဖေ စဉ်းစားနေတဲ့နောက်တော့ ဖေဖေ သွားရလာရ အဆင်ပြေအောင် ကားတစ်စီး ဝယ်လိုက်ပါ"

"လွယ်လိုက်တာကွာ"

"ဟုတ်တယ်လေ ... ဖေဖေ ဘတ်စ်ကားနဲ့ အလုပ်သွားလုပ်နေရင် ကျွန်တော်လည်း စိတ်မဖြောင့်ဘူး၊ ဖေဖေလည်း ကြာရင် မခံနိုင်ဘူး၊ နီတာ့လည်း စိတ်မကောင်းဘူး၊ ဟိုတစ်နေ့က ဖေဖေ ဘတ်စ်ကားပေါ် တက်သွားတာကို လှမ်းတွေ့ပြီး နီတာ စိတ်မကောင်းဖြစ်ပြီး ပြန်ပြောလို့ ကျွန်တော် သိရတာ"

"လူတိုင်း ဒီလိုပဲ သွားနေကြတာပဲကွာ၊ စိတ်မကောင်းဖြစ်ဖို့ မလိုဘူးလို့ နီတာ့ကို ပြောလိုက်ပါ"





"လူတိုင်း သွားနေပေမဲ့ ဖေဖေက သွားဖူးတာမဟုတ်ဘူး၊ ကားတစ်စင်း ဝယ်လိုက်ပါ ဖေဖေ၊ ဝယ်နိုင်တဲ့ အင်အားလည်း ရှိရက်သားနဲ့ ကပ်စေးနည်းပြီး ဖေဖေ ခေါင်းမာမနေပါနဲ့"

ဖေဖေ ငြိမ်နေသည်။

"ဘတ်စ်ကားနဲ့ သွားလာနေရင်း မတော်တဆ အန္တရာယ်တစ်ခုခုဖြစ်မှ အားလုံး ယူကျုံးမရစရာ ဖြစ်မယ် ဖေဖေ၊ ကားတစ်စီး ဝယ်ပါ"

"မင်းကားတစ်စီးက ဈေးသေးတာ မဟုတ်ဘူး"

"သေးသေးကြီးကြီး ဝယ်သာဝယ်ပါ ဖေဖေ၊ ဝယ်လိုက်တဲ့ ငွေက ဆုံးရှုံးသွားတာမှ မဟုတ်တာ၊ အချိန်မရွေး ဒီငွေ ဒီတန်ဖိုး ပြန်ရတယ်၊ ဖေဖေ မစီးတော့ဘူးဆိုပြီး ပြန်ရောင်းရင် မြတ်တောင် မြတ်ဦးမယ်၊ ရှိတဲ့ပိုက်ဆံ ဘဏ်ထဲသိမ်းထားပြီး ဘတ်စ်ကား တိုးစီးနေတာ ဘာမှအဓိပ္ပာယ်မရှိဘူး၊ ကားဝယ်ဖြစ်အောင် ဝယ်ပါ"

"အေးပါကွာ ... အေးပါ၊ ငါ စဉ်းစားပါ့မယ်"

"စဉ်စားရမှာ မဟုတ်ဘူး၊ ဝယ်ကို ဝယ်ရမယ်"

"အေးပါဆိုနေမှ ... မင်း အတော်လျှာရှည်တယ်"

"ဖေဖေ့ ဘာသာလည်း ရမ်းသမ်းလုပ်မနေနဲ့၊ ကျွန်တော့်ကိုလည်း တိုင်ပင်ဦး"

“အေးပါကွာ”

“ကျွန်တော် ရှာပေးဆိုရင် ရှာဝယ်ပေးမယ်၊ မိတ်ဆွေတွေထဲမှာ ရှိတယ်”

“အေး ... ရှာလေကွာ၊ မင်း ရှာလိုက်ပေါ့”

“နောက်တစ်ခု ရှိသေးတယ်”

“ဘာလဲ”

“ဖေဖေက ဘာအလုပ် လုပ်မှာလဲ၊ ဖေဖေ့မှာ ဖေဖေလုပ်လာတဲ့ ရာထူးဂုဏ်ဒြပ်ကြီးက ရှိသေးတယ်နော်၊ ကြုံရာအလုပ် ဝင်လုပ်လို့လည်း မရဘူး၊ သေသေချာချာ စဉ်းစားချင့်ချိန်ပြီးမှ လုပ်ဖို့ ဆုံးဖြတ်ပါ”

“ငါနားလည်ပါတယ် ရွှေသွေးရာ၊ မင်း သင်ကြားပေးစရာမလိုပါဘူး၊ ငါနဲ့ ဘယ်အလုပ်မျိုး သင့်တော်တယ်၊ ငါဆုံးဖြတ်တတ်ပါတယ်၊ ပေါက်ကရကြုံရာလည်း ဝင်မလုပ်ပါဘူး”


“ပြီးတော့ ဖေဖေ့ အသက်အရွယ်နဲ့ သိပ်လည်းမျက်နှာငယ်ခံပြီး အလုပ် လိုက်လျှောက်မနေပါနဲ့ဦး၊ ကျွန်တော်လည်း စုံစမ်းပေးပါဦးမယ်၊ ဦးဝင်းနီကို ပြောပြရင်တော့ ဖေဖေ့ အတွက် သင့်တော်တဲ့ တစ်နေရာရာ ရနိုင်ပါတယ်”





“ဟာ ... ဦးဝင်းနီတော့ မပြောနဲ့၊ ငါ မျက်နှာပူတယ်၊ ငါက လုပ်ချင်တယ်ဆိုရင် သူ့မှာ နေရာရှိရှိ မရှိရှိ ခန့်ပေးနေဦးမယ်၊ သူစိမ်းနဲ့ပဲ ကောင်းတယ်၊ ပြီးတော့ သူက ငါ့မိတ်ဆွေ ဆိုတာထက် မင်းယောက္ခမဆိုတဲ့ ပတ်သက်မှုက ပိုသွားပြီ၊ မလုပ်နဲ့ ... မလုပ်နဲ့”

သားရွှေသွေးက ဖေဖေ့ကို ခပ်ငေးငေးသာပဲ ကြည့်နေမိပါသည်။ ဖေဖေ ပြောတာလည်း ဟုတ်ပါသည်။ ဖြစ်နိုင်ရင်တော့ ဖေဖေ့ကို သူကလည်း ဦးဝင်းနီထံတော့ မလုပ်စေလိုပါ။







# ၆

ဟိုတစ်ရက်က မေမေ့ထံမှ အပြန်နောက်ကျခဲ့၍ ရုံးမှာ အစည်းအဝေးကို သူ နောက်ကျခဲ့ရသည်။ ဦးဝင်းနီက သိပ်မကြည်။ သူသွားတဲ့ အလုပ်ကိစ္စက ဒီလောက်ကြီး အချိန်မပေး နိုင်ဘူးဆိုတာလည်း ဦးဝင်းနီ သိသည်။

ဒါကြောင့် သားရွှေသွေးကပင် စတင်ကာ မေမေ့ထံ ခဏဝင်လိုက်၍ နောက်ကျသွားရကြောင်း တောင်းပန်လိုက်ပါသည်။ ထိုသို့ အမှန်ဖွင့်ပြောဝန်ခံလျှင် နှစ်သက်လေ့ရှိသော ဦးဝင်းနီက သူ့ကို အပြစ်တင်ခြင်း မပြုတော့ပါ။

ခုတလော အလုပ်များတဲ့ အလုပ်ရှုပ်တဲ့ ရာသီလည်း ဖြစ်နေ၍ နဂိုက အလုပ်များလှသော သူတို့ကုမ္ပဏီမှာ လူတိုင်း ကိုယ်စီ အလုပ်ရှုပ်နေတတ်ပါသည်။ ဦးဝင်းနီ ကိုယ်တိုင်လည်း

အလုပ်ရှုပ်လှသည်။ သူကိုယ်တိုင် သူများထက်ပိုပြီး နားရက်မရှိ နားချိန်မရှိ ရှေ့ကလုပ်ပြနေ၍ အားလုံးလည်း သူ့လိုပဲလိုက်ကာ အအားမနေဘဲ လုပ်နေပြရတော့တာပင်။

နှစ်ချုပ်ဘတ်ဂျက်ဇယားဆွဲရန် လပိုင်းလည်းဖြစ်၍ ဝန်ထမ်းတိုင်းလိုလို အိုဗာတိုင်မ်တွေ ဆင်းကြရသည်။ လုပ်ငန်းခွဲတွေ ပွစာတက်နေသော ကုမ္ပဏီကြီးဖြစ်၍ တစ်ခုချင်းရဲ့ ဘတ်ဂျက်၊ အားလုံး စုပေါင်း အနှစ်ချုပ်ထားသော ကုမ္ပဏီကြီးရဲ့ ဘတ်ဂျက် အဆင့်ဆင့် ရှုပ်လှသည်။

နှစ်ကုန်ပိုင်းထိ စာရင်းဇယားတွေကို အပြတ်ဖြတ်နေရကာ မပြီးမပြတ် တို့လို့တန်းလန်း အမျှင်တန်းနေသော အလုပ်ရှိနေရင်တော့ မောပြီသာမှတ်။ တစ်ရက်ခြားလောက် အစည်းအဝေးတွေထိုင်ကာ ရှင်းရလင်းရ တင်ရပြရ အချောသတ်ရ။

ဖေဖေ့ကို ကားကူရှာပေးဖို့ကိစ္စကိုလည်း ချောင်ထိုးထားလိုက်ရပါသည်။ နည်းနည်းချောင်ချိချိန်ကျမှ လုံးပန်းပေးတော့မည်ဟု ရွှေ့ဆိုင်းထားလိုက်ရကာ ဖေဖေ့ဆီကို ရောက်လည်းမရောက်၊ ဖုန်းလည်းမဆက်ဖြစ်။ မေမေ့ဆီကိုလည်း မရောက်။ မေမေကတော့ ကြိုကြား ဆိုသလို ဖုန်းလှမ်းဆက်ပါသည်။

တစ်ခါတလေလည်း သားရွှေသွေးနှင့်ပင် ဖုန်းမပြောရဘဲ မေမေ့မှာ နီတျာနှင့်သာ ဖုန်းပြောရပါသည်။ နီတျာသည်လည်း သူ့အတိုင်းအတာနှင့် သူတော့ အလုပ်များနေသေးတာပင်။





တစ်နေ့တော့ လုပ်ငန်းခွဲအားလုံး ပါဝင်သည့် အစည်းအဝေးကြီးတစ်ခု ကျင်းပလို့ အရှိန်ရနေဆဲ သားရွှေသွေး ထံမှ ဖုန်းက ထ,မြည်လာပါသည်။

"ဘယ်သူ့ဖုန်းလဲဟေ့"

ဦးဝင်းနီ အသံကြီးက စိတ်တိုတောင်းစွာ ပေါ်လာသည်။

"ကျွန်တော်ပါ"

"ဟာ ... အဲဒီ ရွှေသွေးက ဖုန်းကို မထားခဲ့ဘူး၊ ပိတ်လည်း မထားဘူး၊ ကဲ ... ကဲ ... ပြီးမှဆက်ဖို့ ပြောလိုက်စမ်း"

သားရွှေသွေး ဖုန်းကို ကြည့်လိုက်သည်နှင့် ဖေဖေဆိုတာ သိလိုက်သည်။ ဒုက္ခပါပဲ၊ ဖေဖေကလည်း ခပ်ရစ်ရစ်နှင့်တော့။ ဖုန်းကို စိတ်ညစ်ညစ်နှင့် ဖွင့်ကာ ...

"ဟယ်လို"

"ရွှေသွေး"

"ဖေဖေ ... ကျွန်တော် မအားဘူး"

"ဟေ့ကောင် ... ဟေ့ကောင် ... မင်း ဖုန်းကိုမပိတ်လိုက်နဲ့နော်၊ ငါ အရေးကြီးနေလို့ကွ"

"ဖေဖေ ... ကျွန်တော့် အစည်းအဝေးခန်းထဲ ရောက်နေတာ၊ အခု ကျွန်တော့်ကို စောင့်ပြီး စကားတွေ တန်းလန်းရပ်ထားရတာ ဖေဖေ၊ ပြီးမှ ပြန်ဆက်လိုက်ပါ"

"ဟော့ကောင် … သား … နည်းနည်း နားထောင်စမ်းပါဦး ကွာ၊ ငါ ပြဿနာတက်နေလို့ပါကွ"

သားရွှေသွေး စိတ်ထဲထင့်သွားရင်း …

"ဘာပြဿနာလဲ ဖေဖေ"

"အရှုပ်အရှင်း တစ်ခုကွာ၊ အဲဒါ မင်း ခုချက်ချင်း မြန်မြန် လာနိုင်ရင် ကောင်းမယ်ကွာ"

"ဘာအရှုပ်အရှင်းလဲ … ဘာပြဿနာလဲ"

"ငွေရေးကြေးရေးကွ၊ မင်း လာခဲ့ကွာ၊ ငါ ဘာဆက်လုပ် ရမှန်းကို မသိဘူး၊ ငါ့အိမ်မှာ ဒီလူတွေ ငါ ခဏစောင့်ခိုင်း ထားမယ်"

"ဟုတ်ကဲ့ … ဟုတ်ကဲ့ … ဒါပဲ ဖေဖေ"

သားရွှေသွေး စိတ်ထဲ ထိတ်ပြီး ထူပူလာပါသည်။ ငွေရေးကြေးရေး အရှုပ်အရှင်းတဲ့။ ဖေဖေ ဘာများဖြစ်သလဲ။ ဖေဖေ့အရွယ် ဖေဖေ့ဂုဏ်သိက္ခာနှင့် ဖေဖေ တအားစိတ်ညစ်နေ ဟန်ပင်။ ဖေဖေဟာ အင်မတန် ဖြောင့်မတ်တည်ကြည်လှတဲ့သူ မို့ ဖေဖေ့ဘက်က ဘာအမှားအယွင်းမှ မဖြစ်နိုင်တာ သေချာပေမဲ့ ဘာက ဘယ်လို သွားငြိကာ ဘာပြဿနာများ ဖြစ်ပါလိမ့်။

သားရွှေသွေး ဖုန်းကို ပါ၀ါပါ ပိတ်လိုက်၍ ဦးဝင်းနီ က စကားပြန်စ,ကာ အစည်းအဝေးကို ချက်ချင်းပဲ ပြန်အသက်





သွင်းလိုက်ပါသည်။ ဦးဝင်းနီနှင့် တခြားသူတွေ ဆက်ပြောနေကြ ဘာတွေကို သားရွှေသွေး မကြား။

ခေါင်းထဲမှာ ဖေဖေ့ကို စိတ်ပူနေသည်။ ဒီလူတွေ ငါ ခဏစောင့်ခိုင်းထားမယ်တဲ့။ ဘယ်သူတွေလဲ။ ဘယ်က ူတွေ ဖေဖေ့ဆီ ရောက်နေတာလဲ။ ဘာကိစ္စနဲ့လဲ။ ဖေဖေက စ်ယောက်တည်း။ ပြီးတော့ ဖေဖေက အဖြောင့်တိုက်သမားမို့ စ်ဖက်က ကွေ့တီကွေ့ကောက် ထွေလီကာလီဆိုလျှင် သဘော ပေါက် နားမဝင်ဘဲ ပြဿနာတွေ ရှည်နေမည်။

ဘာတွေ ဘယ်လိုဖြစ်ပါလိမ့်။ သားရွှေသွေးသည် ဝစိတ်မအေးနိုင်ပဲ အစည်းအဝေးထဲလည်း စိတ်မရောက်၊ ပြောနေတာတွေလည်း မကြားတော့ဘဲ ဖေဖေ့ထံသာ အာရုံတွေ ောက်နေပါသည်။

"ရွှေသွေး … ဟော့ကောင်၊ ဦးရွှေသွေးခင်ဗျာ၊ ကျွန်တော် မေးနေတာကို ကြားပါစ"

ဦးဝင်းနီ အသံကြောင့် သူ့အာရုံတွေ အစည်းအဝေး ထဲ ပြန်ရောက်လာသော်လည်း သားရွှေသွေး မျက်နှာဟာ ်နေပါသည်။

"မင်း မျက်နှာ ဘယ်လို ဖြစ်နေတာလဲ ရွှေသွေး"

ဦးဝင်းနီက မျက်မှောင်ကြုတ်၍ မေးသည်၊ ခုနက

သူ့ကို အလုပ်နှင့် ပတ်သက်၍ တစ်ခုခု မေးလိုက်ပါလိမ့်မည် သူ ဘာမှ မကြားလိုက်ပါ။ မထူးတော့ပါ။ သားရွှေသွေးက ထို ရာမှ ထရပ်လိုက်ပါသည်။

"အန်ကယ် ... ဟိုမှာ မေမေ ပြဿနာတစ်ခု တက်နေလို့ အရေးတကြီး ခေါ်နေလို့ ကျွန်တော် ခဏသွားလိုက်ပါရ စေ"

ဦးဝင်းနီ မျက်နှာက ပုပ်သွားရင်း ...

"မင်းအမေ ဘာဖြစ်ပြန်ပြီလဲ"

"အရှုပ်အရှင်း တစ်ခုလို့ ပြောတယ် အန်ကယ်၊ ဘာဖြစ် မှန်း သေချာ မသိသေးဘူး၊ ဟိုမှာ ရှင်းရမဲ့လူတွေ ရောက် နေတယ်တဲ့၊ မေမေ့ အကြောင်း အန်ကယ်သိပါတယ် လူပြောင့်စိတ်တိုကြီးဆိုတော့ ဟိုမှာ ဘာတွေဖြစ်ကုန်မ ကျွန်တော် စိတ်ပူနေလို့ပါ"

ဦးဝင်းနီက စိတ်ပျက်သွားသလို မျက်ခုံးကြီးတွန့် ရင်း ...

"ငါတို့ဆီမှာ အလုပ်ရှုပ်ပလားဆို မင်းအမေကတော့ ပြဿနာပေါ်ပြီ၊ အချိန်ကိုက်ထားသလား ထင်ရတယ် ဒုက္ခပါပဲကွာ၊ ကဲပါကွာ ... မင်းမှ မသွားရင် ဘာတွေ ထပ်ရှုပ်ဦးမလဲ မသိတာ သွားရင်လဲ သွားတော့"





အစည်းအဝေးထဲ နီတာ့လည်း ပါတာမို့ သားရွှေသွေး နီတာ့ကို တစ်ချက်လှမ်းကြည့်လိုက်ပါသည်။ နီတာ့သည် ဖ စိတ်တိုမှာလည်းစိုး၊ လင်ယောက်ျား စိတ်ပူနေတာကိုလည်း ကိုယ်ချင်းစာစွာ သူပါ မျက်နှာလေး ပျက်နေသည်။

"ကဲ ... သွား ... သွား၊ တကတဲကွာ ... မင်းမလည်း အရေးထဲကျမှ အမေအမေကော်စွက ရှုပ်ရလွန်းတယ်၊ မသွား လည်း မင်းစိတ်က ဒီမှာရှိတော့မှာ မဟုတ်ဘူး၊ သွားတော့၊ မင်းအမေကိုလည်း မှာခဲ့၊ နောင်ဆိုရင် ကျွန်တော် အားလပ် တုန်းကျမှ ပြဿနာတက်ပါလို့"

တမင် အရွဲ့တိုက်ပြောသော စကားပင်။ ဘာပဲဖြစ် သူ့ကိုလွှတ်တာကပဲ တော်လှပြီ။

"မင်း ပြန်လာမှ မင်းနဲ့ပတ်သက်တဲ့ ကဏ္ဍတွေကို မင်း နဲ့ငါပဲ ဆက်ရှင်းမယ် ... ကဲ ... သွား သွား ..."

"သင့်ခ်ယူးပါ အန်ကယ်"

သားရွှေသွေးသည် သူ့ဖိုင်လ်ကို ပိတ်ပစ်ထားခဲ့ကာ ည်းအဝေးခန်းထဲမှ ခပ်သွက်သွက် ထွက်လာခဲ့ပါတော့သည်။

(မှမ)

"ပ  များလဲလို့ ဖေဖေရာ ... ရင်ထိတ်သွားတာပဲ"

ဟိုရောက်ပြီး အကြောင်းစုံ သိရမှ သားရွှေသွေး
ခြေပစ်လက်ပစ် ထိုင်နိုင်ပါတော့သည်။

"ဘာလဲကွ ... ဒါလည်း ပြဿနာ မဟုတ်ဘူးလား"

"ဒါပေမဲ့ တော်သေးတာပေါ့၊ ကျွန်တော်က ဘာတွေ မျ
ဖြစ်ကုန်ပြီလဲလို့၊ သူများငွေကြေးကိစ္စတွေထဲမျ
ညပ်ပါတာလားလို့၊ မျိုးစုံတွေးပြီး တအားပူနေတာ၊ အစည်
အဝေးခန်းထဲက ထွက်လာရတာ ဖေဖေရ၊ ထွက်လာရတ
ကလည်း ကိုယ်ရေးကိုယ်တာကိစ္စ ဆိုတာ အားလုံး
တယ်"

"သိတော့လည်း ဘာဖြစ်လဲကွာ"

"ဒီအစည်းအဝေးဟာ အရေးပါတာတွေ အရေးကြီးတ
တွေချည်းပဲ စုပြုံနေတဲ့ ဟဲဗီးအစည်းအဝေး"

"မင်း ခုလို မအားတဲ့ကြားက ထ,ပြေးလာရတာ တကယ
တမ်း အရင်းစစ်ရင် မင်းအမေကြောင့်၊ မင်း အမေ လု
တာ"





ဖေဖေက ဒေါ်တွေ အကြီးအကျယ် ကန်နေသည်။
ပျောင်းဖျလို့ ရမည့်ပုံလည်း မပေါ်လှသေး။ ခုလို ဖြစ်ရတာ
မေမေ့ကြောင့်လို့ပဲ ရုက်ရုက်နှင့် အပြစ်တွေ မေမေ့ အပေါ် ပုံချ
ထားလိုက်ပါသည်။ အင်းပေါ့လေ ... မေမေကလည်း မေမေပေါ့။

ဖြစ်ရပုံက ဖေဖေက သူ့ဟာသူ ကားဝယ်ဖို့
ကားရှာပါသည်။ ဖေဖေ့ အသိမိတ်ဆွေတစ်ယောက်က ပွဲစားတစ်
ယောက်လွှတ်ပေးပြီး ဖေဖေ့ကို ကားတွေ တစ်စီးပြီးတစ်စီး ရှာ
ပေးနိုင်းသည်။ နောက်ဆုံးမှာ ဖေဖေက ထိုသူပြသော ကားတွေ
ထဲက ဆူပါဆလွန်းတစ်စီးကို ကြိုက်ပြီး ဝယ်မည်ဟု ဈေးစကား
ပြောကြ ဆစ်ကြပါသည်။

ဈေးတည့်သွားတော့ အုံနာပါ ရောက်လာပြီး ဒီနေ့
တချုပ်ချုပ် ငွေအပေးအယူ လုပ်ကြသည်။ ထုံးစံအတိုင်း ဖေဖေက
ချက်ကိရေးပေးလေ့ရှိသူမို့ သူ့စာအုပ်နံပါတ်နှင့် ချက်ကိရေးပေး
လိုက်ပါသည်။

ငွေသွားထုတ်တဲ့သူကထုတ်၊ ဖေဖေနှင့် စာချုပ်ချုပ်
တာ ကျန်ခဲ့တဲ့သူက ကျန်ခဲ့။ ဖေဖေက မေမေနှင့်သူ ပူးပေါင်းအကောင့်
ထားသော စာအုပ်နံပါတ်နှင့် ချက်ကိရေးပေးလိုက်တာ ဖြစ်ရာ
ငွေထုတ်သူ ပြန်ရောက်လာသည်။ ဘဏ်ထဲမှာ အဲသလောက်ငွေ
မရှိပါတဲ့။

ဒီမှာ စာချုပ်တွေ ဘာတွေကလဲ ရေးနေပြီ။

"ဒီမှာ ငါ ဘာဖြစ်သွားသလဲကွ … ဟင်၊ ဘဏ်မှာ ပိုက်ဆံလည်း မရှိဘဲနဲ့ ခပ်တည်တည် ချက်ရေးပေးတဲ့ အဘိုးကြီးပေါ့၊ ဟင်း … ငါ့မျက်နှာ ဘယ်နားသွားထားရမလဲ၊ ခု ဘာဆက်လုပ်မလဲ"

ဦးရဲသွေးသည် စီးကရက်ကို စိတ်ရှုပ်ရှုပ်နှင့် တစ်လိပ်ပြီးတစ်လိပ် ထောင်းထောင်းထအောင် ဖွာရှိုက်နေသည်။

ပါလာသည့် ပွဲစားနှစ်ယောက်ထဲက တစ်ယောက်ကကံအားလျော်စွာ သားရွှေသွေးကို သိနေပါသည်။ ကိုယ်က သူ့ကို သိပ်မသိလှပေမဲ့ သူက ကြားလူတစ်ဆင့်ကြောင့် သားရွှေသွေးကို သူ့ဘက်က သေချာသိကျွမ်းနေရာ စကားပြောဆိုရနည်းနည်း တော်ပါသေးသည်။

သားရွှေသွေးက အားလုံးကို တောင်းပန်ရှင်းပြရပါသည်။ အားလုံး ပြောဆိုပြီးစီးပြီး စာချုပ်မှာ ကားပိုင်ရှင်လက်မှတ်တစ်ချက်ကလေးပဲ ထိုးဖို့ကျန်ပါတော့သည်။ ငွေသွားထုတ်ဆဲမို့ သူကလည်း လက်ထဲငွေရောက်မှ လက်မှတ်ထိုးဖို့ တစ်ချက်ကလေး ချန်ထားရုံသာ ကျန်ပါသည်။

"ကျွန်တော့် အဘိုးကြီးနဲ့ အဘွားကြီးက ကွဲနေတာပါဗျာ၊ ကွဲတာလည်း လပိုင်းပဲ ရှိပါသေးတယ်၊ စာအုပ်က ဖွိုင့်အကောင့်ဆိုတော့ အမေက စာအုပ်ယူသွားပြီး အခုငွေထုတ်ထားတာပဲ …





အဖေကတော့ ချက်ကဲနဲ့ပဲ အလုပ်လုပ်နေတာ၊ သူ့စာအုပ် အမေ့ဆီ ပါသွားတာတောင် သူ ခုမှသိတာ၊ စာအုပ်မရှိမှန်းတောင် သူ မသိပါဘူး၊ အရင်က ဘယ်နေရာထားလဲတောင် သူ သိတာမဟုတ်ဘူး၊ ဒါကြောင့် ခုလိုချက်ကဲရေးပေးမိတာပါ …

အခုအတိုင်းကတော့ ဘယ်နည်းနဲ့မှ ကားကိုဝယ်နိုင်တော့မှာ မဟုတ်ပါဘူး၊ အဲဒါ စာချုပ်လေး ဆွဲဆုတ်ပြီး ဒီအရောင်းအဝယ်ကိစ္စ ပယ်ဖျက်လိုက်ဖို့ပဲ ရှိပါတယ်၊ စိတ်မကောင်းပါဘူးဗျာ၊ ဒီအပြင်လည်း လောလောဆယ်ဘယ်လိုမှ ဖြေရှင်းစရာ မရှိတော့ပါဘူး"

ပိုင်ရှင်ကိုရော ပွဲစားတွေကိုပါ တောင်းပန်ရသည်။ ဘဏ်မှာ ပိုက်ဆံမရှိဘူးဆိုတာ သိရမှ ဖေဖေ စာအုပ်ကိုရှာသည်။ မတွေ့တော့ ဘဏ်ကို လိုက်သွားပါသေးသည်။ စုံစမ်းလိုက်တော့ လွန်ခဲ့တဲ့ နှစ်ပတ်လောက်ကပဲ နှစ်ကြိမ်လောက်ခွဲပြီး ငွေအတော်များများကို ထုတ်သွားပြီမို့ ဘဏ်မှာ ငွေက သိန်းငါးဆယ်ခန့်သာ ရှိပါသည်။

ဒီငွေနှင့် အလုပ်လည်းမဖြစ်။ ဘာမှလဲ မတတ်နိုင်။ ဒီအကောင့်က မေမေလည်း ထုတ်ခွင့်ရှိနေတာပဲဟာ။ ဖေဖေတို့လူမှုရေးပြဿနာကလည်း ဘဏ်နှင့် ဘာမှမဆိုင်။

ခုပဲ ဝယ်မည်ဟု စာချုပ်တောင် ရေးပြီးမှ ပွဲပျက်သည်ဆိုတော့ ပိုင်ရှင်ရော ပွဲစားတွေရော ကျေတော့မကျေနပ်ကြပါ။ သို့သော်မဲ့ သူတို့လည်း ဘာမှုလဲ မတတ်နိုင်။ ဖေဖေက လက်မှတ်ထိုးပြီ ဆိုပေမဲ့လည်း လူမှုရေးအရ ဖေဖေ့ကို ဘာမှလဲ လှုပ်နေဖို့ မသင့်။

လူကြီးသူမ တစ်ယောက်ကလည်း ဖြစ်နေသည်။ ပြီးတော့ ဘဏ်ကိုလည်း ထပ်လိုက်သွားကြတာမို့ ဒီငွေဟာ တကယ်ရှိခဲ့ပြီး ခုမှ မရှိတော့တာလည်း ယုံကြည်ရသည်။ သား ရွှေသွေး စကားအရ အဘိုးကြီး အဘွားကြီး ကွဲနေကြပြီး အဘွားကြီးက ပိုက်ဆံထုတ်ထားတာလည်း သူတို့သိရပြီ။

နောက်ဆုံးတော့ အုံနာကို အနူးအညွတ် တောင်းပန်ကာ ကြားက ပွဲစားနှစ်ယောက်ကိုတော့ တစ်ယောက် သုံးထောင်စီ မုန့်ဖိုးပေးကာ တောင်းပန်လွှတ်လိုက်ရပါတော့သည်။ စာချုပ်ကိုလည်း တစ်ထိုင်တည်းပဲ ဆုတ်ဖြဲပစ်လိုက်ရပါသည်။ တော့လွဲကလေး ပွဲပျက်ရ၍ ဘယ်သူမှတော့ သိပ်မကျေနပ်ပါ။

အားလုံး ပြန်သွားကြတဲ့ထိ ဒေါသူပုန် ထ,နေဆဲ ဖေဖေ့ကိုလည်း နှစ်သိမ့်ရပါသေးသည်။

"ဟော့ကောင် ... ငါ့လာ တရားချမနေနဲ့၊ ခုကြည့်စမ်း၊ ငါ ဘယ်လောက် အရှက်ကွဲလဲ၊ စတိုင်နဲ့ ချက်က်ရေးပေးပြီး ငွေမရှိ၊ ဒီမိန်းမ သက်သက် ယုတ်မာတာ၊ ဒီလောက်





ရာတွေချိတဲ့ သိန်းဂဏန်း သင်းက ဘာအတွက် ထုတ်သုံးရတာလဲ"

"ဘယ်သိဦးမလဲ ဖေဖေရယ်၊ ကျွန်တော် သွားမေးကြည့်ပါ့မယ်"

"မေးပြီး ပြီးရောလား၊ ငါ့ငွေတွေ ဆုံးပြီပေါ့"

"ဖေဖေကလည်းဗျာ၊ ဒါ ဖေဖေရော မေမေရော နှစ်ယောက်ပိုင်ငွေပါ၊ ဒီလိုပဲ အတူစုဆောင်းကြတာပဲ"

"ကဲ ... နှစ်ယောက်ပိုင်ဆိုလည်း သူက အများကြီး ထုတ်သွားပြီ၊ ဘာမှ မကျန်တော့ဘူးလေ"

"ဖေဖေ့မှာ စာအုပ်နောက်တစ်အုပ် ရှိသေးတယ်မို့လား"

"ငါ့တစ်ယောက်တည်း စာအုပ်တော့ ရှိတယ်၊ ဒါပေမဲ့ ဒီစာအုပ်လောက် ငွေမများဘူးကွ၊ အဲဒီစာအုပ်ကလည်း ရှာရဦးမှာ၊ ဘယ်ပစ္စည်း သူ ဘယ်နားသိမ်းလဲ ငါ အားလုံး မသိတာ နာတာပဲ၊ ဗီရိုတွေ တစ်ခုပြီးတစ်ခု ရှာရမယ်၊ ခုလည်း ဒီစာအုပ်ကို အိမ်မှာပဲ ရှိတယ်ထင်နေတာ၊ ဟော့ကောင် ရွှေသွေး ... မင်းအမေက သူခိုးမစစ်စစ်ပဲကွ"

"ဖေဖေကလည်းဗျာ၊ မေမေ့ကို သူခိုးမ သူခိုးမနဲ့ ခဏခဏ မပြောပါနဲ့"

"ပြောတော့ ဘာဖြစ်လဲကွ၊ ခုပဲ ငါ့ငွေတွေပြောင်ပြီ၊ ငါ မရဘူးကွာ ၊ ဒီမိန်းမကို တရားစွဲမယ်"

"ဟာ ... ဖေဖေကလည်း အဓိပ္ပာယ်မရှိတာ"

"ဘာလို့ မရှိရမှာလဲ၊ ဒီလောက် အပုံလောက်ကြီး သူထု ယူလိုက်တာ ငါက ငြိမ်ခံနေရမှာလား၊ သူ့မှာဖြင့် ကာ ဘာနဲ့၊ ဒီငွေလောက်ကြီး သူ ဘာမှလဲ ဝယ်စရာ သုံးစ မရှိဘူး၊ တမင်ယုတ်မာပြီး ဒီထဲကငွေတွေထုတ်၊ သူ့ဟ သူ အကောင့်အသစ် လုပ်လားမသိဘူး"

"သေလည်း မသေချာဘဲ ရမ်းစွပ်စွဲမနေပါနဲ့ ဖေဖေရ ကျွန်တော် မေမေ့ကို မေးကြည့်ပါဦးမယ်"

"သူ့မှာ တခြားငွေသုံးစရာ ဘာအကြောင်းမှ ရှိတာ မဟုတ်တာ"

"ဖေဖေတို့ကလည်းဗျာ အဘိုးကြီး အဘွားကြီးဖြစ်မှ သ ငွေ ကိုယ့်ငွေနဲ့ ရှုပ်နေတာပဲ၊ ကျွန်တော် ကြားက စိ ညစ်တယ်၊ ဖေဖေတို့သာ ကွဲမနေရင် ဒါတွေ ဖြစ်စရာ မရှိဘူး၊ ဒီကား ဝယ်ဖို့ကိစ္စတောင် ပေါ်လာမှာ မဟု ဘူး"

"မင်းအမေကို မင်း မြန်မြန်မေးနော်၊ ငါက တရားစွဲ စိတ်က အတော် ထိန်းမရဘူး"

"ဖေဖေကလည်း လင်မယားချင်း တရားစွဲစရာလားဗျ"

"လင်မယားမှ မဟုတ်တော့ဘဲကွ"





"ဖေဖေတို့ဘာသာ ဘယ်လိုကွဲကွဲ ဘာမှလဲ တရားမဝင် ဘဲနဲ့ ခုတိ လင်မယားက လင်မယားပဲ၊ ဖေဖေ ဘာမှငြင်း မနေနဲ့"

"ဟေ့ ... လင်မယားမကလို့ ဘာကြီးဖြစ်ဖြစ်ကွာ၊ ငါ့ငွေ တွေ အလွဲသုံးစားလုပ်ပစ်တာ ငါ လုံးဝမကျေနပ်ဘူး"

ဖေဖေဟာ နဂိုကမှ ကပ်စေးနည်းနည်းရယ်။ အရင် ကတည်းက အိမ်မှာ ဘာလေးဖြစ်ဖြစ် မေမေ ဝယ်လာလျှင် ဈေး ကကြီးလိုက်တာ၊ ဒီလောက်ပေးပြီး သုံးစရာလား၊ ဒီလောက်ပေး ပြီး စားစရာလားလို့ မြည်တွန်နမြောမဆုံး။ ဒါကြောင့် မေမေက တစ်ခါတစ်ခါ ဈေးနှုန်းပင် လျှော့ပြောရတတ်တဲ့ အထိပါ။

"ဈေးကြီးတယ် ကြီးတယ်နဲ့ နောက်ဆုံး သူ့ဗိုက်ထဲ ချည်း ရောက်တာပဲ၊ အလကား ပူညံပူညံလုပ်ရ ခွတိုက်ရတာကို ဝသီပါနေတာ" ဆိုတာကတော့ မေမေ့ လက်သုံးစကား။

ခုတော့ ကပ်စေးနည်းလှတဲ့ ဖေဖေဟာ သူ့ဘဏ် စာအုပ်ထဲက ရာတွေချီသော သိန်းဂဏန်း ပျောက်ဆုံးသွား၍ တကယ့်ကို ဆတ်ဆတ်တုန်တော့မတတ် နမြောလိမ်တွန့်ပြီး ဒေါ်တွေ ရေရေလည်လည် ပွနေတာပါ။

"ငါ့မျက်နှာကို ချေးသုတ်တာပဲ"

"အိုးမဲသုတ်တာလောက် လုပ်ပါ ဖေဖေရာ၊ ဆိုးလိုက်တာ"

"အိုးမဲထက် ဆိုးတာကွ၊ ငါ့မှာ လူပုံအလယ်လည်း အရှက်တကွဲ သိက္ခာမရှိ ဖြစ်ရတယ်၊ ဒီဘာမဟုတ်တဲ့ ကောင်တွေကို မိန်းမနဲ့ ကွဲနေတာကအစ ချပြောနေရတယ်၊ အဲဒီမိန်းမက ငွေတွေထုတ်သွားတာလည်း လူသိရှင်ကြား ရှင်းရတယ်၊ တကယ့်ကို အရှက်ကွဲတာ၊ သိက္ခာကျတာ၊ စာချုပ်ရေးပြီးမှများ ကားပြန်ထိုးပေးလိုက်ရတယ်လို့ကွာ၊ ရာဇဝင်ရိုင်းတယ်၊ ကားပိုင်ရှင်က ဆက်ရစ်မနေလို့သာပေါ့"

"ဒါတော့ ဒီလိုပဲ ဖြစ်လာပြီ ဘယ်တတ်နိုင်မလဲ"

"ဒီလိုဖြစ်လာအောင် မင်းအမေကွ၊ မင်းအမေလုပ်တာ၊ ကုန်ပါပြီကွာ၊ တကယ်ကုန်ပါပြီ၊ သင်း ဘာများလုပ်ပစ်တယ် မသိဘူး၊ စိန်ကလည်း ခပ်မက်မက်နဲ့ စိန်တွေဘာတွေများ ထပ်ဝယ်ချလိုက်လား မသိဘူး၊ သူ့လည်းစိန်ထည်တွေ တစ်ပုံတစ်ပင်နဲ့ဟာ၊ အလကား မိန်းမ၊ အသုံးကိုမကျဘူး"

ဖေဖေ ဖြစ်နေပုံကို နောက်ဆုံးတော့ သားရွှေသွေးက ရယ်ပဲရယ်ချင်လာရပါတော့သည်။

"ဖေဖေ့ပုံကြီးကလည်း ဟိုးတုန်းက ရွှဲကုန်သည်ဇာတ်ထဲကလို မပေးပေးပေးပေး ငါ့ရွှေခွက်ပေး ဆိုတာကြီး ကျနေတာပဲ ... ဟား ဟား ဟား"





"အောင်မာ ... မင်းက ငါ့ကို ဥစ္စာရူးကြီးလိုလို ... ခွေးကောင် ရွှေသွေး၊ ခွေးမသား စစ်စစ်"

ဖေဖေ ဒေါ်ပွပွနှင့် သားရွှေသွေးကို နောက်က လိုက်ဆောင့်ကန်နေ၍ သားရွှေသွေးမှာ ညှော်ခန်းကို ပတ်ပြေးရပါသည်။ ဖေဖေ ကားဘယ်လိုဝယ်တော့မလဲ သူ စိတ်မကောင်းဖြစ်ရသည်။ သူ့ငွေပါဝင်နိုက်ထုတ် ဝယ်လျှင်လည်း ဖေဖေလုံးဝ သက်ခံမှာ မဟုတ်တာကို သားရွှေသွေး သိနေပါသည်။

နောက်စာအုပ်ထဲ ငွေဘယ်လောက်ရှိသလဲ မသိ။ ရှိသလောက်ထုတ်၊ သူက ငွေလိုတာစိုက်ပြီး ဖေဖေ့ကိုတော့ ကားဈေးလျှော့ပြောတာမျိုး လုပ်ရလိမ့်မည် ထင်ပါသည်။







## ၇

နီတျာကတော့ စိတ်မညစ်တတ်သူပီပီ ရယ်မောနေ
ပါသည်။

"အန်ကယ်ရဲ့ကြီး ဒေါ်တွေတအားပွနေတာပေါ့"

"ဒါပေါ့ ... တရားစွဲမယ်တွေ ဘာတွေတောင် လုပ်နေတာ"

"ကိုယ့်မိန်းမကိုယ် တရားစွဲရမယ်လို့ ... ရယ်ရတယ်၊ အဲဒါ အန်တီချိုက ဘာလုပ်ဖို့ ထုတ်ပစ်တာတဲ့တုန်း"

"ကိုယ်လည်း မသိသေးဘူး၊ မေမေ့ကိုမှ မမေးရသေးတာ"

"တစ်ခါတည်း လှည့်မဝင်ခဲ့ဘူးလား"

"လှည့်ဝင်လို့ မဖြစ်ပါဘူး နီတျာရယ်၊ အန်ကယ်က ကိုယ့်ကို စောင့်နေတာ၊ ကိုယ်ပြန်ရောက်တော့ နီတျာတို့

တောင်မှ မရှိတော့တာလေ၊ ကိုယ်နဲ့ ပြောစရာ ဆိုစရာ ရှိတာတွေကို ကိုယ်နဲ့အန်ကယ် နှစ်ယောက်တည်း အစည်းအဝေး ဆက်ရတာပေါ့၊ ဒါတောင် အန်ကယ်က ထိုင်စောင့်နေတာ၊ သူ သွားစရာရှိတာ မသွားဘဲ ကိုယ်နဲ့တွေ့ပြီးမှ သွားတာ၊ ပြန်ရောက်လာလို့ တော်သေးတာပေါ့"

"မေမေ့ကို အန်ကယ်ရဲ့ အကြောင်း ပြောပြသေးလား"

"ပြောရတာပေါ့၊ သူလည်း ဘာများဖြစ်ပါလိမ့်လို့ စိတ်ထင့်နေတာ"

"ဟီ ဟီ .... မေမေ ဘာပြောသေးလဲ"

"မင်း အဖေနဲ့ အမေကလည်း အသက်ကြီးမှ ဘာများဖြစ်နေကြတာလဲတဲ့၊ မေမေတို့ကလည်း ပြောလည်းပြောစရာပဲ ... ဘာတွေမှန်းကို မသိဘူး"

"အန်တီ ထုတ်တဲ့ငွေက ဘယ်လောက်တောင်လဲ"

"ကိုယ်လည်း အတိအကျ မသိပါဘူး နီတျာရယ်၊ မေမေ့ကိုတောင် မပေးမိဘူး၊ ထင်တာတော့ အနည်းဆုံးနှစ်ရာသုံးရာလောက် ရှိမယ်"

"ဟင် ... များလိုက်တာ၊ အန်တီ ဘာလုပ်ဖို့လဲ"

"မသိဘူးလေ ... ဒီလောက်အများကြီး ထုတ်သုံးစရာအကြောင်းမှ စဉ်းစားမရတာ၊ အဲဒါကြောင့် မေမေက





သက်သက်စိတ်ပုပ်တာ၊ အကျင့်ယုတ်တာနဲ့ ပြောနေတာပေါ့၊ ရှိုင်ထဲက ထုတ်ပြီး မေမေ့ဘာသာ သူ့စာအုပ်နဲ့ ပြောင်းထည့်တယ်လို့ မေမေ ထင်နေတယ်"

နီတျာက ပြုံးစိစိနှင့် ငြိမ်နေပါသည်။

"မေးကြည့်ရဦးမယ်"

"ဟုတ်တယ် ... မေးကြည့်ဦးလေ ကိုသားရဲ့"

"အင်း ... ခုပဲ ဖုန်းဆက်လိုက်မယ်"

"ဖုန်းမဆက်နဲ့လေ ကိုသားရဲ့၊ သွားမေးလိုက်ပါ"

"ဟာ ... ခင်ဗျားလေးက တစ်ချိန်လုံး သွားချည်းခိုင်းနေတာပဲ၊ ကျွန်တော်က ဘယ်ကြားထဲက အချိန်အားကို နှိုက်ပြီး သွားရမှာလဲ၊ ရှေ့ရက်တွေ ရက်ဆက်မအားဘူး၊ ဒီစနေလည်း အန်ကယ် ခိုင်းထားတာ ရှိသေးတယ်"

"နေ့ဖက်တွေ မအားလည်း ညဘက်ပဲ သွားလိုက်ပေါ့"

"ခုပဲ ကိုးနာရီ ခွဲပြီးသွားပြီ"

နီတျာက နာရီတစ်ချက် မော့ကြည့်ရင်း ...

"ခုပဲသွားလိုက်၊ လာ ... လာ ... နီတျာပါ လိုက်မယ်၊ အကျီတွေ ဘာတွေ လဲမနေနဲ့တော့၊ ကိုယ့်အမေအိမ်ပဲ၊ ကြီးကြီးတို့လည်း ဒီအချိန် အိပ်သေးတာ မဟုတ်ပါဘူး၊ ကိုယ့်အမျိုးအိမ်ပဲ၊ မိုးချုပ်လည်း ဘာဖြစ်လဲ"

"နီတျာရော တစ်နေကုန် မပင်ပန်းသေးဘူးလား"

"ဝင်တော့ ဝင်ပန်းတာပေါ့၊ ဒါပေမဲ့ သွားလိုက်ပါ၊ ရောက်တာလည်း ကြာလှပြီဟာ၊ ပြီးတော့ အမေ ပိုက်ဆံတွေ ဘာလုပ်ပစ်လဲလို့ ဖုန်းထဲက မေးရမှာထက် လူချင်း အနားကပ်ပြီး မေးရတာက ပိုအဆင်ပြေတယ်၊ ဖုန်းထဲက ပြောရဆိုရတာက မျက်နှာရိပ် မျက်နှာကဲ မမြင်ရတော့ တစ်ခါတလေ တချို့စကားတွေ နားလည်မှု လွဲသွားတတ်တာမျိုး ရှိတယ်"

"အင်း ... ဟုတ်တော့ ဟုတ်တာပဲ"

"ဟုတ်ရင် သွားမယ်၊ ကဲ ... လာ ... ညနေက နီတျာ ဝင်ဒါမီယာထဲက ပန်းသီးတွေ ဝယ်လာတာရှိတယ်၊ ယူခဲ့လိုက်မယ်လေ"

ပန်းသီးကြွပ်ကြွပ်အိတ် ဆွဲထွက်လာသော နီတျာ့ကို သားရွှေသွေးက ချစ်စနိုးနှင့် ပါးလေးလိမ်ဆွဲရင်း ...

"လင်မယားချင်း မတည့်ရတာ စိတ်ညစ်စရာကြီးနော် ... ကိုယ်တော့ နီတျာနဲ့ အဲလို ရန်မဖြစ်ချင်ပါဘူးကွာ၊ ကြီးမှ ကွဲကွာရတာမျိုးလည်း မဖြစ်ချင်ပါဘူး၊ ဒါကြောင့် မေမေက နီတျာ့ အပေါ် ဒီလိုမလုပ်နဲ့ မှာထားတာတွေ ကိုယ်ဘယ်တော့မှ မလုပ်ဘူး"

"လူတစ်ကိုယ်ချင်း စိတ်ဓာတ်အခံပေါ်လည်း မူတည်ပါသေးတယ် ကိုသားရယ်၊ ဖေဖေ ဆိုရင် အန်ကယ်ရဲထက် ပွည်





တာ ရစ်တာ ပိုရင်သာပိုမယ်၊ မေမေက ခပ်အေးအေး ရှောင်ကွင်းလိုက်တော့လည်း ရန်မဖြစ်တော့ဘူးပေါ့"

နှစ်ယောက်သား အိမ်ကနေ ချက်ချင်း ကောက်ထ,ကာ အိမ်နေရင်း အဝတ်အစားနှင့်ပင် ထွက်လာကြပါသည်။ ကြီးကြီးတို့အိမ် ရောက်တော့ မအိပ်ကြသေးပါ။ သားရွှေသွေးတို့ ရောက်လာသဖြင့် မေမေ အတော်ဝမ်းသာပျော်ရွှင်သွားပါသည်။

"သားနဲ့ နီတျာ လာတာ ဝမ်းသာလိုက်တာကွယ်၊ မေမေ တွေ့ချင်နေတာ"

"အန်တီချို နည်းနည်း ပိန်သွားတယ်၊ ၊ နေကောင်းရဲ့လား"

"နေကောင်းပါတယ် သမီးရယ်၊ ဒါနဲ့ သမီးရော မထူးခြားသေးဘူးလား"

နီတျာက ရယ်မောခေါင်းယမ်းနေသည်။

"မေမေကလည်း ... ဒါပဲ ..."

"ဒါပဲပေါ့ ... ကိုယ်က အသက်ကြီးလာပြီ၊ သားသမီးကလည်း အိမ်ထောင်ကျပြီဆိုတော့ ဒါကိုပဲ မျှော်ရတာပေါ့၊ မြေးထိန်းချင်ပြီပေါ့"

"မြေးကို ဟိုအိမ်ပို့လိုက် ဒီအိမ်ပို့လိုက်တော့ မလုပ်နိုင်ဘူးနော်၊ ကလေး ပင်ပန်းတယ်၊ တစ်အိမ်တည်းမှာပဲ တစ်ခါတည်းပြီးမှ အဆင်ပြေမယ်"

"ရွှေသွေးနော် ...၊ မအေကို ဒီကိစ္စနဲ့ ပတ်သက်ပြီး မမေ ရရင် မင်း မကျေနပ်ဘူးလား၊ တော်တော့"

"ဟုတ်တယ်လေ မမေရ၊ တစ်အိမ်တည်းပဲ ပို့ရတော ကလေး နှစ်ခါပင်ပန်းရမဲ့အစား တစ်ခါပဲ ပင်ပန်းရတာ ပေါ့"

မမငယ်က သားရွှေသွေးကို ရယ်နေပါသည်။

"ကောင်းတယ်ဟေ့ ... ကလေးဖြင့် ဘယ်နေမှန်း မသိဘ ဘူး၊ အကောင်အထည် မပေါ်သေးတဲ့ဟာနဲ့ အကျပ်ကို လို့ ရနေပြီ"

တဖြည်းဖြည်း စကားဝိုင်းက ကြီးကြီး၊ မမငယ် နီတျာတို့သုံးယောက် တစ်ဝိုင်းလို ဖြစ်သွားခိုက်မှာ သားရွှေ က မေမေ့အနားကပ်ကာ ...

"မေမေ အဆင်ပြေလား"

"ကျန်တာ အားလုံး ပြေပါတယ်၊ မေမေအိပ်ဖို့ မပြေသေ တာ တစ်ခုပဲလေ၊ အိမ်က ကျဉ်းတယ်မဟုတ်လား"

"ကိုယ့်အိမ်ကိုယ် ပြန်ပါတော့လား မေမေရယ်"

"အမယ်လေး ... မပြန်နိုင်ပါဘူး ... တော်တော့"

"နေရတာ မေမေပဲ ကျဉ်းကျပ်တယ်ဆိုပြီး"

"ဒီအတွက် ဖြေရှင်းပြီးပြီ မပူနဲ့"





"မေမေ ဘယ်လိုဖြေရှင်းတာလဲ၊ ဘယ်သွားနေမှာလဲ၊ အန်တီလေး အိမ်လား၊ သူတို့ အိမ်တွင်းရေးက ပွည် ပွည် ဆို"

"ဘယ်သူနဲ့မှ မနေဘူး၊ ကိုယ့်ဟာကိုယ် နေမှာပေါ့၊ အိမ် ဖော်တောင် ရှာထားပြီးပြီ၊ ဟိုမယ် ... လူသစ်မတွေ့ဘူး လား၊ ဒေါ်ငြိမ်း တဲ့"

"ဘယ်သွားနေမလို့လဲ မေမေ"

"မေမေ သားကိုတောင် မပြောရသေးဘူး၊ မေမေ ကွန်ဒို တစ်ခန်း ဝယ်လိုက်တယ် သားရဲ့"

"ဟင်"

"ဈေးအတော်ကြီးတယ်၊ ဒီလောက် ဈေးကြီးကြီး အခန်း တစ်ခန်းဝယ်တာ သားကို ပြောရမှာတောင် ခက်နေလို့ မေမေ မပြောဖြစ်သေးတာ"

"ကျွန်တော့်ကို ဘာလို့ အပြောခက်ရမှာလဲ၊ ကျွန်တော့် ပိုက်ဆံ မေမေ သုံးတာလည်း မဟုတ်ဘူး၊ မေမေ့ကိုပဲ ပြောရမှာပေါ့၊ ပိုက်ဆံတွေက မေမေနဲ့ ဖေဖေ နှစ်ဦးပိုင်တာ မဟုတ်လား"

"မပြောပါဘူး"

မေမေ့ အမူအရာက ကလေး ကြီးနယ်။

မေမေ ဘာသုံးလိုက်သလဲ မမေးရသေးခင် အခြေ က ထွက်သွားပါသည်။ ကွန်ဒိုမီနီယမ်တစ်ခန်းကို ကောက်ကာ ငင်ကာ ဝယ်ချလိုက်သတဲ့။

"အဲဒါကြောင့် ပိုက်ဆံတွေ ပျောက်လို့ဆိုပြီး ဖေဖေ့မှာ ဟိုမှာ ပြဿနာတွေတက်လို့"

"ဟင် ... ဟုတ်လား ... သူ သိလား"

"သိတာပေါ့"

"သူက ဘယ်လိုသိတာလဲ၊ သူက ချက်က်လေးနဲ့ ငွေထုတ် တတ်တဲ့သူပဲ၊ ငွေစုစာအုပ် မေမေ့ဆီ ပါလာတာတော့ သူ သိမှာပဲလေ၊ သူ ချက်က်နဲ့ ပိုက်ဆံသွားထုတ်နေလည်း အများကြီး ထုတ်စရာ လိုတာမဟုတ်တော့ တော်ရုံနဲ့မသိ နိုင်သေးပါဘူး၊ သူထုတ်သလောက် ငွေကတော့ ရှိနေမှာပဲ ဘဏ်မှာ သိန်းငါးဆယ်လောက် ချန်ထားပါတယ် သားရဲ့"

"မေမေကလည်း ... ဖေဖေ့ မပြောတောင် အခန်းဝယ်မှန်း ကျွန်တော့်ကို ပြောရင်လည်း ပြောတာမဟုတ်ဘူး၊ စုတော့ ဖေဖေ အရှက်ကွဲတော့မလို နည်းနည်းပဲ လိုတယ်"

"ဘာဖြစ်လို့လဲ"

"ဖေဖေ ငွေထုတ်ဖို့ ချက်က်ရေးပေးလိုက်တာ ဟိုလူ သွားထုတ်တော့ အဲဒီလောက်ငွေ မရှိဘူး ဆိုပြီး ..."

"သိန်းငါးဆယ်လောက်တောင် ကျန်တာ"





"ဖေဖေက များများထုတ်လို့ပေါ့"

"သူက ငွေများများ ဘာလုပ်ဖို့ ထုတ်မလို့လဲ"

"ဖေဖေက ကားဝယ်မလို့"

"သူက ! ..."

"အင်းလေ ... ဖေဖေ့မှာ ကားမှမရှိတော့တဲ့ဟာ မေမေက လည်း၊ ဖေဖေ့ခမျာ ဘတ်စ်ကား တိုးစီးနေတာ၊ အဲဒါနဲ့ ကျွန်တော်က ကားဝယ်ဖို့ တိုက်တွန်းလိုက်တာပါ"

"အောင်မယ် ... မင်းက ဖအေ့ဘက်တော်သားပေါ့လေ ခွေးသွေးရဲ့"

"ဘယ်သူ့ဘက်တော်သားမှ မဟုတ်ပါဘူး မေမေရယ်၊ ကိုယ့်အဖေနဲ့ကိုယ့်အမေပဲဟာ၊ တစ်ဖက်တည်းကိုလိုက်လို့ ဘယ်ရပါ့မလဲ"

"အင်း ... ပြောပါဦး၊ သူက ကားဝယ်မလို့ဆိုတော့ ..."

"ကားတွေကြည့်ရင်းနဲ့ နောက်ဆုံးတော့ ဝယ်မဲ့ကား ရွေးလိုက်ရော၊ အဲဒီနေ့က စာချုပ်လာချုပ်တာ။ စာချုပ် ချုပ်တဲ့လူက အိမ်မှာချုပ်နေ၊ ငွေထုတ်တဲ့လူက ဖေဖေ့ချက်က် နဲ့ ငွေသွားထုတ်နေပေါ့၊ ငွေထုတ်တဲ့သူက ပြန်လာပြီး ဘဏ်မှာ ငွေဒီလောက်မရှိဘူး ဆိုတော့ ဖေဖေ ဟိုက်ခနဲ ပက်လက်လန်သွားတာပေါ့၊ စာချုပ်တောင် ရေးပြီးနေပြီ"

ဖေဖေကလည်း အဖြော့င်သမားကြီးဆိုတော့ ရုတ်တရက် သူ့အလုပ်ရမှန်းတောင် မစဉ်းစားတတ်တော့ဘူး၊ ကျွန်တော့်ကို လှမ်းခေါ်လို့ ပြေးရတာပေါ့"

"နောက် ဘယ်လိုဖြစ်သွားလဲ"

"အရောင်းအဝယ် ပျက်သွားတာပေါ့၊ ဖေဖေကတော့ ရှက်တာပေါ့၊ ပွဲစားတွေကို မုန့်ဖိုးပေးပြီး တောင်းပန်လွှတ်ရတာပေါ့"

"အမယ်လေး ... တော်ပါသေးရဲ့၊ ငါ့တိုက်ခန်း အဝယ်စောလို့ တော်ပါသေးရဲ့၊ ဝမ်းသာလိုက်တာ"

မေမေသည် ကလေးတစ်ယောက်နှယ် ပြုံးစိစိ ဖြစ်နေကာ ကြီးကြီးနှင့် မမငယ်ကိုပါ ထိုအဖြစ်သနစ် ဇာတ်ကြောင်းကို လှမ်းပြောပြီး ရယ်မောနေပါတော့သည်။

"တော်ပါသေးရဲ့ မိငယ်ရယ် ... တွေ့လား၊ မိငယ်က ဟိုတစ်ခန်း ဈေးဆစ်ထားတာ လျှော့မလား တစ်ပတ် နှစ်ပတ် စောင့်ပါဦး ဆိုတာသာ စောင့်လိုက်ရင် ငါ့တိုက်ခန်း မဝယ်ရတော့ဘူး၊ သူ ကားဝယ်တဲ့ထဲ ပါသွားပြီ၊ အမယ်လေး ... ရယ်တောင် ရယ်ချင်တယ်၊ ဦးရဲသွေး တစ်ယောက် ဒေါ်တွေပွပြီး ခုန်နေရမှာများ မြင်ယောင်ပါသေးရဲ့"

မေမေ ရယ်မောနေတာကို သားရွှေသွေးက မသက်မသာ ကြည့်နေရင်း ...





"မေမေကလည်း ဖေဖေ သနားပါတယ်၊ ဖေဖေ့မှာက ကားတကယ်လိုနေတာ မေမေရ၊ ဘတ်စ်ကားနဲ့ လျှောက်သွားနေတာ၊ ခြေထောက်နာကြီးနဲ့"

"အောင်မယ် ... ငါလည်း အိမ်တကယ်လိုနေတာပဲဟာ"

"မေမေက မေမေ့ဘာသာ သက်သာချောင်ချိစွာ နေချင်လို့ပါ၊ မေမေ နေမယ်ဆိုရင် ကြီးကြီးတို့အိမ်ရော၊ အန်တီလေးအိမ်ရော နေလို့ရတာပဲ"

"အေးလေ ... ကြီးကြီးက တစ်ယောက်တည်း အလုပ်သမားနဲ့ ပြောင်းမနေပါနဲ့ တားတာ မရပါဘူးကွယ်၊ အိမ်ကျဉ်းတာတော့ မှန်တယ်လေ၊ ဒါပေမဲ့ နေလို့ရပါတယ် ရွှေသွေးရယ်"

"ဟုတ်သားပဲ မေမေကလည်း၊ ကျွန်တော့်အိမ် လာနေရင်လည်း ရတယ်လေ မေမေ"

"ရွှေသွေး ... မင်းက အဖေဘက်ကပေါ့ ဟုတ်လား၊ ငါ ဒီငွေတွေသုံးပြီး ကွန်ဒိုဝယ်လိုက်တာ မင်းကလည်း မကျေနပ်ဘူးပေါ့"

"မကျေနပ်စရာ မရှိဘူး မေမေ၊ ကျွန်တော့်ငွေလည်း မဟုတ်ဘူး မေမေရဲ့၊ ဖေဖေလည်း ကားဝယ်ဖို့ ငွေလိုတယ်လို့ ပြောပြတာပါ"

"သူပဲ ကားဝယ်သင့်တယ်၊ မေမေက အခန်း မဝယ်သင့်ဘူးပေါ့"

"မသိတော့ဘူး မေမေရာ၊ မေမေတို့က ကလေးတွေကျနေတာပဲ၊ အတူတူတည့်ပြီးနေရင် အိမ်လည်းဝယ်စရာ ကားလည်းဝယ်စရာ မလိုတဲ့ဟာကို"

"အတူနေတုန်းကလည်း ကားက သူချည်းသုံးတာပဲဟာ၊ ငါ့မှာ သွားစရာရှိရင် ကိုယ့်ဟာကိုယ် တက္ကစီလေးငှားသွားရတာက များတာ၊ သူ့လိုက်ပို့ခိုင်းဖို့က အကြိမ်တစ်ရာမှ တစ်ကြိမ်လောက် အားကိုးလို့ရတာ၊ သူလည်း ခု ကားမရှိတော့ အရင်က ငါ့လိုပဲ ကားငှားသွားပေါ့၊ သူ့ဟာသူကပ်စေးနည်းပြီး ဘတ်စ်ကားစီးတာ ငါ့အပြစ်လား ရွှေသွေးရဲ့"

"ကားငှားဖို့ကလည်း တစ်ရက်တလေကိစ္စ မဟုတ်ဘူး၊ ဖေဖေက အလုပ်တစ်ခုဝင်လုပ်ဖို့ စီစဉ်နေတာ၊ နေ့စဉ်ကိစ္စ၊ ဒါကြောင့် ကားလိုတယ် မေမေရဲ့"

"သူက အလုပ်လုပ်ဦးမယ် ! ..."

"ဟုတ်တယ် မေမေ၊ တစ်ယောက်တည်း ပျင်းလို့ဖြစ်ရင် ဖြစ်မှာပေါ့၊ ခြေထောက်နာတာကလွဲရင် ကျန်းမာရေးကောင်းနေတာ၊ လုပ်ရင်လည်း လုပ်ပစေပေါ့"

"ခြေထောက်က ဘာလို့ နာတာလဲ"

"မေမေ စိတ်ပူတယ်ပေါ့"





"ဘာလို့ ပူရမှာလဲ၊ သူ့ဟာသူ ဘာကြီးဖြစ်ဖြစ်"

မေမေ့ကို ဝိုင်းရယ်ကြပါသည်။ မေမေကတော့ ခပ်တည်တည်။

"မင်းက တွေးနေမှာပေါ့လေ၊ မေမေက ကားကျတော့လည်း ယူချလာတယ်၊ ပိုက်ဆံတွေလည်း တိုက်ခန်းဝယ်ပစ်တယ်၊ တိုက်ခန်းနဲ့ ကားနဲ့ ပြည့်စုံလို့ ဖေဖေကတော့ ဘတ်စ်ကားစီးလို့ ဆိုပြီး သနားနေတာပေါ့ ဟုတ်လား၊ အရင်ကလည်း သူချည်း ကားသုံးနေတာ၊ မေမေ ဒီလိုပဲ နေခဲ့ရတာပဲ၊ တစ်ခါတလေ ကားငှားသွားလိုက်တယ်၊ ဈေးလောက်ဆိုရင် ဆိုက်ကားစီးသွားတယ်၊ ဘယ်သူ့အသနားမှ မခံခဲ့ရပါလား"

"မေမေကလည်း ဖေဖေ့ကို သနားတယ်လို့လည်း မဟုတ်ပါဘူး"

"မသနားနဲ့ ... မင်းအဖေ ကပ်စေးကုတ်ကြီးက သူ့ဟာသူ ကျိတ်စုထားတဲ့ နောက်ထပ်ငွေစုစာအုပ်တစ်အုပ် ရှိပါသေးသတော်၊ ငါ သိပါတယ်၊ ဘယ်လောက်ရှိတယ်ဆိုတာ အတိအကျ မေမေ့ကိုတောင် ပေးသိတာ မဟုတ်ဘူး၊ အတိအကျ မသိပေမဲ့ အဲဒီထဲလည်း ရာဂဏန်းပဲဆိုတာ မေမေ သိပါတယ် ရွှေသွေးရယ် ...

မင်းအဲဒါ စိတ်ပုပ်ပုံ တွေ့လား၊ သူ့စာအုပ်သီးသန့်ထဲမှာလည်း ငွေလောက်နိုင်ရဲ့သားနဲ့ သူ့စာအုပ်ထဲက ထုတ်သုံးလို့မလုပ်ဘူး၊ ဤျိုင့်စာအုပ်ထဲက ထုတ်သုံးဖို့လုပ်တယ်၊ ဒီဤျိုင့်အကောင့်ထဲထဲက အရင်ကုန်ပစေပေါ့ ... တွေ့တယ် မဟုတ်လား"

"မေဖေ့ဆီ ရောက်ရင်လည်း မေမေ စိတ်ပုပ်လို့တဲ့၊ မေမေ့ဆီ ရောက်တော့လည်း ဖေဖေ စိတ်ပုပ်တယ်တဲ့၊ တကယ်က ဘယ်သူပုပ်တာလဲ"

"သူ ... နင့်အဖေ"

ဝါးခနဲ ပိုင်းရယ်လိုက်ကြ၍ မေမေ ပြုံးစိပြုံးစိ ဖြစ်လာပါသည်။

"ဝမ်းသာလိုက်တာ ... ငါ အရင်ပိုက်ဆံထုတ်မိပေလို့၊ ကံသီလို့ ... ကံသီလို့၊ နည်းနည်းများနောက်ကျရင် လုံးဝမဝယ်ရင်လည်း မဝယ်လိုက်ရဘဲ နေမယ်၊ ဒါမှမဟုတ် ပထမတစ်ရစ် ငွေချေပြီး နောက်တစ်ရစ် မချေလိုက်ရဘဲ တန်းလန်းကြီး ဒုက္ခရောက်နေရမှာ မြင်ယောင်ပါသေးရဲ့"

"အခု မေမေ့တိုက်ခန်းက ငွေကြေပြီး အပြီးအစီး ဖြစ်ပြီလား"

"ဖြစ်ပြီ၊ နှစ်ရစ်ပဲ ခွဲချေလိုက်တယ် သားရဲ့"

"နေလို့ရပြီပေါ့"





"ရပြီပေါ့၊ ဒါကြောင့် မေမေက စနေနေ့ ရွှေ့တော့မလို့"

"စနေနေ့ ! ..."

"အင်း"

"ဒီစနေလား"

"အေးလေ၊ အဲဒါ သားလာကူပေးပါလား၊ အဲဒီနေ့ကျမှ ဆက်တီလေးတစ်စုံလောက် ပြေးဝယ်ရမှာတို့၊ မွေ့ရာအပါးလေး ဖျာလေး အိုးခွက်ပန်းကန်လေး အစရှိသဖြင့်တွေ ပြေးဝယ်ရမှာတို့က ရှိသေးတယ် သားရဲ့၊ အခုဝယ်ထားရင် ပြောင်းတဲ့နေ့ကျ ပစ္စည်းများနေမယ်၊ အဲဒီနေ့ကျမှပဲ ဝယ်မယ်လို့ စိတ်ကူးထားတာ၊ အိမ်ကတော့ အသင့်တက်နေရုံပါပဲ"

သားရွှေသွေးက ရှုံ့မဲ့၍ ငိုင်နေမိပါသည်။

"သား မအားဘူးလား"

"အားလား မအားလား အမေ့ရွှေးမသာ မေးကြည့်တော့"

မေမေက နီတာ့ဂုကို လှမ်းကြည့်လိုက်ပါသည်။

"ဖေဖေ့ကို ပြောပြီး ထွက်လိုက်ပေါ့ ကိုသားရယ်"

"ပြောထွက်ရတာကလည်း များနေပြီ"

"အဲဒီနေ့ အလုပ်ရှိလို့လား သား"

"ရှိတယ် မေမေရ၊ အလုပ်လည်းများမယ်၊ အရေးလည်းကြီးတယ်၊ ခုတလော သူ့အဖေကိုယ်တိုင် ချာလပတ်ယမ်း

အောင် အလုပ်ရှုပ်နေတာ၊ အဲဒီနေ့ သူ့အဖေနဲ့ အတူတူ လုပ်စရာရှိတာ"

"မနက်တခဏလောက် လုပ်လိုက်ပြီး နေ့လယ်လောက်ကျ ပြောထွက်လိုက်ပေါ့၊ အန်တီချို အိမ်ပြောင်းမဲ့ကိစ္စ ရှိတယ် ဆိုရင် ဖေဖေက မလွှတ်ဘဲ မနေပါဘူး"

"ပြောရမှာလည်း မျက်နှာပူတယ်ကွ၊ အရေးကြီးတဲ့ အစည်းအဝေးရှိရင် ဖေဖေ့ဖုန်းက ဝင်လာပါပြီ၊ တိုက်ပဲ တိုက်ဆိုင်လွန်းတယ်၊ များလာတော့ မျက်နှာပူတာပေါ့ မေမေရဲ့ သမက်ဆိုပြီး တခြားဝန်ထမ်းတွေထက် အခွင့်အရေးယူတဲ့ သဘော ရောက်မှာစိုးတာ၊ ကျွန်တော့်ကိုတော့ ဘာပြောပြောလေ၊ ဦးဝင်းနီက သူ့သမက်ကျတစ်မျိုး၊ ငါတို့ကိုကျ တစ်မျိုးဆိုပြီး ဦးဝင်းနီကို တစ်မျိုးမြင်မှာ"

"သြော် ... ကိုသားရယ်၊ သမက်ကျတော့လည်း တစ်မျိုးပေါ့၊ ကိုယ့်သမက်ကိုယ် တတ်နိုင်လို့ မခိုင်းဘဲ ထားတော့ကော သူတို့ ဘာတတ်နိုင်မှာလဲ၊ ဒါတော့ မဆိုင်ပါဘူး၊ စနေနေ့ကျ ဖေဖေ့ကို နီတျာလည်း ပြောပြမယ်"

"နီတျာ မပြောပါနဲ့၊ ကိုယ်တိုင်မပြောဘဲ မိန်းမနဲ့လှည့်ပြောခိုင်းရာ ကျတယ်"

"ဘာဖြစ်လဲ ... ကိုသားလည်း ပြော၊ နီတျာလည်း ပြောမယ်"





"သိပ်အလုပ်များနေရင်တော့လည်း မပြောပါနဲ့တော့ သမီးရယ်၊ လူကြီးက လုပ်နေရပြီး လူငယ်က ကိုယ့်ကိစ္စနဲ့ကိုယ် ထွက်နေတော့လည်း မကောင်းပြန်ဘူး၊ အန်တီ နားလည်ပါတယ်၊ မရှိမဖြစ်တာလောက်ပဲ အန်တီ ထွက်ဝယ်လိုက်ပြီး နောက်မှ ဖြည်းဖြည်းဝယ်ယူလည်း ဖြစ်ပါတယ်"

"ရပါတယ် အန်တီရဲ့၊ အမေတစ်ယောက်လုံး အိမ်အပြောင်းအရွှေ့ရှိတာ၊ ဒီသားတစ်ယောက်တည်းရှိတာက ကူမလုပ်ရင် ဘယ်သူ ကူလုပ်နိုင်မလဲ"

မေမေ ငွေတွေသုံးလိုက်တာဟာ အိမ်ခန်းဝယ်လိုက်တာလို့ သိလိုက်ရတော့လည်း ဒီငွေတွေဟာ အလွယ်တကူ ပြန်ထွက်မလာနိုင်တော့သည် ဖြစ်ရာ ဖေဖေရှိတဲ့ငွေနှင့်ပဲ ကားဝယ်ဖို့အတွက်ကို တိုက်တွန်းဖို့ ခေါင်းထဲ ထားရပြန်ပါသည်။ ကားမရှိလို့တော့ မဖြစ်ပါ။ အလုပ်လုပ်တော့မည် ဆိုရင်တော့ နေ့စဉ်သွားဖို့ ပြန်ဖို့ကားက မရှိမဖြစ် လိုအပ်ပါသည်။

ဖေဖေနှင့် မေမေ ပြန်လည်သင့်မြတ်သွားလျှင် အားလုံးသော အခြေအနေတွေ ပြေလည်သွားမှာ ဖြစ်ပေမဲ့ သူတို့နှစ်ယောက်ကလည်း ခုထိ အခဲမကျေသေးတာက ခက်ပါသည်။







ဒီနေ့ နီတျာက ရုံးချုပ်ကို လာဖို့မလိုပါဘဲ သူ့ယောက်ျား အဆူခံရမည်စိုး၍ ဟိုလိုလို ဒီလိုလိုနှင့် ရောက်လာပါသည်။ မနေ့ညကတည်းကလည်း မေမေ့ထံ ကြိုတင်ဖုန်းဆက်ပြောထား၍ ဖေဖေ့ကို စကားသွင်းနိုင်းထားပါသေးသည်။

ရုံးကို နီတျာ ရောက်လာသည်နှင့် ဖေဖေ့မျက်နှာက ပုပ်သိုးနေသည်။ ဟိုလူ့အော် ဒီလူ့ဟောက်နှင့်။ သားရွှေသွေးမှာလည်း သူ့ရုံးခန်းထဲသူ အေးအေး ထိုင်မနေနိုင်ဘဲ ဦးဝင်းနီအခန်းကို ကူးလိုက် ကိုယ့်အခန်းထဲ ပြန်လိုက်။ တော်ကြာ ဟိုဟာ့ လာပြေးပြောရ၊ ဒီစာရွက် လာပြေးပြရ။ ဇယ်ဆက်သလို အလုပ်များနေသည်။

ဖေဖေ့ အခန်းထဲ နီတျာ ရောက်နေတာကိုပင် စကားမပြောအား။ ဦးဝင်းနီ အလစ်မှာ နှာခေါင်းရှုံ့ပြပြီး ကမန်းကတန်း အပြေးအလွှား ပြန်ထွက်သွားတတ်ပါသည်။

"ညည်းက ဘာလာလုပ်နေတာလဲ"

"မြို့ထဲလာရင်း ရုံးကို ခဏဝင်လာတာပါ ဖေဖေ"

"အပိုတွေ ပြောမနေစမ်းပါနဲ့ မိနီတျာရယ်၊ ညည်းယောက်ျား လစ်ခွင့်မရမှာစိုးလို့ ဖအေကို မျက်နှာလာပြနေတာ မဟုတ်လား"

"မဟုတ်ပါဘူး ... ဖေဖေကလည်း"

"ဘာမဟုတ်ပါဘူးလဲ၊ ညည်းအဖေပါ၊ ညက ညည်းအမေလည်း ပြောတယ်"

ဖေဖေသည် စိတ်နည်းနည်းတိုနေလျှင် တညည်းညည်းနှင့် သုံးနှုန်းတတ်ပါသည်။

"မေမေက ဘာပြောလို့လဲ"

"ညည်းယောက်ျားကို လစ်ခွင့်ပေးလိုက်ပါတဲ့"

"သြော် ... အဲဒါ သူ့အမေ အိမ်ပြောင်းမှာမို့ပါ"

"အင်းလေ ... ဒီအတွက် ညည်း လာတာ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး ဖေဖေကလည်း၊ သူကလည်း ခုချက်ချင်း သွားမှာလည်း မဟုတ်ပါဘူး၊ နေ့ခင်းလောက်မှပါ"





"ဒီနေ့ ဒီလောက် အလုပ်များတာ၊ နေ့လယ်မှာ အထပ်နှစ်ဆယ်တိုက် ဆောက်နေတဲ့ လုပ်ငန်းခွင်ကို လူကြီးတွေ လာကြည့်မယ်၊ သူရော ငါရော ရှိရမှာ၊ သူ့အောက်က မန်နေဂျာကတော့ အားလုံး ရှင်းလင်းပြောပြနိုင်ပါတယ်၊ ဒါပေမဲ့ သူပါရှိမှ ပိုကောင်းတာပေါ့၊ ငါတစ်ယောက်လုံး တောင် ရှိနေမှဲဟာ"

"လုံးဝ သူ သွားလို့ မရရင်လည်း မလွှတ်နဲ့ပေါ့ ဖေဖေရယ် ရပါတယ်၊ သူ့အမေဆီ နောက်မှ သွားပစေတော့"

ဦးဝင်းနီ မျက်နှာကြီးက ရှုံ့မဲ့ကာ ...

"အဲဒီလိုကျတော့ရော ငါက ကောင်းမလား၊ ဒီကောင်က စိတ်ထဲကျိတ်ပြီး မခံချိမခံသာ ဖြစ်နေဦးမယ်"

"ဖြစ်လည်း ဖြစ်ပစေပေါ့"

"ဖြစ်တော့ ဘယ်ကောင်းပါ့မလဲ၊ တောက် ... မလွှတ်ပြန်လည်း ငါ့အလွန် ဖြစ်ဦးမယ်၊ ဒီလုပ်ငန်းကြီး တစ်ခုလုံးမှာ ဦးဝင်းနီ တခြားခိုင်းစရာ လူတစ်ယောက်မှ မရှိတော့လို့လားလို့ မေးစရာ ဖြစ်တယ်"

တကယ်တော့ ဦးဝင်းနီသည် သူ ကိုယ်တိုင်ပါ [illegible]က်ပါနေရမည့်ကိစ္စဖြစ်၍ သူနှင့် လူရင်းဖြစ်သော သူ့အားကိုး[illegible]သာ သားမွေးသွေးကို သူ့အနားက တောက်လျှောက် ကပ်ပါနေ

စေလိုတာ ဖြစ်ပါသည်။ ပါလျှင် ပိုကောင်းသည်။ လုံးဝမပါ
တော့လျှင်လည်း ဘာမှတော့ မဖြစ်နိုင်ပါ။

"သေရေးရှင်ရေးလည်း မဟုတ်"

ကျေတော့ မကျေနပ်နိုင်သဖြင့် ပါးစပ်က ဖျစ်တော
ဖျစ်တောက်တော့ လုပ်နေသည်။

"အလကား အလုပ်ပိုတွေ၊ သူတို့မှာတော့ အချိန်တွေပို
အချိန်တွေ ပိုလွန်းလို့ ရန်ဖြစ်ရတာနဲ့ ကွဲရ ကွာရတာ
အသက်တွေကြီးမှ"

"အဲဒါ ဖေဖေလည်း အန်ကယ်ရဲကို နည်းနည်းပါး
နားချပါဦးလား"

"ငါက ဘာနားချရမှာလဲ"

"ကွဲနေကြတာ ပြန်ပေါင်းလို ပေါင်းငြားပေါ့ ဖေဖေရ"

"ဟာ ... ငါက သင်းတို့အဖေမှ မဟုတ်တာ"

"ဖေဖေတို့ မိတ်ဆွေတွေသာ ဖြစ်တယ်၊ မတွေ့ကြ
လည်း ကြာလှပြီနော်"

"ဟိုးအရင်ကတည်းကလည်း တစ်နှစ်နေလို့ တစ်ခါ
ကြတာ မဟုတ်ဘူး၊ ကိစ္စရှိမှပဲ တွေ့ကြတာပါ၊ ခုလည်း
တမင်တကာ မတွေ့ဘဲနေတာမှ မဟုတ်တာ၊ ကြုံမှ
တာ၊ စေ့စပ်ပြီးကတည်းကကို မတွေ့တော့တာ"





"သူငယ်ချင်းချင်းဆိုတော့ ပြောဆို ဖျောင်းဖျလို့များ ရမလားလို့"

"ငါ့သူငယ်ချင်း ငါ ဖျောင်းဖျတော့ရော သူ့မိန်းမက ရှိသေးတာ"

"အန်တီချို့ကိုရောပေါ့၊ ဖေဖေတို့ ပြောတာဆိုရင် သူတို့ အရေးထားမှာပါ"

"ရှုပ်ရှုပ်ယှက်ယှက် သူများလင်မယား ကြားထဲမှာ၊ သူတို့က မနာခံရင် ပြောစကား အဖတ်တင်ပြီး ပြောရတဲ့သူ သိက္ခာကျတယ်၊ သူတို့ကလည်း နာခံမယ် မထင်ပါဘူး၊ ကိုယ်ရင့်တဒွကြီးတွေ၊ ငါ့တပည့်လည်း မဟုတ်၊ ကျေးဇူးခံလည်း မဟုတ်၊ ဘာအတွက် ငါ့စကား နားထောင်မှာလဲ"

"နားမထောင်တောင် ဂရုတစိုက် အရေးထားမှာပါ ဖေဖေ"

"ပြောရခက်ပါတယ် သမီးရယ်"

"သိပ်ကြာသွားရင် မကောင်းဘူး ဖေဖေရ"

"ကြာရင် မကောင်းတာတော့ အမှန်ပဲ၊ အခုကိုပဲ ငါ့အတွက် အတော်မကောင်းဘူး ဖြစ်နေပြီ၊ ငါ ခိုင်းချင်တာ အချိန်ပြည့် ခိုင်းချင်သလောက်ကို မခိုင်းရဘူး ဖြစ်နေတယ်၊ ငါ့အလုပ်ကလည်းများ၊ သူလည်း မနားရဘူး၊ လင်မယားတောင် မနက်တစ်ကြိမ် ညတစ်ကြိမ်လေးပဲ တွေ့ကြရတဲ့

အခြေအနေမျိုးမှာ ဒီအလုပ်ချိန်ထဲကမှ သူ့အဖေနဲ့အမေ အရှုပ်အရှင်းတွေအတွက် အချိန်ခွဲမပေးပြန်လည်း ... အင်း"

ဦးဝင်းနီ မျက်နှာကြီး မှုန်ကုတ်နေဆဲ သားရွှေသွေး အခန်းထဲ ဝင်လာကာ ...

"နေ့လယ်အတွက် အားလုံး အဆင်သင့် ပြီးပါပြီ အန်ကယ်၊ အန်ကယ် ဒီက ထွက်မယ်ဆိုရင် အခုသွားလို့တောင် ရပါပြီ၊ ကျွန်တော် အခု ပစ္စည်းရွေးစရာ ကိစ္စတစ်ခုနဲ့ ဆိပ်ကမ်းကို ခဏသွားလိုက်ဦးမယ်၊ ပြန်လာရင် ဆိုက်ကိုသွားလို့ ရပါပြီ"

"မင်းက လိုက်မှာမို့လို့လား"

"လိုက်မှာလေ အန်ကယ်"

"မင်းအမေ အိမ်ပြောင်းမလို့ဆို"

"နက်ဖြန်မှပဲ လိုတာ သွားလုပ်ပေးလိုက်တော့မယ် အန်ကယ်၊ ဒီနေ့ မေမေ သူ့ဟာသူပဲ ပြောင်းပစေတော့"

"တော်ပါကွာ၊ မဖြစ်သေးပါဘူး၊ မင်း အဆင်သင့်ဖြစ်တဲ့ စာရွက်စာတမ်းတွေသာ အခုကတည်းက ငါ့ကိုပေးခဲ့တော့၊ ဆိပ်ကမ်းကတော့ ဒီနေ့ မင်းလာမှဆိုတော့ မင်းပဲသွားလိုက်၊ ပစ္စည်းက ဒီနေ့ ရွေးရမှာမှ မဟုတ်သေးဘဲ၊ သိပ်ကြာမှာ မဟုတ်ပါဘူး၊ ပြီးရင် မင်းအမေ ဆီသာ သွားလိုက်ပါတော့"





"ရပါတယ် အန်ကယ်၊ ကျွန်တော် ဆိုက်ထဲကိုပဲ ..."

"သွားလိုက်ပါကွာ၊ ဟိုမှာ မင်း လိုနေမှာပါ၊ ဒီမှာ ရွှေသွေး ... ငါ တစ်ခုတော့ ပြောချင်တယ်နော်၊ မင်း အဖေနဲ့ အမေက ဒီတိုင်းကြီးတော့ မဟုတ်သေးဘူးနော်"

"ကျွန်တော်လည်း မျှော်လင့်တာပဲ အန်ကယ်"

"မင်း ညံ့တာပေါ့ကွ"

"ဖေဖေကလည်း တစ်ယူသန်ကြီး၊ အန်ကယ် သိသားပဲ၊ မေမေကလည်း ခေါင်းမာတယ် အန်ကယ်၊ တစ်ယောက်ကို တစ်ယောက် အခဲကို မကြေဘူး"

"ဒီမှာ မင်း အလုပ်ရှုပ်ပြီလား ဆိုရင် ဟိုဘက်မှာ တစ်ယောက်ယောက်ကလည်း တစ်ခုမဟုတ်တစ်ခု ကိစ္စပေါ်ပြီ၊ ဒီကိစ္စတွေ အားလုံးက သူတို့ ကွဲနေလို့/ဖြစ်နေတဲ့ ကိစ္စချည်းပဲ၊ အတူသာ ပြန်နေကြရင် ဒီကိစ္စတွေ ပေါ်လာစရာ မရှိဘူး၊ အဲဒါ မင်း တစ်နည်းမဟုတ် တစ်နည်း ကြိုးစားဦး"

"ဟုတ်ကဲ့ အန်ကယ်"

"ကဲ ... သွားတော့"

"ဖေဖေ ... နိတျာလည်း ပြန်တော့မယ်"

"ရွှေသွေးနဲ့ လိုက်သွားမလို့လား"

"ဟုတ်ကဲ့ မေမေ၊ အန်တီရှို့အိမ် ဘာလိုသလဲ နည်းနည်း ကူလိုက်ဦးမယ်၊ နီတျာ့ကား ဒီမှာပဲ ထားခဲ့မယ်၊ ညနေမှ လာပြန်ယူတော့မယ်"

"ပြီးရော ... ပြီးရော ... သွားကြ"

ဦးဝင်းနီမှာ စိတ်ရင်းသဘောကတော့ ကောင်း၍ နောက်ဆုံး သားရွှေသွေးကို လွှတ်လိုက်သော်လည်း မကျေနပ်လှ တာကတော့ သိသာထင်ရှားစွာ မျက်နှာပေါ်မှာ ပေါ်လွင်နေတော့ သည်။

အကျပ်အတည်းကြားက မျက်နှာပွပွနှင့် ထွက်ခဲ့ကြ သော်လည်း မေမေ့ဆီရောက်တော့ အိမ်သစ်မှာ ပြင်ဆင်နေရာချ ရတာ တပျော်တပါးပင် ဖြစ်နေကြရပါသေးသည်။ သားရွှေသွေး ရဲ့ကားက ဟိုင်းလပ်စ် ဖိုးဗိုးဒရိုက်ဗ် နောက်ဖွင့်မို့ မေမေ့အတွက် မွေ့ရာတုံး၊ တိုလီမိုလီ လိုအပ်တာတွေ သွားထွက်ဝယ်ခဲ့ပါသည်။





ကျွန်းဆက်တီတစ်စုံနှင့် ဗီရိုတစ်လုံးကတော့ ပရိ ...ာဂ ဆိုင်မှပဲ လိုက်ပို့ပေးသည်။ အခန်းဟာ ပါကေးခင်းထား၍ ...ဝံလွှင်ပြောင်လက် လှပနေသော နေချင့်စဖွယ် အခန်းကလေး ...ႇလေသည်။

"အခန်းက ချစ်စရာလေး ... ပျော်စရာတောင် ကောင်း တယ်"

"အေး ... မေမေလည်း ဒီအခန်းကို မြင်တာနဲ့ ကြိုက်တာ"

"မေမေ ဟန်းနီးမွန်း အသစ်ထပ်မထွက်ချင်ဘူးလား ဟဲဟဲ"

"ရွှေသွေးနော် ... မင်း ဒါပဲ ရန်စဖို့ကြံနေတယ်"

"သြော် ... မေမေ့ခများတော့ အိမ်အိုဟောင်းထဲ ကိုယ်တစ် ယောက်တည်း လွမ်းတေးတစ်ပုဒ်နဲ့ ကျန်ရစ်ခဲ့ ဆိုသလို ဖြစ်နေပြီ"

ကြီးကြီးတို့ အိမ်မှာကတည်းက မေမေ ချုပ်ယူလာခဲ့ ...သာ ခန်းဆီးသစ်တွေ နီတျာက တပ်၊ သားရွှေသွေးက ပရိဘောဂ ...ဆိုင်က အလုပ်သမားတို့နှင့် ပစ္စည်းတွေ သယ်မ,နေရာချ။ အိမ် ...ဆော် ဒေါ်ငြိမ်းက ဝယ်လာသော အသစ်ကျပ်ချွတ် မီးဖို၊ အိုးခွက်၊ ...န်းကန်တွေ သိမ်းဆည်းထားသို ...။

တစ်အိမ်လုံး စကားသံ တညံညံနှင့် ပျော်ပွဲစား ...ွက်သလိုတောင် ဖြစ်နေပါသည်။

"လေဝင်လေထွက်လည်း ဘယ်လောက်ကောင်းလဲ တွေ့လား၊ အဲကွန်း မလိုဘူး၊ မေမေက အပြင်ဘက်ကျတဲ့အခန်း ရွေးဝယ်တာ"

"အခန်းလေးက ကောင်းပါတယ်၊ ဖေဖေ့ခမျာတော့ အိမ်အိုကြီးထဲမှာ ..."

"သူ့အိမ်အိုကြီးက ခြံကျယ်ဝင်းကျယ် နှစ်ထပ်တိုက်ကြီးပါနော်၊ အိုလည်း မအိုပါဘူး၊ မနှစ်ကမှ သူ ပင်စင်မယူခင်လေး ဆေးတစ်ကြိမ် အသစ်သုတ်သေးတာ"

"ခြံကျယ်ကြီးတွေ တိုက်ကြီးတွေကို ပြောနေတာ မဟုတ်ဘူး၊ နေချင့်စဖွယ်လေးကို ပြောနေတာ၊ ဒီအခန်းလေးမြင်ရင် ဖေဖေတောင် လာနေချင်သွားမယ်"

"အမယ် ... လာနေလို့ရမလား၊ သူ လာနေရင် လေကောင်းလေသန့် ရနေတဲ့ ငါ့အခန်းလေးလည်း ဆေးလိပ်မီးခိုးငွေ့တွေ မွှန်ထူပြီး မွဲ့န်းကျပ်လှောင်ပိတ်သွားမှာပဲ"

"ဟုတ်တယ် ... ဖေဖေလည်း ဆေးလိပ်သောက် အတော်များတယ်"

"သားလုပ်တဲ့သူတောင် မသောက်ဘူး၊ သူက ကြီးမိုက်ကြီး မီးခိုးခေါင်းတိုင်ကျနေတာပဲ၊ သံပရာသီးလို လူစား၊ ကြီးလေချဉ်လေ"





"မမမ ဒီလို ဖေဖေ့အတင်းလေးတွေ တဖွဖွ ပြောနေရတာ အရသာရှိတယ် မဟုတ်လား ... ဟဲ ဟဲ ..."

"အောင်မာ ရွှေသွေးနော် _၊ မကျေနပ်တာတွေ ရင်ထဲမဆန့်လို့ အန်ထုတ်တာဟော့၊ အရသာရှိလို့ ပြောနေတာ မဟုတ်ဘူး၊ ဘယ်တော့ အဆုတ်ကင်ဆာဖြစ်မဲ့ အဘိုးကြီးလည်း မသိဘူး"

"အဲလိုတော့ မပြောပါနဲ့ မေမေရာ၊ မဦးမချွတ်နဲ့"

"ဖြစ်နိုင်တာ ပြောပြတာလေ၊ ဖြစ်စေချင်လို့တော့ မဟုတ်ပါဘူး"

"မေမေ မရှိတဲ့နောက် ဖေဖေက ပိုတောင် သောက်သေးတယ်၊ ပျင်းပျင်းရှိ ငြီးငြီးငွေ့ငွေ့နဲ့ ဆေးလိပ်ချည်း သောက်နေတယ် ထင်တယ်၊ အစက တစ်ဘူးလောက်ကုန်တာ မဟုတ်လား၊ ခုဆိုရင် နှစ်ဘူးလောက် တစ်နေ့တစ်နေ့ ကုန်ပုံရတယ်"

"ဟင် ... ဟုတ်လား"

"ဟုတ်တယ် မေမေ၊ အဲဒါ မေမေ မရှိလို့"

"ဘာမှ မဆိုင်ဘူး၊ ကိုယ့်အသက် ကိုယ့်ကျန်းမာရေး ကိုယ်မွေးရမှာပေါ့၊ သူ အလုပ်လုပ်မလို့ဆို ... အလုပ်ဝင်ရင် ပြန်လျှော့သွားမှာပါ"

"မျှော်လင့်ရတာပဲ"

"သူ့အသက်မှ သူ မနေချင်ရင် ဘေးလူက ဘာတတ်နိုင်မှာ လဲ သားရယ်၊ မေမေဆို သွေးတိုးရှိတယ် ဆိုကတည်းက ကိုယ်နဲ့ မတည့်တာ ရှောင်လိုက်တာပဲလေ၊ အင်မတန်ကြိုက် တဲ့ ငါးပိ၊ ငါးခြောက်၊ ငံပြာရည် လျှော့တန်လျှော့၊ ရှောင် တန်ရှောင်တယ်၊ အချိုမှုန့် မစားဘူး၊ အဆီအဆိမ့်တွေ အုန်းသီးတွေ ဘာတွေ အားလုံး ရပ်ပစ်တာပဲ၊ တည့်တာထဲ ကပဲ သင့်တော်တာ ရွေးစားတယ်"

"ဖေဖေကတော့ ရောဂါကြီး မရှိသေးတော့ မရှောင်သေးဘူး ပေါ့လေ"

"မင်းတို့ ယောကျ်ားချင်းများ အပြစ်ကို တော်တော်ကြက် မွေးနဲ့ သပ်တယ်နော်"

"ကျွန်တော်က ဖေဖေ့ဘက်ကလည်း မဟုတ်ဘူးနော်၊ ကြားနေ ... ကြားနေ"

"ရောဂါဖြစ်လာမှ ရှောင်ရမလား သားရဲ့၊ သွေးတိုးတာက ထိန်းထားပြီး ဆင်ခြင်နေလို့ရတယ်၊ အဆုတ်ကင်ဆာ တွေ ဘာတွေဖြစ်ရင် ထိန်းလို့မရ ရှောင်လို့ ဆင်ခြင်လို့ လည်း မရတော့ဘူး၊ သူ့ဟာမျိုးက ကြိုတင်ကာကွယ်ရ မှာမျိုး၊ တစ်ခုခုဖြစ်မှာ မဖြစ်စေချင်ပါဘူး၊ တကယ်ပါ၊ သနားလို့ ချစ်လို့တော့ မထင်နဲ့၊ သူဖြစ်ရင် သူကိုယ်တိုင်





လုပ်တတ်ကိုင်တတ် ဆရာဝန် ပြတတ်ဖို့တော့ ခက်သေး တယ်၊ မင်းကလည်း သိပ်တတ်တာမဟုတ်၊ ငါ့မှာ မေတ္တာ မရှိပဲ ဝင်ပြီး စိမ်ခန့်ခွဲ စီစဉ်ပေးနေရဦးမယ်၊ အဲဒါ ကြောင့် မဖြစ်ပါစေနဲ့ပဲ ဆုတောင်းပါတယ်"

"မေမေရယ် ... စိတ်ပူရင်ပူတယ်ပေါ့၊ သနားရင် သနားတယ် ပေါ့၊ ချစ်ရင်ချစ်တယ်ပေါ့၊ ဒီလောက်လည်း ဖုံးကွယ်မနေ ပါနဲ့"

"ရွှေသွေးနော် ... ငါ တကယ်စိတ်တိုလာတယ်"

မေမေ့ကို စ,ရင်း ရယ်ရင်း မောရင်း လုပ်ကိုင်နေကြ ပါသည်။ ဘယ်သူမှ မနက်စာ မစားကြရသေး။ သားရွှေသွေးတို့ ယ်လာခဲ့သော ထမင်းကြော်ထုပ်တွေ ရှိသည်။

"သားရေ ... နီတျာ ဗိုက်ဆာရောပေါ့"

"မဆာသေးပါဘူး ... ရပါတယ် မေမေ"

"သားပြီးရင် နီတျာ ခန်းဆီးတပ်တာ ကူတပ်လိုက်ပါ၊ မေမေက ခုံပေါ်တက်ရပ်ရတာ မူးတယ်ကွယ်၊ နီတျာလည်း မူးဦးမယ်နော်၊ မလုပ်ပါနဲ့တော့ သမီးရယ်၊ ပြီးမှ ရွှေသွေး လုပ်ပါလိမ့်မယ်၊ ပြတင်းပေါက်တွေက အများကြီး၊ ထား လိုက်ပါတော့"

"ရပါတယ် မေမေရဲ့၊ အမြင့်တက်ရပ်ရတာ နီတျာ မမူး တတ်ပါဘူး"

နိတျာက ပြတင်းပေါက် တစ်နေရာပြီးလျှင် နောက်တစ်နေရာကို ခုံရွှေ့သယ်ပြီး တစ်ခါထပ်တပ်ပြန်သည်။ သားရွှေသွေးက တစ်အိမ်လုံးက ရေဘုံပိုင်တွေ စစ်ဆေးပြီး မကောင်းတာတွေ လဲဖို့ပြင်နေသည်။

အိမ်က အသစ်ဖြစ်ပေမဲ့ တချို့ရေဘုံပိုင်ခေါင်းတွေက အညံ့မို့ ဝက်အူချော်နေတာ ရေယိုနေတာတွေ ရှိသည်။ မော်တာနှင့် ရေတင်ကာ ရေတွေစမ်းဖွင့်ကြည့်နေဆဲ ...။

"ကိုသားရေ ..."

"ဟဲ့ ... နိတျာ ... နိတျာ ..."

နိတျာရဲ့ ပျော့ပျော့အိအိ အသံကလေးနှင့် တစ်ဆက်တည်း မေမေ့ ပူပန်တကြီးအသံ ထွက်ပေါ်လာ၍ သားရွှေသွေးက ရေချိုးခန်းထဲမှာ ပစ္စည်းတွေ ချရစ်ပြီး အပြင်ကို ပြေးထွက်လာခဲ့ပါသည်။

အိမ်ရှေ့တွင် ခုံပေါ်က လဲပြိုကျမလို ထိုင်ရက်စောင်းစောင်းလေး ရှိနေသော နိတျာကို မေမေက မနိုင်မနင်း သိမ်းဖက်ထားသည်။

"နိတျာ ... နိတျာ ..."

သားရွှေသွေးက နိတျာကို အမြန်သွားပွေ့ချီကာ ခုမှ ခင်းထားသော မေမေ့ မွေ့ရာ အသစ်စက်စက်ပေါ် သွားချပေးရသည်။





"နိတျာ"

"ရတယ် ကိုသား ... ခေါင်းထဲကပဲ မူးတယ်"

"သိပ်မူးလား ... ကိုယ် ဆရာဝန် ခေါ်လိုက်မယ်"

"အင်း ..."

ဒီနားမှာ အိမ်သစ် အရပ်သစ်မို့ ဘယ်နား ဆရာဝန်အိမ်တွေ ဆေးခန်းတွေ ရှိမှန်းလည်း မသိသေးပါ။ သားရွှေသွေးမှာ ထုထုပူပူနှင့် တိုက်ပေါ်က ပြေးဆင်း ကားမောင်းထွက်လာပြီး အနီးအနားတစ်ဝိုက် ကားပတ်မောင်းကာ နေ့ဘက်ဖွင့်နေသော ဆေးခန်းတွေ ရှာဖွေရသည်။

အတော်ကြာမှ ဆေးခန်းတစ်ခန်း တွေ့၍ ဝင်ကြည့်ရာ ဆရာဝန်မတစ်ယောက် ရှိနေပါသည်။ နေ့လယ်ခင်း လူလည်းရှင်းနေတာမို့ အကျိုးအကြောင်းပြောပြကာ ဆရာဝန်မနှင့် သူနာပြုနှစ်ယောက်ကို ကားနှင့် ပင့်လာရပါသည်။ အပြေးအလွှား ရှာဖွေဘာပင် ဆယ့်ငါးမိနစ်လောက်ကြာမှ သူ ပြန်ရောက်လာသည်။

"မေမေ ... နိတျာ ဘယ်လိုလဲ ..."

"မူးတော့မူးနေတုန်းပဲ သားရေ၊ အခြေအနေတော့ မဆိုးပါဘူး"

ဆရာဝန်မက နိတျာကို စမ်းသပ်စစ်ဆေးမေးမြန်းနေကာ ပရက်ရှာတိုင်း နားကြပ်ထောက်စမ်းနှင့် ခဏကြာလျှင် အပြုံးနှင့် ...

"ဇနီးလား ..."

"ဟုတ်ပါတယ် ဒေါက်တာ"

"ဘာမှ မဖြစ်ပါဘူး၊ ရှင့်ဇနီးမှာ ကိုယ်ဝန် ရှိနေတယ်"

"ဟာ ..."

"ဟယ် ..."

မေမေလည်း အလန့်တကြား အံ့သြဝမ်းသာကာ ဆရာဝန်မလက်ကိုပင် ယောင်ယမ်းဆွဲဆုပ် လှုပ်ယမ်းနေသည်။

"ကိုယ်ဝန်ရှိနေပြီ !... သေချာတယ်နော် ဒေါက်တာ၊ ဝမ်းသာလိုက်တာကွယ်"

"ဟုတ်တယ် ... ကျွန်မ စိတ်ကာင် နှစ်လတောင် ကျော်လောက်ပြီ၊ သုံးလထဲလောက် ရှိမယ်၊ အတိအကျ သိရဖို့ကတော့ အိုဂျီနဲ့ ဆက်ပြပြီး အာလ်ထရာဆောင်းဒ်တွေ ဘာတွေ ရိုက်ဖို့ ညွှန်ကြားရင် ရိုက်ကြည့်ပေါ့၊ ကိုယ်ဝန်ရှိတာတော့ သေချာပါတယ်၊ ကိုယ်ဝန်ရှိစ မူးတာ မိုက်တာမျိုး ဖြစ်တာပါ၊ ညီမ အစားအသောက်တွေ ဘာတွေ မပျက်ဘူးလား ..."

"အစားအသောက်တော့ ထူးပြီး မပျက်ပါဘူး ဒေါက်တာ"

"အော့အန်ချင်တာလည်း မရှိခဲ့ဘူးပေါ့"

"ဟင့်အင်း ..."





"ကံကောင်းတာပေါ့၊ တချို့မိန်းမတွေ ကိုယ်ဝန်ရှိစမှာ မူးတဲ့အပြင် အော့တာအန်တာ အစားပျက်တာတွေ ဖြစ်ရင် သိပ်ခံရတာ၊ လရင့်လာရင်တော့ မဖြစ်တော့ပါဘူး၊ ပထမဆုံးလား ဟုတ်လား"

"ဟုတ်ပါတယ် ဒေါက်တာ"

"ပျော်နေတာပေါ့ ...၊ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အစားအစာတွေ ရွေးစားပေါ့၊ အိပ်ရေးဝအောင်အိပ်၊ မိခင်ကျန်းမာမှ ကလေးကျန်းမာတာလေ၊ ပထမဆုံး ကိုယ်ဝန်ပဲဖြစ်တော့ အိုဂျီနဲ့ စောစောပြထားလိုက်ပါ"

"ဟုတ်ကဲ့ ... ဒီညနေပဲ ပြမှာပါ ဒေါက်တာ"

သားရွှေသွေး စကားကြောင့် ဆရာဝန်မက ပြုံးပါသည်။

ဆရာဝန်မလေးကို ပြန်ပို့ကာ ထိုနေ့အဖို့ မေမေ့အိမ်မှာ ဘာမှတောင် သိပ်အလုပ်မဖြစ်တော့ပေ။ နီတျာ့ကိုတော့ ငြိမ်ငြိမ်ကလေး ထိုင်ခိုင်းထားကာ သူ့ကိုပဲ အရိပ်တကြည့်ကြည့်လုပ်နေမိကြ၍ အလုပ်လည်းမတွင် ...။

မေမေလည်း အတော်ပျော်နေကာ သားရွှေသွေးလည်း ရင်ဒိတ်ဒိတ် ခုန်တဲ့အထိ စိတ်လှုပ်ရှား ပျော်ရွှင်နေပါသည်။ ကိုယ်ဝန်ရှိနေပြီဆိုတဲ့ အချက်ကလွဲပြီး နီတျာဟာ အရင်နီတျာပဲ ဖြစ်ပေမဲ့ တစ်ထိုင်တည်းမှာ နောက်တစ်ကိုယ် အသစ်မွေးဖွား

လာတာလို အမြင်ဆန်းကြယ်ပြီး မျက်စိထဲ ခြားနားဆန်းသစ်နေသလိုလို။

တစ်မျိုးကလေး ထူးခြားပြောင်းလဲကာ ကြည့်လို့မဝနိုင်သလိုဖြစ်ပြီး 'နီတျာ ချိုပေါက်မလာပါဘူး ကိုသားရယ်' လို့ နီတျာက ရယ်မောတားယူရတဲ့အထိ သားရွှေသွေးက အဖြစ်သည်းနေမိပါသည်။

ထိုညနေမှာ သားရွှေသွေးလည်း ဦးဝင်းနီထံ လုံးဝပြန်မရောက်တော့ပါ။ ဖုန်းနှင့်သာ သတင်း ပေးလိုက်ပါသည်။ နီတျာ့ အမေမျာလည်း အထိတ်တလန့် ဆွေ့ဆွေ့ခုန် ဝမ်းသာနေပါသည်။ ဦးဝင်းနီကလည်း သားရွှေသွေးကို ဒီနေ့အဖို့ နီတျာနားပဲ နေဖို့ညွှန်ကြားပါသည်။

"မင်း ဒီနေ့တော့ ရုံးကို ပြန်မလာနဲ့တော့၊ နီတျာ ထပ်မူးနေဦးမယ်၊ ကြားလား၊ ဒီညနေ အိုဂျီနဲ့ ပြဖြစ်အောင်ပြ"





"ပြမှာပါ အန်ကယ် ...၊ ဘယ်အိုဂျီနဲ့ ပြရမလဲ ခုပဲ ရွေးနေတာပါ"

"မင်းတို့ အေးအေးဆေးဆေး စုံစမ်းရွေးချယ်လည်း နောက်မှ ထပ်ရွေးချင် ရွေးချယ်ပြီး ပြောင်းပြတာမျိုး လုပ်ပေါ့၊ ခုမှ အစောပိုင်းပဲ၊ အိုဂျီ ပြောင်းလို့ ဘာမှ မဖြစ်ပါဘူး၊ ဒီညနေမှာတော့ တစ်ယောက်ယောက်နဲ့ ပြဖြစ်အောင်ပြ"

"ဟုတ်ကဲ့ ..."

"မင်းတို့ ဆေးခန်းသွားမှာနဲ့ ဘာနဲ့ ဒီညနေတော့ ငါတို့ မလာတော့ဘူး၊ နောက်ရက်မှ လာမယ်၊ သူ့အမေက လာချင်မှာ"

"ဟုတ်ကဲ့ အန်ကယ်"

"နီတျာ့ကိုလည်း အလုပ်က ထွက်ခိုင်းရမယ်"

"ကောင်းပါတယ် အန်ကယ်၊ ဘာပဲဖြစ်ဖြစ် သူ့တာဝန်လည်း မနည်းတော့ စိတ်ပင်ပန်း လူပင်ပန်းပါတယ်"

"အေး ... အဲဒီ ဆူပါမားကက်ဘက်ကို ဘယ်သူ့တာဝန်ပေးရကောင်းမလဲ မင်းလည်း စဉ်းစားထားဦး၊ နက်ဖြန်ကစပြီး နီတျာ အလုပ်မသွားစေနဲ့တော့"

"ဟုတ်ကဲ့ အန်ကယ်"

"မင်း အိမ်က မိန်းကလေးနှစ်ယောက်ကိုလည်း သေချာ Briefing ပေးထားဦး၊ နီတျာ့ကို ဂရုစိုက်ဖို့၊ အရင်နဲ့တူတာ

မဟုတ်ဘူး၊ နိုတျာက ဖိုးဖတ်ဗျိုးဗျတ်နဲ့ အသွက်မ၊ တော်ကြာ မဆော်တာဆမှုတွေဖြစ်နေမယ်၊ ခုမှ လက နုနုကလေး ရှိသေးတာ ကြားလား ...”

“ဟုတ်ကဲ့ အန်ကယ် ... အဟင်း ...”

သားရွှေသွေးက မထိန်းနိုင်တော့ဘဲ ဟုတ်ကဲ့ လိုက်ရင်း တစ်ချက်ရယ်မိသည်။

“မင်းတို့က ပေါ့တီးပေါ့ဆမို့ ငါက ဖအေတန်မဲ့ အားလုံး လိုက်ပြောနေရတာ၊ မင်းတို့ ဒါတွေ နားမလည်ပါဘူး”

“ကျွန်တော်လည်း သေချာဂရုစိုက်ဖို့ စီစဉ်ထားပါတယ် အန်ကယ်၊ အိမ်က ကောင်မလေးတွေကိုလည်း မှာထားပြီးပါပြီ”

“အေး ... သူ စားချင်တာလေး လုပ်ပေးပြီး များများဝင်အောင် ကျွေးဖို့ကော ပါလား ...”

“ဟုတ်ကဲ့၊ ပါပါတယ် အန်ကယ် ...”

“ဟင်းတွေ ဒီနေ့ကစပြီး အစပ်လျှော့ အငန်လျှော့”

“အဲဒါတော့ မေမေ မှာလိုက်ပါတယ်”

“နွားနို့၊ ကြက်ဥ များများကျွေး၊ ငှက်ပျောသီး များများကျွေး၊ ရေများများတိုက်”

“အဲဒါတွေလည်း မေမေ ပြောပြလိုက်ပါတယ် အန်ကယ်”

“အိုဂိုပြောတာတွေလည်း သေချာရေးမှတ်ခဲ့ ...”





“ဟုတ်ကဲ့ ... ဝမ်းချုပ်မခံရဘူး၊ ညနေခင်း ရေမချိုးရဘူး၊ အမြင့်မတက်ရဘူး၊ အထိုင်အထ အကုန်းအကွ မလုပ်ရဘူး၊ အလေးအပင် မ,မ,ရဘူး၊ အဝတ်အစား ကျပ်ကျပ် မဝတ်ရဘူး၊ အဲဒါတွေလည်း မေမေ အကုန်မှာလိုက်ပါတယ် အန်ကယ်”

“အေး ... ကောင်းတယ်၊ ဒေါ်ချိုချို မှာလိုက်ရင် ပြီးတာပဲ၊ သူ့အမေလည်း သင်ကြားပေးဦးမှာပေါ့၊ ဆရာဝန်ပြောတာတွေလည်း မှတ်ခဲ့ ...”

“စိတ်ချပါ အန်ကယ်”

ထိုညနေမှာ အက်စ်အက်စ်စီက နာမည်ကြီးသားဖွား းယပ်ပါရဂူ ဆရာဝန်မကြီးနှင့် သွားပြပါသည်။ တိုကင် ကြိုယူ သားရ၍ ဆေးခန်းမှာ အကြာကြီး စောင့်ရသည်။ သားရွှေသွေး ဲ့ ဆေးခန်းသွားနေခိုက် အိမ်ကို ဦးရဲသွေး ဖုန်းဆက်ပါသည်။

ကားတစ်စင်းဝယ်ဖို့ရာကို ... ရှိသည့် ပိုက်ဆံလည်း ားလုံး မထိချင်သည့် ဦးရဲသွေးမှာ ချီတုံချတုံ ချင့်ချိန်နေရာက မွေကီတစ်ခုက ရုံးလုပ်ငန်းပိုင်းဆိုင်ရာ အုပ်ချုပ်ရေးမန်နေဂျာ ထူးကို အလုပ်ရမည်ဆိုတာ သိရတဲ့အခါ ဦးရဲသွေးမှာ အဆော လျင် ကားရှာရတော့မည် ဖြစ်လာပါသည်။

ပထမတစ်ကြိမ်ကလည်း အရှက်ကွဲမလို စိတ်ပျက် က်ရ၍ တစ်ကြောင်း သားဖြစ်သူက သူ ရှာပေးမည်လည်း

ပြောသွား၍တစ်ကြောင်း ကားကို အလောတကြီး ထပ်မရှာဘဲ သား ရှာအလေးကိုသာ မျှော်နေသော ဦးရဲသွေးမှာ ချက်ချင်းလက်ငင်း ကားရှာရတော့မည်ဆိုတော့ သားကိုလည်း ဖုန်းဆက်လောကား အမှုတော်ချင်ပြန်ပေ။

သူ့ဟာသူ သတိရလျှင်တော့ ကောင်းသည်။ ကားရှာမတွေ့သေးဘူးလားဟု သူက မဆက်ချင်ပေ။ မေ့ပဲနေသလား ... အလုပ်ပဲ များနေသလား တွေးရင်း ပွဲစားများနှင့်လည်း ကားလိုက်မကြည့်ချင်ဘဲ မိတ်ဆွေကြီးတစ်ဦးထံကိုသာ ဖုန်းဆက်မိသည်။ ပထမတစ်ကြိမ်ကလည်း ထိုမိတ်ဆွေကပဲ ပွဲစားတွေနှင့် ဆက်ပေးခဲ့တာပင်။

"ဒီတစ်ကြိမ်တော့ ပွဲစားတွေနဲ့ ကားမကြည့်ချင်ဘူးဗျာ၊ အိမ်ကားထဲက အသိမိတ်ဆွေတွေထဲက ရောင်းဖို့များ မရှိဘူးလား၊ ဒီတစ်ကြိမ် ငွေလည်း မသုံးချင်ဘူး၊ အောက်ကားခပ်စုတ်စုတ်တစ်စီးပဲဗျာ၊ ပိုက်ဆံလည်း မရှိဘူး"

ထိုမိတ်ဆွေကြီးက သူ့အသိပတ်ဝန်းကျင်ထဲ စုံစမ်းပါသည်။

"ကားတစ်စီးတော့ ရှိတယ်၊ တုံးတော့ တုံးနေပြီပေါ့ဗျာ၊ ဈေးကတော့ သက်သာမယ်ဗျို့"

"ဘာကားလဲ ..."

"မာဇဒါဘီခြောက်ရာ"





ဒါဆိုရင်တော့ ဈေးပေါပြီဟု ဦးရဲသွေး တစ်ဝက်ကျေနပ်သွားပါသည်။ ဘီခြောက်ရာလည်း ဘာဖြစ်လဲ။ ရုံးအရာရှိဘချို့ပင် စီးရသေးတာ။

"ရောင်းမဲ့အဘိုးကြီးကလည်း အေးအေးပဲ၊ သူကလည်း ပွဲစားတွေနဲ့ မရောင်းချင်ဘူးဗျ၊ ခင်ဗျား စိတ်ဝင်စားရင် ခေါ်သွားမယ်၊ ပွဲစားမပါတော့ ဆစ်ပေါ့ဗျာ၊ ကျုပ်လည်း ပွဲစားမဟုတ်ဘူးနော်၊ ရောင်းချင်တဲ့မိတ်ဆွေနဲ့ ဝယ်ချင်တဲ့မိတ်ဆွေနဲ့ တွေ့ပေးရုံပဲ"

"လိုက်ကြည့်မယ်ဗျာ"

ထိုမိတ်ဆွေကြီးမှာ သူကပင် ကြားထဲက ကားလည်းစိုက်၊ အချိန်ကုန်လည်းခံ၍ ဦးရဲသွေးကို လာခေါ်ပါသည်။ အဘိုးကြီး သုံးဦးသုံးဖလှယ် စကားပြောဆိုကြပြီး တစ်ထိုင်တည်းပင် ဈေးတည့်ကာ ထိုဘီခြောက်ရာနောက်ပွင့်ကားလေးကို ဦးရဲသွေး ဝယ်ဖြစ်သွားပါသည်။

သားလုပ်သူ ကားကြည့်ပေးဖို့ မေ့နေပြီ ယူဆသော်လည်း မတော် သူ့ကို လာမပြသေးသော်လည်း ကားတွေတော့ လျှောက်ကြည့်နေမလား တွေးမိပြန်၍ ကြည့်မနေတော့ဖို့ သူ ကားဝယ်လိုက်ပြီဖြစ်ကြောင်း အသိပေးဖို့ပင်။ ငွေလည်း သိပ်မကုန်လိုက်ဘဲ ဘီခြောက်ရာကားတစ်စီးနှင့် အလုပ်အသွားအပြန် အဆင်

ပြေပြေပြစ်၍ ဦးရဲသွေး စိတ်အေးလက်အေးဖြစ်ကာ စိတ်ကြည်ကြည် ရှိသည်နှင့် သားရွှေသွေးထံ ဖုန်းဆက်လိုက်ပါသည်။

"အစ်ကိုကြီးနဲ့ မမ အပြင်သွားပါတယ်ရှင်၊ ဘယ်သူလို့ ပြောရပါမလဲ"

"ငါ ရွှေသွေးအဖေကွ၊ ဦးရဲသွေး ဆက်တာ"

ဦးရဲသွေးကို အိမ်က ကောင်မလေးတွေ သေချာမသိကြပါ။ မြင်လည်းမမြင်ဖူးကြပါပေ။ သို့သော် ရွှေသွေးအဖေ ဆို၍ တရိုတသေ ရှိကြပါသည်။

"အစ်ကိုကြီးတို့ ပြန်လာရင် ဘာပြောပေးရမလဲ ဘဘ"

"သူတို့က ဘယ်အချိန်လောက်မှ ပြန်ရောက်တတ်လဲ ..."

"အလုပ်က ပြန်တာတော့ နောက်ကျပါတယ်၊ ဒါပေမဲ့ ဒီနေ့ကတော့ ဆေးခန်းသွားကြတာပါ"

"ဟေ ... ဘယ်သူ ဘာဖြစ်လို့လဲ၊ နေမကောင်းကြဘူးလား"

"မမပါ"

"နိတျာ ဘာဖြစ်လဲ ..."

တစ်ညနေခင်းလုံး အိမ်မှာ အုံအုံကြွက်ကြွက်ဖြစ်ကာ နားပူအောင် အသင်အကြား ခံထားရသော ကောင်မလေးတွေက ဝမ်းသာအားရပင် ...

"ဟို ... မမ ... ကလေးရလို့ပါ"





"ဟေ ..."

"ဟိုဟာလေ ...၊ ကိုယ်ဝန် ရှိတာပါ ဘဘ"

"ဟေ ... ဟုတ်လား ...။ သေချာလား ..."

"ဟုတ်ကဲ့ ...၊ အဲဒါ အခု သားဖွားမီးယပ်ဆရာဝန်မကြီး နဲ့ သွားပြတာပါရှင်"

"ဟာ ... သေချာတာပေါ့၊ ဝမ်းသာလိုက်တာကွာ၊ ဝမ်းသာ လိုက်တာ၊ အေး ... အေး ...၊ ရွှေသွေးအဖေ ဖုန်းဆက်တယ် သာ ပြောပါ၊ ငါ့ကိစ္စ ဘာမှ အရေးမကြီးပါဘူး၊ သူတို့ ကိစ္စကိုသာ သိပ်ဝမ်းသာတယ်လို့ ပြောလိုက်ပါ ... ကြား လား"

"ဟုတ်ကဲ့ပါ"

"ယောကျ်ားလေးလား ... မိန်းကလေးလား ... သိရပြီလား"

"ရှင် ...၊ အဲဒါတော့ ကျွန်မတို့ မသိပါဘူး"

"ဪ ... အေးပေါ့ ... အေးပေါ့၊ နေပါစေ ... နောက်မှ ဆက်မေးတော့မယ်၊ ဒါပဲဟေ့"

တကယ်တော့ အလွန်အံ့သြ ဝမ်းသာသွားသော ဦးရဲသွေးမှာ ဘယ်နလ ရှိပြီလဲ၊ ဗိုက်က ပူနေပလား စသဖြင့် အသေးစိတ်၊ နှိုက်နှိုက်ချွတ်ချွတ် သိလိုပါသေးသည်။ ဒါပေမဲ့ ကောင်မလေးတွေကို မေးဖို့က အဆင်မပြေပါ။

ဖုန်းချပြီးလျှင် တစ်ယောက်တည်း တထိတ်ထိတ်နှင့် ဟိုလျှောက်ဒီလျှောက် ဂနာမငြိမ်နိုင်အောင် ဝမ်းသာမြူးထူးနေပါသည်။ မြေဦးရတော့မည်လေ။ အင်း... ဒါပေမဲ့လည်း သူ့အနေနှင့် ထိုမြေကို မကြာမကြာ တွေ့ရ ချိုရဖို့ကတော့ တယ်မလွယ်လှဘူးထင်ပါရဲ့။ သူနှင့်စာရင် အဘွားလုပ်သူမှ အခွင့်အရေး ပိုရဦးမည် ထင်ပါရဲ့။





# ၉

မတွေ့ကြတာ ကြာပြီဖြစ်သော သူငယ်ချင်းတစ်ယောက်နှင့် သားရွှေသွေး ဌာနဆိုင်ရာရုံးတစ်ရုံးမှာ မမျှော်လင့်ဘဲ ဆုံကြပါသည်။ သူကလည်း သူ့အလုပ်ကိစ္စနှင့်သူ လာသည်။ သားရွှေသွေးကလည်း ကိုယ့်အလုပ်ကိစ္စနှင့်ကိုယ် သွားတာပင်။

ရုံးမှာ အမှတ်မထင်ဆုံကြတော့ နှုတ်ဆက်စကားပြောဆိုကြရင်း ...

"မင်းဆီတောင် ဖုန်းလေးဘာလေး ဆက်ချင်တာ၊ ဖုန်းနံပါတ်မသိလို့ မဆက်ရဘူး"

"ကိစ္စရှိလို့လား ဝေမိုး၊ ရော့ ... ဒီဟာ ငါ့ကတ်၊ ကိစ္စရှိရင် ဆက်လေကွာ"

"ကိစ္စက အထူးတော့ မရှိပါဘူး၊ မင်းအဖေကို တွေ့တော့ မင်းကို သတိရလို့ပါ၊ မင်း အိမ်ထောင်ကျသွားတာတော့ ကြားတယ်လေ၊ မင်းအဖေဆီလည်း မင်း ဖုန်းနံပါတ်မမေးဖြစ်တာနဲ့"

"ငါ့အဖေနဲ့ တွေ့လို့လား ..."

"မင်းအဖေ အလုပ်ဝင်လာတာ ငါလုပ်နေတဲ့ ကုမ္ပဏီပဲလေ"

"ဟုတ်လား ..."

"အေး ... မင်း မသိဘူးလား"

"ဖေဖေ ဝင်လုပ်တယ်ဆိုတဲ့ ကုမ္ပဏီတော့ သိတယ်လေ၊ အဲဒီမှာ မင်း ရှိမှန်းမသိတာ၊ ငါ့အဖေ ဘယ်လိုလဲ ...၊ အဆင်ပြေရဲ့လား ... မင်းနဲ့ အတူတူပေါ့"

"တစ်ကုမ္ပဏီတည်း ဆိုပေမဲ့ မင်းအဖေက အုပ်ချုပ်ရေးဘက်က၊ ငါတို့က အင်ဂျင်နီယာပိုင်းက၊ အတူတော့ တွဲမလုပ်ရဘူးပေါ့ကွာ၊ မင်းအဖေကို ဘာကြောင့် ကုမ္ပဏီမှာ ဝင်လုပ်စေရတာလဲကွာ"

"ငါက သားပဲ ဝေမိုးရာ၊ သူ့ဟာသူ လုပ်မယ်ဆိုပြီး ဝင်လုပ်တာပဲ၊ ငါ တားလို့လည်း ဘယ်ရပါ့မလဲ၊ ဖေဖေက ကျန်းမာရေးကလည်း ကောင်းနေတော့ ပင်စင်ယူပြီးတဲ့





နောက်မှာ သူ မနေတတ်ဘူးကွ၊ အဓိက,က အလုပ်ဝင်လုပ်နေချင်တာပဲ ထင်ပါတယ်၊ သူ့ ဆုံးဖြတ်ချက်နဲ့သူပဲ၊ ငါနဲ့လည်း သိပ်မတိုင်ပင်လှပါဘူး၊ ဘာဖြစ်လို့လဲ ..."

"ဘာမှတော့ မဖြစ်ပါဘူး၊ အန်ကယ်က အစိုးရဝန်ထမ်းလူကြီးဘဝက အငြိမ်းစားလာတဲ့သူဆိုတော့ သူတို့လုပ်ထုံးလုပ်နည်း လမ်းကြောင်းတွေက တစ်မျိုးကွ၊ ကုမ္ပဏီနဲ့ သိပ်အံဝင်ခွင်ကျ မရှိဘူးပေါ့၊ ငါ မြင်တာလေ ..."

"အင်း ... ဖြစ်နိုင်တယ်ကွ"

"တစ်မျိုးပေါ့ကွာ၊ အမြင်ချင်း မတူဘူးပေါ့"

"ဟုတ်လား ... ကုမ္ပဏီမှာ ဖေဖေ သိပ်ခွကျနေသလား"

"ခွကျတာ မဟုတ်ပါဘူးကွာ၊ အန်ကယ်က လူတော်တစ်ယောက်၊ ပြီးတော့ အဖြောင့်တိုက်သမား၊ လူကြီးလည်း လူကြီးမဟုတ်လား၊ ဒီတော့ အန်ကယ့်ဆုံးဖြတ်ချက် ဆုံးဖြတ်နည်း လုပ်ထုံးလုပ်နည်းတွေက ရှေးရိုးစာအုပ်ကြီး ဆန်တယ်၊ တချို့ကိစ္စတွေကျတော့ အန်ကယ့်မြင်ပုံမြင်နည်းနဲ့ ကြည့်လို့မရတာ ရှိတယ်ကွ"

"ဒါပေါ့ ... ငါ သဘောပေါက်ပါတယ်"

"တစ်ခါတလေ လမ်းကြောင်းကျွေ့ကောက်ပြီး ဖြစ်သလိုလုပ်လိုက်ရတာလေးတွေ ရှိတာ အန်ကယ်က သိပ်လက်မခံ

ချင်ဘူး၊ ဒါဆိုဒါပဲ၊ ဒီလိုပဲ ဖြစ်ရမယ်ပေါ့၊ အန်ကယ် ပြောတာက မမှားဘူး၊ သီအိုရီအရ မှန်တယ်၊ ဒါပေမဲ့ တကယ့်လက်တွေ့မှာ အဲသလို လုပ်လို့ မရတာတွေ ရှိတယ်"

"ဟုတ်တာပေါ့"

"အဲဒီအခါမျိုးတွေကျရုံးမှာ အန်ကယ်နဲ့ ပြောရဆိုရ လုပ်ကိုင်ရတာ နည်းနည်းကျပ်တာပေါ့၊ အန်ကယ်က စီမံခန့်ခွဲရေးအုပ်ချုပ်ရေးပိုင်းကိုင်တော့ ငါတို့နဲ့လည်း မကင်းဘူးပေါ့ကွာ၊ ငါတို့ တစ်ခုခုတင်လိုက်ရင် တစ်ခါတစ်ရံ အန်ကယ်က Passမလုပ်တာတွေ ရှိတယ်၊ အဲဒီကျ ညှိရတာခက်တယ်၊ မင်းလည်း လုပ်နေတဲ့သူပဲ သဘောပေါက်မှာပေါ့"

"ပေါက်ပါတယ်"

ဝေမိုး ပြောတာကို သားရွှေသွေး ကောင်းကောင်းနားလည်သည်။ ဖေဖေ့ စိတ်နေသဘောထားနှင့် ဖေဖေ့စရိုက်ကို သိသူမို့ ပိုပြီး မှန်းဆနိုင်သည်။ ဖေဖေဟာ ကုမ္ပဏီက ကျုံ့တဲ့ဝန်ထမ်းတွေအတွက် စိတ်ပျက်စရာ ရင်မောစရာ ခွတီးခွကျ လူကြီးတစ်ယောက် ဖြစ်နေမှာပါ။

"အန်ကယ့်ဆီက ဖြတ်သန်းရမဲ့ ကိစ္စဆိုရင် ရုံးမှာ အော်





ညည်းနေကြပြီပေါ့ကွာ၊ ငါတို့ဘော့စ်ကလည်း လူငယ်ပဲကွ၊ အန်ကယ့်ကို ဘယ်လိုအစပ်တည့်ပြီး ခန့်လိုက်လည်းတော့ မသိဘူး၊ အန်ကယ်က ဖြောင့်လွန်းရိုးလွန်းအားကြီးတယ်ကွ၊ အပြင်မှာ တစ်ခါတလေကျ ကွေ့ပြီး လုပ်ရတယ် ...

အန်ကယ့်ကို ကွယ်ရာမှာ တစ်ခုခု ပြောပြီဆို ငါကလည်း မင်းသူငယ်ချင်း ဖြစ်နေတော့ ကိုယ့်လာပြောနေသလို ခံစားရတယ်၊ ကြားထဲက မျက်နှာပူ နေရထိုင်ရခက်၊ အန်ကယ် မသိပေမဲ့ ငါက ကြားက အားနာနေတယ်၊ လူကြီးလည်း ဖြစ်နေတယ်ဆိုတော့ ငါ့စိတ်ထဲ နေမထိ ထိုင်မသာနဲ့ကွာ ...

ကုမ္ပဏီမှာက များသောအားဖြင့် လူငယ်လူလတ်ပိုင်းဆိုတော့ မင်းသိတဲ့အတိုင်း ..."

သားရွှေသွေး ဖေဖေ့အတွက် စိတ်မကောင်းပေ။ ဖေဖေ ခွကျပုံနှင့် စည်းကြီးကမ်းကြီး ကိုင်တတ်ပုံနှင့် ကွယ်ရာအတင်းပြောစရာကြီးလို ဖြစ်နေတဲ့သဘောပင်။ ဖေဖေကတော့ သိမှာမဟုတ်။ သူမှန်တာ သူလုပ်နေမှာ။

ကျန်ဝန်ထမ်းတွေလဲ မမှား။ သားရွှေသွေးတို့လည်း အလုပ်ဝင်စက အလုပ်ခွင်ထဲက အသက်ကြီးပိုင်း လူကြီးတွေရဲ့ တချို့သော ပြုမူဆောင်ရွက်မှုတွေကို ခေတ်နှင့် ကန့်လန့်လို့မြင်ပြီး ကွယ်ရာမှာ ပြောဆိုဝေဖန်ဖြစ်တာပဲ။

"မင်း အဖေအမေက စီးပွားရေးလည်း ပြည့်စုံနိုင်လုံသားနဲ့ ကွာ၊ မင်းအဖေ အလုပ်ဝင်လုပ်ဖို့ မကောင်းဘူး၊ သူ့အရှင်ရုံး မှာလို မဟုတ်ဘူးကွ၊ အထက်က ဘော့စ်က လူငယ်၊ အဲဒီဘော့စ်ကလည်း မထင်,မထင်သလို ဖိနှိပ်ပိတ်ပက်ပြော တတ်တာ၊ သူနဲ့ ပြဿနာတစ်ခုခုဆိုရင် လူကြီးတန်မဲ့ အပြောအဆို ခံနေရမယ်"

"အေးကွာ ... ငါလည်း မလုပ်စေချင်ပါဘူး၊ မင်း ခုလို ပြောပြတော့ ပိုတောင်မလုပ်စေချင်သေးတယ်၊ ဒါပေမဲ့ ရမှာ မဟုတ်ဘူးကွ၊ ငါ့အဖေက ဇွတ်တရွတ်၊ သူ့ဟာသူ လည်း လုပ်နေကိုင်နေရတဲ့ စနစ်တွေကို မကြာခင် စိတ် ပျက်မှာပါ၊ အဲသလို သူ့ဟာသူ ဂိတ်ပျက်ပြီး ထွက်မှပဲ ထွက်ဖြစ်တော့မယ် ထင်ပါရဲ့"

သားရွှေသွေးသည် စိတ်ရှုပ်သော်လည်း ထူးခြားပြီး ရင်မောခံစားမနေတော့ပါ။ ခုနေ သူက 'ဖေဖေ အလုပ်ထွက်လိုက် ပါ'ဆိုလျှင် ဦးရဲသွေး လုံးဝ မထွက်မှာ သေချာတဲ့နောက်တော့ သူလည်း ဘာမှ မတတ်နိုင်။ ဖေဖေ့ကို လိုက်လျောညီထွေ ကြည့် ကျက်နေဖို့သာ ဖုန်းဆက် ပြောနိုင်မည်။

ခုတလော သူက မဆက်ဖြစ်လျှင်ပင် ဖေဖေက ဖုန်းဆက်နေတတ်ပါသည်။ ဘယ်အချိန်ဆက်ဆက် နီတျာက အိမ်မှာ အချိန်ပြည့်ရှိပြီမို့ နီတျာနှင့်တော့ စကားပြောရမှာပင်။





အခိက ဖေဖေ ပြောချင် ဆိုချင်တာကလည်း လောကကြီးထဲ ရောက်လာဖို့ အတော်လိုသေးတဲ့ မြေးဦးအကြောင်းဖြစ်ရာ နီတျာနှင့် ဖုန်းပြောရလည်း သူ့ ကျေနပ်သည်။

ဖေဖေ ဆက်လိုက်၊ မေမေ ဆက်လိုက်နှင့် ခုတလော သူတို့က စတင်ဆက်နေကြပါသည်။ နီတျာ အိမ်မှာပဲ နေကတည်း က နေ့လယ်နေ့ခင်း မေမေက တစ်ခါတစ်ရံ လာသည်။

အဲဒီ ညနေကတော့ သားရွှေသွေးက ဖေဖေ့ထံ ဖုန်းဆက်လိုက်ပါသေးသည်။

"ဖေဖေ နေကောင်းလား"

"ကောင်းပါတယ်ကွ၊ အောင်မာ ... မင်းက ငါ့ဆီများ နေ ကောင်းလားတွေ ဘာတွေ ဆက်လို့၊ ဘာကိစ္စရှိလဲပြော"

"ဖေဖေ့ခြေထောက် နာတာကော ..."

"ခြေထောက်က ... အင်း ...၊ ဒီလိုပါပဲကွာ၊ ခြေထောက်က တော့ ...၊ ကဲပါ ... မင်း ဘာပြောချင်တာလဲ"

"ဖေဖေ အလုပ်ဝင်နေတာ ဘယ်လောက် ကြာကြာလုပ်မှာ လဲ"

"ဟ ... တောက်လျှောက်လုပ်မှာပေါ့ကွ၊ မပြုတ်သရွေ့ပေါ့၊ ဘာဖြစ်လို့လဲ ..."

"ကျွန်တော် ဖေဖေ့ကို အလုပ်သိပ်မလုပ်စေချင်ဘူး"

"ဟင် ... ဘာဖြစ်လို့လဲ ..."

"ဖေဖေ အသက်ကြီးပြီ ... နားစေချင်တယ်"

"အောင်မာ ... မင်းကို ထမ်းပြေးဆို ပြေးနိုင်ပါတယ်၊ ဒီတိုင်း အိမ်ထိုင်ပြီး ဘာလုပ်ရမှာလဲကွ၊ ငါ အခု အလုပ်ဝင်နေရတာ စိတ်ချမ်းသာတယ်ကွ၊ တာဝန်တစ်ခု ပြန်ယူရတာ ပျော်လည်း ပျော်တယ်"

ဖြစ်နိုင်သည်။ ဖေဖေ့အသံကလည်း ရွှင်လန်းနေပါသည်။ အထီးကျန် ငြီးငွေ့မှုကို မေ့လျော့နေမည်ဖြစ်၍ ဖေဖေ ကျေနပ်ပျော်ရွှင်နေမှာ သေချာပါသည်။ ပြီးတော့ ဖေဖေ့လိုလူစားက အလုပ်တာဝန်ကို တန်ဖိုးထားတတ်သည့် လူစား၊ ကိုယ့်မှာ တာဝန်တစ်ခု ရှိနေတာကို ဂုဏ်ယူတတ်သည့်လူစား။ အလုပ်လုပ်နေမှ ဘဝမှာ လူပီသ၍ အဓိပ္ပာယ်ရှိသည်ဟု ခံယူသည့်လူစား။

"ဖေဖေ့မှာ ငွေလည်း လိုတာမဟုတ်ဘူးမို့လား ..."

"လိုတယ်ဟေ့ကောင် ...၊ ခုလောလောဆယ်တောင် ငါ့ကား ပြင်ရမယ်ကွ၊ လုပ်စမ်းပါဦးကွာ"

"ဟာ ... ပျက်ပြန်ပြီလား"

"အေး ... မင်း ဝပ်ရှော့ ပို့ပေးစမ်းပါဦး"

"ဝယ်ပြီးကတည်းက ဘယ်နှခါရှိပြီလဲ ဖေဖေ၊ ဖေဖေက ဈေးပေါလိုက်တာကိုး"

"ဟ ... သူ့ဈေးနဲ့သူ သုံးရတာပါပဲကွာ"

"အခု ဒါဖြင့် ရုံးဘယ်လို သွားနေလဲ ..."





"ငါ့အိမ်နားမှာ ကောင်လေးတစ်ယောက် ရှိတယ်ကွ၊ မင်းတို့အရွယ်ပဲ၊ ရုံးကကောင်လေးလေ၊ သူက ပတ်ဘလစ်ကားလေးနဲ့ ရုံးတက်တာ၊ ကားပျက်တဲ့နေ့ ဒီကောင်လေးက ဝင်ခေါ်ပေးတယ်ကွ၊ အပြန်ကျတော့ ကြုံလည်း သူနဲ့ပြန်၊ အချိန်မကြုံလည်း ကိုယ့်အစီအစဉ်နဲ့ ကိုယ်ပေါ့ကွာ"

"ကားပျက်နေတာ ဘယ်နှရက်ရှိပြီလဲ"

"မနေ့ကမှကွ၊ ဒီနေ့ အဲဒီကောင်လေးနဲ့ အသွားအပြန် လိုက်တယ်"

"သူက ရုံးမှာ ဘာလဲ"

"စားရင်းအင်းက မန်နေဂျာကွ"

"မန်နေဂျာကို ကောင်လေးတွေ ဘာတွေ လုပ်နေလို့ ဟိုက မကြိုက်ဘဲ နေပါ့မယ် ဖေဖေရာ၊ ဖေဖေကတော့ သားအရွယ်ဆိုပြီး ခေါ်တာပဲ၊ ပြီးတော့ ဖေဖေက အရင်ကလည်း လူကြီးလုပ်လာတော့ စကားပြောတာက မြင့်နေတာ အကျင့်ပါနေပြီ၊ ဟိုကလည်း သူ့ရာထူးနဲ့သူ ...၊ သားအရွယ်ပေမဲ့ ကို,တပ်ခေါ်မှပေါ့"

"ဟေ့ကောင် ... ငါ ဒါတွေ နားလည်တယ်၊ မင်းနဲ့ပြောတာမို့ ဒီလိုပြောတာပေါ့ကွ၊ သူ့တော့ ဟေ့ကောင်လေးလို့ ဘယ်ခေါ်ပါ့မလဲ၊ မင်းက ငါ့များ မင်း,သား ထင်နေလား၊ မင်း

အမေကွ၊ မင်း ကြည့်ရတာ ငါ့ကိုပဲ စိတ်မချ လက်မချပုံနဲ့ ဘယ်လိုဖြစ်နေတာလဲ ...”

“ကျွန်တော်ကတော့ ဖေဖေ့ကို အိမ်မှာပဲ အေးအေးဆေးဆေး နေစေချင်တယ်”

“နေနိုင်ပါဘူးကွာ၊ အလုပ်လုပ်ရမှာပဲ၊ မင်း ကားကို ဝပ်ရှော့ ပို့ပေးပါဦးကွ၊ ရွေးတော့ ငါ သွားရွေးပါ့မယ်”

“ဟုတ်ကဲ့ပါ၊ ရုံးမှာ အဆင်ပြေရဲ့လား ...”

“ပြေတာပေါ့၊ ဘာမပြေစရာရှိလဲ ...”

ဖေဖေကတော့ သူ့ကိုယ်သူ မသိရှာ၊ ကွယ်ရာမှာ လူငယ်တွေ စိတ်ညစ် အတင်းပြောရသည့် ကိုးလိုးကန့်လန့် အဘိုးကြီးအဖြစ်ကို သူ ရောက်နေတာကို သူ့ဟာနှင့်သူ မသိရှာပေ။ သားရွှေသွေး စိတ်မကောင်းပေ။

“မင်း ဘာဖြစ်နေတာလဲ ... ငါ့ကို ဘာလို့ အလုပ်မလုပ်စေချင်ရတာလဲ ...”

“အဲဒီရုံးမှာ ကျွန်တော့် သူငယ်ချင်း ဝေမိုး ရှိတယ်”

“အေး ... ငါနဲ့ တွေ့သားပဲ၊ ဟိုအင်ဂျင်နီယာကောင်လေး လေ၊ ငါ့ကို လာလာနှုတ်ဆက်ပါတယ်၊ အမြဲတော့ မတွေ့ဘူး၊ သူတို့က တစ်ဆက်ရှင်ကွ”

“သူနဲ့ တွေ့တယ်လေ၊ သူ ပြောတော့ ... ဖေဖေတို့ ဘော့စ်ကလည်း လူငယ်ပဲဆို ...”





“အေး ... မင်းထက်ကြီးရင် နှစ်နှစ်သုံးနှစ်ပဲ”

“ဒေါ်သကလည်းကြီး ... အပြောအဆိုကလည်း ရင့်တယ် ဆို”

“အေး ... ဟုတ်တော့ဟုတ်တယ်၊ ဒါပေမဲ့ ဒါက ဘာဖြစ်လဲကွ”

“မတော်တဆ ကိုယ့်အမှားအယွင်း ရှိရင် အပြောအဆို ခံရရင် ကိုယ်က လူကြီးတန်မဲ့ သိက္ခာကျပါတယ်”

“ဟာ ... ငါက အမှားအယွင်းမရှိဘူး၊ အမှားအယွင်းမရှိ အောင် သေချာစိစစ်ပြီးတော့ကို လုပ်တယ်၊ ကပျက်ကချော် မှ ငါ မလုပ်တတ်တာ၊ ဘာမှ သူနဲ့ ပြဿနာဖြစ်စရာမရှိ ဘူး၊ မင်း မပူနဲ့သား ...”

“ခုခေတ်ကုမ္ပဏီတွေဆိုတာက ဖေဖေတို့ အစိုးရဝန်ထမ်း အလုပ်နဲ့ တူတာမဟုတ်ဘူး ဖေဖေ၊ အစိုးရဝန်ထမ်းဘဝက ဘာပဲဖြစ်ဖြစ် ဝန်ထမ်းအပေါ် သက်ညှာမှု ထောက်ထားမှု ရှိတယ်လေ၊ ငဲ့ကွက်တာရှိတယ်၊ အခု ကုမ္ပဏီတွေက ကိုယ်ပိုင်စီးပွားရေးဆိုတော့ ကိုယ့်အတွက် တွက်ခြေကိုက် မဲ့သူဆို လခကောင်းကောင်းပေး၊ အရေးပေးမယ်၊ မရမက ဆွဲထားမယ်၊ ကိုယ့်အတွက် အကျိုးမရှိရင် ဘာမှ မငဲ့ဘူး၊ ထုတ်ရင် ချက်ချင်း ဖြုတ်ရင်ချက်ချင်းတွေ ...

ကိုယ်တိုင် ကုမ္ပဏီအလုပ်လုပ်နေတော့ ရုံးတွင်းဆက်ဆံရေးတွေ ပြဿနာတွေ မြင်တွေ့သိနေတာ၊ ဖေဖေ့ကိုသူများ ကုမ္ပဏီမှာ ဖေဖေ့ထက်ငယ်တဲ့သူက ဟောက်တာမျိုး ခံရတဲ့အဖြစ်ကို စဉ်းစားကြည့်မိရင် မခံနိုင်ဘူး။ ဒါကြောင့် မလုပ်စေချင်ဘူး"

"ဩော် ... ဒီအတွက် စိတ်မကောင်းမရှိပါနဲ့ ငါ့သားရယ်။ ဖေဖေ အဆင်ပြေပါတယ်၊ ဘယ်သူ့အဟောက်မှလဲ မခံရပါဘူး၊ တကယ်လို့ ကိုယ်လုပ်တာမှားလို့ အပြောခံရရင်လည်းပဲ ခံလိုက်ရတော့မှာပေါ့ သားရဲ့၊ အရင်က အရာရှိကြီးစိတ်နဲ့ အထာနဲ့တော့ လုပ်နေလို့ ဘယ်ရမလဲ ..."

"ခဏတဖြုတ်ပဲ လုပ်ပါ ဖေဖေရာ၊ ရေရှည်ကြီးတော့ ရည်ရွယ်မထားပါနဲ့"

"ငါ ကျန်းမာနေသေးတာပဲကွာ"

"သိပါတယ်၊ ကျွန်တော်ပြောလည်း အရာမထင်ဘူး၊ ဖေဖေ လုပ်ချင်တာပဲ လုပ်မှာပဲဆိုတာတော့ သိတယ်၊ ဒါပေမဲ့ ကိုယ့်အဖေ အသက်ကြီးမှ အံမဝင် ခွင်မကျ ဖြစ်နေမှာစိုးလို့ ပြောတာပါ"

"အေးပါကွ ... ပြောပါ ... ပြောလို့ရပါတယ်"

"လုပ်တာကတော့ ဖေဖေ့သဘောနဲ့ ဖေဖေပဲ လုပ်မယ်မို့လား"





"ဟော့ကောင် ... တော်ကွာ၊ ငါ့ကား ပြင်ပေးဦး"

"နက်ဖြန် မနက်အစော လာယူပို့ပေးမယ် ဖေဖေ"

"အေး ... နီတျာ ဘယ်တော့ ကျား့မခွဲတဲ့ အာလ်ထရာဆောင်း ရိုက်ရမလဲ"

"ဟာ ... ဖေဖေနဲ့မေမေ ... မခေါ်ဘူး မခေါ်ဘူးနဲ့ ကျိတ်ဖုန်းဆက်ပြီး တိုင်ပင်နေလား၊ နှစ်ယောက်လုံး ဒါပဲ မေးနေတယ်"

"ဟော့ကောင်၊ ငါ့ဟာငါ ငါ့စိတ်နဲ့ငါ သိချင်လို့ကွ"

"မရိုက်ရသေးပါဘူး၊ ငါးလကျော်မှ ရိုက်ရမှာ၊ တစ်လလောက်ကို အောင့်ပြီး စောင့်ပါဦးဗျ။ ကျွန်တော်လည်း သိချင်တာပဲ၊ ဖေဖေတို့လောက်တော့ မဆိုးပါဘူး"

"သိချင်တာပေါ့ကွ၊ မြေးထီးလား၊ မြေးမလားဆိုတာ"

နောက်ဆုံး စကားသာ ဟိုလိုလို ဒီလိုလိုနှင့် နိဂုံးချုပ်သွားသည်။ ထင်ဒ်ဆည့်အတိုင်း ဖေဖေ့ကို အလုပ်ထွက်အောင် သားရှေ့သွေး မပြောနိုင်ပါ။ ဖေဖေက သူ့ဆန္ဒ ရှိသရွေ့တော့ ဆက်လုပ်နေဦးမှာပါပင်။

(မှ|မှ)

မေမေ့အိမ်မှာ တိုင်ကီပေါက်၍ သားရွှေသွေး တစ်ရက်သွားပေးရသည်။ လူလွှတ်ပေးလိုက်လျှင် ဖြစ်သော်လည်း မေမေက လူကြီးပီပီ ကြောက်သည်။ မိန်းမသားနှစ်ယောက်တည်း ရှိသော အိမ်မှာ ယောကျ်ားရွယ်ရွယ်နှစ်ယောက် နာရီနှင့်ချီကာ အလုပ်လာလုပ်နေမှာကို တွေးပူနေသည်။

သူနဲ့ သိတဲ့ သူတွေပါလို့ ပြောလို့လဲ မရ။

"ပစ္စည်းလုသွားရင် တော်သေးတယ်၊ လူပါသတ်သွားရင် ဘယ်နှယ်လုပ်မလဲ သားရယ် ..."

"ခုဟာက ကျွန်တော်တို့ ဆိုက်တွေထဲသုံးတဲ့ ရေသမားတွေပါ"

"ဘာတွေဖြစ်ဖြစ်ကွယ်၊ အရင် ကောင်းပေမဲ့ အခု မကောင်းတော့ ဘယ်လိုလုပ်မလဲ၊ လူဆိုတာ လွယ်နေရင် သွေးကြွတာပဲ၊ အဘွားကြီး နှစ်ယောက်တည်းရယ် ဆိုပြီး စိတ်ရိုင်းတွေ ဝင်လာရင် ဘယ်လိုလုပ်မလဲ၊ မဖြစ်နိုင်ဘူးလို့ အတပ်ပြောလို့ရမလား ..."





ဒီလောက်ပြောနေတဲ့ကြားက ကိုယ်မပါဘဲ လွှတ်မိလို့ ဘစ်ခုခုဖြစ်သော် ကိုယ်ပဲ ယူကျုံးမရဖြစ်ရတော့ချည်ရဲ့မို့ သားရွှေသွေးမှာ အမြဲနိုင်းနေကျ မြင်နေကျ အလုပ်သမားတွေ ဖြစ်ပေမဲ့ သူပါ လိုက်သွားရပါသည်။

သူပါ လိုက်သွားရသည်ဆိုတဲ့ နေရာမှာ မေမေ့အိမ်မှာ သုံးနာရီ လေးနာရီ သွားထိုင်နေပေးဖို့ တရားဝင် အားလပ်ချိန် မရှိပါ။ ထို့ကြောင့် ဟဲန်းဖုန်းကို ပိတ်ကာ အလုပ်မှ တစ်ရက်တလေ ခိုးလစ်ရပါတော့သည်။ မနက်ဆယ့်တစ်နာရီလောက်က ထွက်သွားကြသည်မှာ ညနေလေးနာရီမှပဲ ရုံးကို ပြန်ရောက်နိုင်တော့သည်။

ရုံးရောက်သည်နှင့် စိတ်တထင့်ထင့် ဖြစ်နေတုန်းတန်းလန်းပင် ...

"ရွှေသွေး ... မင်း ဒီနေ့ ဘယ်ရောက်နေလဲ ..."

ဦးဝင်းနီရဲ့ မကျေမနပ် ဟိန်းဟောက်သံကြီးက ဆီးကြိုပါတော့သည်။ သူ ထွက်လာစဉ်က ရုံးမှာ ဦးဝင်းနီ မရှိ။ ဘယ်အချိန်ကများ ရုံးရောက်လာသလဲ မသိပေ။

"ကျွန်တော် အပြင်မှာ ပြေးလွှားနေရတယ် အန်ကယ်၊ မေမေ့အိမ်လည်း တစ်ချက်ဝင်လိုက်သေးတယ်"

"အမယ်လေးကွာ ...၊ အလုပ်များရတဲ့ကြားထဲ အမေအိမ်ဝင်အပန်းဖြေနေရသေးသလား မောင်မင်းကြီးသားရယ်"

"မေမေ့အိမ် တိုင်ကီပေါက်တယ်ဆိုလို့ ခဏဝင်ကြည့်ပေးနေတာပါ"

"မင်းအမေ အိမ်လုပ်ပေးတာတော့ လုပ်ပေးရမှာပေါ့ကွာ၊ သား ဒီတစ်ယောက်ပဲ ရှိတာကိုး၊ ဒါပေမဲ့ အခြေအနေကြည့်လုပ်လေကွာ၊ မနက်ဖြန်မှ လာမယ်ဆိုတဲ့ ထိုင်ဝမ်ဧည့်သည်တွေက ဒီနေ့ဖလိုက်နဲ့ တစ်ရက်စော ရောက်ချလာတယ်"

"ဟာ ... ရောက်လာပြီလား ..."

"အေးပေါ့ကွ၊ ငါ့မှာ မင်းကို ရှာလို့မရ ဆက်သွယ်လို့မရ၊ ဖုန်းက ဘာကိစ္စ ပိတ်ထားရတာလဲ ..."

"ဟို ... ဖုန်းက ... ဘက်ထရီနည်းနေလို့ ပိတ်ထားလိုက်တာပါ"

"ကျွတ်... မင်းအမေ တိုင်ကီကလည်း ဒီနေ့မှပဲ ပေါက်ရပြီး မင်း ဘက်ထရီကလည်း ဒီနေ့မှပဲ အားကနည်းရတယ်လို့"

ဦးဝင်းနီ ကြိမ်းသမှု သားရွှေသွေးမှာ ငြိမ်ခံနေရပါသည်။ သူ ဗျာများစိတ်ရှုပ်လွန်းလျှင် ဒီလိုပဲ ကြိမ်းမောင်းကာဝန်ထမ်းတွေကို ဟိန်းဟောက်တတ်သည်မှာ သူ့ဝသီပေပဲ။

"မင်းအမေလည်း ဟိုတုန်းကတည်းက သားနှစ်ယောက်လောက် မွေးခဲ့ဖို့ကောင်းတယ်၊ ခုတော့ မင်းတစ်ယောက်ကိုပဲ နှစ်ဖက်ခွ ခိုင်းနေကြတယ်၊ မှုခိုင်းစရာ လူက မရှိ။





ဒီကိစ္စတွေဟာ မင်းအဖေနဲ့အမေ အတူနေရင် တစ်ဝက်မကနည်းသွားမဲ့ဟာတွေ၊ ခုတော့ အဖေက ကားပျက်လိုက်၊ အမေက တိုင်ကီပျက်လိုက်၊ ဖအေက သော့ ... အိမ်ထဲပိတ်မိပြီး လော့ခ်ကျ၊ ဖွင့်ဝင်မရလို့ သော့ကုလား ရှာခိုင်းလိုက်၊ မအေက ပစ္စည်းဝယ်လို့ သယ်မ, နေရာချစရာ လူမရှိလို့ ခေါ်လိုက်"

ဦးဝင်းနီ ပြောတာတွေကလည်း ဟုတ်သည်။ ဖေဖေ ...့အဖို့လည်း သူ့ပဲ ခိုင်းစရာရှိတာကိုး။ ဖေဖေဟာ သော့ပြင်ကုလား ...ိတာမျိုးကို ဘယ်နားသွားရှာ ခေါ်ရမည်ဆိုတာ သိသူမဟုတ်ပါ။ ...က်အောက်ငယ်သား၊ ဇနီး၊ သားတို့က အဆင်သင့်လုပ်ပေးတာ ...သာ ငြိမ်ကြည့်နေလိုက်တတ်သူဖြစ်သည်။

ဖေဖေတို့ မေမေတို့ ခိုင်းတာကလည်း အပြစ်ကြီး...ယ် မဟုတ်လှ။ သူ့အလုပ်ဟာ သူများ သာမန်ဝန်ထမ်းတွေ...လောက် ရုံးချိန်မှုသာပဲဆိုရင်လည်း ခုလို ဦးဝင်းနီ စိတ်တိုစရာ...မည်မဟုတ်။ ခုတော့ သူ့အလုပ်ကလည်း များလှသည်။

နီတျာ စူးပါးမားကက်ကို တာဝန်မယူကတည်းက ...စ်ယောက်ကို နီတျာ့နေရာ ပို့ကြည့်လိုက်သည်။ တစ်လပဲ...သည်။ ဦးဝင်းနီ စိတ်တိုင်းမကျ၍ ပြန်ရွှေ့ပစ်ပြီး ထိုနေရာကိုပါ...ားရွှေသွေး တွဲဖက်တာဝန်ယူ ကိုင်တွယ် ခန့်ခွဲနေရပြန်ရာ ...ားရွှေသွေးမှာ အချိန်ဆိုတာ ရွှေထက် စိန်ထက် ရှားနေပါသည်။

"ကဲ _ အခု ညှော်သည်တွေတော့ ဆီဒိုးနား ရောက်နေပြီ၊ ငါ့မှာ မင်းကို ရှာမရတော့ ပြေးလွှားလိုက်ရတာ ဖတ်ဖတ်ကို မောသွားတာပဲ၊ သုံး,လေးကိုယ်လောက် ခွဲပစ်ချင်တယ်"

သားရွှေသွေးကိုလည်း ခွဲမှဖြစ်မည်။ အလုပ်တွေ လျှော့ရင်လျှော့ပစ်။ ဒါမှမဟုတ်ရင် သားရွှေသွေးလည်း အနည်းဆုံး သုံးကိုယ်လောက်ခွဲဖို့ သင့်နေပါသည်။ လူသစ်မခန့်ဘူးမဟုတ်၊ ခန့်သည်။ ဦးဝင်းနီက သူ့စိတ်တိုင်းမကျလျှင် မခိုင်းဘဲ ချောင်ထိုးထားတတ်သည်။

သူ့စိတ်တိုင်းကျပြီဆိုလျှင်လည်း ထိုလူတစ်ယောက်ကိုပဲ ဖိခိုင်းပြီသာ မှတ်ပေတော့။ သူ သဘောကျမှာကိုတောင် ကြောက်နေရသည့် သဘောပင်။ ဦးဝင်းနီက သားရွှေသွေးကို သဘောကျသည်။

ဒါကြောင့်လည်း တစ်ဦးတည်းသောသမီးနှင့် ကြည်ဖြူစွာ လက်ထပ်ပေးလိုက်တာပေါ့။ သူ သဘောကျ၍ သားရွှေသွေး ပင်ပန်းလှပါသည်။ ဟုတ်ပါရဲ့။ ဖေဖေနဲ့မေမေသာ အတူနေရင် ခုလို ကိစ္စမျိုးမှာ အလုပ်သမားနှစ်ယောက်ကို သူတို့ချည်းပဲ လွှတ်လိုက်လို့ရသည်။ ဖေဖေတစ်ယောက်လုံး အိမ်မှာ ယောက်ျားသား ရှိမှတော့ သူ သွားစောင့်ပေးဖို့မလို။





ဖေဖေနှင့်မေမေ သီးခြားနေနေသည့်အတွက် သူ့မှာ လာသည့် အလုပ်တွေ အများကြီးရယ်ပါ။ သော့ကုလားဆိုရင် ယ်နားတွေ ရှိတတ်သည်ဆိုတာမျိုး မေမေ ကောင်းကောင်း သိပေသည်။ ဖေဖေသာ မသိတာ။

"မင်း ဒီညနေနဲ့ ဒီည တရုတ်ညှော်သည်တွေအတွက် လှုပ်ရှားပေတော့၊ ငါတို့ တိုင်ပင်စည်းဝေးဆွေးနွေးမှာ နက်ဖြန်ကို ရွှေ့သွားပြီ၊ ဆီဒိုးနားမှာပဲ၊ သန်ဘက်ခါ သူတို့ ပြန်မယ်၊ ညကျ သူတို့ကို ဒင်နာစီစဉ်ပေး၊ လေးယောက်ပါလာတယ်၊ ဒင်နာကို ငါပါ လာမယ်၊ မင်း ပါမယ်၊ ဦးမြင့်နိုင်ပါ ခေါ်လိုက်မယ်၊ နောက်တစ်ယောက် စဉ်းစား၊ ငါတို့ဘက်ကလည်း လေးယောက်ပေါ့"

"ဟုတ်ကဲ့"

"ကဲ ... စီစဉ်ဖို့ စ,တော့"

"နက်ဖြန် ဆွေးနွေးပွဲကို မနက်ပိုင်းပဲ လုပ်လိုက်မယ် အန်ကယ်"

"ကြိုက်သလိုလုပ်၊ ကောင်းသလိုလုပ်ကွာ"

ထိုသို့လျှင် သားရွှေသွေးရဲ့ တစ်နေ့တာတွေဟာ ျပ်တည်းကျဉ်းကျပ်စွာ လည်ပတ်နေခဲ့ပါသည်။ ဆိုးတဲ့ဘဝမှာ န်းမ တစ်လတစ်ကြိမ် ဗိုက်ပြဖို့ပင် သူ တစ်ရက်လေးကို စောပြန်နိုင်ပါ။ ပထမဆုံးအကြိမ် သွားပြတုန်းကသာ သူပါပြီး

နောက်လထွေမှာ တစ်ကြိမ်က နီတျာအမေနှင့် နီတျာသွားရသည်။ နောက်တစ်ကြိမ် သားရွှေသွေး အမေနှင့် သွားသည်။ နောက်တစ်ကြိမ် မအေနှစ်ယောက်နှင့် အတူသွားရသည်။

ကျား,မ ခွဲတဲ့ အာလ်ထရာဆောင်းရိုက်ရတဲ့နေ့က မအေနှစ်ယောက်နှင့် အတူသွားတာဖြစ်သည်။ ယောက်ျားလေးဟု ဝမ်းသာအားရ သိလာကြတော့ အားလုံးက ပျော်မြူးနေကြပြီး ဒေါ်မြနန္ဒာက ခင်ပွန်းသည် ဦးဝင်းနီကို ဆက်ပြောလိုက်သည်။ ဦးရဲသွေးကတော့ ဆရာဝန်ပြမည့်ရက် ကြိုသိထား၍ အိမ်ကို ဖုန်းဆက်မေးရာ နီတျာက ဖြေလိုက်၍ ဝမ်းသာအားရ သိခွင့်ရသွားသည်။

လကုန်လုပ်ငန်းခွင် ဆွေးနွေးပွဲရက်ကျနေ၍ ဦးဝင်းနီ မပါသောပွဲမှာ သားရွှေသွေး လူကြီးလုပ်ကာ ဆွေးနွေးပွဲ ထိုင်ပြီး ညွှန်ကြားဆုံးဖြတ်နေရ၍ ဖုန်းပိတ်ထားရရာ သားရွှေသွေးသာ မသိသူ ကျန်သည်။

ညရှစ်နာရီခွဲ ရုံးမှာ လက်မှတ်တစ်ချက်ဝင်ထိုးစရာ ရှိ၍ ဦးဝင်းနီရုံးကို ပြန်ဝင်လာတဲ့အထိ သားရွှေသွေးတို့ ဆွေးနွေးပွဲက မပြီးသေး။ လကုန်ရက်တိုင်း အလုပ်ခွင်ထဲက အဆင်မပြေမှုတွေ နှောင့်နှေးမှုတွေ၊ လမ်းကြောင်း ပြောင်းလဲသင့်တာတွေ၊ ဆိုင်ရာဆိုင်ရာ တာဝန်ခံတွေ တင်ပြကြသော ဟိုးအောက်ခြေဆင့်ထိ ပါသော ဤဆွေးနွေးပွဲက မပြီးမစီး ကြာညောင်းတတ်ပါသည်။





ငြင်းကြ၊ ခုန်ကြ၊ တင်ပြကြ မကျေနပ်တာတွေ ပြောကြ။ သူတို့ပြောတာတွေ ပယ်ချ၊ ငြင်းတန်တာငြင်းနှင့် ဆူညံရှုပ်ထွေးကြာညောင်းလှသော ဆွေးနွေးပွဲခန်းမ တံခါးကြီး ရုတ်တရက် ချပ်ခနဲ ပွင့်လာတော့ ညရှစ်နာရီခွဲပြီးနေပေပြီ။ ကိုးနာရီတောင် ထိုးလုပြီ။

အားလုံး ခေတ္တအသံတိတ်ကာ လှည့်ကြည့်မိတော့ တံခါးဝမှာ လက်မှတ်တစ်ချက်လာပြန်ထိုးသော ဦးဝင်းနီ ပြုံးပြုံးကြီး ရပ်နေသည်။ ဦးဝင်းနီ ပြုံးတာကို လုံးဝမမြင်ဖူးသေးသော ဝန်ထမ်းတွေပင် ရှိပါသည်။ ခုတော့ ပြုံးချိုနေ၍ အံ့အားတသင့် ငြိမ်သက်နေကြစဉ် ...

"ဟေ့ကောင် ရွှေသွေး ...၊ (လက်မကို တစ်ချက်ထောင်လိုက်ပြီးလျှင်) ယောက်ျားလေးကွ ... ဟဲ ဟဲ ဟဲ"

ဦးဝင်းနီ ပြန်လှည့်ထွက်ကာ တံခါးပိတ်သွားတော့ သားရွှေသွေးမှာ မောမောပန်းပန်း ငြီးနောက်နောက် ကြားကအားခပ်လျော့လျော့ကြီး ပြုံးကာ ကျန်ရစ်ရပါသည်။ ဤမျှထိအောင် သူ့မှာ ချာလပတ်ယမ်း ရှုပ်ယှက်ခတ်နေရသည်ဆိုတာ ဖေဖေနှင့် မေမေ လုံးစေ့ပတ်စေ့ မသိနိုင်။

သူကလည်း မပြောပါ။ သူ့မှာ အလုပ်များတယ် အလုပ်ရှုပ်တယ် ဆိုတာလောက်သာ ယေဘူယျဆန်ဆန် ပြောဖြစ်ဘာပါ။ ဖေဖေတို့ကတော့ သာမန်လောက် ရှုပ်တာပဲ ထင်ချင်ထင်

မည်။ သူ့မှာက မတရားရှုပ်တာ။ ညည်းညူလွန်းလျှင် အကူအညီ တောင်းတာ နိုင်းတာတွေ သူ မလုပ်ပေးလိုလို့ ငြင်းရာရောက်မှာ ကိုလည်း သူက စိုးရိမ်သည်။

ပေဖေ့ကိုရော မေမေ့ကိုရော အထီးကျန်အဘိုးကြီး အဘွားကြီးအဖြစ် သူက ကြင်နာကရုဏာသက်စွာ သနားနေတာ ပါ။ ဒါကြောင့်လည်း ဖုံးတန်ဖုံး၊ ဖိတန်ဖိ၊ လစ်တန်လစ်၊ လိမ် တန်လိမ်၍ မိဘကိစ္စကို အချိန်လုယက် ကူညီရပါသေးသည်။

တစ်ရက်မှာ မေမေက ဖုန်းဆက်လာပါသည်။ မေမေ ဖုန်းဆက်ချိန်က ရုံးမှာ အလုပ်တစ်ဖက်လုပ်ရင်း နေ့လယ်စာကို ဘူးနှင့်ယူ၍ တစ်ဇွန်းစားလိုက်၊ အလုပ်လုပ်လိုက် နေရသော အချိန်ပါ။

"သားရေ ... အိမ်ကို လာပါဦးသားရယ်"

"ဘာဖြစ်လို့လဲ မေမေရ"

"ကြောက်လိုက်တာ သားရယ်၊ အရမ်းပဲ၊ မီးအားမြှင့်စက် ကနေ ဘာတွေ ရှော့ဖြစ်သလဲ မသိဘူး၊ အငွေ့တွေ ထွက် တဖုန်းဖုန်း တဖွမ်းဖွမ်း မီးပွားတွေ စင်ထွက်ပြီး ရှော့တွေ ဖြစ်တာ၊ လန့်လိုက်တာ၊ လန့်လိုက်တာ သားရယ်၊ ခုဆို တစ်အိမ်လုံး အခိုးအငွေ့တွေနဲ့ ညှော်နေတာပဲ၊ လာပါဦး သားရယ်၊ မေမေ ကြောက်လွန်းလို့ ဘာလုပ်ရမှန်းကို မသိဘူး"





"မိန်းဆွစ်ချ်ကို ချထားလိုက်လေ"

"ချထားပြီးသား ... မီးအားမြှင့်စက်ထားတဲ့ နံရံနားမှာတောင် မီးဟပ်သလို အမည်းစင်းကြီးတွေ ဖြစ်နေတယ်"

"မိန်းဆွစ်ချ် ချထားလိုက်ရင် လောလောဆယ် ဘာမှ မဖြစ်နိုင်တော့ဘူး မေမေ၊ ကျွန်တော် ခုချက်ချင်း လာလို့ မရဘူး"

"ဘယ်တော့ လာမလဲဟင်"

"ဟို ... ဒီလိုလုပ်ပါလား ... မေမေတို့ တိုက်ခန်းနီးချင်း တွေကို လျှပ်စစ်သမား ဘယ်နားမှာ ခေါ်လို့ရမလဲ မေးကြည့် ပါလား ..."

"မီတာရုံး သွားခေါ်လိုက်ရင်တော့ ရမှာပေါ့ သားရယ်"

"အဲဒါ သွားခေါ်ကြည့်လိုက်ပါလား မေမေ"

"သားလည်း သိသားနဲ့၊ သူစိမ်းယောကျ်ားတွေ အိမ်ထဲ အခန်းစေ့ ဝင်ပြီး ပြင်နေမှာကို မေမေ ကြောက်တယ်ကွယ့်၊ မခေါ်ရဲဘူး၊ သားရှိမှဖြစ်မှာ"

"မေမေရယ် ... ကျွန်တော် ဒီနေ့တော့ ဘယ်နည်းနဲ့မှ လာလို့မရဘူး၊ ကျွန်တော် လာမယ်ဆို လာနိုင်တဲ့ ညကိုးနာရီ ဆယ်နာရီလည်း မီးသမား ခေါ်ဖို့ မလွယ်ဘူး၊ ကျွန်တော် တို့ဆီက မီးသမားတွေ လွှတ်မယ်လေ၊ စိတ်ချရပါတယ်၊ ကလေကချေတွေ မဟုတ်ပါဘူး၊ လျှပ်စစ်အင်ဂျင်နီယာတွေ

ပါ၊ ကိုယ်ပိုင်ကားတွေ ဘာတွေနဲ့ အလုပ်ကို လာတဲ့လူမျိုးတွေပါ"

"မဖြစ်ပါဘူး သားရယ်၊ မေမေ ကြောက်တယ်ကွယ့်"

သားရွှေသွေးမှာ အတော်စိတ်ရှုပ်မိပါသည်။ လေသံ၌ စိတ်ညစ်သံ ညည်းညည်းညူညူ ပါသွားကာ ...

"မေမေကလည်း ဒါဖြင့် ဘာလို့ သူရဲကောင်းကြီးလုပ်ပြီး တစ်ယောက်တည်း နေနေသေးသလဲ ...၊ ကိုယ့်ယောက်ျားနဲ့ ကိုယ့်အိမ်နဲ့ ရှိရဲ့သားနဲ့ နေတုန်းကတော့ တစ်ယောက်တည်း နေပြီးတော့ ခုလို ကိစ္စပေါ်တော့ ကြောက်နေတယ်၊ အိမ်တစ်အိမ်မှာ ဒီလို ကိစ္စဝိစ္စတွေက ရှိနေမှာ၊ အရေးပေါ်ဆိုတာလည်း ရှိမယ်၊ အခါခပ်သိမ်း ကျွန်တော်က လာနိုင်တာ မဟုတ်ဘူး"

မေမေ့ဘက်က အသံမှာ တိတ်သွားသည်။

"ကျွန်တော် မလာချင်လို့ မဟုတ်ဘူး၊ ကျွန်တော်လည်း မအားဘူး မေမေရ"

မေမေ စိတ်မကောင်း ဖြစ်သွားပုံရပါသည်။ သားရွှေသွေးလည်း စိတ်မကောင်းပါ။ မေမေ့ဘက်က ဖုန်းမချသေးသော်လည်း ဘာသံမှ ထွက်မလာ။

"ကျွန်တော် လွတ်မဲ့ လျှပ်စစ်အင်ဂျင်နီယာတွေကလည်း လူတော်လူကောင်းတွေပဲ၊ အလကား ကလေကချေတွေ





မဟုတ်ဘူး မေမေ၊ ဘာမှ ဖြစ်နိုင်တာလဲ မဟုတ်ဘူး၊ မေမေ သက်သက်တွေးကြောက်နေတာ"

"သားပါမလာဘူးဆိုရင်တော့ ရှိပါစေတော့ကွယ်၊ မေမေ တခြားတစ်နည်း စဉ်းစားဦးမယ်၊ ဒီနေ့ လာဖို့ ပြောရတာကလည်း ဒီမီးမပြင်ရသရွေ့ မေမေတို့မှာ ချက်ပြုတ်ဖို့ခက်၊ ရေတင်ဖို့ခက်၊ ညဆို မှောင်ကြီးမည်းကြီး ဖြစ်နေမှာမို့ပါ၊ ဒါပဲလေ ..."

"မေမေ"

မေမေ ဖုန်းချသွားတာ မြန်လှ၍ သားရွှေသွေး လှမ်းအော်ခေါ်လိုက်တာ မမီတော့ပါ။ ဒီလိုဆိုတော့လည်း သူ လုံးဝ စိတ်မကောင်းနိုင်ပြန်။ သူ့မှာ ကျပ်တည်းလှတာကို မေမေ အတိအကျ သိနိုင်သည် မဟုတ်ပါ။ သူ မလာတာကိုသာ ဝမ်းနည်းသွားပေလိမ့်မည်။

သူ ချက်ချင်း မေမေ့ဆီ ဖုန်းပြန်ခေါ်လိုက်ပါသည်။

"ဟယ်လို"

"မေမေ"

"---"

"ကျွန်တော် နက်ဖြန် လာခဲ့မယ်၊ မီးသမားတွေပါ ခေါ်လာခဲ့ပါ့မယ်၊ ဒီနေ့တော့ ဘယ်လိုမှ မလာနိုင်တာ မေမေ သဘောပေါက်ပါ"

"အေး — အေး …၊ မနက်ဖြန်လည်း ရပါတယ် သားရယ်"

"ဒါပဲနော် မေမေ"

သူ သက်ပြင်းကြီးတစ်ချက်နှင့်အတူ ဖုန်းကို ချလိုက်ရပါသည်။ ထိုညနေမှာ သူ ဦးဝင်းနီရဲ့ မိုးလေဝသကို ကြည့်သည်။ သိပ်မကောင်း။ ဒါကြောင့် သူ နက်ဖြန်အတွက် ကြိုတင်ပြောမထားတော့ပါ။ နောက်နေ့မနက်ကျမှပဲ အခြေအနေကို ကြည့်ကျက်ကာ ထွက်နိုင်ဖို့ ကြိုးစားရပါမည်။

နက်ဖြန်က ပြောထွက်မှ ဖြစ်မည့်ကိစ္စ။ ခဏတဖြုတ်နှင့် ပြီးမည့်ကိစ္စ မဟုတ်ပါ။ သူတို့နှင့် အလုပ်လုပ်နေကျ လျှပ်စစ်အဖွဲ့တွေထဲက ရင်းနှီးခင်မင်သော အုပ်စုကိုတော့ ဖုန်းဆက်၍ အကျိုးအကြောင်း ကြိုတင်ပြောနှင့်ကာ နက်ဖြန်ကို လိုက်လုပ်ပေးနိုင်ဖို့ ကြိုတင်ချိန်းဆိုထားလိုက်ပါသည်။

နက်ဖြန် ခွင့်တောင်းလို့ ကောင်းဖို့အတွက် မျက်နှာရအောင် ဒီနေ့အဖို့ ဖင်မြဲမြဲ ကြိုးစားပမ်းစားနှင့် အလုပ်တွေ ကျုံးလုပ်ထားလိုက်ပါသည်။ အိမ်ကိုတောင် သူ ရှစ်နာရီကျော်မှ ပြန်သည်။ ဒါကို ဦးဝင်းနီလည်း သိပါသည်။

နောက်နေ့မနက် ရုံးရောက်မှ ရုံးကို မနက်စောစောခေါက် ဝင်လာသော ဦးဝင်းနီကို ဝင်တွေ့ကာ …

"အန်ကယ် … ကျွန်တော် ဒီနေ့တစ်ရက် ခွင့်လိုချင်လို့ပါ"





"ခွင့် !…"

ခွင့်ဆိုသည်နှင့် ဦးဝင်းနီ မျက်နှာကြီးက မှုန်သွားသည်။

"ဟုတ်ကဲ့ … ကျွန်တော် မနေ့ကတော့ အရေးကြီးတာတွေ အကုန်ပြီးစီးအောင် ဖြတ်ထားပါတယ်၊ ဒီနေ့တော့ အားဂျင့်ကေ့စ်လည်း ဘာမှ မရှိလို့ပါ"

"မင်း ဘာလုပ်ဖို့ ရှိလို့လဲ"

"မေမေ့အိမ်မှာ မနေ့က ရှော့ခ်ဖြစ်လို့ပါ၊ မီးပွားတွေ ဘာတွေထွက်၊ အခိုးအငွေ့တွေ ညော်နဲ့ ကျွန်တော့်ဆီဆက်တော့ ကျွန်တော်လည်း ဘယ်လိုမှ မထွက်နိုင်တာနဲ့ မိန်းဆွစ်ချ်ပဲ ချထားဖို့ လှမ်းပြောလိုက်ရပါတယ်၊ အဲဒါ ဒီနေ့တော့ ကိုကျော်စိုးဦးတို့အဖွဲ့ ခေါ်သွားပြီး သွားလုပ်ပေးချင်လို့ပါ"

"ဝါယာ ရှော့ခ်ဖြစ်တာဆိုတော့ လုပ်မှတော့ ဖြစ်မှာပေါ့၊ တော်ပါသေးရဲ့ မီးမလောင်တာ"

"ဟုတ်ကဲ့"

"ကျော်စိုးဦးတို့ပဲ လွှတ်လိုက်လေ၊ မင်းပါတော့ ဘာထူးလို့လဲ၊ သူတို့အဖွဲ့ကို လွှတ်ပေးလိုက်ရင် ပြီးတာပဲမို့လား"

"အဲဒါ မေမေက ခက်နေတာ အန်ကယ်"

ဦးဝင်းနီ မျက်မှောင်ကုတ်ရင်း …

"ဘာခက်နေတာလဲ ..."

"အိမ်မှာက သူရယ်၊ အိမ်ဖော်မိန်းမကြီးရယ်ပဲ ဆိုတော့ သူက လူစိမ်းယောကျ်ားတွေ အိမ်ထဲဝင်မှာ ကြောက်တယ်"

"ဟာ ... ဘာကြောက်စရာရှိလဲကွာ"

"တိုက်ခန်းထဲဝင်ပြီး ပစ္စည်းယူ လူသတ်ဆိုတာတွေ မေမေက မှုခင်းဂျာနယ်တွေ ဖတ်ပြီး ကြားဖူးနားဝနဲ့ ကြောက်နေတာ အန်ကယ်၊ ကျွန်တော်က ဘယ်လိုအာမခံပေမဲ့ သူ ကျွန်တော် မပါဘဲ ယောကျ်ားတစ်စု လက်မခံရဲဘူး၊ ကျွန်တော်လည်း လွှတ်ပေးဖို့ ပြောပြီးပါပြီ၊ မေမေက တစ်ယူသန် စိတ်စွဲပြီး ကြောက်နေတာ"

"ဟာကွာ ... မင်းအမေကလည်း စံပဲကွာ"

"အဲဒါကြောင့် မနေ့ကတော့ ထွက်သွားဖို့ ဘယ်လိုမှ အဆင်မပြေတော့ မလာနိုင်ဘူး ပြောလိုက်တာပါ၊ ဒီနေ့ လာခဲ့မယ် ပြောထားလို့ပါ အန်ကယ်"

သားရွှေသွေးသည် ဤသို့ ရှင်းပြပြောနေရတာကိုပဲ စိတ်ထဲက ကသိကအောက် ဖြစ်လာပါသည်။ ဦးဝင်းနီကိုပင် စိတ်တိုငြိုငြင်လာပါသည်။ လူကို မတရားအလုပ်ပိအောင် ခိုင်းထားပြီး ကိစ္စရှိလို့ ခွင့်တောင်းလျှင် သူ့မျက်နှာက ညိုပြီး ဘဝင်မကျ ဖြစ်လာသည်။





"ကဲ ... ဒီနေ့တော့ မင်းသွားကိုသွားမှ ဖြစ်မယ်လို့ ဖြစ်နေတာပေါ့၊ ဒီနေ့မသွားလည်း နောက်နေ့သွားရမယ်၊ နောက်နေ့မသွားလည်း တစ်ရက်ရက် သွားရမယ်၊ မင်းအမေကလည်း တစ်ယောက်တည်းတော့ နေနေပြီးတော့"

ဒီစကားဟာ သူ့ကိုယ်တိုင် အမေ့ကို ပြောခဲ့သော စကားပေမဲ့ ခုလို ဦးဝင်းနီက ပြောတော့ သူမကြိုက်ချင်ပြန်ပေ။ သူ့မျက်နှာ ခပ်ပျက်ပျက် ဖြစ်နေတာကို ဦးဝင်းနီလည်း မြင်ပါလိမ့်မည်။

"တူတူ ... တူတူ ... တူတူ ..."

ဟော ... အရေးထဲ ဖုန်းက လာပြန်ပြီ။ သူ့အလုပ်ဝတ္တရားနှင့် ပတ်သက်သော အရေးပေါ်ဆောင်ရွက်ရမည့် ဖုန်းမျိုး မဖြစ်ပါစေနဲ့ ဆုတောင်းရင်း သားရွှေသွေးက ဖုန်းကို ကြည့်လိုက်တော့ သူ မသိသောနံပါတ်တစ်ခု ...။

"ဟယ်လို ..."

"သားလား ..."

"ဩော် ... မေမေ ... ပြော ... ဘယ်က ဆက်နေတာလဲ"

"ရုံးက ဆက်နေတာကွ "

"ဘာလဲ မေမေ"

"လုပ်ပါဦးကွာ ... ငါ့ကားလေး ..."

"ဘာလုပ်ရမှာလဲ မေမေ"

"ဘာလုပ်ရမှာလဲကွ၊ ပြင်ရမှာပေါ့၊ ပြင်ပေးပါဦးကွာ"

"ဟာ ... မေမေ့ကားက ဘယ်လို ဖြစ်နေတာလဲ၊ မီးရှို့ ပစ်လိုက်ဖို့ပဲ ကောင်းနေပြီ၊ ဟိုတလောကပဲ တစ်ခါပြင်သေးတယ်၊ ဘယ်နှရက်ရှိသေးလို့လဲ၊ ပြဿနာပဲ၊ ကျွန်တော် ယူသွားပြင်ပေးရတာ ငါးခါလောက် ရှိနေပြီနော်၊ မေမေ ဝယ်တာ ဘယ်လောက်ရှိသေးလို့လဲ ..."

"ဟော့ကောင် ... မင်းကလည်း ဟောက်လိုက်တာကွာ၊ ပျက်တော့လည်း ဘာတတ်နိုင်မှာလဲကွ၊ ပြင်ရတော့မှာပေါ့"

"ပျက်မှာပေါ့၊ မေမေက ဝယ်ကတည်းက ကားက အစုတ်၊ ဘာမှလဲ မတိုင်မပင် ဝယ်ချလိုက်တာ၊ မလုပ်ခင်က ကျွန်တော့်ကို မတိုင်ပင်ဘူး၊ မေမေ့ဘော်ဒါတွေနဲ့ပဲ ကြည့်ကျက်လုပ်သွားတာ၊ လုပ်ပြီး အဟုတ်မဟုတ်တော့ ကျွန်တော့် ခေါင်း ဖြစ်နေပါလား"

"ဟော့ကောင် ... ဝယ်တုန်းက မင်းကို မတိုင်ပင်တဲ့သဘော မဟုတ်ဘူးကွ၊ မင်းကို ငါ အပူမတပ်ချင်တော့တဲ့သဘော"

"မဟုတ်ပါဘူး မေမေရာ၊ ဘော်ဒါတွေစကား နားဝင်ပြီး ဒါဝယ်ဆို အေးဆိုပြီး ဝယ်လိုက်တာပါ"

"မဟုတ်ဘူး ဟော့ကောင်၊ အဲဒီတုန်းက မင်း ကားရှာပေးမယ် ပြောထားလို့ ငါ ကားကို လိုက်ကို မကြည့်ဘူး၊ ငြိမ်နေတာ၊ နောက်တော့ ရုံးက တက်ရတော့မယ်၊ မင်းက ရှာပေးမယ်





ဆိုတာပဲ မေ့နေတာလား၊ အားပဲ မအားတာလား မသိ၊ ပေါ်လည်းမလာ အဆက်အသွယ်လည်း မလုပ်တော့ ငါ့ဟာ ငါပဲ မိတ်ဆွေရဲ့ မိတ်ဆွေကားကို ယူလိုက်တော့တာ၊ မင်းကို အလုပ်မရှုပ်စေတော့တာ၊ အပူမတပ်တော့တာကွ ရှေ့သွေး"

"ဟုတ်မှလည်း ပြောပါ မေမေရာ"

"မဟုတ်ဘဲ ငါက ဘာဖြစ်လို့ ပြောရမှာလဲ၊ နက်ဖြန် ငွေချေမယ်ဆိုရင် ဒီလိုညမှာ မင်းဆီ ငါ ဆက်သေးတယ်၊ မင်းနဲ့ နိုတျာ အဲဒီနေ့က ပထမဆုံး နိုတျာ့ဗိုက် ဆရာဝန်သွားပြတဲ့ညလေ၊ ငါ ဆက်တယ်၊ မင်း မရှိလို့ မပြောဖြစ်လိုက်တာ၊ နောက်တော့လည်း မပြောဖြစ်တာနဲ့ ဝယ်ပြီး အတော်ကြာမှ မင်း သိရသလို ဖြစ်သွားတာ"

"ကားကလည်း ခဏနေ ပြင်လိုက်ရ၊ ခဏနေ ပြင်လိုက်ရ၊ ကပ်စေးနည်းပြီး ငွေချွေတာတာ ခုတော့ ငွေဝင်နေပြီ မဟုတ်လား"

"ဒီကားမျိုး ဒီလောက်ပဲ ကောင်းမှာပေါ့ကွာ၊ ငွေချွေတာ တာတော့ ငါ့ငွေ ငါ ချွေတာတာ ဘာဖြစ်လဲကွ၊ ငါ့ဟာငါ သုံးဖို့နဲ့ချန်ဖို့ ကိုယ့်ဟာကိုယ် လျာထားရတာပေါ့၊ ငါ့ပိုက်ဆံနဲ့ ငါ ဝယ်တာ ဆိုက်ကားဝယ်ဝယ်ကွာ၊ မင်း ပိုက်ဆံနဲ့ ဝယ်တာမဟုတ်ဘူး၊ မင်းနဲ့ ဘာဆိုင်လဲ"

"ဟာ ... ဖေဖေက ပြောတာလေးကတော့ နားထောင်ကောင်းတယ်၊ ဆိုင်တာပေါ့၊ ငွေချေတာ ဝယ်ပြီးတော့ ကျွန်တော်ချည်း သွားပြင်နေရတာကိုး"

"ဟော့ကောင် ... မင်း စကားရှည်တယ်ကွာ၊ မင်း မပြင်ပေးချင်ရင် မပြင်ပေးချင်ဘူးပြော ... ဒါပဲ"

"မပြင်ပေးဘူးလို့ ပြောနေတာ မဟုတ်ဘူး၊ အလုပ်ကများရတဲ့ကြားထဲ ဖေဖေကတစ်မျိုး၊ မေမေကတစ်မျိုး ဝိုင်း ခိုင်းနေတာကို ပြောနေတာ၊ လူက အားတာ မဟုတ်ဘူးဗျ၊ အလုပ်ကနေ တစ်ခါလေး အပြင်ထွက်ဖို့ ဘယ်လောက် စီစဉ်ရတယ် မှတ်သလဲ၊ ဒီနေ့ဆိုလည်း မေမေ့အိမ် မီးရှော့ခ်ဖြစ်တာ ပြင်ပေးရမယ်ဆိုလို့ မနေ့က ရှိသမျှ အလုပ်တွေ သေအောင် လုပ်ရတယ်"

သားရွှေသွေးက ဦးဝင်းနီပါကြားစေချင်၍ တမင်ပင် လေသံမာမာနှင့် ခပ်ကျယ်ကျယ် ပြောသည်။

"မင်းအမေအိမ်က မီးက ဘာဖြစ်လို့ ရှော့ခ်ဖြစ်ရတာလဲ"

"သူ့ဟာသူ ဖြစ်တာပဲ၊ ကျွန်တော်လည်း မသိဘူး"

"ငါ့ကားလည်း သူ့ဟာသူ ဖြစ်တာပဲကွ၊ မင်းအပြစ်ပြန်တင်နေရင် တင်တာပဲရှိမှာပေါ့၊ ဝယ်ပြီးသွားတဲ့ကိစ္စ ... ငါ ခုမှ ဘာတတ်နိုင်မှာလဲ၊ မင်း အပြစ်ပြောလို့ စိတ်ညစ်ရတာပဲရှိတယ် ဟော့ကောင်"





"ဖေဖေ့ကားက ပျက်,ပျက်နိုင်လွန်းလို့ ပြောနေရတာ"

"မပြောနဲ့ကွာ၊ မင်း ပြင်လည်းပြင်မပေးနဲ့ ... ဒါပဲ ..."

"ပြင်ပေးမယ်ဗျာ"

"မပြင်နဲ့ ဟော့ကောင်"

"ပြင်မယ်၊ ဒါပေမဲ့ အားမှ လာမယ်"

"မလာနဲ့ ... မပြင်နဲ့"

"ပြင်မယ် ... ပြင်မယ်၊ လာခဲ့မယ် ... ဒါပဲ"

သားရွှေသွေး ဖုန်းပိတ်လိုက်တာကို ဦးဝင်းနီက စိတ်ပျက်လက်ပျက် စိုက်ကြည့်နေပါသည်။ သားရွှေသွေး မျက်နှာကလည်း စုပုပ်နေသည်။ ဦးဝင်းနီက ဘာပြောရမှန်းမသိအောင် အကျပ်ရိုက်နေသည်။

ဟုတ်တော့လည်း ဟုတ်ပါရဲ့ ...၊ သားရွှေသွေးဟာ မအားလိုက်တာမှ လူတစ်ကိုယ်နှင့် မတန်မဆ အလုပ်မျိုးတွေ လုပ်နေရတာ အမှန်ပါပင်။ သူကလည်း တော်သော၊ မျက်နှာလွှဲရသော၊ သူစိတ်တိုင်းကျသောသူမို့ မတရားခိုင်းမိသည်။

သားရွှေသွေးရဲ့ လုပ်ငန်းခွင်တစ်ဖက်မှာလည်း လူမှုရေးကိစ္စ သာရေးနာရေး ဆိုတာတွေက ရှိရဦးမည်။

"အင်း ... မင်းမလည်း မလွယ်ပါလားကွာ"

ဦးဝင်းနီက သက်ပြင်းကြီးချရင်း ...

"ကဲ _ ကဲ ... သွား ... သွား ... မင်းအမေဆီ သွားမှာ သွားတော့၊ အချိန်ရရင် မင်းအဖေကားပါ ယူအပ်ပေးလိုက်ပေါ့၊ အချိန်မရလည်း နောက်နေ့ပေါ့ကွာ ဟုတ်လား"

"ဟုတ်ကဲ့"

"ဟုတ်တော့ မဟုတ်သေးဘူးကွ၊ မင်းအဖေနဲ့ အမေနဲ့ဟာက ဟုတ်ကိုမဟုတ်သေးဘူး၊ ဒါတွေဟာ မင်းဆီ တော်ကြာနေရောက်လာ၊ တော်ကြာနေရောက်လာ မဖြစ်ရမဲ့ ကိစ္စတွေ၊ ကိုယ့်အိမ်မှာ ကိုယ်ရှော့ခ်ဖြစ်ရင် မင်းအဖေလည်း အတူရှိနေရင် မင်း လှူလွှတ်ပေးရုံပဲ၊ ဘာပဲဖြစ်ဖြစ် ပြင်စရာဆင်စရာ လုပ်ကိုင်စရာတွေ မင်း လှူလွှတ်ပေးရုံနဲ့ ပြီးတယ်၊ မင်းအဖေ ကားပြဿနာကလည်း ဝယ်စရာလိုလို့ ဝယ်မိလို့ ဖြစ်ရတာ၊ သူတို့သာ အတူရှိရင် ဒီကားလည်း ဝယ်ဖို့မလိုဘူး၊ ဖြစ်နေတာက ဟုတ်ကိုမဟုတ်သေးဘူး၊ ပြန်ပေါင်းစည်းကြရမယ်"

"ကျွန်တော်လည်း ပြောတာပဲ အန်ကယ်"

"ပြီးတော့ သူတို့ ပြဿနာမျိုးက အိမ်ထောင်တိုင်းမှာရှိတဲ့ ပြဿနာပဲ၊ သူတို့မှ ထူးဖြစ်နေတာလည်း မဟုတ်ဘူး၊ အနည်းအများ အကြီးအသေးပဲကွာတယ်၊ ဒါကိုပဲ မင်းအမေကလည်း ပုံကြီးချဲ့ခံစား၊ မင်းအဖေကလည်း စိတ်တွေနာ"





သားရွှေသွေးက သက်ပြင်းချသည်။ ဦးဝင်းနိုကလည်း သက်ပြင်းတစ်ချက် ခပ်ရှည်ရှည် ဆွဲချလိုက်ရင်း ...

"ငါလည်း ကြိုးစည်ပါဦးမယ်လေ"

"ဟုတ်ကဲ့"


"သူများလင်မယားကြားတော့ မဝင်ချင်ဘူး၊ ဒါပေမဲ့လည်း ခုဟာက ဘေးကနေ မနေသာဘူး၊ စေ့စပ်ပေး ကြားဝင်ပေး ညှိပေးရမလို ဖြစ်နေပြီ၊ ကိုယ်ကလည်း ပတ်သက်ရာ ပတ်သက်ကြောင်း ဖြစ်နေပြီကိုး"

"အန်ကယ် ဒီကိစ္စအတွက် ကောင်းမယ်ထင်လို့ ဘယ်လိုပဲ ကြားဝင်ဝင် ကျွန်တော် ကျေနပ်ပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်"

"သူတို့နှစ်ယောက်ကို မဆုံဆုံအောင် ခေါ်ယူကြတာပေါ့၊ မျက်နှာချင်းဆိုင်တွေ့ကြရင် ညှိပေးစေ့စပ်ပေးကြည့်တာပေါ့"

"ဟုတ်ကဲ့"

"ကဲ ... သွား ... သွား ...၊ ငါလည်း အိမ်မှာ နိတျာအမေနဲ့ ပြန်တိုင်ပင်ကြည့်ပါဦးမယ်၊ ဘယ်လိုခေါ်ပြီး ဆုံမလဲဆိုတာ"







## ၁၀

မေမေ့ထံက တယ်လီဖုန်းဆို၍ သားရွှေသွေးက ၁လောင်းမှ အားကစားအစီအစဉ်တွေ ကြည့်နေရာမှ ထ,လာခဲ့ပါသည်။

"ဟယ်လို ... မေမေလား"

"အေး ... သား"

"မေမေ ... ဘာလဲ ... ပြောလေ၊ မီးတွေလည်း အားလုံး ကောင်းတယ် မဟုတ်လား၊ ဘာထပ်ဖြစ်သေးလဲ ..."

"ဘာမှ ထပ်မဖြစ်ပါဘူး သား၊ ကောင်းပါတယ်"

"ဘာလဲ ... ဟိုတစ်နေ့က အိမ်ဖော်ဒေါ်ငြိမ်းကြီးက ပြန်ချင်တယ်ပြောနေတာ၊ အခု ပြန်တော့မလား"

"မပြန်သေးပါဘူး၊ သူကလည်း ပြန်မယ်ဖြစ်လိုက်၊ မပြန်ဘူးဖြစ်လိုက်၊ အမျိုးမျိုးပါ၊ မသေချာပါဘူး"

"ဒါဖြင့် ဘာဖြစ်လို့လဲ မေမေ၊ ကိစ္စအထူးရှိလား ..."

"အေး ... မေမေ့အိမ်ကို ဒီနေ့ မြနန္ဒာ လာတယ်ကွယ့်"

"ဘယ်က မြနန္ဒာလဲ မေမေ"

"သြော် ... မင်းရဲ့ ယောက္ခမ ဒေါ်မြနန္ဒာလေကွယ်၊ ဘယ်မြနန္ဒာ ရှိသေးလို့လဲ ..."

"သြော် ... မသိပါဘူး၊ မေမေ့ဆီ လာတယ်ဆိုတော့ လာတတ်တဲ့လူထဲကပဲ စဉ်းစားကြည့်တာပေါ့၊ သူက ဘာလာလုပ်တာလဲ ... မေမေ့ဆီ လာလေ့မှမရှိတာ"

"အင်း ... တစ်လတစ်ကြိမ်လောက်တော့ ဖုန်းပြောဖြစ်ကြပါတယ်၊ ဒီနေ့ရောက်ချလာတော့ မေမေတောင် အံ့သြတယ်၊ မြနန္ဒာက အပြင်မှာတွေ ဘာတွေတောင် သိပ်သွားလေ့ရှိလှတာ မဟုတ်ဘူးလို့ ပြောတယ်"

"ဟုတ်တယ် မေမေ၊ ဘယ်မှသိပ်မသွားဘူး၊ အိမ်မှာပဲ ..."

"ဒရိုင်ဘာနဲ့ လာတာကွယ့်"

"ကိစ္စရှိလို့လား ... ဘာတဲ့လဲ မေမေ"

"အေးလေ ... အဲဒါပဲ ပြောဖို့ ဆက်တာပေါ့၊ ဒီတနင်္ဂနွေ သူတို့လင်မယား မင်္ဂလာနှစ်ပတ်လည်တဲ့ကွယ်၊ အဲဒါ လာဖြစ်အောင်လာရမယ် ဆိုပြီး ဖိတ်တာ"





"သြော် ..."

သားရွှေသွေးက သံရှည်ကြီးဆွဲကာ "သြော်"မိရင်း ...ခေါင်းထဲမှာလည်း ကြယ်တွေ လတွေ နေတွေ အားလုံး လင်း...က်ပွင့်ထွက်ကုန်ပါသည်။ ဟုတ်တာပေါ့ ... ကြည့်စမ်း ...။ သူ...ုံးဝကို မေ့နေတာ၊ သူ့ကို အရင်အပတ်ကပင် ဦးဝင်းနီ ပြောပြီးပါ...ပြီ။ ဖေဖေနှင့်မေမေ့ကို ဖိတ်ဖို့ သူတို့လင်မယားရဲ့ Anniversary ... ကျင်းပလိုက်မည်တဲ့။

ဘယ်နေ့ ဘယ်ရက်ရယ်လို့တော့ သားရွှေသွေး ...တိအကျ မသိရသေးပါ။ ဒီကြားထဲမှာတောင် ဒီကိစ္စကို မေ့မေ့...လျော့လျော့ ရှိနေမိပါသည်။ ခုမှ မေမေ ပြောမှပင် ပြန်သတိရ...ါတော့သည်။

"ဟုတ်တယ် ... ဟုတ်တယ် ... သူတို့ အဲန်နီဗာစရီ ရှိတယ် မေမေ"

"အေးလေ ... အဲဒါကို လာဖိတ်တယ်ကွယ်"

"ဖိတ်တော့ လာလိုက်ပေါ့ မေမေရဲ့"

"အဲဒါ စိတ်ညစ်တာပေါ့ သားရယ်၊ မလာချင်ပါဘူး"

"ဟာ ... မလာလို့ ဘယ်ရမလဲ မေမေနော်၊ ဒီတစ်ကြိမ်တော့ ကျွန်တော့်မျက်နှာထောက်ပါဦး မေမေရာ၊ ဘာမှမငဲ့မကွက်ဘဲ ကိုယ်လုပ်ချင်တာချည်း လုပ်မနေပါနဲ့"

"မင်းလည်း သိသားနဲ့ ... မေမေ မလာချင်တာ"

"လာချင်တာတွေ မလာချင်တာတွေ မလိုချင်ဘူး မေမေရာ၊ မေမေ ဘာပြောလိုက်လဲ ..."

"သူကလေ ဖွတ်လည်း လှိုက်လှိုက်လှဲလှဲ တအားဖိတ်နေတော့ မေမေလည်း ငြင်းရမှာ အားနာတာပေါ့၊ သားနဲ့ ပြောလိုက်ရင်တော့ ငြင်းလို့ကောင်းသေးတယ်လေ၊ ခုတော့ အိမ်အထိ ကိုယ်တိုင်ကိုယ်ကျ လာပြီး မျက်နှာချင်းဆိုင်ကြီး ဖိတ်တော့ မေမေ ဘယ်လိုငြင်းရမှန်း မသိဘူး၊ ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... လာပါ့မယ်ပဲ ပြောရတာပေါ့"

"ပြောပြီးမှတော့ လာပေါ့"

"မလာချင်ဘူး သားရယ်၊ မမြင်ချင်တဲ့ မျက်နှာကြီး မြင်နေဦးမယ်"

"မြင်ရတော့ ဘာဖြစ်လဲ၊ ဘာလဲ မေမေ ကိုယ့်စိတ်ကို ကိုယ် မနိုင်လို့လား၊ အဲဒီ ဖေဖေ့ မျက်နှာကို မြင်လိုက်တာနဲ့ မေမေ့စိတ်တွေ ပြန်ပျော့ကျပြီး ပါသွားမှာကို စိုးရိမ်နေတာလား ..."

"အောင်မာ ... ရွှေသွေးနော် ..."

"ဟုတ်တယ်လေ ...၊ သူတောင် ကိုယ့်ကို ခပ်တည်တည်တွေ့နိုင်ရင် ကိုယ်ကလည်း သူ့ကို ခပ်တည်တည် တွေ့နိုင်ရမှာပေါ့၊ ကိုယ့်ကျမှ မတွေ့ရဲသလိုလို၊ မတွေ့ချင်သလိုလိုဟိုရှောင် ဒီရှောင် လုပ်နေတာက ပိုရုပ်ပျက်တာပေါ့ မေမေရာ"





"သူနဲ့ မတွေ့ရဲစရာအကြောင်းကို မရှိဘူး၊ မတွေ့ရဲရအောင် ကျုပ်က သူ့ကို ဘာအပြစ်ရှိလို့ ကြောက်ရမှာလဲ ရွှေသွေးရဲ့"

"သိဘူးလေ ... မေမေ့ပုံက ရှောင်နေတော့ ..."

"သင်းကတော့ ငါ့ကို မရှောင်ဘူးတဲ့လား ..."

"ဖေဖေက လာမှာပဲ၊ အန်ကယ်ဦးဝင်းနီ ကိုယ်တိုင် ဖိတ်မှာ"

"ဦးဝင်းနီတို့ လင်မယားကလည်း အလုပ်ရှုပ်ခံလိုက်တာ၊ သူတို့ဟာသူတို့ ပွဲလုပ်တာ လုပ်တာမဟုတ်ဘူး၊ လင်မယား နှစ်ယောက် တစ်ကိုယ်တစ်ယောက် လိုက်ဖိတ်နေတယ်"

"ဟာ ... မေမေတို့က သူတို့ ခမည်းခမက်လေ၊ ဖိတ်မှာပေါ့၊ မင်္ဂလာဆောင်တုန်းက လုံးဝမလာတာလဲ မပြောချင်လို့သာ နေကြတာ၊ ဦးဝင်းနီက လုံးဝ ကျေနပ်တာ မဟုတ်ဘူး"

"ဒါတော့ ဟုတ်ပါတယ်၊ မင်္ဂလာဆောင်တုန်းကတော့ ခပ်တည်တည်နဲ့ပဲ လာလိုက်မိရင် ကောင်းသားလို့ မေမေ တွေးမိပါတယ်၊ ခုတော့ တစ်သက်လုံးပြောစမှတ် ဖြစ်သွားတော့မှာပေါ့"

"မေမေ က နှောင်းမှ နောင်တရနေတယ်၊ အဲဒီတုန်းက ဒီစိတ်ကူးရပြီး လာလိုက်ရင် ဘယ်လောက်ကောင်းလဲ၊ ခုတော့ ကျွန်တော် မျက်နှာငယ်ခဲ့ရတယ်၊ မျက်နှာပူခဲ့ရတယ်"

"ဟုတ်ပါတယ် သားရယ်၊ အဲဒီတုန်းကတော့ ရက်ပိုင်းပဲ ရှိသေးတော့ ခွေးကလည်း သိပ်ပူနေတော့ သင်းကို လုံးဝ မျက်နှာချင်းမဆိုင်ဘူးလို့ပဲ ဆုံးဖြတ်တာ၊ မေဇမ့်သား မျက်နှာငယ်ရတာ တွေးမိပါတယ်"

"ဒါဖြင့် ခုပွဲကို ဘာမှ မေမေ ချေးများမနေနဲ့ ... လာလိုက်ပါ"

"မင်းအဖေ မလာရင် ကောင်းမှာပဲ"

"ဖေဖေ့ကို မေမေ ထည့်စဉ်းစားမနေနဲ့၊ ကိုယ့်တစ်ကိုယ်တည်းပဲ စဉ်းစား၊ အန်တီမြနန္ဒာလို မိန်းမမျိုးက အိမ်အထိ လာဖိတ်ထားတာ"

"အေးကွယ်၊ သူ လာတုန်းကလည်း အိမ်မှာ မုန့်ကမရှိ၊ ကော်ဖီလေးတစ်ခွက်ပဲ တိုက်လိုက်ရတယ်"

"ကော်ဖီလေးပဲ တိုက်လိုက်ရတာက ဘာမှ အကြောင်းမဟုတ်ပါဘူး မေမေ၊ ဒီလောက်လာဖိတ်ရက်နဲ့ မေမေတို့က သူတို့ဘက် မကြည့်ဘဲ ကိုယ့်ကိစ္စကိုယ်ကြည့်ပြီး တင်းမာနေပြီး မလာကြဘူးဆိုရင် ဒီတစ်ခါ ကျွန်တော် အရမ်းစိတ်ဆင်းရဲလိမ့်မယ်၊ သူတို့ သမက်ဖြစ်နေတဲ့အပြင် သူတို့အလုပ်ထဲမှာပါ လုပ်နေရတာ၊ မေမေ အဲဒါကို ထည့်စဉ်းစားပါ"

မေမေက စဉ်းစားနေသလို ခဏတိတ်ဆိတ်နေပါသည်။





"မေမေ ... လာလိုက်ပါနော်"

"တခြား ဘယ်နှယောက်လောက် ဖိတ်သေးလဲ ..."

"ဒါတွေ ဘာမှ ထည့်မစဉ်းစားပါနဲ့ မေမေရယ်၊ ကိုယ့်ဟာကိုယ် လာဖို့သာ စဉ်းစားပါ"

"အေးလေ ...၊ ဒါဖြင့်လည်း မေမေ လာလိုက်ပါ့မယ် သားရယ်"

"တကယ်လာနော် မေမေ၊ မေမေ လာရင် မေမေ့ကို ကျွန်တော် သိပ်ကျေးဇူးတင်ပါတယ်"

"သားအမိချင်း မလိုပါဘူးကွယ်၊ မေမေ လာမှာလည်း သူတို့ကို အားနာလို့ထက် သားမျက်နှာကြောင့်ပါ"

"ကျွန်တော် စိတ်ချမ်းသာသွားပြီ မေမေ"

"အေး ... အေး ... ဒါပဲနော် သား"

"ဟုတ် ..."

ဖုန်းကိုချကာ သားရွှေသွေး မျက်နှာက ကြည်လင်ပြီးမြလာရဆဲ ဖုန်းက စီခနဲ ထမြည်လာပြန်ပါသည်။ ချက်ချင်း ကောက်ကိုင်ရင်း ...

"ဟယ်လို ..."

"ဟော့ကောင် ရွှေသွေး"

"ဩော် ... ဖေဖေ"

သားရွှေသွေး ပြုံးစိစိ ဖြစ်သွားရရင်း ...

"ဖေဖေ ... ပြောလေ"

"ဖုန်းခေါ်နေတာ ကြာပဲကြာလှပြီကွာ၊ ခေါ်လို့ကို မရဘူး၊ မင်း ဂျီအက်စ်အမ်လေး ဆက်တော့လည်း ဖုန်းပိတ်ထား သတဲ့"

"ဟုတ်တယ် ဖေဖေ၊ ဘက်ထရီအားသွင်းနေလို့ပါ"

"မင်းကို ပြောစရာရှိလို့ဟေ့"

"ဟုတ်ကဲ့"

"ဒီနေ့ ငါ့ရုံးကို ဘယ်သူ ပေါ်လာတယ်ထင်လဲ"

သားရွှေသွေးက ပြုံးရင်း ...

"ဘယ်သူလဲ ဖေဖေ"

"မင်းယောက္ခမလေ"

"ဟုတ်လား ..."

"အေး ... ဦးဝင်းနီလေ၊ ဒီလူကွာ ရုံးကို လိုက်ချလာတယ်၊ ငါတို့ဘော့စ်လုပ်တဲ့သူကလည်း ရုံးမှာရှိနေတုန်း ဦးဝင်းနီ လိုလူမျိုး ရုံးကို ရောက်လာတယ်ဆိုတော့ သူလည်း အံ့အား တွေသင့်၊ ပျာယာကိုခတ်နေတာပဲ"

ဖေဖေ့ ဘော့စ်ဆိုတဲ့သူဟာ သူ့ရဲ့ ကုမ္ပဏီအနေနှင့် သူ့ဟာသူ ဟန်ကျပန်ကျ အောင်မြင်နေသော်လည်း ဦးဝင်းနီလို ဂရိတ်စီးပွားရေးသမားမျိုးကြီးကိုတော့ ဘယ်လိုမှ မယှဉ်နိုင်သာ။





ကြားဖူးနားဝရှိ၍ အဝေးက လှမ်းမြင်ဖူးတာလောက်သာ ရှိနိုင်ပါ သည်။

အနားကပ်ဖို့ ခင်မင်ခွင့်ရဖို့ ဆိုတာ အဝေးကြီး။ အဆင့်ချင်း အရှိန်အဝါချင်း ကွာလှသည်။ သူ့လို ရုံးမျိုးကို ဦးဝင်းနီ ကိုယ်တိုင် ရောက်ချလာတဲ့အခါ ပျာယာခတ်နေမည့်အဖြစ် ကတော့ မလွဲမသွေ ဖြစ်ကိုဖြစ်ရမှာပင်။

ဦးဝင်းနီကြီး သူ့ပိုင်နက်၌ လူအကောင်လိုက်ရောက် ချလာပါလျက် သူ မသိလို့ပဲဖြစ်ဖြစ်၊ သိရက်နဲ့ပဲဖြစ်ဖြစ် နှုတ်မ ဆက်ရ ဧည့်ဝတ်မကျေလိုက်ရမှာကို သူ အလွန်ပဲ စိုးရိမ်ပါလိမ့် မည်။

စီးပွားရေးလောကသားချင်း တစ်ကွေ့မဆုံ တစ်ကွေ့ ဆုံတွေ့ဖို့က ဖြစ်နိုင်ချေရှိနေသေးရာ တကယ်တမ်း ပတ်သက်ရလျှင် လည်း သူဟာ အင်အားကြီး ဦးဝင်းနီကို ခပ်ဖားဖား အောက်ကျို့ ကျို့ ချဉ်းကပ်ရမည့်သူမျိုးသာ ဖြစ်ပါသည်။ ဦးဝင်းနီ ခေါင်းထဲ သူ့ကို မကောင်းမြင်မျိုး တစ်ချက်တလေလေးပင် သူ အဝင်ခံနိုင် မှာ မဟုတ်ပါ။

"ဒီလူကွာ၊ ဖုန်းဆက်ပြီး အပြင်ချိန်းလည်းရ၊ လာတွေ့ဖို့ ခေါ်လည်း ရရက်နဲ့ ရုံးထိပေါက်ချလာတယ်၊ တကယ့်လူ ကွာ"

"ဟား ဟား ဟား ..."

"မင်းက ရယ်မနေနဲ့၊ ဒီလူ ရောက်ချလာပြီး တွေ့တဲ့လူက (---)ကုမ္ပဏီက ဦးဝင်းနီ ရောက်နေပါတယ်၊ ဦးရဲ့သ နဲ့ တွေ့ချင်လို့ဆိုပြီး ပြောတော့ သူပြောတဲ့သူကလည်း သူ့ကို သိနေတော့ ပျာပျာသလဲနဲ့ ဧည့်ခန်းမှာ နေရာချပြီး ဘော့စ်ကို အရင်ပြေးပြောတာကွ"

"ဪ ..."

"ငါတို့ ဘော့စ်လေး ထွက်သွားပြီး ဧည့်ခံနေတုန်းမှ ငါ့ကို လာခေါ်တာ၊ ငါ ဧည့်ခန်းထဲ ဝင်သွားတော့ ရယ် တောင်ရယ်ချင်သေးတယ်၊ ငါတို့ဘော့စ်ကောင်လေးဟာ ခါတိုင်း မှုန်တေတေ ထန်တင်းတင်းနဲ့ဟာ ခုတော့ ပုရွက် ဆိတ်တက်မလား ထင်ရတယ်၊ ဦးဝင်းနီက ငါတို့ ငယ်သူ ငယ်ချင်းတွေပါ၊ ခမည်းခမက်လည်း တော်ပါတယ်၊ လူမှု ရေး၊ သာရေး၊ နာရေး ကိစ္စလေး ပြောဖို့ပါ ဆိုတာတောင် နေရာက ထွက်မသွားဘူးကွာ၊ တစ်ခုပြီးတစ်ခု ကျွေးပြီး တည်ခင်းဧည့်ခံနေတာ လိုရင်းကို မရောက်တော့ဘူးဟေ့"

"ဟား ဟား ဟား"

"အေး ... မင်းက ရယ်ပဲရယ်နေ၊ နောက်မှ ဦးဝင်းနီက ခပ်ပြတ်ပြတ်ပဲ ငါတို့နှစ်ယောက် လူမှုရေးကိစ္စလေး ပြော စရာရှိလို့ ပြောပါရစေဆိုပြီး နှင်လွှတ်သလောက်နီးပါး ဘွင်းဘွင်းပြောမှ ထွက်သွားတော့တာ၊ ဒါတောင် သိပ်မကျေ





နပ်ဘူးဟေ့၊ နေပါဦး ... ဦးဝင်းနီက ဘာကြောင့် ငါ့ရုံးကို ကိုယ်တိုင်ကိုယ်ကျ လာရတာလဲ ..."

"မသိဘူးလေ၊ ဖေဖေ အသိဆုံး ဖြစ်မှာပေါ့၊ သူ ဘာပြော သွားလဲ ..."

"သူလာတာတော့ သူတို့ မင်္ဂလာနှစ်ပတ်လည် ဖိတ်တာလေ၊ ဒါတော့ သိတယ်လေကွာ၊ ဖုန်းထဲက ပြောလည်းရတယ်၊ သူ ဘာကြောင့် ကိုယ်တိုင်ကိုယ်ကျကြီး ရောက်ချလာပြီး ပြောရတာလဲ ..."

"ဪ ... ဒါတော့ ဖေဖေ အလေးအနက် ထားစေချင်လို့ ဖြစ်မှာပေါ့၊ သူလည်း အရေးတယူ ထားပြီး လာပြောတယ်၊ ဖေဖေလည်း အရေးတယူထားပြီး လာဖြစ်အောင်နေမှာပေါ့"

"အေး ... ငါ အားနာအောင် သူကိုယ်တိုင် လာတာပဲကွ"

"ဒါပေါ့ ဖေဖေရ"

"သူကိုယ်တိုင်ကိုယ်ကျ လာဖိတ်တာတော့ အားလည်းနာ တယ်၊ လေးလည်းလေးစားပါတယ်၊ ဒါပေမဲ့ ငါမှ မလာ ချင်ပဲကွ"

"ဟာ ... ဖေဖေက လုပ်ဦးမယ်နော်၊ ကျွန်တော့်မျက်နှာကို မင်္ဂလာဆောင်တုန်းကတစ်ခါ ဖေဖေ အိုးမဲသုတ်ပြီးပြီနော်၊ ခုတစ်ခါ ဘာထပ်လုပ်ဦးမလဲ ဖေဖေ"

"မင်္ဂလာဆောင်တုန်းက ကိစ္စကို ခုထိပဲ မပြီးနိုင်ဘူး"

"မပြီးဘူး ဖေဖေ။ တစ်သက်လုံး ပါသွားပြီလေ၊ ကျွန်တော့် ယောက္ခမတွေ ရင်ထဲလည်း တစ်သက်လုံး ပါသွားပြီ၊ ပြန်ပြင်လို့မှ မရတာ၊ ဥစ္စာတွက်နဲ့ တွက်ရင် သူတို့ဘက်က ကျွန်တော်တို့ထက် အစစအရာရာ မြင့်မားသာလွန်တယ်၊ ဒီကြားထဲက သတို့သားမိဘက မင်္ဂလာပွဲကို တက်ရောက် မဆင်နွှဲဘူး ဆိုတာ ..."

"မင်းကလည်းကွာ၊ ဒီတုန်းက ငါတို့ ပူပူနွေးနွေး ကွဲပြီးကာစ၊ ငါ ဒီမိန်းမမျက်နှာမြင်ရင် လည်ပင်းညှစ်မိမှာကွ၊ မင်း မင်္ဂလာဆောင် ပျက်မှာစိုးလို့ပါကွာ"

"မဆိုင်ပါဘူး ... ဖေဖေက ညှစ်ချင်ဦး ညှစ်စရာလား၊ သတိနဲ့ ဆင်ခြင်မှပေါ့၊ ကိုယ့်မိန်းမ၊ ကိုယ့်သားရဲ့ မိခင်ကို လည်ပင်းညှစ်ဖို့ စဉ်းတောင်မစဉ်းစားသင့်ဘူး"

"ဟေ့ကောင် ... တကယ်တော့ ထညှစ်ပါ့မလား၊ မင်း စဉ်းစားပြော၊ ဒီလောက်ရုပ်ပျက်ဆင်းပျက်တော့လည်း ငါ မရိုင်းသေးဘူး"

"ဖေဖေ ပြောတဲ့စကားပဲ"

"လည်ပင်းညှစ်လုအောင် ဒေါသဖြစ်တာကို တင်စားပြောပြတာကွ"

"ဖေဖေတို့က ကိုယ့်ပုဂ္ဂလိက ခံစားမှုကိုပဲ ရှေ့တန်းတင်တယ်၊ ကျွန်တော့်အတွက် ကြည့်မပေးခဲ့ဘူး"





"မင်းက ငါ့ပဲ ပြောနေ၊ မင်းအမေကျတော့ရော"

"မေမေ့လည်း ကျွန်တော် ဒီတိုင်းပဲပြောတာပဲ"

"ခုဟာကကွာ ... သူတို့ဟာသူတို့ မင်္ဂလာဆောင်တာ ဘယ်နှနှစ်ပြည့်ပြည့် ငါတို့နဲ့ ဘာဆိုင်လို့လဲ၊ ဘာကိစ္စ သူများတွေ ဖိတ်ရတာလဲ"

"သူတို့ နှစ်ပတ်လည်အထိမ်းအမှတ်နဲ့ မိတ်ဆွေတွေကို အမှတ်တရ ကျွေးမွေးတာပေါ့ ဖေဖေရ၊ ဒါ ဒီလိုပဲလုပ်လေ့ ရှိတာပဲ"

"သူတို့က ကျွေးတာ ဟုတ်ပါရဲ့၊ သွားရတဲ့ လူတွေက ဒုက္ခရောက်တယ်"

"ဘာမှ ဒုက္ခမရောက်ဘူး ဖေဖေ၊ ကားလေးမောင်းပြီး လာလိုက်ရုံပဲ၊ ဖေဖေ့ ရုံးအားရက်လည်း ဖြစ်တယ်"

"မင်းအမေကို ငါက သိပ်မျက်နှာချင်း ဆိုင်ချင်တာ မဟုတ်ဘူး"

"ဟား ဟား ... အဲဒါ ဖေဖေ့ဘက်က မေမေ့ကို မှုနေလို့ပေါ့"

"ဘာမှုနေတာလဲ ..."

"သူ လာမဲ့နေရာ ငါ မလာချင်ဘူး ဆိုတာ မေမေ့ကို အလေးထား ထည့်စဉ်းစားနေတာ၊ မေမေကဖြင့် အေးအေး ဆေးဆေးပဲ"

"ဘာလဲ ... လာမယ်တဲ့လား ..."

"လာမယ်တဲ့ ... အေးဆေးပဲ၊ မေမေ့ကိုလည်း အန်တီမြနန္ဒာ ကိုယ်တိုင် အိမ်လာဖိတ်တာ၊ မသွားရင် ဘယ်လောက် အားနာမျက်နှာပူစရာ ကောင်းသလဲ"

"အောင်မာ ... ငါက သင်းကို မှုလို့ မဟုတ်ပါဘူးကွ"

"မှုလို့ပေါ့ ဖေဖေရ"

"ကြည့်ကို မကြည့်ချင်တာ"

"ကြည့်မိရင် ဖေဖေ စိတ်လည်သွားမှာစိုးတာ မဟုတ်လား"

"ဟော့ကောင် ..."

ဖေဖေက စိတ်တိုသွားပုံနှင့် ...

"သင်းများ ငါက စိတ်လည်စရာလား၊ ဆယ်ခါပြန် စိတ် မလည်ဘူးဟေ့၊ အေး ... ပြီးရော၊ မင်းက အထင်လွဲနေမယ် ဆိုရင်တော့ ငါက ခပ်တည်တည် လာပြလိုက်ဦးမယ်"

"လာပြလိုက်ပေါ့ ဖေဖေရ၊ နို့မို့ရင် မေမေက သူ့ကို ရင် မဆိုင်ရဲဘူးပဲ ယူဆနေမှာ"

"သင်းကို ငါက ရင်မဆိုင်ရဲရအောင် ငါက ဘာအမှားကျူး လွန်တဲ့ကောင်မို့လဲ၊ သူသာ ဒီအရွယ်ကြီးရောက်မှ အိမ်ပေါ် က အရှက်မရှိ ဆင်းသွားတာ၊ အိမ်ပေါ်ကနေ ဟိုဆင်းဒီဆင်း နဲ့ စရိုက်ပျက်"

"ဒါဖြင့် ဖေဖေ လာမယ်ပေါ့"





"အေး ... လာရတာပေါ့ကွာ၊ ဟိုလူကလည်း ဖွတ်ကို လာ ဖိတ်တာ၊ ငါ မလာချင်ဘူးဆိုတာ ငါ့ဟာငါ ခြေထောက်နာ နေလို့လည်း ပါတယ်၊ ရုံးတောင်မှ အိမ်မနေချင်လွန်းလို့ အပျင်းပြေလို့ အားတင်းတက်နေတာ"

သားရွှေသွေးသည် ပူပန်စိုးရိမ်မှုနှင့် ...

"ဖေဖေ့ခြေထောက်က ဘယ်လို နာတာလဲ၊ ကြာနေပြီနော်"

"နာလိုက် ပျောက်လိုက်ပေါ့ကွာ"

ဖေဖေ့အသံက အရေးမကြီးသလိုဟန်နှင့် အသံက တိုးဖျော့ဖျော့။

"ဒီတိုင်း မပေါ့နဲ့လေ ဖေဖေ၊ ဆရာဝန်ပြရအောင်"

"မလိုပါဘူးကွ၊ လူကြီးတွေ ဒီလိုပဲပေါ့၊ တချို့က ဒူးနာ၊ တချို့က ခါးနာ၊ တချို့က ခြေထောက်နာ"

"ဘာကြောင့်နာရလဲဆိုတာ စစ်ဆေးပြီး ဆေးသောက်ရမှာ ပေါ့"

"လေးဖက်နာတို့ ဂေါက်တို့ ကြီးပေါင်းတက်တာတို့ တစ်ခုခု ဖြစ်မှာပေါ့၊ ဒါတွေက ကုလည်းပဲ တော်ရုံနဲ့ ပျောက်တာတွေ မဟုတ်ပါဘူး"

"အဲဒါ ဖေဖေ သက်သက်မဲ့ ခေါင်းမာတာပဲ၊ ပျောက်တာ မပျောက်တာက နောက်ကိစ္စ၊ အရင်က ဆရာဝန်ပြရမဲ့ ကိစ္စ"

"ငါ့သား ... လူဆိုတာ မသေခင် စိတ်ချမ်းချမ်းသာသာ နေဖို့လိုတယ်ကွ၊ အသက်လည်းကြီးပြီ ... စိတ်မချမ်းမသာနဲ့ သေမသွားချင်ဘူး"

"ဖေဖေ ပြောတာနဲ့ ဘာဆိုင်လို့လဲ၊ ဖေဖေက ဆရာဝန်ပြရတာနဲ့ပဲ စိတ်မချမ်းမသာ ဖြစ်ရမှာမို့လား ..."

"ကဲပါကွာ ...၊ ပြဖို့လိုလာရင် မင်းကိုပဲ ငါ ပြောရမှာပါ၊ ငါ့မှာ သားဆိုလို့ မင်းတစ်ယောက်ပဲရှိတာပါ၊ အဲဒါ ထားလိုက်စမ်းပါ၊ ဒီတနင်္ဂနွေ မင်းတို့လည်း ရှိမယ်ပေါ့ ... ဟုတ်လား"

"ရှိမှာပေါ့ ဖေဖေရဲ့၊ သူတို့သမီး လင်မယားပဲဟာ၊ မရှိလို့ရမလား"

"တခြားကော ဘယ်သူတွေ ရှိနေဦးမှာလဲ"

"အဲဒါတွေတော့ ကျွန်တော် မသိဘူး"

"အေးလေကွာ ...၊ ဒီဦးဝင်းနီဆိုတဲ့လူ သူတို့နှစ်ပတ်လည်ပွဲမှာ ပြဿနာ တစ်ခုခုဖြစ်မှာ ပွဲပျက်မှာ မကြောက်လို့သာ ငါတို့ကို ဖိတ်တာပေါ့၊ သူက ဒီလောက်လာစေချင်မှတော့ ငါကလည်း လာရတော့မှာပေါ့၊ မင်းကလည်း လာစေချင်တယ်မို့လား"

"လာစေချင်တာပေါ့ ဖေဖေရယ်၊ ဘယ်လို ပြောပါလိမ့်"

"ညနေဘက်လို့ ပြောတယ်၊ ဒင်နာပေါ့ ဟုတ်လား ..."





"ဟုတ်မယ် ထင်တယ် ဖေဖေ"


"နှစ်ပတ်လည် လက်ဆောင်လေးဘာလေး တစ်ခုခု ဝယ်ခဲ့မှ သင့်တော်မယ် ထင်တယ်"

"လက်ဆောင်တွေ ဘာတွေက အဓိက မကျပါဘူး၊ မပါလည်း ရပါတယ်"

"ပါတော့လည်း ကောင်းတာပေါ့ကွာ၊ ကဲ ... ကဲ ... ဒီတစ်ခါ မင်း စိတ်ချမ်းသာပေါ့ကွာ"

သားရွှေသွေးက တစ်ယောက်တည်း ပြုံးနေမိပါသည်။

(မှမ)







# ၁၁

ဒေါ်မြနန္ဒာက ဦးရဲသွေး ဝယ်လာသော ပန်းအိုးထဲသို့ ဒေါ်ချိုချို ဝယ်လာသော ကာနေးရှင်းပန်း နီရဲရဲများကို ထိုးစိုက်လိုက်ရင်း ...

"ကြည့်ပါဦး ကြွေပန်းအိုး ဖြူဆွတ်ဆွတ်လေးနဲ့ ကာနေးရှင်းပန်း ရဲရဲတောက်တောက်တွေ လိုက်ဖက်လိုက်တာ၊ လှလိုက်တာနော်"

သားရွှေသွေးက တိုက်တိုက်ဆိုင်ဆိုင် တစ်ယောက်က ပန်းအိုး၊ တစ်ယောက်က ပန်းစည်းဝယ်လာသော ဖေဖေနှင့်မေမေ ကို ရယ်ချင်၍ တစ်ဖက်လှည့်နေရပါသည်။ သားရွှေသွေးနှင့် နီတာကတော့ ခပ်စောစောကတည်းက ရောက်နေကြတာပင်။ နောက်တော့ မေမေ အရင်ရောက်လာပါသည်။

ဖေဖေက နောက်ဆုံးမှ သူ့ကား ဘီခြောက်ရာကို တဖွတ်ဖွတ်ရော်သံပေးလျက် ဝင်ရောက်လာတာပါ။ မေမေက ညှော်ခန်းမှန်ချပ်ကြီးများမှ ဖောက်ထွင်းလှမ်းမြင်နေရသော ဖေဖေ့ရဲ့ ဖွတ်ချက်ကားစုတ်ကို လှမ်းအကဲခတ်လိုက်ပါသေးသည်။

"ဒါပေါ့ကွာ ... စိတ်ကူးတူ အကြိုက်တူမို့လည်း ပေါင်းဖက်မိခဲ့တာပေါ့၊ တစ်ယောက်က ပန်းအိုး၊ တစ်ယောက်က ပန်း၊ အတွဲလိုက်ဖြစ်အောင် မတိုင်ပင်ဘဲ ဝယ်လာနိုင်တာ နည်းတဲ့အာရုံဆက်သွယ်မှုမှတ်လို့၊ နော် ... ဟုတ်တယ်မို့လား ဦးရဲသွေး ..."

ဦးရဲသွေးသည် မျက်နှာပုပ်ပုပ်နှင့် ...

"မဟုတ်ပါဘူး၊ မတော်တဆ တိုက်ဆိုင်သွားတာပါ၊ စိတ်ကူးချင်းလည်း ဘယ်တုန်းကမှ မနီးစပ်ခဲ့ပါဘူး၊ ခုမှသာ စွတ်ရွတ်တိုက်ဆိုင်တာ၊ ဘာအာရုံဆက်သွယ်မှုမှ မရှိဘူး"

"ဘယ်ဟုတ်မလဲဗျ၊ လူတွေရဲ့ စိတ်တွေကို ခင်ဗျား ဘာ အောက်မေ့လို့လဲ၊ စိတ်ချင်းဆက်သွယ်မှု ဆိုတာ မရှိဘူး မထင်နဲ့"

"သူ့ဟာသူ ရှိရှိဗျာ၊ ကျုပ်ကတော့ ပန်းဝယ်လာတဲ့သူနဲ့ ဘာစိတ်မှ မဆက်သွယ်ဘူး၊ လမ်းထိပ်က စတိုးဆိုင်ကြီးမှာ စီးကရက်ဘူး ဝင်ဝယ်ရင်းနဲ့ ပန်းအိုးလေး ရှိုးကေ့စ်ထဲ ပြထားတာလှလို့ ဝယ်လာတာပဲ ရှိတယ်"





သားရွှေသွေးက မေမေ့ကို အမှတ်မထင် ခိုးကြည့် အကဲခတ်လိုက်ပါသည်။ မေမေ့မှာ သူ့ဘက်ကလည်း စိတ်ချင်း မဆက်သွယ်ပါဘူးဆိုတာကို ဝင်ပြီးငြင်းခုန်လိုက်ချင်သလို ပုံစံနှင့်၊ မကောင်းတတ်၍သာ နှုတ်ပိတ် ငြိမ်ထိုင်နေရသလို မျက်နှာက နီမြန်းမြန်းနှင့် ခပ်တင်းတင်း ရှိနေသည်။

မေမေက အရင်ရောက်နှင့်ကာ ညှော်ခန်းရဲ့ထောင့်က မီးအုပ်ဆောင်းရှည်ကို တစ်ဖက်တစ်ချက် ရံထားသော ဆိုဖာနှစ်လုံးမှာ အန်တီမြနန္ဒာနှင့် ထိုင်စကားပြောနေနှင့်တာပါ။

ဖေဖေ ရောက်လာတော့ ဦးဝင်းနိုက ထွက်ကြိုဆိုကာညှော်ခန်းအလယ် ဆက်တီခုံသို့ ခေါ်သွားသဖြင့် တစ်ယောက်နှင့်တစ်ယောက် ခပ်လှမ်းလှမ်းမှာ လှမ်း၍လည်း မြင်နေရ လှမ်း၍လည်း ကြားနေရ အနေအထားပင်။

မေမေက သူနှင့် လိုက်ဖက်တင့်တယ်သော ဆီးရောင် ဓားကြီးပါတိတ်ဝမ်းဆက်နှင့် လှပတင့်တယ်နေပါသည်။ ဆံပင်ကို ထုံးစံအတိုင်းပင် ဆီးရောင်နှင့် ငွေရောင်မှန်ဇာဖဲပွင့် ခလုတ်ကလစ်လေးနှင့် ညှပ်ထားပြီး လက်မွေ့အိတ်ဖြူဖြူကို ကိုင်ထားပါသည်။ အသင့်အတင့် ပြင်ဆင်ခြယ်သတတ်သော မေမေ့မျက်နှာမှာ ရွှန်းတင့်ခန့်ညားနေသည်။

စပို့ရှပ်လက်တို ဖြူဆွတ်ဆွတ်နှင့် ပုံကျနသော

ဘောင်းဘီရှည် ညိုနက်မှောင်မှောင်ကို တွဲဖက်ဝတ်ထားသည့် ဖေဖေ့ ပုံစံကလည်း သန့်ပြန့်နေပါသည်။ ဟပ်ဖ်ရှူးကို တံခါးဝမှာ ချွတ်ခဲ့ကာ ခြေအိတ်မည်းကိုတော့ အိမ်ထဲအထိ စီးထားလျက် အဲဒီအခန်းထဲလည်း ဂရုမစိုက်လှပဲ စီးကရက်မှော့ဖွာနေသည့် ဖေဖေ့ စတိုင်ဟာ ခပ်တင်းတင်း။

သေချာတာကတော့ နှစ်ဦးလုံးဟာ သူတို့ကိုယ်သူတို့ လှပသပ်ရပ်အောင် ပြုပြင်ဆင်ယင်ထားမှုကိုလည်း မသိသာလှလေအောင် ဖုံးဖုံးဖိဖိ မသိမသာကလေးနှင့်ပင် နှစ်ယောက်လုံး ရှိုးပေးထားကြတာပါပဲ။

အိမ်ရှင် ဇနီးမောင်နှံဟာ သာမန်အိမ်နေရင်းထက် အနည်းငယ်လေး ပိုမိုသပ်ရပ်တယ် ဆိုရုံသာ ခပ်ရိုးရိုး ဝတ်စားဆင်ယင်ထားကြသည်။

“ကျွန်မက တခြားညှော်သည်တွေလည်း ပါသေးတယ် ထင်တာ”

မေမေ့အသံက အနည်းငယ် ထောင့်နေသည်။ ခုချိန်မှာတော့ မေမေရော ဖေဖေရောဟာ ဒီပွဲဟာ သူတို့နှစ်ဦးတည်းကိုသာ တကူးတက ဖိတ်ခေါ်ထားတဲ့ ပွဲရယ်လို့ သိနေကြပြီ ဖြစ်ပါသည်။ ဒေါ်မြနန္ဒာက ရယ်မောရင်း ...

“ပထမတော့ ဒီနှစ်က နှစ်သုံးဆယ်ပြည့် ပုလဲရတုမို့





သူက ပွဲလမ်းကြီးကြီးလေး လုပ်ပြီး လူခပ်များများ ဖိတ်ပြီး ညှော်ခံမလား စဉ်းစားသေးတာ၊ နောက်တော့ လူအများကြီး ဖိတ်တာလည်း အလကားပဲဆိုပြီး အစိပ္ပာယ်ရှိရှိ ကိုယ့်အချင်းချင်း မိသားစုသဘောလေးပဲ လုပ်တော့မယ်ဆိုပြီး လုပ်လိုက်တာ မမချို့ရဲ့”

“ဪ ... ခုဟာက ပုလဲရတုလား ...”

“ဟုတ်ကဲ့”

ဦးဝင်းနိုက ဦးရဲသွေးကို လက်ညှိုးညွှန်ရင်း ...

“ခင်ဗျားတို့ ပုလဲရတုက ပြီးခဲ့ပြီနော် ...”

ဖေဖေ့ မျက်နှာက ခပ်မည်းမည်း ဖြစ်သွားပါသည်။

“သိပါဘူးဗျာ”

“ဘယ့်နှယ် မသိပါဘူးဗျာလဲဗျ၊ မနှစ်က မဟုတ်လား၊ ခင်ဗျားတို့ စုံတွဲက ကျုပ်တို့ထက် တစ်နှစ်ကျော်စောပြီး အိမ်ထောင်ပြုတာ မှတ်မိနေတယ်”

“ခင်ဗျား မှတ်မိနေရင်လည်း ဟုတ်မှာပေါ့”

“ခင်ဗျားတို့က အိမ်ထောင်ပြုပြီး မကြာခင်ပဲ ကိုယ်ဝန်ရှိကြတာလေ၊ နောက်နှစ်မှာပဲ ရွှေသွေးကို မွေးတယ် မဟုတ်လား၊ ခင်ဗျားတို့ အိမ်ထောင်သက်ဟာ ရွှေသွေးအသက်ကို တစ်နှစ်ပေါင်းတာပဲလေ၊ ဟုတ်တယ်နော် ဒေါ်ချိုချို”

"ဟုတ်ကဲ့"

"ခင်ဗျားတို့ရဲ့ မင်္ဂလာတစ်နှစ်မြောက်နဲ့ သားရွှေသွေး တစ်လပြည့် မင်္ဂလာကင်ပွန်းတပ်ပွဲအဖြစ် ဆွမ်းကျွေးသေးတာ မှတ်မိကြသေးလား ..."

မမှတ်မိဘဲတော့ နေကြပါ့မလား။ သို့သော် ဦးရဲသွေးရော ဒေါ်ချိုချိုပါ ဘာမှ မဖြေပါ၊ ခပ်တည်တည်သာ နေကြသည်။

"ကျုပ်က စေ့စပ်ကြောင်းလမ်းပြီးကာစ၊ အဲဒီအလှူကို မြကိုပါ မျက်နှာပြ မိတ်ဆက်တဲ့အနေနဲ့ ခေါ်လာတယ်လေဗျာ"

"အဲဒီနေ့ကလေ မမချိုက သိပ်လှတာ၊ မြ မှတ်မိနေသေးတယ်၊ မြက သူပြောထားတော့ ဦးရဲသွေး မိန်းမဆိုတာ ဘယ်ဟာများဖြစ်မလဲလို့ လိုက်ကြည့်နေတာပေါ့၊ ကလေးအမေပုံပေါက်တဲ့ မိန်းမတွေကို ရှာနေတာ၊ ဖြုန်းဆို ဦးရဲသွေး ခေါ်မိတ်ဆက်ပေးလိုက်တော့၊ ဪ ... ဒါ အိမ်ထောင်သည် ကလေးအမေလားလို့ စိတ်ထဲ အံ့အားတောင် သင့်မိတယ်"

ဒေါ်ချိုချို မျက်နှာသည် အနည်းငယ် ရှက်ရိပ်နှင့် နီမြန်းလာသည်။ မနေတတ် မထိုင်တတ် ကိုယ်ကို လှုပ်ရှားလိုက်သော်လည်း ဦးရဲသွေး မပြုံးမရယ်၍ သူလည်း မပြုံးမရယ်။

"အဲဒီနေ့က ခင်ဗျား ဘာပြောလဲ မှတ်မိလား ..."





ဦးရဲသွေးက စီးကရက်ကို ပြာခွက်ထဲ ထိုးချေကာ ဆောင့်အောင့် ဖိ၍မီးသတ်ရင်း ...

"ဘယ့်နှယ်လုပ် မှတ်မိနိုင်မှာလဲဗျာ ... တကတည်း ခင်ဗျားကလဲ"

"ကျုပ်မှာတော့ မယားအလှမှာနဲ့ သားရတနာနဲ့ပြည့်စုံသွားပြီတဲ့၊ ကျုပ်ဘဝမျိုးရအောင် ကြိုးစားလိုက်စမ်းပါဦး ကိုဝင်းနီဆိုပြီး ရီသဲ့သဲ့ ဟဲဟဲ ဟဲဟဲနဲ့"

ထမင်းပွဲမှာ လိုအပ်တာပြင်ဆင်ပေးနေသော နီတျာနှင့် သားရွှေသွေးပါ ပြုံးစိစိဖြစ်ကာ နီတျာက ခိုး၍ ကိုတ်ရယ်နေပါသည်။

ဦးဝင်းနီ စကားကြောင့် ဦးရဲသွေး ကိုယ်ကြီးက တွန့်လိမ်သွားပြီး ...

"ပေါက်ပေါက်ရှာရှာဗျာ၊ ကျုပ် အဲလို မပြောဘူး ထင်ပါတယ်"

"ဘာလို့ မပြောရမှာလဲ ... ပြောတာပေါ့ဗျ၊ ပြောအားကလည်း ရှိတယ်လေ၊ မယားက ချောလည်းချော၊ လိမ်လည်းလိမ္မာ၊ သားဦးလေးလည်း မွေးပေးတာကိုး"

"ဟေ့လူ ... ခင်ဗျား ဘာတွေ လျှောက်ပြောနေတာလဲ၊ ပဝေသဏီက ကလေးကလား ကိစ္စတွေ၊ လာပြောမနေနဲ့ဗျာ"

"ခြော် ... ခင်ဗျားကလည်း ...၊ ကျုပ် သတိရလာလို့ပါ၊ မှတ်မိသေးဗျို့၊ ရွှေသွေးကို မီးဖွားဖို့ ဗိုက်နာတဲ့နေ့ကလေ ..."

"ဟော ...၊ ဒီလုတော့ တယ်ခွကျတာပဲ"

ဦးဝင်းနီမှာ ပြန်ပြီး ဒီစကားတွေ ပြောနေရတာရယ်၊ ဦးရဲသွေးနှင့် ဒေါ်ချိုချို ဖြစ်နေပုံရယ်ကို ကြည့်ကာ အုမြူးလာတဲ့ အလား မျက်နှာပင် ရှားပါးစွာ ချိုမြရွှင်လန်းနေတော့သည်။

"ဒေါ်ချိုချိုက ညနေစောင်းကြီး ဗိုက်ကနာပြီ၊ အဲဒီတုန်းက တပ်ရင်းက ပေးတဲ့အိမ်မှာ ခင်ဗျားတို့ နေကြတာလေ၊ ကျုပ်ကတော့ လူပျိုပဲ ရှိသေးတယ်၊ ဒေါ်ချိုချိုလည်း ဗိုက်နာရော ဦးရဲသွေးတစ်ယောက် ဆေးရုံပို့ဖို့ ကားရယ်၊ တပ်ရင်းဆရာဝန်ရယ်ကို လိုက်ရှာတာ၊ ဆရာဝန်ကော ကားကိုင်တဲ့ ဆရာကြီးရော သူတို့အိမ်မှာက မရှိ၊ ဆရာဝန်က မက်စ်ကို ရောက်နေပြီး ကျွန်တော်နဲ့ ပင်းပေါင် ရိုက်နေတာ လေ ... ဟား ဟား ..."

"ခင်ဗျားပဲ မှတ်,မှတ်မိနိုင်လွန်းဗျာ"

"မျက်စိထဲကို မြင်နေတာ၊ တပ်ဝင်းထဲ ခင်ဗျား ဟိုပြေးဒီပြေး နဲ့၊ ဒေါက်တာစိုး ... ဆရာကြီးဖြိုး ... ဆိုပြီး အာပြဲကြီးနဲ့ အော်ခေါ်ရှာနေတာလေ၊ တွေ့ကရာလူတိုင်းကိုလည်း ဒေါက်တာစိုး ရှာပေးပါဗျာ၊ ကျွန်တော့်မိန်းမ ဗိုက်နာနေလို့၊ ဆရာကြီးဖြိုး ရှာပေးပါဗျာ၊ ကားတောင်းဖို့နဲ့၊ တစ်ဝင်းလုံး





ကိုသိရော၊ မက်စ်မှာ ဒေါက်တာစိုးကို တွေ့တော့ ခင်ဗျား လက်ဆွဲပြေးတော့တာ၊ ကျုပ်မှာ ပင်းပေါင်ရိုက်တန်းလန်း ကြီးနဲ့ ကျန်ခဲ့ပါလေရော ...

ကျုပ်လည်း မနေသာပါဘူး၊ ကျန်တဲ့လူတွေနည်းတူ ဆရာကြီးဖြိုးကို တကြော်ကြော်အော်ပြီး ကူရှာပေးရတာ၊ နောက်တော့ ဒေါက်တာစိုးက ပြောပြောပြီး ရယ်တယ်လေ၊ မိန်းမကဖြင့် သရိုးသရီ ဖြစ်ရုံရှိသေး၊ ဟိုလူက သူ မွေးတော့မဲ့ အတိုင်း သူ နာနေတဲ့အတိုင်း ချွေးသီးချွေးပေါက် ကျနေ တာတဲ့"

"တော်စမ်းပါဗျာ၊ မဟုတ်တဲ့ စကားတွေ"

ဦးရဲသွေး နားရွက်နှစ်ဖက်ဟာ နာမည်နှင့်လိုက်အောင် ရဲတက်လာသည်။

"ဘာလို့ မဟုတ်ရမှာလဲ ...၊ ဒေါ်ချိုချိုကဖြင့် နောက်နေ့မှ မွေးတာ၊ ဟား ဟား ဟား"

နီတာနှင့် သားရွှေသွေးက ရောက်ချိုသီးဖျော်ရည် လင်ဗန်းလေးများ သယ်လာပြီး နီတာက အဖေတွေဝိုင်းဘက် ဖန်ခွက်နှစ်ခွက်ပါသော လင်ဗန်းကို ချသည်။ သားရွှေသွေးက အမေတွေဘက်သို့ သူ့လင်ဗန်းကို ချသည်။

"သိလား ... ရွှေသွေး၊ သားတို့ အဖေ မိန်းမကို ချစ်ပုံသည်းပုံ သားကို ချစ်ပုံ ဂရုစိုက်ပုံကတော့ တစ်ဝင်းလုံး ပြောစမှတ်ပဲ၊

အန်တီလေ တကယ်ပါ၊ မင်းအန်ကယ်ကို တကယ် ပြော ခဲ့ဖူးတယ်၊ ဦးရဲသွေး သူ့မိန်းမနဲ့ သားကို ဘယ်လိုချစ် ဘယ်လို ဂရုစိုက်တာ သည်းသည်းလှုပ်တာ တွေ့တယ် မဟုတ်လားလို့၊ ရှင် သူ့အတုခိုးပါနော်လို့၊ ဦးရဲသွေး အတိုင်း မိသားစုကို ချစ်တတ်ပါလို့၊ စလက်ထပ်ကတည်းက တကယ်ကို ပြောခဲ့တာ"

ရွှေသွေး မေမေ့ကို လှမ်းကြည့်လိုက်မိပါသည်။ မေမေ့ မျက်နှာ၌ အတိတ်ကို တစ်စွန်းတစ်စ တမ်းတသတိရခြင်းဟာ ဖုံးဖိမရအောင် ပေါ်လာပါသည်။ မျက်နှာလေးတွေပင် နီမလိုဖြစ်လာကာ မေမေက မျက်ရည်မလည်အောင် ကမန်းကတန်း ဖြေဖျောက်လိုက်ပုံ ပေါ်ပါသည်။

"မင်း အဲသလိုပြောတော့ ငါ ဘယ်လို ပြန်ပြောခဲ့သလဲဆိုတာလဲ ပြောပြစမ်းပါဦး မြရာ"

"အင်းလေ ... ဦးဝင်းနီ ပြန်ပြောခဲ့တာ၊ ခုထိ အမှတ်ရပါတယ်၊ ဦးရဲသွေး မယားကို ချစ်သလို အချစ်ခံချင်ရင် ဦးရဲသွေးမိန်းမ ဒေါ်ချိုချို လင်ကို ဂရုစိုက်သလို သူ့ကို ဂရုစိုက်တဲ့"

ရွှေသွေးက ပြုံးရသည်။ ပြုံးသာပြုံးသည်။ သူ့ရင်ထဲ ဝမ်းနည်းလို့ပင် လာပါသည်။ နိတျှာ့ မိဘစုံတွဲဟာ တမင်တကာ တကူးတက ရှေးဖြစ်တွေ တူးဆွမြေလှန်နေတာ။ ပန်းလိုမွှေးပျံ့ခဲ့တဲ့





အချိန်လေးတွေကို ဖေဖေရော မေမေပါ တမင်တကာဖြစ်စေ၊ အမှတ်တမဲ့ဖြစ်စေ မေ့လျော့ထားရာက သတိမရ ရလာအောင် အစဖော်ပေးနေကြတာပါ။

အဲသလို အစဖော်ပေးနေတဲ့ အတိတ်ကြောင်းတို့ဟာလည်း တကယ်ဖြစ်ပျက်ခဲ့ တကယ်ရှိခဲ့တဲ့ ဇာတ်ကြောင်းလေးတွေ။ တကယ်ချစ်ခဲ့ တကယ်ဂရုစိုက်ခဲ့ကြတဲ့ ဆွတ်ပျံ့စရာ အဖြစ်အပျက်လေးတွေပါ။

"မမချို လင်ကို ဂရုစိုက်နိုင်တာတော့ တပ်ထဲက ကျန်တဲ့ ဗိုလ်ကတော်တွေ ဘယ်သူမှ လိုက်မမီနိုင်ပါဘူး၊ ကိုယ်လည်း လုပ်တော့ လုပ်ပေးတာပါပဲ၊ ဒါပေမဲ့ မမချိုကတော့ မိန်းမပီသတာရော စေတနာရော မေတ္တာရော ထည့်လုပ်တာဆိုတော့ ဘယ်လို အပြတ်အသတ်သာမှန်း မသိဘူး ...

တစ်တပ်လုံးမှာ ဦးရဲသွေး ပခုံးပေါ်က ဘားတွေ ရွှေရောင်အတောက်ဆုံးပါပဲ၊ ဦးရဲသွေး ဖိနပ်ဟာ မှန်ကြည့်လို့ တကယ်ရတယ်၊ မနက်ပိုင်း အလုပ်လုပ်ရင်း နည်းနည်းပါးပါး ဖုန်တင်ဘာတင် ဖြစ်သွားလည်း နေ့လယ်ထမင်းစားပြန်တုန်း အသစ်တစ်ထပ် တိုက်ပေးလိုက်တာ၊ ပြန်ပြောင်လက်လာတာပဲ ...

အန်တီလည်း လုပ်ပေးတာပါပဲ သားရယ်၊ တူကိုမတူပါဘူး၊ စေတနာထားတာ မေတ္တာထားတာတွေကတော့

မတိမ်းမယိမ်း ဖြစ်ပါလိမ့်မယ်၊ မမချိုကတော့ အရည်အချင်းကို ပြည့်ဝတာ၊ မမချို လက်နဲ့ ထိကိုင်သမျှ ဟင်းပဲချက်ချက်၊ အဝတ်ပဲလျှော်လျှော် မီးပူပဲတိုက်တိုက် ဘာကလေးလုပ်လုပ် အကောင်းဆုံး Perfect ပဲ ထွက်တယ်"

ဦးရဲသွေးက စီးကရက်ဖွာရင်း ခြေအိတ်စွတ်ထားသော သူ့ခြေမချင်းကို ပွတ်သပ်လျက် ဒါကိုပဲ ငုံ့ကြည့်နေပါသည်။

"ဒီလောက် ပြီးပြည့်စုံအောင် ဆောင်ရွက်ပေးနိုင်တဲ့ ဇနီးမျိုးအမေမျိုးကို ရထားတော့ ယောကျ်ားရော သားရောက ဒီလုပ်ကိုင်ပေးမှုတွေကိုပဲ မက်ပြီး ဒါကိုပဲ တမ်းတလိုလားနေကြတော့မှာပဲနော်၊ မမချိုအဖို့တော့ ပင်ပန်းမှာပဲနော် မမချို၊ ဒါပေမဲ့ ဘေးက ကြည့်ရင် မမချိုက ဇနီးကောင်း ဇနီးမြတ် ဖြစ်နေပြီး ဦးရဲသွေးနဲ့ ရွှေသွေးရဲ့ ဘဝမျိုးကို နေရာလဲယူချင်တဲ့ သူတွေချည်း ဖြစ်နေမှာ"

"တော်ပါတော့ မြရယ်၊ မြ အမွှန်းတင်တာ လွန်နေပါပြီ"

"မလွန်ပါဘူး၊ မြ ပိုပြောနေတာ မဟုတ်ပါဘူး၊ မမချိုရဲ့ အရှိအတိုင်း ပြောနေတာပါ၊ အရည်အချင်း ပြည့်ဝတဲ့အပြင် ယောကျ်ားနဲ့သားကို ဘုန်နေအောင် ချစ်တတ်ပုံကလဲ ..."

"အို ... တော်ပါ မြရယ်၊ သင်းတို့များ မချစ်ပါဘူး၊ သားကိုလည်း ဒီလိုပါပဲ၊ ကိုယ့်လက်ထဲ ကိုယ့်တာဝန် ကျစေ





ရမယ်၊ အရွယ်ရောက် လူလားမြောက်ရင် သွားတော့၊ သံယောဇဉ် မကြီးတတ်ပါဘူး"

"အမယ်လေး ... ဒါ ... မမချို ညာတာပါ၊ မချစ်ဘူးလေးဘာလေး လျှောက်ပြောမနေပါနဲ့၊ သူတို့ ရှေ့တန်းပြန်တစ်ရက်လေ မှတ်မိသေးတယ်၊ မမချို တိုက်ဖျိုက်လား ဖြစ်နေတာ"

"မှတ်မိနိုင်လွန်းပါရဲ့ မြရယ်၊ မနေ့ညက တစ်ညလုံး ပြန်စဉ်းစားပြီး ဂျစ်စ်များ ထုတ်ထားသလားကွယ်"

ဒေါ်မြနန္ဒာက ရယ်မောပါတော့သည်။

"မမချို သိပ်မလှုပ်နိုင်လို့ အန်တီသန်းကတောင် ထွက်မကြိုဖို့ တားတာ၊ ထွက်ကြိုတယ်လေ၊ အန်တီသန်း ကိုယ်တိုင်မမချိုကို တွဲလို့ပေါ့၊ သူတို့တတွေ တန်းစီလျှောက်လာတော့ ဦးရဲသွေးကြီးကိုလည်း လှမ်းမြင်လိုက်ရော မမချို လဲကျသွားတာလေ"

မေမေ ခေါင်းငုံ့သွားတာ သားရွှေသွေး တွေ့လိုက်ရပါသည်။ ရှေ့တန်းပြန်တွေကို တပ်ရင်းက ကြိုကြတဲ့ပွဲဟာ စိတ်လှုပ်ရှားစရာ သိပ်ကောင်းတာလို့ မေမေ ပြောဖူးတာ သားရွှေသွေး ကြားဖူးပါသည်။ ကိုယ်တိုင်က ငယ်တော့ သိပ်မမှတ်မိတော့ပါ။ သူ သိတတ်သည့်အရွယ်မှာ ဖေဖေလည်း ရှေ့တန်းမသွားရတော့ပါ။

မေမေ ဖေဖေ့ထံ တစ်ချက် လှည့်အကဲခတ်တာ မြင်ရပါသည်။

"ခင်ဗျား ခြေထောက်က ဘာဖြစ်လို့လဲ ... သိပ်ဆိုးနေလို့ လား"

"ဒီလိုပါပဲ ... တဆစ်ဆစ် ကိုက်ကိုက်နေတာပဲ"

"ခင်ဗျား ခြေအိတ်ကြီး ချွတ်ထားပါလားဗျာ၊ မလှောင်ဘူး လား"

"မလုပ်နဲ့ ... မလုပ်နဲ့...။ ပရုပ်ဆီလေး လူးပြီး အဝတ် ထွေးထားတဲ့ သဘောပဲ၊ ခြေအိတ် စွပ်ထားတာက နေသာ ထိုင်သာ ရှိလို့"

"ခင်ဗျား ဘွတ်ဖိနပ်တွေနဲ့လည်း ဘယ်ကိုက်မလဲဗျ၊ ဟိုနေ့ ကလည်း ရုံးမှာ ဘောင်းဘီနဲ့ ရှူးနဲ့ပဲ၊ ပုဆိုးလေး ခြေညှပ် ဖိနပ်လေး စီးပါလား၊ ခြေထောက်ကို ကျုပ်ထုပ်ထားသလို ဖြစ်တော့ ပိုဆိုးမလားလို့"

"ပိုတော့ မဆိုးပါဘူး၊ ဒီတိုင်းပဲ၊ ခြေညှပ်ကလည်း စီးနေ သိပ်မကျဘူး၊ ရုံဖန်ရံခါပဲ စီးဖြစ်တာ"

"ခြေညှပ်က ခြေထောက်နေရတာ လွတ်လပ်မှာပေါ့"

"ကျုပ်အဖို့တော့ စီးနေကျ ရှူးတွေလည်း လွတ်လပ်တာ ပါပဲ"





"ကဲ ... ကဲ ... ဒါဖြင့်လည်း ထမင်း စ,ခူးခိုင်းတော့ နီတာ ရေ၊ အားလုံး အတူစားကြတာပေါ့၊ ပြင်ဆင်ပြီးသား အသင့် ပါ၊ ဟင်းရည်ပူပြီး ထမင်းခူးရုံပဲ"

နီတာက မီးဖိုဘက် ဝင်သွားပါသည်။ သားရွှေသွေး သာ ညှော်ခန်းဆက်တီတစ်ခုမှာ ခပ်ငူငူ ထိုင်နေမိ၏။ ဦးဝင်းနီတို့ ဒေါ်မြနန္ဒာတို့ စကားတွေကြောင့် သူ့ရင်ထဲ မကောင်းပေ။ သူ တောင် မမှတ်မိတမိ ငယ်စဉ်အတိတ်ကာလ မိသားစုဘဝလေးကို လွမ်းဆွတ်သလို ခံစားရလျှင် ဖေဖေနှင့် မေမေရော ...။

သူတို့ရဲ့ ငယ်ရွယ်နုပျိုတဲ့ဘဝ၊ ဖူးတ်လတ်သွက်လက် ၍ လုပ်နိုင်ကိုင်နိုင်ကြသေးတဲ့ အိမ်ထောင်သက် နုနုကာလများကို မဆွတ်ပျံ့ဘဲ နေမှာ မဟုတ်ပါ။ ပျော်ရွှင်ကြည်နူးခဲ့ကြတဲ့ အချိန် ပိုင်းတွေဟာ အသီးသီး သည်းညည်း မခံနိုင်သော အမှတ်အတေး တွေ ရှိနေချိန်မှာ ဖျောက်ဖျက်ပစ်လို့ရတဲ့ အရာတွေ မဟုတ်ပါ။ သူ့ဟာသူ ရှိနေမှာက ရှိနေမှာပါပဲ။

စကားဝိုင်းက တိတ်ဆိတ်လို့ နေပါသည်။

"အန်ကယ် ... အန်တီ ... ဖေဖေ မေမေတို့ ထမင်းစားလို့ ရပါပြီ၊ အဆင့်သင့်ဖြစ်ပြီ"

"ကဲ ... လာဗျာ၊ မြ ... ဒေါ်ချိုချို ခေါ်ပါ၊ အားရပါးရ စားကြဗျာ၊ သူစိမ်းကို မပါဘူး၊ တကယ့် မိသားစုဝိုင်း စစ်စစ်ပဲ"

မေမေရော မေမေရောဟာ ခပ်တုံ့တုံ့ လေးကန်ကန် နှင့်ပင် ထမင်းစားပွဲကို ပါလာကြပါသည်။ ဦးဝင်းနိုက တမင် တကာပင် စားပွဲထိပ်နေရာ ယူချလိုက်၍ ဘယ်သူ ဘယ်လိုထိုင် မလဲ တခဏ အိုတိုအမ်းတမ်း ရွေးချယ်မတ်တတ်ရပ်နေကြပြီး လျှင် မေမေက ...

"ထိုင်ပါ၊ မြ ဟိုဘက်ထိပ် ထိုင်လိုက်၊ လာ ... သမီးလေး နဲ့ အန်တီ ဒေါ့ဘူထိုင်မယ်"

နီတျာကို သူ့အား ဆွဲခေါ်ထိုင်လိုက်၍ သားရွှေသွေး နှင့် ဖေဖေက တခြမ်းဖြစ်သွားပါသည်။ စားကြ သောက်ကြတော့ ဦးဝင်းနိုက ခုနကလို စကားမျိုးတွေ ပြောမနေတော့ဘဲ ဦးရဲသွေးနှင့် သတ်သတ် လုပ်ငန်းကိုင်ငန်းများ အကြောင်း ပြောဆိုနေပါသည်။

မေမေ၊ အန်တီမြနန္ဒာနှင့် နီတျာကလည်း သတ်သတ် တစ်ဝိုင်း။ သားရွှေသွေးကတော့ အကြောင်းသိသူမို့ ဖေဖေရော မေမေရော ထမင်းစားတာဟာ သူတို့ တကယ်တမ်း စားနိုင်တာ ထက် အများကြီး နည်းကြသည်ဆိုတာ သိနေပါသည်။ တစ်ယောက် ကို တစ်ယောက် မကြည့်ကြဘဲ ထမင်းဝိုင်းမှာ နောက်တစ်ယောက် မပါလေဟန်နှင့် လုံးဝဥပေက္ခာ။

"ကဲ ... ကဲ ... သစ်သီး အချိုပွဲချပါ နီတျာ၊ စားလို့ ကောင်းကြရဲ့လား၊ အားမရဘူးဗျာ၊ ခင်ဗျားတို့ ကြည့်ရတာ သိပ်မစားကြသလိုပဲ"





"စားပါတယ် ... စားလို့လည်း ကောင်းပါတယ်ဗျာ"

"အသီးစားကြပါ၊ လုပ်ပါ၊ အေးအေးဆေးဆေးပေါ့၊ ထမင်း လည်း စားပြီးပြီ၊ ကျွန်တော်လည်း စကားနည်းနည်းလောက် ပြောချင်တယ်ဗျာ"

ဖေဖေရော မေမေပါ ဦးဝင်းနိုကို တစ်စုံတစ်ရာ ပြောမည့်ဟန် ဖျတ်ခနဲ ပြိုင်တူလှမ်းကြည့်လိုက်ကြလျက် မေမေ မပြောရခင် ဖေဖေက အရင်ဦးသွားပါသည်။

"ခင်ဗျား ပြောချင်တာ ကျုပ်သိပါတယ်၊ ခင်ဗျားတို့ မိသားစုကိုလည်း ကျေးဇူးတင်တယ်၊ ဒါပေမဲ့ ကိုယ့် အကြောင်းနဲ့ ကိုယ်ပါဗျာ၊ သူ့လမ်းကြောင်းနဲ့ သူသာ ထားလိုက်ပါ"

"မဟုတ်သေးဘူး ဦးရဲသွေးရာ၊ ကျွန်တော် မြင်နေရတာ ရွှေသွေးလည်း အတော်စိတ်ဆင်းရဲရှာတယ်"

"သူလည်း သိပ်စိတ်ဆင်းရဲချိန် မရှိပါဘူး၊ သူ့အလုပ်နဲ့သူ၊ မိန်းမလည်းရှိ၊ မကြာခင် ကလေးတစ်ယောက်လည်း ရှိ တော့မှာ၊ စိတ်ဆင်းရဲတယ်ဆိုတာ ခဏတဖြုတ်ပါ"

"မဟုတ်ဘူး ဦးရဲသွေး၊ အသက်ကြီးပိုင်းမှာ ..."

"တော်ပါတော့ဗျာ၊ ခင်ဗျားကို ကျွန်တော် ခင်မင်တယ်၊ ဒီစကားတွေ မကြားလိုလို့ တားနေတာပါ"

ဒေါ်မြနန္ဒာက လေသံလေးတိုးတိုးနှင့် ...

"မြတို့က အမျိုးတွေ တော်နေပြီ မဟုတ်လား၊ မိတ်ဆွေ ရင်းချာဆိုတာထက် ပိုပါတယ် မမချိုရယ်၊ ဘာမဟုတ် တာလေးနဲ့ စိတ်ဝမ်းကွဲရတာမျိုးက သိပ်ဝမ်းနည်းဖို့ ကောင်း ပါတယ်"

"မြတို့ စေတနာကို နားလည်ပါတယ် မြ၊ ဒါပေမဲ့ ကာယကံရှင်တွေက ကိုယ့်အကြောင်းကိုယ် အသိဆုံးပါ၊ ဒီရောက်ကတည်းက မြတို့ပွဲလေးဟာ ဘာကိုရယ်စွယ်တယ် ဆိုတာ ရိပ်မိနေပါပြီ၊ ကျွန်မကို ဘာမှ နားမချပါနဲ့"

"ဒီလို တစ်ယူမသန်ပါနဲ့ မမချိုရယ်"

"ဟုတ်တယ်ဗျာ ၊ ညိုလိုက်ကြရင် ပြီးရမဲ့ ကိစ္စကို၊ ဘယ်သူ့ဘက်မှာမှ ကြီးမားငဲ့ပြစ်ချက် မရှိဘဲနဲ့၊ ခုကိစ္စ မှာ ဦးရဲသွေးကများ အိမ်ထောင်ရေး ဖောက်ပြန်ထားလို့၊ ဒေါ်ချိုချိုကများ အလားတူ ပြစ်မှုမျိုး ရှိထားလို့ ဖြစ်ကြ ရတာဆိုရင် ကျွန်တော် ခုလို လုံးဝဝင်မပါဘူး စိတ်ချ၊ မဆိုင်သလို ဘေးထွက်နေလိုက်မယ်၊ ခုဟာက ဘာမဟုတ် တာလေးတွေနဲ့"

မေမေက ဦးဝင်းနီကို ကြည့်ရင်း ...

"ဘာမဟုတ်တာလေး မဟုတ်ပါဘူး ဦးဝင်းနီ၊ နှစ်သုံးဆယ် လုံးလုံး တရားမမျှတမှုပါ၊ ကိုယ့်တစ်ဖက်ကချည်း ပေးဆပ် ရတာ များနေခဲ့တာ၊ အသက်ကြီးပိုင်းမှာ ခုလိုမဖြစ်သင့်တဲ့





စုံတွဲတွေ ဆိုတာက တစ်ယောက်ကို တစ်ယောက် ကိုင်း ကျွန်းမှီ ကျွန်းကိုင်းမှီ စုံတွဲတွေပါ၊ ခုကိစ္စမှာက ကျွန်းကသာ ကိုင်းကိုမှီပြီး ကိုင်းက ကျွန်းကို မမှီရတော့ ကြာရင် ချိနဲ့ ပြီး ပြားကျရတော့မှာ"

"ဟော့ ... ဒီမှာ ... ဒေါ်အဇာ၊ ကျွန်းကို နှစ်သုံးဆယ်လုံးလုံး မှီခဲ့ပြီးမှ ခုမှ မမှီရပါဘူး ဘာဘူး ညာဘူး ထ,မလုပ်နဲ့ ကြားတဲ့လူ အဟုတ်ထင်မယ်"

"ကျွန်မ ပြောနေတာ လောလောဆယ်ကို ပြောနေတာ"

"လောလောဆယ် ငါ ဘာတွေဆိုးဝါးနေသလဲ၊ လောလော ဆယ် ပြောင်းလဲသွားတာ ငါ ပင်စင်သွားလိုက်တာပဲရှိ တယ်၊ ဒါကို မင်း ဆိုလိုသလား"

"လုံးဝမဆိုင်ဘူး၊ ရှင် အလုပ်ရှိခြင်း၊ ပင်စင်သွားခြင်းကို လုံးဝထည့်မစဉ်းစားဘူး၊ ဒီစကား စ,တိုင်း ရှင်က ဒီလို စွပ်စွဲတော့ ကျွန်မကပဲ အလုပ်မဲ့သွားတဲ့ ယောကျ်ားတစ် ယောက်ကို ပြောင်းလဲသွားတဲ့ မိန်းမယုတ်ကြီး ကျနေ တာပဲ"

"ဟုတ်တယ်လေ ... ပြောင်းလဲသွားတာ၊ မင်း ပြောင်းလဲ သွားတာ"

နီတျာက မန်းကန်တွေ သိမ်းသလိုနှင့် ခပ်သွက် သွက် ရှောင်ထွက်သွားကာ သားရွှေသွေးကတော့ ခေါင်းကိုငိုက်

နိုက်ချထားပါသည်။ ဦးဝင်းနီကှ ပြောကြပစေ၊ ဖြေရှင်းကြပစေ ဆိုတဲ့ ပုံမျိုး ခပ်အေးအေးပဲ ကြည့်နေသည်။

"ပြောင်းလဲသွားတယ် ဆိုရင်လည်း ဒါဟာ ရှင်ပင်စင်ယူလိုက်လို့တော့ မဟုတ်ဘူး၊ ဘာမှ မဆိုင်ဘူး၊ ရှင်ကအလုပ်ထဲမှာတုန်းကမှ အိမ်ကပ်သေးတယ်၊ အလုပ်ချိန်ပြင်ပ အိမ်မှာရှိတယ်၊ ပင်စင်လည်းယူရော ထွက်လိုက်ရတဲ့လမ်း"

"ဟော့ ... ငါ မဟုတ်တဲ့နည်းတွေနဲ့လည်း မပျော်ပါးဘူး၊ စည်းနဲ့ကမ်းနဲ့ ပျော်ပျော်ရွှင်ရွှင် မနေရတော့ဘူးလား"

"ဒါဆိုရင် ကျွန်မအတွက် ပျော်ပါးသာယာမှု အပျင်းပြေမှု ကျွန်မ ထွက်ပေါက်ကကော ဘယ်မှာလဲ၊ အရင်ကတော့ အလုပ်သွားရတာမို့ ဒီတိုင်း ကြည့်နေနိုင်တာပေါ့၊ ခုတော့ ရှင့်အပေါင်းအသင်းတွေဆီ လည်တယ်၊ ဂေါ့ဖ်ရိုက်သွားတယ်၊ တစ်အိမ်အိမ်ချိန်းပြီး သောက်စားကြတယ်၊ ကျွန်မက သွားချင်တာလေးရှိရင် ရှင် အဖော်မပြုနိုင်ဘူး၊ မပို့နိုင်ဘူး၊ ရှင်သွားချင်သလို ကျွန်မရော မသွားချင်ရဘူးလား၊ ဈေးလေး ဘာလေး ကုန်တိုက်လေး မဝယ်ခြမ်းချင်ရဘူးလား၊ သွားချင်ရင် ကိုယ့်တစ်ယောက်တည်း ကကနဲ့သွား၊ အစကမှ ရှင်က ရုံးကားစီးတော့ ကျွန်မ ဘာသာ ကျွန်မတစ်ယောက်တည်း ကားလေးမောင်းသွားနိုင်သေးတယ်၊





ခုတော့ ရှင်ချည်း ထွက်ရမလား၊ ကျွန်မက အိမ်စောင့်လား၊ အိမ်ထဲကုပ်ပြီး ချက်ပြုတ်ချော့ပြုပ် ရှင့်ကို ခူးခပ်ကျွေး၊ ရှင်းလင်းသိမ်းဆည်းပြီး အိမ်ကျွန်ဘဝနဲ့ပဲ နေသွားရမှာလား"

"ဒီပြဿနာလောက်က အဲဒီတုန်းတည်းက ကားတစ်စီး ထပ်ဝယ်လိုက်ရင် ပြီးတာပဲ၊ အရင်လိုပဲ နောက်ကားတစ်စီးနဲ့ မင်းသွားလာပေါ့"

"ဒီကိစ္စ တစ်ခုတည်းကြောင့် ပြောနေတာ မဟုတ်ဘူး၊ အိမ်ထောင့်တာဝန် ဆိုတာကို သူတကာထက် အားကြီးမာန်တက် ထမ်းဆောင်လာလို့ ငြီးငွေ့နေပြီ၊ ရှင် ဘာကူလဲ၊ ရှင့်ကို ရေတ်သီး ထောင်းခိုင်းနေတာ မဟုတ်ဘူး၊ စားဖို့သောက်ဖို့ ဈေးဝယ်ခြမ်းထွက်တာတောင် ကားမောင်းပို့သလား၊ တစ်ပတ်စာ ခြင်းအလေးကြီး မနိုင့်တနိုင်ဆွဲ၊ ချွေးဒီးဒီးကျပြီး နေပူထဲ ထွက်ဝယ်ရတာ ဘယ်သူလဲ"

"ဒါကလည်း အိမ်ဖော်ငှားလိုက်ရင် ပြီးတာပဲ"

"ဒီလိုကိစ္စ ပြဿနာတွေ အများကြီး၊ ဒါတွေ အားလုံးအတွက် ဒီလိုလုပ်လိုက်ပါလားလို့ ရှင် ဖြေရှင်းသမျှထဲမှာ ရှင် တာဝန်ကူထမ်းတာ ဘာပါသလဲ၊ ကားမရှိရင် ကားဝယ်၊ ကျွန်မ မလုပ်နိုင်ရင် အိမ်ဖော်ငှား၊ နောက်တစ်ခု ထပ်ပြောလည်း ရှင်ဖြေရှင်းမဲ့ နည်းက ရှင် တစ်ထမ်း

တစ်ရွက်ပါမဲ့နည်း မဟုတ်ဘူး၊ ခေါင်းရှောင်တဲ့နည်း ချည်းပဲ ဖြစ်မှာပဲ ...

အဲသလို တစ်ကိုယ်ကောင်းဆန်မှုတွေက သိပ်များလာပြီ၊ ရှင့်ရဲ့ တစ်ကိုယ်ကောင်းဆန်မှုတွေကို ကျွန်မက သိပ်ခါးသီးနေပြီ၊ ဒီကြားထဲ ကျွန်မလည်း အသက်ကြီးလာပြီ၊ ရှင်နဲ့ ဘယ်လောက်မှ သိပ်ငယ်တာ မဟုတ်ဘူး၊ ကျွန်မလည်း ပင်ပန်းလှပြီ၊ ရှင် ဘာမှလှည့်ကြည့်စရာ မလိုအောင် အိမ်ထောင့်တာဝန်ကို ဒိုင်ခံကျုံးရုံးလုပ်လာတာ နှစ်သုံးဆယ်၊ ကျွန်မလည်း လုပ်သက်ပင်စင် ယူလို့ရနေပြီ"

"ယူလေ ... မင်း ပင်စင်ယူလိုက်၊ ဘာမှ လုပ်ပေးစရာ မလိုဘူး၊ ရတယ်၊ မင်းလုပ်ပေးမှ ဖြစ်တာလည်း မဟုတ်ဘူး၊ ကိုယ့်ဟာကိုယ်လည်း ငါလုပ်နိုင်တယ်၊ အခု ငါ့ဟာ ငါ ဘယ်လိုနေနေလဲ"

"ရှင့်ဘာသာ ချက်ပြုတ်ခူးခပ်စား၊ လျှော်ဖွပ်မီးပူတိုက်၊ သန့်ရှင်းရေးလုပ်ပြီး ရှင် နေနေတယ် မဟုတ်လား"

"အေးလေ ... ဒါ ဘယ်လောက်ခက်တဲ့ အလုပ်မို့ မင်း ဂုဏ်ယူနေရတာလဲ"

"အဲသလို လုပ်နိုင်ရင် နှစ်ယောက်အတူတူ နေတုန်းက ရှင် လုပ်ပါလား၊ ဘာဖြစ်လို့ ရေသာခိုလဲ၊ ဘာဖြစ်လို့





ပျင်းလဲ၊ မင်းမရှိရင်တော့ ငါ့ဟာငါ လုပ်မယ်၊ မင်းရှိရင်တော့ မင်းပဲလုပ် ဆိုတာ ရှင် တရားလား"

"ဟော့ ... မင်း စကားကြီးစကားကျယ် လျှောက်ပြောမနေစမ်းပါနဲ့၊ မင်းကိုလည်း ဘယ်တုန်းကမှ ငါ့ကို ဒီလိုလုပ်ကိုင်ပေးစမ်းပါကွာလို့ ငါ မခေယခဲ့ဘူး၊ မင်းဟာမင်း လုပ်တာ"

မေမေက ဖေဖေ့ထံမှ ဆတ်ခနဲ မျက်နှာလွှဲလိုက်ပြီး ဒေါ်မြနန္ဒာကို ကြည့်လိုက်ပါသည်။ မျက်ရည်လည်လာကာ ...

"အဲဒီစကားကို အသည်းအနာဆုံးပါပဲ မြရယ်၊ သူတို့ကို စေတနာမေတ္တာ အပြည့်နဲ့ ဖြည့်ဆည်းလုပ်ကိုင်ပေးခဲ့ပေမဲ့ ဒါဟာ သူတို့ တောင်းဆိုတာ မဟုတ်ဘူး၊ ကျွန်မဇာတာပါလို့ နင့်ဟာနင် လုပ်တာဆိုတဲ့ သူ့သဘောထားကို စိတ်အနာဆုံးပါပဲ၊ ကိုယ်ထားရှိခဲ့တဲ့ မေတ္တာစေတနာတွေနဲ့ မတန်ပါဘူး၊ ငါ့ကို စေတနာအပြည့်နဲ့ ဒီလိုလုပ်ပေးခဲ့တဲ့ မိန်းမပါလားဆိုတဲ့ အမြင် သူ့ခေါင်းထဲမှာ မရှိပါဘူး၊ လုပ်ထိုက်လို့ မနေနိုင် မထိုင်နိုင်လို့ လက်ဂနာမငြိမ်လို့ လျှောက်လုပ်နေခဲ့သလိုပဲ၊ နင့်ဟာနင်လုပ်လို့ နင်ပင်ပန်းတာ ငါသနားစရာလား ဆိုတဲ့ အချိုးပေါ့"

"ဒီလိုတော့လည်း မဟုတ်ပါဘူး မမချိုရယ်၊ ယောကျ်ားတွေဟာ မသိတတ်တာ အနည်းနဲ့အများပဲ ကွာပါတယ်၊ ဒီလိုတွေချည်းပါပဲ"

"ခုကိစ္စက ဘာမှ မကြီးကျယ်ပါဘူးဗျာ၊ ဒေါ်ချိုချို အရင်အတိုင်း ပြန်နေရင် ဦးရဲသွေးကလည်း တချို့တလေ ဖေးမ,ကူညီရုံပေါ့၊ လူအားမလိုတဲ့ဟာလည်း စိတ်အားပေါ့၊ ဦးရဲသွေးအဖို့လည်း ခုတောင်မှ ကိုယ့်ဝန် ကိုယ်ထမ်းနေသေးတာပဲ၊ ဇနီးကို နည်းနည်းဝိုင်းဝန်းဖို့ ဆိုတာ ဘာမှ မခဲယဉ်းပါဘူး"

"အလုပ်တစ်ခုအနေနဲ့ မခဲယဉ်းပါဘူး ဦးဝင်းနီ၊ ဒါကို ဒီလိုကြောင့် ငါ အိမ်ကဆင်းတယ်ဟယ်၊ နင့်ဟာနင် ဖြစ်သလား နေကြည့်၊ မှတ်ကရောဆိုတဲ့ အချိုးမျိုးနဲ့ သူဟာ မိသားစုသိက်မြုကို စွန့်ခွာသွားတယ်၊ ဒါကို ကျွန်တော်က ခွင့်မလွှတ်နိုင်တာ ...

ဒီထက်ဆိုးဝါးတဲ့ ပြဿနာ အိမ်တွင်းမှာ ပေါ်ပေါက်လာရင်တောင် မိသားစုဆိုတာ လက်တွဲဖြေရှင်းရမယ်၊ ယူနတိ ရှိရမယ်"

"ဪ ... လက်တွဲဖြေရှင်းရမယ်တဲ့လား၊ ရှင်ဘယ်ကုန်းက ဘာကို လက်တွဲ ဖြေရှင်းခဲ့လို့လဲ၊ ကျွန်မ ဖြေရှင်းပေးသမျှကိုသာ ရှင် အသင့် သိမ်းပိုက်နေတာ မဟုတ်လား၊ ရှင့် စိတ်ထဲမှာ အသာစံဖို့ပဲ ရှိတာ၊ အနာခံဖို့မှ မရှိတာ"





"မဟုတ်တာတွေ မင်း ဘာကြောင့် စွပ်စွဲနေရဟာလဲ၊ ငါ့ကိုယ်ငါ ကာယကံရှင် အသိဆုံးပေါ့၊ မင်းက အတပ်သိသလို လုပ်နေတာနဲ့ အဟုတ်ဖြစ်ရောလား"

"ဒီလောက်ကြာကြာ အတူနေလာပြီး ကျွန်မကကော ရှင့်အကြောင်း နည်းနည်းမှ မသိရတော့ဘူးလား"

ဦးရဲသွေး မျက်နှာမှာ နီမြန်းလာပြီးလျှင် အသံအက်ကွဲကွဲနှင့် ...

"ဟေ့ ... ငါဟာ ငါ့မယား ငါ့သားကို ချစ်တဲ့စိတ်နဲ့ တစ်သက်လုံး သားမယားဂုဏ်သိက္ခာအတွက် အကောင်းဆုံးနေလာတဲ့သူကွ၊ သားအတွက် မယားအတွက် ငါ့ခေါင်းထဲ အမြဲရှိခဲ့တယ်၊ အဲဒါ ငါ့ပေးဆပ်မှု မဟုတ်ဘူးလား၊ ငါ့အတွက် မင်းတို့ သိက္ခာကျရတာ မျက်နှာငယ်ရတာ ဘယ်တုန်းက ရှိခဲ့လဲ၊ ဘာအမည်းတစ်စွန်းမှ မရှိအောင် ငါနေခဲ့တယ်၊ ယောကျ်ားတစ်ယောက်အနေနဲ့ ငါ ဒီလိုပဲ ပေးဆပ်တတ်တယ် ... ဒါပဲ"

နှစ်ဦးသားဟာ တစ်ဦးနှင့်တစ်ဦး စိုက်ကြည့်နေကြကာ ရူးရူးရဲရဲ တင်းမာမျက်ရည်ဝဲနေကြလေသည်။

"ကဲ ... ကဲ ... အရင်းစစ်လိုက်တော့ တစ်ဦးကိုတစ်ဦး မေတ္တာစေတနာ ရှိကြတဲ့သူချည်းပဲ၊ တစ်ဦးအပေါ်တစ်ဦး မကောင်းစိတ် မွေးခဲ့တာ ဘယ်သူ့ဘက်ကမှ မရှိဘူး၊

ဒီလို အိမ်ထောင်ရေးဟာ ဘယ်လိုမှ ပျက်စရာအကြောင်း မရှိဘူးဗျာ”

“မဖြစ်ပါဘူး ဦးဝင်းနီ၊ သူ ကျွန်မကို နားလည်မှု မရှိဘူး”

မေမေက ပြောပြောဆိုဆို ထရပ်လိုက်ပါသည်။

“သူကတော့ ကျုပ်အပေါ် အဆိုးမြင်နေတာဗျ၊ ပြန်ပေါင်းစပ်ဖို့ ဘယ်လွယ်ပါ့မလဲ”

“ကျွန်မ ပြန်တော့မယ် ဦးဝင်းနီ၊ မြ ... ကျွန်မ ပြန်မယ်၊ သူများအိမ်မှာ အခြေအတင် ဖြစ်သွားရတာ စိတ်မကောင်းပါဘူး၊ အားလုံးကို ကျွန်မ ကျေးဇူးတင်ပါတယ်”

မေမေ့ကို ကားနားထိ သားရွှေသွေး ပို့ရင်း ...

“မေမေ ... ကားဖြည်းဖြည်းမောင်းဦးနော်”

“စိတ်ချပါ သားရယ်”

သိပ်မကြာခင်မှာ ဖေဖေလည်း ပြန်ပါသည်။





## ၁၂

ဝေမိုး ဖုန်းဆက်လာ၍ သားရွှေသွေး စိတ်နလုံးတို့ နောက်ကျိရပါသည်။

“မင်း အဘိုးကြီး အလုပ်က ထွက်သွားပြီကွ”

“ထွက်သွားတာလား၊ ထုတ်လိုက်တာလား”

“အင်း ...၊ ဘယ်လိုပြောရမှန်းတော့ မသိဘူး၊ ဖြစ်ပုံကတော့ အန်ကယ်က ကိစ္စတစ်ခုကို ဘော့စ်ရဲ့ သဘောထား ဆုံးဖြတ်ချက်နဲ့ မလုပ်ဘဲ သူ့သဘောထား သူ့ဆုံးဖြတ်ချက်နဲ့ သူ မှန်တယ်ထင်တဲ့အတိုင်း လုပ်လိုက်တယ်ကွာ၊ အဲဒီမှာ သူနဲ့ဘော့စ်နဲ့ ထိပ်တိုက်ဖြစ်သွားတာပေါ့၊ ဘော့စ်ကလည်း စိတ်ကတိုတိုရယ်၊ သူ့အာဘော်အတိုင်း မလုပ်

ဘဲ ကိုယ့်သဘောနဲ့ကိုယ် လုပ်လိုက်တဲ့ကိစ္စ တောက်လျှောက်ကို အစကအဆုံး လိုက်ပြင်ခိုင်းတယ်၊ အန်ကယ်ကလည်း မပြင်နိုင်ဘူး”

“အင်း ...”

“လိုက်ပြင်ရင်လည်း မလွယ်ဘူး၊ လုပ်ထားတဲ့ကိစ္စက ခရီးအတော်ရောက်နေပြီလေ၊ လိုက်ပြင်ရခြင်းအားဖြင့်လည်း တခြားနေရာတွေမှာ အန်ကယ် မျက်နှာငယ် သိက္ခာကျစရာ ဖြစ်မှာတွေ ရှိတယ်၊ ဒီတော့ ဘော့စ်က သူ့စည်းမျဉ်းနဲ့ လုပ်ရမဲ့ ကုမ္ပဏီမှာ သူ့စည်းမျဉ်းကို ဆန့်ကျင်ဖီဆန် လုပ်တာမျိုး လက်မခံနိုင်ဘူး၊ ဒီကိစ္စကို မပြင်နိုင်ရင် ဒီကုမ္ပဏီမှာ ဆက်လုပ်ဖို့ မသင့်ဘူး စသဖြင့်ပေါ့ကွာ”

သားရွှေသွေး သက်ပြင်းချမိသည်။

“ဒီတော့ အန်ကယ်က ဘော့စ်ရှေ့မှာပဲ ချက်ချင်းထွက်စာ ရေးပြီး ထားခဲ့တာပဲ”

“ဘယ်တုန်းကလဲ”

“တစ်ပတ်လောက်တောင် ရှိပြီကွ၊ ငါက မင်း သိပြီးပြီ တောင် ထင်တာ၊ အန်ကယ် ဘယ်လိုနေလဲ၊ သိပ်များစိတ် မကောင်း ဖြစ်နေသေးလား သတင်းမေးချင်လို့ မင်းဆီ ဆက်တာ”





“အေးကွာ၊ ဂရုတစိုက် သတင်းမေးတာ ကျေးဇူးပဲ၊ ငါ ခုမှ သိတာ၊ ခုမှပဲ ဖေဖေ့ကို မေးကြည့်ပြီး အားပေးတန် ပေး လုပ်ရဦးမယ်”

“မင်းအဖေ ဆိုတာလည်း ငါ့အဖေ သဘောပါပဲကွာ၊ ငါ အကြံပေးချင်တာက အန်ကယ့်ကို ခုခေတ်ကုမ္ပဏီတွေမှာ အလုပ် ဝင်မလုပ်စေချင်တော့ဘူး၊ ခုလိုဖြစ်တော့ ငါ စိတ် မကောင်းဘူး၊ ဘော့စ်ကလည်း သိတဲ့အတိုင်း ဟန်ကသိပ် များတာပဲ၊ ငါတောင် သိပ်စိတ်မပါတော့ဘူး၊ နည်းနည်း ချဉ်သွားတယ်”

“ဖေဖေ့အတွက်တော့ မင်း အဆင်ပြေနေတဲ့ လုပ်ငန်းခွင် ပေါ် စိတ်မပျက်ပါနဲ့ကွာ၊ မင်းကျတော့ လူငယ်ပဲ၊ မင်းတို့ ဘော့စ်နဲ့ အမြင်ချင်း မကွာဘဲ အံဝင်မှာပါ၊ ကျေးဇူးပဲကွာ၊ နောက်မှ တွေ့ကြတာပေါ့၊ ဖေဖေ့ကို နည်းနည်းအားပေး လိုက်ဦးမယ်”

“အေး ... အေး”

သားရွှေသွေးသည် ဖုန်းချပြီး ခဏငြိမ်သက်စဉ်းစား နေပါသည်။ ဖေဖေ့စိတ်ကို အနည်းနှင့်အများ ထိခိုက်စေမှာ သေချာသည့်ကိစ္စ ဖြစ်သည်။ သူ့သက်တမ်းတစ်လျှောက် ဝန်ထမ်း အဖြစ် နှစ်ပေါင်းများစွာ လုပ်လာတာ ဒါမျိုးကိစ္စ ကြုံကြိုက်ခဲ့ရ မည် မဟုတ်။ “သူ့သဘောအတိုင်း မလုပ်လျှင် ဆက်လုပ်ဖို့

မသင့်ဘူး"ဆိုသည့် စကားမျိုး ဖေဖေ့ တစ်သက်၌ ဒါပထမဦးဆုံးအကြိမ် ကြားရတာ ဖြစ်မည်။

ပြောသူကလည်း ကိုယ့်သားလောက်အရွယ် လူငယ်ဖြစ်သည်။ ဖေဖေ့ရဲ့ သူ့ကိုယ်သူ ယုံကြည်ဂုဏ်ယူတတ်သော မာန်မာနအတွက် ဤအဖြစ်အပျက်ဟာ အင်မတန် ခံပြင်းနာကျင်စရာ ဖြစ်လိမ့်မည်။

ဒေါသလည်းဖြစ် စိတ်မကောင်းလည်းဖြစ်နှင့် ဒဏ်ရာဝေဒနာ တစ်ခုခံစားရသလိုကို တနုံ့နုံ့ ခံစားနေရတော့မည်ဖြစ်သည်။ ဖေဖေ့အပေါ် သူ ကရုဏာသက်မိသည်။ သူ့ကိုတောင် ဘာမှ လှမ်းမပြောဘဲ ဖေဖေ တစ်ယောက်တည်း ကျိတ်ပြီးခံစားနေပုံရသည်။

သားရွှေသွေးက အိမ်ဖုန်းကို လှမ်းဆက်လိုက်ပါသည်။ အချက်ပေါင်းများစွာ ခေါ်သည်။ လာမကိုင်။ သူ ဖွဲမလျှော့ဘဲ နောက်တစ်ခါ ထပ်ခေါ်သည်။ မကိုင်။ နောက်တစ်ကြိမ်ဆက်တိုက်ခေါ်ပြန်သည်။ အခေါက်ခေါက် အခါခါ မရမကခေါ်ကြည့်ဖို့ ဆုံးဖြတ်သည်။

ဖေဖေ အိမ်မှာ မရှိတာဖြစ်ဖို့ နည်းသည်။ မကိုင်တာဟုပဲ သားရွှေသွေး ယုံနေပါသည်။ တတိယမြောက် ခေါ်ဆိုခြင်းမှာ ဆယ်ကြိမ်ခန့် ခေါ်သံမြည်နေပြီးသည့်အခါ ဖုန်းကိုကောက်ကိုင်သံ ကလောက်ခနဲ ပေါ်လာပါသည်။





"ဟဲလို"

ဖေဖေ့အသံက ဆတ်နေသည်။

"ဖေဖေ ... ကျွန်တော်ပါ"

"အေး ... ဘာလဲ"

"ဖေဖေ ... ဟိုဟာပါ၊ ဘယ်လိုဖြစ်တာလဲ မေးမလို့ပါ"

"ဘာကို ဘယ်လိုဖြစ်တာလဲလည်း"

"ဖေဖေ့ အလုပ်လေ၊ ဖေဖေ ထွက်လိုက်တယ် ဆိုတာ၊ အဲဒါ"

"အေး ဟုတ်တယ်၊ အဲဒါ ဘာဖြစ်လဲ"

"ဘာမှ မဖြစ်ပါဘူး၊ ခုမှ သိရလို့ အကျိုးအကြောင်း မေးကြည့်တာပါ"

"ဘာမှ မမေးနဲ့၊ အဲဒီ သောက်ကုမ္ပဏီအကြောင်း လာမပြောနဲ့"

"ကျွန်တော်က သတင်းမေးတဲ့ သဘော ..."

"သတင်းမေးဖို့ မလိုဘူး၊ ငါ ဆေးရုံတက်နေတဲ့ကောင်မဟုတ်ဘူး၊ တော်ပြီကွာ၊ ဒါပဲဟေ့"

ဖေဖေက ခွပ်ခနဲ ဖုန်းချသွားပါသည်။

ဖေဖေ့စိတ်ထဲ ထိခိုက်မှုက မပြီးစီးသေးတာ သိသာသည်။ တစ်ပတ်အတွင်း တစ်ယောက်တည်း တောက်လောင်ပေါက်ကွဲ

နေပုံပင်။ ဖေဖေ ဘုကျသွားပေမဲ့ သားရွှေသွေး ဗွေမယူနိုင်ဘဲ စိတ်မကောင်းသာ ဖြစ်လို့နေသည်။

ဖေဖေ့ကို ဒီကိစ္စ ထပ်မမေး ထပ်မပြောတော့တာဘဲ ကောင်းမည်။ သတင်းမေးနေတာက ပြန်ဆွသလို ဖြစ်လိမ့်မည်။ ပစ်ထားလိုက်တော့တာက ဖေဖေ့အတွက် ပိုပြီး မေ့ပျောက်သက်သာရာ ရစေမည်။ ဤအတွေးနှင့် သူ ဖေဖေ့ထံ ရက်ပေါင်းများစွာ ဖုန်းမဆက်ဘဲ ထားခဲ့သည်။

မှန်တာပြောရလျှင် လေးငါးရက်ကြာတော့ သူ့အလုပ်နှင့် သူရှုပ်ပြီး ဖေဖေ့ကိစ္စကို မေ့လျော့သွားပါသည်။ တမင်တကာ ခဏပစ်ထားရာမှ မေ့နေလို့ကို လုံးဝပစ်ထားမိတဲ့ အထိ ဖြစ်သွားပါသည်။

ဖေဖေနှင့် အဆက်အသွယ် ပြတ်နေတာ ရက်နှစ်ဆယ်လောက်ရှိအပြီး တစ်ညနေမှာတော့ သူ့ဆောက်လုပ်ရေးကကန်ထရိုက်တာနှစ်ဦးနှင့်အတူ ဘီယာသောက်ဖို့ ဘီယာဂါးဒင်းတစ်ခုကို သူ ရောက်ခဲ့သည်။

ဤဆိုင်ကို သားရွှေသွေးက ခေါ်လာတာမဟုတ်။ သူလည်း မရောက်ဘူးပါ။ ကန်ထရိုက်တာများက သူ့ကိုခေါ်လာတာ။ ဆိုင်က အကောင်းစားကြီး မဟုတ်။ အညံ့စားကြီးတော့လည်း မဟုတ်ပါ။





ဆိုင်ထဲမှာ လူတန်းစားစုံ စားပွဲခုံများ အားလုံးလိုပြည့်ကျပ်နေသည်။ အေးအေး;ဆေးဆေး တော့ မရှိ။ ကြည့်ရတာအမြည်းနှင့် စားသောက်ဖွယ်ရာများလည်း ဈေးသင့်တင့်ပုံရသည်။ လူတန်းစားစုံစုံ ဝင်ထိုင်နိုင်သည့် ဆိုင်မျိုး ဖြစ်ပုံမို့ သန့်သန့်တွေလည်း ရှိသလို ကပိုကရိုတွေလည်း ရှိသည်။ စကားပြောသံတွေကျယ်လောင်ဆူညံနေကာ မျက်စိတော့ နောက်စရာ ကောင်းသည်။

"ကိုရွှေသွေး၊ ဒီဆိုင် ရောက်ဖူးမယ် မထင်ဘူး"

"မရောက်ဖူးဘူးဗျ"

"ဒီဆိုင်က လွတ်လပ်တယ်ဗျ၊ ပျော်ဖို့ကောင်းတယ်၊ အားမနာရဘူးပေါ့၊ အိုက်တင်ကြီးနဲ့ သောက်နေဖို့ မလိုဘူး၊ အော်ဟစ်စကားပြောလို့လည်း ရတယ်"

"ကောင်းပါတယ် ... အတွေ့အကြုံသစ်ပေါ့၊ ဝင်းကြီးကတော့ ကျယ်သားပဲ၊ ပါကင်ကောင်းကောင်းထိုးလို့ ရတယ်"

"သူ့ဆီက စားစရာတွေက ဈေးသင့်တယ် ဆိုတာထက် အရသာရှိတယ်ဗျ၊ ရှုပ်ရှုပ်ထွေးထွေး ဆူဆူညံညံလို ဖြစ်နေပေမဲ့ ဒီကအရသာမှ ခံတွင်းတွေ့လို့ ဟိုင်းဘော့စ်တွေလည်း လာပါတယ်. မြည်းကြည့်ပေါ့ဗျာ"

အစားအသောက်အချို့နှင့် မြန်မာဘီယာမှာပြီး စားရင်းသောက်ရင်း စကားစမြည် ပြောနေကြပါသည်။ စကားပြောလျှင် ဆူညံသံတွေကို ဖုံးအောင် အတော်အော်ဟစ် ပြောရ၍

သားရွှေသွေး စကားသိပ်မပြောဖြစ်ဘဲ ဟိုလူနှစ်ယောက် စကားတွေကိုသာ အလိုက်သင့် နားထောင်နေရပါသည်။

ကိုယ်နှင့် အလုပ် အမြဲလက်တွဲလုပ်နေကျ ကန်ထရိုက်တာတွေ ဖြစ်ကာ သူတို့ဖိတ်ပေါင်းများလှပြီ။ မလိုက်လျှင် မကောင်းတတ်တော့၍ အချိန်နည်းနည်းရသည့် ရက်ကလေးမှာ လိုက်လာဖြစ်ခဲ့တာ ဖြစ်သော်လည်း ဒီနေ့အဖို့ ဘီယာသောက်ချင်စိတ်လည်း သိပ်မရှိလှ၍ သောက်တာ စားတာက နည်းနည်း၊ စကားနားထောင်ကာ ဟိုကြည့် ဒီကြည့် လျှောက်ကြည့်နေမိတာက များများ။

တစ်ချက်တွင် ခပ်လှမ်းလှမ်း တစ်နေရာကို ကြည့်လိုက်မိသော သားရွှေသွေးသည် မျက်လုံးများ ပြူးကျယ်ကာ မှီထိုင်နေရာမှပင် မတ်ခနဲ ဖြစ်သွားတဲ့အထိ လှုပ်ရှားသွားလေရာ မိတ်ဆွေများကပင် ...

"အသိတွေ့လို့လား ... ကိုရွှေသွေး"

သားရွှေသွေး ကြည့်သည့် နေရာကို လိုက်ကြည့်ကြသည်။ သားရွှေသွေးသည် ချက်ချင်းလိုပဲ ထိုင်ရာမှ ထရပ်လိုက်မိကာ ...

"ခဏဗျာ ... နော်"

မိတ်ဆွေတို့ကို ခွင့်တောင်းထားရစ်၍ စားပွဲတစ်ခုရှိရာဆီသို့ ခြေလှမ်းကျဲကြီးနှင့် လျှောက်ကာလာသည်။ ထိုစားပွဲ





တွင် လူတစ်ယောက်တည်း။ ရှေ့မှာ ဘီယာပုလင်းလွတ်တွေက မနည်းလှတော့။ ခေါင်းတောင် အတော်စိုက်နေပေပြီ။

သားရွှေသွေး စိတ်ပူသွားကာ ...

"ဖေဖေ"

ဖေဖေ့ ပခုံးကို ကိုင်၍ ခပ်သာသာ ခေါ်သည်။

"ဖေဖေ"

"ဟေ"

"ဖေဖေ တစ်ယောက်တည်းလား"

ဦးရဲသွေး ခေါင်းက ထောင်မတ်လာသည်။ နီမြန်းသော မျက်လုံးတို့နှင့် သားရွှေသွေးဘက် မော်ကြည့်ကာ ...

"ဟာ ... ရွှေသွေး ... ငါ့သား၊ မင်း ဘယ်ကရောက်လာတာလဲ၊ ငါ ဒီမှာရှိမှန်း မင်း ဘယ်လိုလုပ် သိလဲ"

"မသိပါဘူး၊ ကျွန်တော့်ဘာသာ ကျွန်တော့်အသိတွေနဲ့ လာတာပါ၊ ဖေဖေ့ကို လှမ်းတွေ့လိုက်လို့"

"အေးကွ"

"ဖေဖေကလည်း ဘော်ဒါတစ်ယောက်ယောက် အဖော်ခေါ်ခဲ့ရောပေါ့"

"မလိုပါဘူးကွ၊ ဘာလုပ်ဖို့လဲ"

"သြော် ... စကားပြောဖော်ဖြစ်ဖြစ် ရတာပေါ့၊ တစ်ယောက်တည်း ပျင်းစရာကြီး"

"ရပါတယ်ကွ၊ တစ်ယောက်တည်း ဘာဖြစ်လဲ၊ အိမ်မှာ တစ်ယောက်တည်းပဲဟာ၊ အပြင်သွားလည်း တစ်ယောက်တည်းပဲပေါ့၊ စားလည်း တစ်ယောက်တည်း သွားလည်း တစ်ယောက်တည်း အိပ်လည်း တစ်ယောက်တည်းပေါ့ကွ"

သားရွှေသွေးက ဖေဖေ့ကို ကြင်နာစွာ ပြုံးပြရင်း...

"ဖေဖေ နည်းနည်းများနေပြီ ထင်တယ်"

"မများဘူးကွ၊ ခွေါက်ပုလင်းလားပဲ ရှိသေးတာ"

"ဒီမှာ ဒီဖန်ခွက်က အရက်မှာထားတာ မဟုတ်လား၊ ဘယ်နပက် မှာထားလဲ၊ ဖန်ခွက်တောင် ပြောင်နေပြီ"

"နှစ်ပက်တည်းရယ်ကွ"

"တော်ပြီ ထင်တယ် ဖေဖေရ"

"ရပါတယ်ကွ၊ မင်းတို့ဗိုင်း ငါ ပြောင်းထိုင်လိုက်မယ်လေ"

"ပြောင်းထိုင်မနေနဲ့တော့ ဖေဖေရ၊ များနေပြီ၊ ဖေဖေပြန်မှ ဖြစ်မယ်"

"မပြန်သေးပါဘူးကွ၊ ခုမှ ဘယ်နှနာရီ ရှိသေးလို့လဲ"

"ခုနစ်နာရီခွဲပြီ ဖေဖေရ"

"ဟား ... စောပါသေးတယ် ရွှေသွေးရ"

သားရွှေသွေးက ကုလားထိုင်တစ်ခုမှာ ဝင်ထိုင်လိုက်ရင်း ဖေဖေ့ကို စိတ်မကောင်းစွာ ကြည့်နေမိသည်။ ဖေဖေဟာ





အများကြီးသောက်တတ်တဲ့သူ မဟုတ်။ ခုလည်း မူးနေတာ သေချာသည်။

"ဖေဖေကလည်း နောက်ဆို တစ်ယောက်တည်း လာမသောက်ပါနဲ့၊ မူးလည်းမူးပြီး အပြန်လည်း မောင်းရင် ဘယ်ကောင်းမလဲ၊ ကိုယ့်ဘာသာ ကားမောင်းပြန်ရဦးမှာလေ၊ ဖေဖေ့သူငယ်ချင်း တစ်ယောက်ယောက်နဲ့ အတူလာရင်လာ၊ တစ်ခါတလေလည်း ကျွန်တော့်ကို လှမ်းခေါ်ရင် ခေါ်ပေါ့"

"မင်းက ဘယ်တုန်းကများ အားလို့လဲ ရွှေသွေးရာ"

"ခုတစ်လော နည်းနည်းအားတယ် ဖေဖေရ၊ ဟိုးတစ်လောကတော့ ကုမ္ပဏီနှစ်ချုပ်ဘတ်ဂျက်ဆွဲတဲ့လပိုင်းတွေ ဖြစ်နေလို့၊ ခုတလော ရုံးက နည်းနည်းစောပြန်ရပါတယ်"

"အင်း ..."

"ကဲ ... လာ ... ထ, ဖေဖေ၊ ပြန်ကြရအောင်"

ဖေဖေ့ကို အတော်ကြာအောင် ချော့ခေါ်ရပါသည်။ ဖေဖေက အာလေးလေးနှင့် ဆင်ခြေတွေတက်ပြီး ရစ်နေပါသေးသည်။ ချော့တစ်လှည့် ခြောက်တစ်လှည့်နှင့် အတော်ကြာမှ ပြန်စည်းရုံးလို့ ရပါသည်။

"အေး အေး ... ဒါဆိုလည်း ပြန်တာပေါ့ကွာ၊ ဒါနဲ့ ... ငါ့ဖိနပ်ကောကွ"

သားရွှေသွေးက စားပွဲအောက် အမှောင်ရိပ်မှ ဖေဖေ့ ခြေထောက်ကို လှမ်းကြည့်သည်။ ခြေဗလာ ဖြစ်နေသည်။ ခြေ အိတ်လည်း မပါ။

"ခြေအိတ် မပါပါလား၊ ဖေဖေ ဘာဖိနပ် စီးလာလို့လဲ"

"ရှူးမစီးခဲ့ဘူးကွ၊ ညှပ်ဖိနပ် ... ညှပ်ဖိနပ်"

သားရွှေသွေးက စားပွဲအောက် ငုံ့ရှာတော့မှ ဟိုဘက် နားက ကုလားထိုင်အခြေ ရောက်နေသည့် ဂျပန်ဖိနပ်အသစ်တစ်ရံ ကို တွေ့သည်။

"ဂျပန်ဖိနပ်လား ဖေဖေ"

"အေးကွ ... ဂျပန်ဖိနပ်က လှသက်သာတယ်၊ သားဖေ ဖိနပ်က ကျပ်တယ်ကွ"

သားရွှေသွေးသည် ဖိနပ်ကို ထ,ယူကာ ဖေဖေ့နံဘေး ချပေးလိုက်ရင်း ...

"ဖေဖေ ဒီဘက်လှည့် ... ဖိနပ်စီး ... သွားစို့"

"အေး ... အေး"

ဦးရဲသွေးက စားပွဲအောက်မှ ခြေထောက်ကိုလှည့် ၍ အပြင်ထုတ်ကာ ဖိနပ်စီးသည်။

"ဟင် ... ဖေဖေ့ခြေထောက်က ဘာလဲ"

စားပွဲအောက်မှာ မှောင်နေစဉ်က မမြင်ဘဲ ခြေ ထောက်အပြင် ရောက်လာမှ အလင်းရောင် နီကျင်ကျင်





ဖေဖေ့ခြေထောက်ကို သေချာတွေ့သည်။ ဦးရဲသွေးက သူ့ခြေ ထောက်ကို ရုတ်တရက် စားပွဲအောက် ပြန်ထည့်ကာ ဝှက်လိုက် ပါသည်။

"ဟင် ... ဖေဖေ၊ ဖေဖေ့ ခြေထောက် ဘာဖြစ်တာလဲ"

သားရွှေသွေး တအံ့တဩနှင့် ဖွတ်ဆွဲယူကာ ငုံ့ကြည့် ရာ ဖေဖေ့ ဘယ်ဘက်ခြေထောက်တစ်ဖက်ဟာ ယောင်ကိုင်းသလို အစ်ထစ်နေကာ ခြေဖျားမှ ခြေကျင်းဝတ်ထိ ခြေထောက်ရဲ့အသား ရောင်ဟာ တခြားနေရာ အသားရောင်နှင့်မတူ။ ညစ်တစ်တစ် နီညိုကွက် အဝါကွက်လို အကွက်တွေလိုလို ဘယ်လိုကြီးမှန်းမသိ ဖြစ်နေပုံမှာ သားရွှေသွေးကို ပါးစပ်အဟောင်းသား ဖြစ်နေစေ သည်။

သူ့ရင်ထဲ ထိတ်ကာ ...

"ဖေဖေ့ ခြေထောက် ဘာဖြစ်တာလဲ၊ ကျွန်တော် မေးနေ တယ်လေ ဖေဖေ"

"မသိဘူးကွာ ... ငါလည်း၊ နာတာတော့ နာတာပဲ၊ ရှူး ဖိနပ်တွေ စီးမရ၊ ကွင်းထိုးလည်း စီးမရ၊ ဂျပန်ဖိနပ်နဲ့မှ အခု မဆိုးဘူး"

"ဖေဖေ နာနာနေတာ ဒီခြေထောက်လား"

"အေးကွ"

"ဘယ်ကစ,ဖြစ်တာလဲ ဖေဖေ၊ ကျွန်တော့်လည်း ဘာမှ

မပြောဘူး၊ ခုခြေထောက်က ဘယ်လိုဖြစ်နေတာလဲ၊ ခြေထောက် ပုပ်နေသလိုကြီး ကျနေတာပဲ၊ ဒီလောက်ဆိုးနေတာ ကျွန်တော်လည်း မသိရပါလား"

သားရွှေသွေး အသံက ပူပန်ယူကျုံးမရနှင့် တုန်ယင်မာဆတ်လာသည်။ ဖေဖေသည် အဆူခံရသော ကလေးကြီးနှယ် ခေါင်းငိုက်စိုက်နှင့် ...

"အေးကွာ ... မင်းတို့သိလည်း စိတ်ပူရုံပဲ ဆိုတော့"

"ဟာ ... ဖေဖေကလည်းဗျာ၊ ကျွတ် ...၊ ကဲ ... လာ ... လာ ... ကျွန်တော့်ကိုတွဲ ဖေဖေ၊ ခြေထောက်က အခုကော နာသလား"

"အင်း ..."

"ဆရာဝန် သွားပြရမယ်၊ ခုပဲသွားမယ်၊ ဖေဖေ ကားပါသေးလား"

"မပါပါဘူးကွာ၊ ငါ ကားငှားလာတယ်"

သားရွှေသွေးသည် ဖေဖေ့ကိုတွဲကာ ဖြည်းဖြည်းထွက်လာရင်း တအံ့တသြ လှည့်ကြည့်နေသော သူ့မိတ်ဆွေဝိုင်းသို့ ရောက်လျှင် ...

"ကိုစိုးသန်းတို့ ... ဆောရီးဗျာ၊ ဒါ ကျွန်တော့်အဖေလေ၊ များသွားလို့ ပြန်ပို့ပေးလိုက်ဦးမယ်၊ နောက်မှ ပြန်ချိန်းတာပေါ့"





"ရပါတယ် ... ကိုရွှေသွေး သွားပါ၊ ကျွန်တော်တို့ ဘာလုပ်ပေးရဦးမလဲ"

"မလိုပါဘူးဗျာ၊ ခင်ဗျားတို့ကို အားနာတာ"

"အားမနာနဲ့ ကိုရွှေသွေး ... သွား ... သွား ... ရတယ်"

သားရွှေသွေးသည် ဖေဖေ့ကို ပုဂ္ဂလိက ဆေးရုံကြီးတစ်ခုသို့ တန်းခေါ်ချလာခဲ့သည်။

မေမေသည် သားရွှေသွေးကို မျက်ရည်ပြည့်လျှမ်းသော မျက်လုံးနှင့် ကြည့်လိုက်ရင်း ...

"မင်းက ငါ့ကို နလုံးသား မရှိဘူး၊ ဘာဘူး စွပ်စွဲနေရအောင် ငါ ဘာများလုပ်မိလို့လဲ ရွှေသွေးရဲ့၊ ငါ့အပြစ်ဘာရှိသလဲ၊ မင်းအဖေဟာ မနက်မိုးလင်းလို့ မျက်စိနှစ်လုံး စဖွင့်တာနဲ့ မျက်နှာမသစ်ခင် စီးကရက်ဘူးကောက်ကိုင်တဲ့သူ၊ စီးကရက်ကို အခိုးဆက်အောင် သောက်တဲ့သူဆိုတာ မင်း အသိဆုံးပဲ ...

ဒီစီးကရက်ကို လျှော့ဖို့ မင်းလည်း ပြောတယ်၊ ငါလည်းပြောတယ်၊ အခု ဒီစီးကရက်ကြောင့် ခြေထောက်ပုပ်တယ်လို့ မင်းပြောတယ်၊ ဖြစ်တာကို ဝမ်းသာလို့ မဟုတ်ဘူး၊ အဲဒါ ငါက ဘာလုပ်ရမှာလဲဆိုတာ၊ ဘာမှ မလုပ်တတ်လို့ ပြောတာဟော့၊ သူ မိုက်လုံးကြီးလို့ သူဖြစ်တာ၊ ငါ့အပြစ်လား"

"မေမေ့ အပြစ်လို့ ဘယ်သူမှ ပြောမနေပါဘူး၊ မေမေ ဒီထက် နည်းနည်းပို အလေးထားဖို့ ဂရုစိုက်ပြီး ခံစားဖို့ ပြောနေတာ"

"အဆုတ်ကင်ဆာ မဖြစ်တာ ကံကောင်း"

"အခုလည်း ကံမကောင်းဘူး မေမေ၊ ခြေထောက်ပုပ်တယ်ဆိုတာလည်း သေးသေးကွေးကွေးလေး ဖြစ်တာမဟုတ်ဘူး၊ အဲဒါ ဂဲင်ဂရင်း၊ သွေးကြောတွေ ပိတ်ကုန်ပြီး ဒီခြေထောက်က ပုပ်တာ၊ အခုဟာက အဲဒီခြေထောက်ကို ဖြတ်ပစ်ရမှာ"

"ဘာ"

"ဖေဖေ့ ခြေထောက်ကို ဖြတ်ရမှာ"

"ဟင် ..."

မေမေသည် ငူငိုင်ငိုင်ကြီး ကြက်သေသေ၍ ငြိမ်ကျသွားပါသည်။ ဤစကားက မေမေ့ အရှိက်ကို ထိုးလိုက်သလို အံ့ဩတကြီး အငိုက်မိ အထိနာသွားတာပင်။





"ဘုယ်လိုရှယ် ... ရွှေသွေး ... မင်း အဖေခြေထောက် !..."

"ဖေဖေ့ ခြေထောက် ဖြတ်ရမယ် မေမေ"

"သေချာရဲ့လား သားရယ်"

"သေချာပါတယ် မေမေ၊ ဖေဖေနဲ့သွားတာအပြင် ကျွန်တော့်ဘာသာလည်း ဆရာဝန်ဆီ အခေါက်ခေါက်ရောက်ပြီးပါပြီ၊ နက်ဖြန်ဆေးရုံတက်မယ်၊ ဖိနဲ့ခါ အော်ပရေးရှင်း မေမေ"

"မဖြတ်ဘဲ ကုတဲ့နည်း မရှိတော့ဘူးပေါ့"

မေမေ့ မျက်နှာက သွေးဆုတ်သလို ဖြူဖတ်ဖြူရော်ဖြစ်နေပါသည်။

"မရှိတော့ဘူး၊ ဖေဖေ ဟိုးအစောကြီးကတည်းက ပြောခဲ့ရင် ကျွန်တော်တို့ကလည်း သတိရှိရှိနဲ့ ဆရာဝန်ဂရုတစိုက်ပြဖြစ်ခဲ့ရင် ခြေကျင်းဝတ်လောက်ထိပဲ ဖြတ်ရမယ်၊ ခုတော့ ခြေသလုံးတစ်ဝက်က ဖြတ်ရမယ် မေမေ၊ ဘာပဲဖြစ်ဖြစ်ပေါ့၊ အခု သိပြီး ခြေသလုံးတစ်ဝက် ဖြတ်ရတာဟာလည်း ကံကောင်းတယ်လို့တော့ ပြောလို့ရသေးတာပါပဲ"

မေမေ့ မျက်နှာသည် ဒေါသရိပ်ငွေ့ငွေ့ ပြန်လွှမ်းလာသည်။

"ဖျားတာကလေးတောင်မှ ငါ ဆေးလိုက်မတိုက်ရင် ဆေး

သောက်ချိန်တွေ ကျော်ကုန်တဲ့သူလေ၊ သေတတ်တဲ့ ရောဂါဖြစ်ပြီး ငါကလည်း ဆေးလိုက်မတိုက်ရင် ဒီလိုလူစားသေပြီးတာ ကြာပြီ၊ ကိုယ့်အသက်တောင် သူများလက်အပ်ထားတဲ့လူကြီး၊ အသိဉာဏ်လည်းရှိ၊ ပညာလည်းတတ်ပါရက်နဲ့ အဲင်တီဘိုင်အိုးတစ်လို ဆေးမျိုးကို ဆေးပတ်လည်အောင် သောက်ရတယ်ဆိုတာ သိသိကြီးနဲ့ ကိုယ့်သတိနဲ့ကိုယ် တစ်နေ့လေးကြိမ်ပြည့်တယ် ဆိုတာ ဘယ်တုန်းကရှိလဲ၊ သတိမပေးဘူးဟယ်လို့ မုန်းမုန်းနဲ့ ပစ်ထားလိုက်ရင် သူ့အသိနဲ့သူ မသောက်ပါဘူး၊ အချိန်ကျော်လာတော့ဆေးပတ်မလည်ဘဲ ဆေးယဉ်သွားမှာစိုးလို့ ငါပဲ စိတ်လျှော့ပြီး သွားတိုက်ရတာပဲ၊ ကိုယ့်ဟာကိုယ် တစ်ခုခုဖြစ်ရင်ကိုယ့်ဝိရိယနဲ့ကိုယ် ဆရာဝန်သွားပြမယ်ဆိုတာ ဘယ်တုန်းကရှိလဲ၊ မိန်းမလိုက်မပြပေးရင် ဆရာဝန်တောင် မပြဘူး၊ ငါ့ကို မှီခိုလွန်းတယ်၊ ခုလည်းပဲ စောစောစီးစီး ကိုယ့်အခြေအနေကိုယ် သတိရှိရှိနဲ့ ပြပါလား ဆရာဝန်၊ ခုတော့ကြည့်စမ်း၊ ဒါတောင် မင်းတွေ့လိုက်လို့နော် ရွှေသွေး၊ မင်းသာ မတွေ့ရင် သူ ခုထိ သူများကိုလည်း မပြော၊ သူ့ဟာသူလည်း မကု၊ ဘယ်အချိန်ထိအောင်များ နေမလဲ မသိဘူး"





ဟုတ်တော့လည်း ဟုတ်သည်။ ရိုးရိုးခြေထောက်နာတာထင်ပြီး သားရွှေသွေးက ဆရာဝန်ပြပါလား ပြောကတည်းက ပြခဲ့ရင် ဘာပဲဖြစ်ဖြစ် အချိန်စောဦးမည်။ သူ့ကိုယ်သူလည်း ဂရုမစိုက်ပဲ ပေါ့တာ။ နေရာတကာ မေမေ ပါရတာဟာ မေမေ့အပြောမလွန်ပါ။ မှန်ပါသည်။

"ကျွန်တော့် သဘောကတော့ ..."

သားရွှေသွေးက စကားကို အတန်ကြာ ရပ်ထားပြီးမှ ...

"မခွဲစိတ်ခင် မေမေ သွားတွေ့စေချင်တယ်".

မေမေက ခပ်လှမ်းလှမ်းကို ငေးနေကာ ငြိမ်နေသည်။ ငေးနေတဲ့နေရာက မြင်ကွင်းကိုလည်း မြင်ပုံမရ။ စိတ်လည်းချက်၊ ဒေါသလည်းထွက်၊ ကရုဏာလည်းသက် ဆိုတာမျိုး ဖြစ်နေပါလိမ့်မည်။ မေမေသည်လည်း ဖေဖေ့ကို သူက သွားစ,ခေါ်ရသည့်အဖြစ်မျိုး ပြုလုပ်လိုမည် မထင်။ ခုကိစ္စက ကျန်းမာရေးကိစ္စလည်းဖြစ်နေ၍ မေမေ့မှာ ချီတုံချတုံ ဖြစ်နေကာ အံကိုကြိတ်ထားသည်မှာ နှုတ်ခမ်းများ မဲ့နေပါသည်။

"ကိုယ့်ဒုက္ခ ကိုယ်ရှာတယ်၊ အင်မတန် မိုက်တယ်၊ ခုကော ဆေးလိပ်ကို သောက်တုန်းလား"

"ကျွန်တော် အိမ်မှာရှိသမျှ စီးကရက်ဘူးတွေတော့ ရှာဖွေဖျက်ဆီးပစ်လိုက်ပြီ၊ ဖြတ်ကို ဖြတ်ရမယ်လို့လည်း ဆရာ

ဝန်က ပြောပြီးပြီ၊ ဆေးလိပ်ကို မဖြတ်ရင် ခြေထောက်ကို ထပ်ဖြတ်ရမယ်၊ ကျွန်တော်တောင် စိတ်တိုတိုနဲ့ ကြိုက်တာ ဖြတ်ပေါ့ ဖေဖေရာလို့ ပြောခဲ့သေးတယ်"

"ဒီတော့ ဘာပြောလဲ"

"ဘာမှ မပြောဘူး"

"မေမေ သွားရင်လည်း မင်း လာစရာမလိုပါဘူးလို့ပဲ သူ ပြောလွှတ်မှာပါ၊ မေမေ မသွားချင်တော့ပါဘူး သားရယ်၊ မေမေ စိတ်မကောင်းပါဘူး၊ လူသားတစ်ယောက်အနေနဲ့ ရော၊ ဘဲယောဇဉ်ရှိဖူးသူတစ်ယောက် အနေနဲ့ရော သနားတယ်၊ မဖြစ်စေချင်ဘူး၊ ဒါပေမဲ့ … သူ့ဆီ သွားဖို့တော့ မဖြစ်ဘူး ထင်ပါတယ်၊ အိမ်မှာပဲ သူ့အတွက် ဘုရားရှိခိုး ပုတီးစိပ် လုပ်ပေးလိုက်ပါ့မယ်"

"ဘယ်တူပါ့မလဲ မေမေရယ်"

မေမေက ငြိမ်သက်စွာသာ ငေးမောနေပါသည်။

"ဖေဖေ ဆေးရုံကဆင်းရင် ဘယ်လိုနေမလဲ၊ ဘယ်လို အဆင်ပြေမလဲ ဆိုတာမျိုးတွေ မေမေ စဉ်းစားမကြည့်ဘူး လားဟင်"

မေမေက မလှုပ်မယှက် …။

(မှူမ)





"ဒေါက် ဒေါက်"

"ဝင်ခဲ့"

ခပ်မှာမှာ အော်လိုက်သော ဦးရဲသွေး အသံသည် အလိုမကျခြင်းတို့နှင့် ပြည့်လျှမ်းနေသည်။ အသက်နှစ်ဆယ်လောက် ကနေ ခြောက်ဆယ်ကျော်ထိ အနှစ်လေးဆယ်ကျော် တစ်ရက် မပြတ် ဆေးလိပ်သောက်ခဲ့သူဖြစ်၍ ရုတ်တရက် တိခနဲ အစိမ်း ဖြတ်ရသည်မှာ အလကားနေရင်း ဒေါသထွက်နေအောင် စိတ်ကို ထိခိုက်လှသည်။

အသိဉာဏ်နှင့် ပြည့်စုံသူ ဖြစ်ပါလျက် ဒီအခြေအနေ မှာ ဆေးလိပ်တမြမြဆိုလျှင် မြင်ကရာလူက မသနားတဲ့အပြင် ဖနောင့်နှင့် ပေါက်ချင်မည်။ မသောက်သင့်တော့ဘူး ဆိုတာ အသေအချာ နားလည်သိရှိသောစိတ်နှင့် (ဆေးရုံပေါ်မှာလည်း ဖြစ်သည်တစ်ကြောင်းမို့) မဖြတ်မဖြစ် ဖြတ်ထားရသော ဆေးလိပ် ကိုသာ ပါးစပ်က တတမ်းတတ ဖြစ်နေသည်။ အလိုမကျမှုက လူကို ဒေါသဖြစ်စေသည်။

အဲဒီအလိုမကျမှုအပြင် အခြားသော အလိုမကျမှုတွေကလည်း ရှိပါသေးသည်။ ပုဂ္ဂလိကဆေးရုံကြီးရဲ့ ဈေးကြီးပိုက်ဆံခန်းတစ်ခန်းဖြစ်၍ ဘေးမှာလည်း ခုတင်နီးချင်းတွေ ဘာတွေဆိုတာ ရှိတာမဟုတ်။ ကိုယ့်အခန်းထဲ ကိုယ်တစ်ယောက်တည်းမှာ သားရွှေသွေးက မိုးလင်းလျှင် ရုံးမသွားခင် တစ်ခေါက်ဝင်လာ၊ ညဘက် ရုံးကပြန်လျှင် တစ်ခေါက်ဝင်လာ။ ဒါပဲ။

သားရွှေသွေးရဲ့ တပည့် မောင်ကြည် ဆိုသောကောင်လေးက သားရွှေသွေး အိမ်နှင့် ဆေးရုံကို ကူးလူးကာ နေ့လယ်တစ်ခေါက် ညနေတစ်ခေါက် ထမင်းပို့သည်။ သူ ဆေးရုံတက်လိုက်တာကို တခြားမိတ်ဆွေတွေ ဘာတွေလဲ မသိ၍ သူ့မှာ သတင်းမေးမဲ့သူ လူနာလာကြည့်မဲ့သူလည်း မရှိပါ။

ဘယ်သူမှ မလိုပါဘူးကွာ၊ ဖြတ်စရာရှိတာ ဖြတ်ပြီးဆေးရုံကဆင်းရုံပေါ့၊ ဒါပဲပေါ့ လို့ ခပ်မာမာပဲ ကြွေးကြော်ပြီးသူ့ကိုယ်သူ ဘယ်လိုပင် လိမ်ညာသော်ငြားလည်း သူ့ရင်ထဲ၌ဝမ်းနည်းအားငယ်ခြင်း အပူမီးက တငြီးငြီး တောက်လောင်နေပါသည်။ ခြေထောက်ကြီး တစ်ဖက်လုံးကို ဆုံးရှုံးရမည့်ကိစ္စကလည်း တော်ရုံ စိတ်ဓာတ်ကြံ့ခိုင်ခြင်း မရှိလျှင် သွေးပျက်ပူဆွေးချင်စရာပါ။ ကိုယ်တိုင်ဟာ ငယ်စဉ်က စစ်တိုက်လာတဲ့သူမို့သာ၊ ဒီလောက်ထိမမှုစိတ် မွေးထားတာ။ ဒါတောင်မှပဲ မှုမိပါသေးသည်။

"ဝင်ခဲ့လို့ ပြောနေတယ် မဟုတ်လား"





အပြင်ကအသံ မကြားရ၍ သူက ထပ်အော်လိုက်ပါသည်။ သူ့ရဲ့အထူးသူနာပြုမလေးဟာလည်း ဝင်တစ်ခါခေါက်ထွက်တစ်ခါပြောနှင့် သူ့တာဝန်အရ ယဉ်ကျေးမှုအရ "ခဏနော်" လို့ ခွင့်တောင်းတာ၊ ဝင်ဖို့တံခါးခေါက်တာတွေကိုတောင် သူ့မှာ စိတ်မရှည်။ ခုလည်း ဝင်ခဲ့ဆိုတာကို မကြားပြန်ဘူးဟု စိတ်တိုတိုနှင့် ဆောင့်အော်လိုက်လျှင် အခန်းတံခါး လက်ကိုင်ဘုက ဖြည်းဖြည်းချင်းလည်ကာ ပွင့်သွားပါသည်။

ဦးရဲသွေးက ပွင့်သွားသော တံခါးဝကို စူပုပ်ပုပ်နှင့် မကျေမနပ် လှမ်းကြည့်သည်။ ကြည့်မိသော မျက်နှာက အမူအရာပြောင်းကာ အံ့အားတသင့် တစ်မျိုးကြီး ဖြစ်သွားလျက် ရှိန်းတိန်းတိန်း ခံစားလိုက်ရပါသည်။

တံခါးဝမှာ ဒေါ်ချိုချို။ မင်း လာစရာ မလိုဘူး။ ရင်ထဲက ကျိတ်ကာ ဒေါသတကြီး အော်ဟစ်လိုက်ပေမဲ့၊ နှုတ်က မထွက်ပါ။ ထွက်လည်း မထွက်ရဲ။ ဒီမိန်းမသည် သူကလာပါလျက် ကိုယ်က ဒီလိုအော်ဟစ်လိုက်လျှင် တကယ်လှည့်ပြန်ချင်ပြန်သွားမည့် မိန်းမဖြစ်သည်။ ခုတော့ သူမ မျက်နှာမှာ အမိဖွာယ်ဖော်ရခက်တဲ့ အရိပ်တချို့။

ဒေါ်ချိုချိုက ခပ်တည်တည် ဝင်လာပါသည်။ ခပ်တည်တည် ဆိုရာမှာ တင်းမာတာ မဟုတ်သော မျက်နှာတည်တည်ငြိမ်ငြိမ်နှင့်။ ဦးရဲသွေးသည် ရှက်သလိုလို ဝမ်းနည်းသလိုလို ဖြစ်

ကာ ပက်လက်အိပ်ရင်း မျက်စိကို မျက်နှာကြက်သို့ ပို့ထားသည်။ ဒေါ်ချိုချိုက သူ့အနား လာရပ်ပါသည်။

"နက်ဖြန် အော်ပရေးရှင်းက ဘယ်အချိန်လဲ"

ဦးရဲသွေးသည် နှုတ်ခမ်းကိုမဲ့ကာ မဖြေဘဲလည်း မနေနိုင်သည်နှင့် ...

"မနက်ရှစ်နာရီခွဲ"

"ကျွန်မ ရှင့် မွေးနံ့ထောင့် ဘုရားမှာ လှူဒါန်းဆုတောင်းသေးတယ်၊ ဗေဒင်သွားမေးပြီး ယတြာတွေ ဘာတွေပါ ချေပေးထားတယ်"

ဟိုအရင်ကတည်းက သူနှင့် တကျက်ကျက်ကိစ္စမို့ ဦးရဲသွေးက ရှုံ့မဲ့ကာ ...

"မင်း လာပြန်ပြီ၊ ငါက မယုံကြည်တဲ့နောက်တော့ မင်း ယတြာတွေလည်း ထိရောက်မှာ မဟုတ်ဘူး၊ တဆိတ်ရှိ ဗေဒင် ဗေဒင်၊ အဖြီးအညာတွေကို အလကား ပိုက်ဆံသွားပေးနေတယ်"

"ကိုယ် ယုံကြည်ရာ စိတ်သန့်ရာလေးကို အန္တရာယ်မရှိတဲ့ ဘောင်အတွင်းက လုပ်တာ ဘာများ ဒီလောက်ဆိုးစရာ ရှိလဲ၊ အလွန်ဆုံး အကျိုးယုတ်ရင် ငွေကုန်လိုက်ပြီး မထိရောက်ဘူး ဆိုတာထက် ဘာမှ ပိုအကျိုးယုတ်တာ မရှိဘူး၊ ဘယ်သူ့မှလဲ မထိခိုက်ဘူး"





"ပြီးရောကွာ ...၊ ချေ ... ချေ ..၊ မင်းယတြာ မင်းချေ"

"ဆေးရုံကဆင်းရင် ..."

ဒေါ်ချိုချို အသံက တစ်ဝက်၌ ရပ်တန့်သွားသည်။ ဦးရဲသွေးက ဒေါ်ချိုချို့ကို မျက်စောင်းလှည့်ထိုးရင်း ...

"ဟိုကောင်က သူ့အိမ်ခေါ်သွားမတဲ့၊ မလိုက်ချင်ပါဘူး၊ ငါ့အိမ်ကိုပဲ ကူဖော်လောင်ဖက် ကောင်လေးတစ်ယောက် ပို့ထားရင် ပြီးတယ်၊ ဒါက ပိုလွတ်လပ်တယ်၊ သူ့များအိမ် မနေချင်ပါဘူး၊ ဒါပေမဲ့ ... ဒီကောင်ကလည်း ဇွတ်ပဲ၊ ငါ့ကို ပေါက်တာ၊ ပြီးတာပဲလေ၊ သူထားတဲ့နေရာ နေရုံပဲပေါ့"

"သြော် ... သားအိမ် သွားနေမှာလား"

"ဟုတ်တယ်"

"နက်ဖြန်မနက် ကျွန်မ မလာဘူး"

"မလာနဲ့ ... ရတယ်"

"ရှင် ခွဲစိတ်တဲ့အချိန် ဘုရားမှာ အဓိဋ္ဌာန်ဝင်ပေးရမယ် ဆိုလို့ ဘုရားသွားနေရမှာမို့"

ဦးရဲသွေးက ကိုယ်ကို လှုပ်ရှားကာ ခပ်မဲ့မဲ့နှင့် တစ်ဖက်ကိုပဲ ခေါင်းကြီးလှည့်ကာ နံရံကို ကြည့်နေသည်။

"လူဆိုတာ ကိုယ့်ဓာတာနဲ့ကိုယ် လာတာပါပဲ၊ သူတစ်ပါး ပြုစုလုပ်ကိုင်ပေးတာ ခံရမဲ့ဓာတာ ပါတဲ့လူဟာလည်း သူ့

ကုသိုလ်နဲ့ သူပဲ၊ ရှင်လည်း ကုသိုလ်ကောင်းတယ် ပြောရမှာပေါ့"

"ဟော့ ... မင်း ငါ့ကို လာအရွဲ့တိုက်ပြီး ရိနေတာလား၊ ခြေထောက်ကြီးတစ်ဖက် ဖြတ်ရမဲ့ကောင်က ကုသိုလ်ကောင်းတာလား"

"ရှင် ... ကျွန်မ ပြောသမျှကို ရှင့်ကို အကောင်းမပြောဘူး၊ ရွဲ့တယ် ရိတယ်ပဲ ထင်နေတာကို ဖျောက်ဦး၊ တစ်ဖက်သားကို အကောင်းမြင်တတ်ဦး ဦးရဲသွေး၊ တစ်ဖက်သားရဲ့ စိတ်နှလုံးထဲကို မြင်အောင်ကြည့်ပြီး နားလည်တတ်တဲ့၊ ကိုယ်ချင်းစာတတ်တဲ့ အကျင့်ကို ကျင့်ယူဦး"

"ဟော့ ... မင်း ... ဆေးရုံတက်ပြီး ခြေထောက်ဖြတ်မဲ့ လူမမာကို စကားနဲ့ လာနှိပ်စက်နေတာလားကွာ"

ဦးရဲသွေး အသံက တုန်ယင်လာသည်။ ဒေါ်ချိုချိုသည်လည်း မျက်ရည် လည်နေပါသည်။

"ဒီမှာကွာ ... မင်း သိထားဖို့က တစ်ခါတစ်ရံမှာ ကိုယ့်တာဝန် ကိုယ်မယူချင်လို့ ပျင်းလို့ ရေသာခိုလို့ မဟုတ်ဘဲ တစ်ဖက်သားကို မှိုခိုမိမှန်းမသိ မှီခိုမိတာတွေ ရှိသွားတတ်ပါတယ်၊ ဒါဟာ သူစိမ်းတစ်ယောက်အပေါ် ဘယ်တော့မှ မဖြစ်နိုင်တဲ့ စိတ်ရဲ့လှည့်စားမှုပဲ၊ ဒါမျိုးဟာ ကိုယ်သံယောဇဉ်ကြီးတဲ့ သူအပေါ်သာ အလိုအလျောက် ဖြစ်သွားလေ့





ရှိတယ်၊ ဒီလူ မရှိလည်း သူ့ဟာနဲ့သူ အားလုံးက ဖြစ်တော့ ဖြစ်သွားတာပါပဲ၊ မေတ္တာမရှိတဲ့ လူတစ်ယောက်အပေါ် မှိုခိုမိမှန်းမသိ မှီခိုနေတာမျိုး ဆိုတာတော့ မရှိပါဘူးကွ၊ လုံးဝမရှိဘူး၊ ဒါကို မင်း နားလည်ထားပါ၊ မင်းကို ပင်ပန်းဆင်းရဲပစေဆိုတဲ့ စိတ်ထား ငါ့စိတ်ထဲမှာ မတော်တဆတောင် မဖြစ်ဖူးခဲ့ဘူး၊ ဒါပေမဲ့ ဒါဟာ မင်းအတွက် သည်းညည်းမခံနိုင်တဲ့ ဖိစီးမှု ဖြစ်လာတယ်၊ ဒီအတွက် ငါ စိတ်မကောင်းဘူး၊ ဒါပါပဲကွာ၊ မင်း ပြန်လို့ရပါပြီ၊ သတင်းမေးတာ ငါ တကယ်ကျေးဇူးတင်ပါတယ်"

ဒေါ်ချိုချိုက အတန်ကြာ ဦးရဲသွေးကို ငေးငိုင်ရပ်ကြည့်နေပြီးမှ အသာလှည့်ပြန်သွားပါသည်။







## ၁၃

မောင်ကြည်ရဲ့ကား ခြံထဲစင်လာသံကြားလျှင် နီတျာသည် ထမင်းစားနေရာမှ ကမန်းကတန်း ထ,ရပ်လိုက်ပါသည်။

"ဘယ်သူလဲ သမီး"

တစ်စားပွဲတည်း ဗိုးချဲနှင့်ထိုင်ကာ ထမင်းစားနေသော ဦးရဲသွေးက မော့ကြည့်မေးလျှင် ...

"မောင်ကြည်ပါ အန်ကယ်ရဲ"

"သမီး ဘာမှာထားလို့လဲ"

နီတျာက ခပ်လွင်လွင် ရယ်မောရင်း ...

"ပြမယ်၊ အန်ကယ်ရဲကို ပြမယ်၊ နီတျာ ဘာမှာထားတယ်ဆိုတာ"

နီတျာက ဗိုက်ကြီးကော့ကော့နှင့် ပြေးထွက်သွားတာမို့ ...

"ဟဲ့ ... ဟဲ့ ... ဖြည်းဖြည်းပြေးပါ နီတျာရယ်၊ အိမ်မှာ အန်ကယ်တစ်ယောက်လုံး ရှိနေတာ ညည်းချော်လဲရင် ငါ့ကို ရွှေသွေး ကြိမ်းနေပါဦးမယ်"

နီတျာသည် လှစ်ခနဲပင် ခဏလေးနှင့် အိမ်ရှေ့မှ ပြန်ဝင်လာသည်။

"အန်ကယ်ရဲ့ ... ဒီမှာ ကြည့်ပါဦး"

ဦးရဲသွေးက ထမင်းစားနေရာမှ ကိုယ်ကိုလှည့်ကာ ကြည့်လိုက်ပါသည်။ နီတျာ လက်ထဲက ပစ္စည်းကို မြင်လျှင် ပထမ ဇဝေဇဝါနှင့် နောက်တော့ ဘာမှန်းသိကာ ပြုံးလာပါသည်။ နီတျာ ယူလာသည်မှာ ရိုးရိုးသာမန်မဟုတ်ဘဲ သစ်ကိုင်းသဏ္ဌာန်နှင့် အဆန်းထွင် လုပ်ထားသော ချိုင်းထောက်တစ်ခုပင်။

"ဟား ဟား ဟား၊ သစ်ကိုင်းခြောက်ကြီးမှတ်လို့"

"အပ်တုန်းက နီတျာ ကိုယ်တိုင် ပန်းပုဆိုင်မှာ အပ်တာ၊ အခု မောင်ကြည့်ကို ရွေးခိုင်းလိုက်တာ အန်ကယ်ရဲ့ ရဲ့"

ဦးရဲသွေးက ပြုံးမြစွာ လှမ်းယူကာ ...

"ညည်းဟာက ခိုင်ပါတယ်နော်၊ အန်ကယ့် ကိုယ်ခန္ဓာက ဝတုတ်ကြီးရယ်၊ တော်ကြာ သစ်ကိုင်းခြောက်ကြီး ချွတ်ခနဲကျိုးမှ ကြည့်လှနေပါဦးမယ် သမီးရယ်"





"ခိုင်ပါတယ် အန်ကယ်ရဲ့ရဲ့၊ သစ်ကိုင်းခြောက် မဟုတ်ပါဘူး၊ သစ်သားကို သစ်ကိုင်းခြောက်နဲ့တူအောင် ထုထားတာပါ"

"ဟင် ... ဟောဒီ အဆစ်ကလေးတွေ မျက်ကွင်းလေးတွေက ..."

"တမင် ထုထားတာ အန်ကယ်ရဲ့ရဲ့"

"ဟောဗျာ ...၊ တယ်ပြောင်မြောက်တာပဲ၊ လှတယ်၊ လှတယ်၊ ကြိုက်တယ်ဟော့၊ မှန်းစမ်း လျှောက်ကြည့်စမ်းမယ်"

ဦးရဲသွေးက မောင်ကြည့် အဖေးအကူနှင့် ဒိုးချဲမှ ထ,ကာ ချိုင်းထောက်ကို ချိုင်းမှာအားပြု၍ ထောက်လှမ်းလျှောက်စမ်းကြည့်ပါသည်။

"အဆင်ပြေလား အန်ကယ်ရဲ့"

"ပြေတယ် ... ပြေတယ်"

"နှစ်ရက် သုံးရက်တော့ ထောက်တဲ့အကျင့် မရသေးလို့ ချိုင်းနာရင် နာမယ်"

"အခု မနာပါဘူး၊ သူတို့ ခုပေးလိုက်တာက နူးညံ့သားပဲ"

ရုတ်တရက် နီတျာသည် မျက်နှာကလေးမှုန်ကာ ကုလားထိုင်တစ်ခုမှာ ဝင်ထိုင်လိုက်ပါသည်။

"အောက်ကလည်း သားရေဘုလေးနဲ့ အသံမပြည်ဘူး၊ ကောင်းတယ်၊ လျှောက်လို့လည်း ကောင်းတယ်၊ ကျေးဇူး ပဲသမီးရေ၊ ဟယ် ... သမီး ဘာဖြစ်လို့လဲ"

နီတျာသည် တဖြည်းဖြည်း ရှုံ့မဲ့လာသည်။

"အန်ကယ်ရဲ၊ နီတျာ ဗိုက်နာတယ် ထင်တယ်"

"ဟယ်"

ဦးရဲသွေးသည် ချိုင်းထောက်ကြီး မကျွမ်းမကျင် ထောက်ကာ နီတျာ့အနား ကပ်လာသည်။

"သေချာရဲ့လား၊ ဒီနေ့ ထမင်းစားကြတာ နောက်ကျလို့ များ သမီး ဗိုက်ဆာပြီး အောင့်တာလား"

"မဟုတ်ဘူး အန်ကယ်ရဲ"

"ပေးထားတဲ့ မွေးရက်က အတော်စေးသေးတာပဲ မဟုတ် လား၊ ဆရာဝန်ပေးတဲ့ ဂျူးဒိတ်ထက်ကို စောပြီးခွဲဖို့ ရက်ယူ ထားတာတောင် တစ်ပတ်လောက် လိုသေးတယ်မဟုတ် လား"

"ဟုတ်"

နီတျာ့ အနား အိမ်က ကောင်မလေးတွေပါ ခြေမ ကိုင်မိ လက်မကိုင်မိနှင့် ရပ်နေကြပါသည်။

"မနက်မိုးလင်းကတည်းက ဒါမျိုး နည်းနည်း နည်းနည်း





တစ်ချက် တစ်ချက် နာတယ်၊ နီတျာက ဗိုက်နာတာမှန်း မသေချာလို့ ကိုသားကိုတောင် မပြောလိုက်ဘူး၊ လေတွေ ဘာတွေ ထိုးလားထင်တာ၊ အား ... နာပြီ ... နာပြီ၊ တကယ်နာပြီ၊ အရမ်းနာတာပဲ"

"နီတျာ ... သမီး၊ ဟဲ့ ... ဟဲ့ ...၊ ဒီတိုင်းဆို ဘယ်ဖြစ် မလဲ၊ ဆေးရုံပြေးရမှာပေါ့၊ မောင်ကြည်၊ မိရီ ... လုပ်ကြ၊ လုပ်ကြ၊ မိရီ ... ဟိုနေ့က နင်တို့ ဆေးရုံတက်ရင် သယ် ဖို့ အစမ်းထည့်ကြတယ် မဟုတ်လား၊ လုပ်ကြစမ်း၊ စာ ရင်းရှိတယ် ... ကြည့်ပြီးထည့်ကြ ထည့်ကြ"

"ဟုတ်"

"အမယ်လေး ... နာလိုက်တာ အရမ်းပဲ"

ဦးရဲသွေးသည် အလန့်တကြား ဖျာယာခတ်ကာ ဟိုလှည့်ဒီလှည့် ဖြစ်နေရင်း ...

"လာ ... လာ ... ဆေးရုံသွားမယ်"

မိရီက လိုတာတွေ ဆွဲလွဲပြေးလွှားယူကာ အမာနှင့် မောင်ကြည်က နီတျာ့ကို တွဲ၍ ကားဆီ ဖြည်းဖြည်း ခေါ်လာ ကြသည်။

"အန်ကယ်ရဲ ... ကိုသားဆီ ဖုန်းဆက်ပါ"

"ဟဲ့ ... ပေးကြစမ်း နီတျာ့ ဖုန်း၊ လမ်းက ဆက်မယ်"

"ဟင် ... အန်ကယ်ရဲ့ လိုက်မလို့လား ... မလိုက်နဲ့လေ"

"အို ... လိုက်မယ် ... လိုက်မယ်၊ ငါ ဘာမှမဖြစ်ဘူး၊ ခြေထောက်က ဒီလောက်ကောင်းနေပြီဟာကို၊ မိရီ ဖုန်းစာအုပ်ပါယူခဲ့"

ဝရုန်းသုန်းကားနှင့်ပင် ကားပေါ် လူရောပစ္စည်းရောအားလုံး ရောက်ကြပါသည်။

"မိရီ လိုက်ခဲ့၊ အမာ အိမ်စောင့်ကျန်ခဲ့ ကြားလား"

"ဟုတ်ကဲ့"

တခဏတွင်းချင်းပင် ကားသည် ရည်ရွယ်ထားသောအထူးကုဆေးရုံကြီးဆီသို့ တစ်ရှိန်ထိုး မောင်းနှင် ပြေးလွှားနေပါပြီ။

"အရေးကြီးတာ ရွှေသွေး မဟုတ်ဘူး၊ ဆရာဝန်မကြီး၊ သူ့ ဖမ်းမိဖို့ အရေးကြီးတာ"

ဦးရဲသွေးသည် ကားနောက်ခန်းမှာ ထိုင်ရင်း ဖုန်းစာအုပ်လှန်၍ ဆရာဝန်မကြီးအိမ်၊ ဆေးရုံက သူ့ရဲ့ဝါ့ဒ်၊ ဆေးခန်းများ၊ တစ်ခုပြီးတစ်ခု ဆက်တိုက်ဆက်ပါသည်။ နောက်ဆုံးတော့ ဆရာဝန်မကြီးကို ဆေးရုံကြီးတစ်ခုမှာ သူ့မွေးလူနာကို Follow up သွားကြည့်ပေးနေတုန်း အဆက်အသွယ် လှမ်းရကာ ဆရာဝန်





မကြီးနှင့် ဖုန်းပြောခွင့် ရလိုက်၍ နီတျာ (---)ဆေးရုံသို့ သွားနေပြီဖြစ်ကြောင်း လှမ်းအကြောင်းကြားလိုက်နိုင်ပါသည်။

သားရွှေသွေးထံ ဖုန်းဆက်တော့ ဖုန်းပိတ်ထားသည်။ နီတျာအမေဆီ ဖုန်းဆက်ကာ လှမ်းအကြောင်းကြားလိုက်ပြီးလျှင် ဦးရဲသွေးသည် တစ်ခဏ ငိုင်တွေ စဉ်းစားနေသည်။ ဟိုမိန်းမသည်လည်းပဲ ဒီကလေးရဲ့ ဘွားအေ။ သူလည်းပဲ သိချင်ပေမည်။ ချီတုံချတုံ ဖြစ်နေပြီးမှ ဦးရဲသွေးက ဖုန်းစာအုပ်ထဲက နံပါတ်ကြည့်ပြီး ဒေါ်ချိုချိုရဲ့ တိုက်ခန်းသစ်ဆီ ဆက်လိုက်ပါသည်။

"ဟယ်လို"

"ဒေါ်ချိုချိုလားဟင်"

"ကျွန်မ ဒေါ်ငြိမ်း ပါရှင်"

"ဪ၊ ငါ ဦးရဲသွေးပါ၊ နင့်အစ်မ မရှိဘူးလား"

"အစ်မ မရှိပါဘူး"

"ဘယ်သွားတာလဲ၊ ကြာမှာလား"

"ဟို ... သူ့ ... သူ့ယောကျ်ားအိမ် သွားပါတယ်"

"ဘာ ..."

ဦးရဲသွေးသည် မျက်နှာကြီး ရှုံ့ကာ နားမလည်နိုင်အောင် ဖြစ်သွားပြီးလျှင် ...

"သူ့ယောကျ်ား ငါပဲလေ၊ ငါ့ဆီ မလာပါလား"

"မသိပါဘူးရှင် ... သူ့ယောက်ျားအိမ် ဆိုပြီး အစ်မ သွားသွားနေတာတော့ တစ်ပတ် ဆယ်ရက် ရှိပါပြီ၊ ညနေမှ ပြန်ပြန်လာပါတယ်"

"ဘာ ..."

ဦးရဲသွေးသည် နားတွေထွေးကာ ဘာမှလဲ နားမလည်။ တစ်ဖက်က အထိတ်ထိတ် အလန့်လန့် အ,ထစ်နေသော အသံကိုလည်း စိတ်မရှည်လှဘဲ "ဒါပဲဟေ့"ဟု ဖုန်းပိတ်ပစ်ကာ မှုန်တေတေ စဉ်းစားကြည့်သည်။ စဉ်းစားမရ။ ဒီအိမ်ဖော်မကြီး နားထုနားထိုင်းနှင့် ဘာတွေ လျှောက်ပြောနေပါလိမ့်။ သူ့ယောက်ျားအိမ် သွားသွားနေတာ တစ်ပတ် ဆယ်ရက်တောင် ရှိပြီတဲ့။ လာမှ မလာဘဲ။

သူ့ယောက်ျားက ငါပဲဟာ။ ငါကလွဲလို့ ဒီအဘွားကြီးမှာ ဘယ်ကယောက်ျား ရှိရဦးမှာမို့လို့လဲ ... ဟွန်း။

ဆေးရုံကို ရောက်ပြီမို့ သူ့မှာ ဆက်စဉ်းစားနေချိန် မရတော့။ ဆောင်ရွက်စရာရှိတာတွေ တရစပ် ပြေးလွှားဆောင်ရွက်နေရရင်း ချိုင်းထောက်ကြီး တထောက်ထောက်နှင့် မျက်စိကို နောက်စရာကို ကောင်းနေရပါတော့သည်။ သားရွှေသွေးထံလည်း ဖုန်းခေါ်ကြည့်လိုက် မရလိုက်နှင့်။ ဒေါ်မြနန္ဒာကတော့ မကြာခင် ရောက်လာပါသည်။ နီတျာကတော့ မွေးခန်းထဲ ရောက်နေပါပြီ။





"တော်ပါသေးရဲ့၊ ဆရာဝန်မကြီးကိုလည်း အချိန်မီ ဆက်သွယ်နိုင်ပေလို့၊ ဦးရဲသွေးကို အားနာစရာ ကောင်းနေပါပြီ၊ ကိုယ့်ကျန်းမာရေးနဲ့ကိုယ် မနားရဘဲနဲ့"

"အို ... ကျုပ်ကျန်းမာရေးက ဒီလောက်ကောင်းတာ၊ ဘာမှမဖြစ်ဘူး"

"ဒါပေမဲ့ ချိုင်းထောက်တစ်ဖက်နဲ့ ဗျာများသွားတာပေါ့ရှင်၊ ပင်ပန်းတာပေါ့၊ အားနာလိုက်တာ"

"အားနာစရာ မဟုတ်ပါဘူးဗျ၊ ဒါဟာ ကျုပ်ရဲ့မြေးလည်းဖြစ်တယ်၊ ကျုပ်နဲ့ ဆိုင်တာပဲ၊ လိုတာ ကျုပ်လည်းလုပ်ရမှာပေါ့၊ ချိုင်းထောက်ကလည်း သမီးနီတျာ အပ်ထားပေးတာ၊ ဒီကိုမလာသေးခင်ကလေးကမှ ရွေးလာတာ၊ အသစ်စက်စက် ... ဟဲ ဟဲ"

"ထိုင်နေပါရှင်၊ ဆေးရုံဆင်းကတည်းက ပိုးချဲနဲ့ နေတာမို့ ခုမှစ,ထောက်ပြီး လျှောက်ရတာ ပင်ပန်းပါ့မယ်"

"ပိုးချဲနဲ့ချည်းပဲ ရက်ပေါင်းကြာလှပြီ၊ ခြေထောက်တစ်ဖက် ဖြတ်ထားရတာကလွဲရင် ကျုပ်လူကောင်းဗျ ဒေါ်မြနန္ဒာရဲ့၊ ကျန်းမာပါတယ်ဗျ၊ ဒီခြေထောက်ကလည်း အနာလည်း ကောင်းကောင်းကြီး ကျက်ပြီး ရိုက်ကြည့်တောင် မနာတော့ပါဘူးဗျာ၊ အင်း ... အိမ်မှာလည်း ကလေးငယ်တစ်ဖက် ကရိကထ ရှိဦးမှာ၊ ကျုပ်က တစ်ဖက်ရှုပ်မနေချင်ဘူးဗျာ၊

မောင်ကြည့် ခေါ်သွားပြီး အိမ်ပြန်ချင်ပါတယ်၊ ရွှေသွေးကို ပြောရမှာပဲ"

"အို ... ဦးရဲသွေးက ဘာမှအလုပ်မရှုပ်တာ၊ ပြုစုဖေးမနေရတာမှ မရှိတဲ့ဟာ၊ ဘာကရိကထမှ မရှိဘဲ သမီးတို့နဲ့ပဲ နေပါရှင်"

"မဟုတ်ဘူးဗျ၊ မြေးလေးနဲ့ နေချင်ပါတယ်၊ ဒါပေမဲ့ မွေးကင်းစ ကလေးတစ်ယောက် အိမ်မှာရှိတာ အလုပ်တွေ အများကြီး ပိုပါတယ်ဗျာ၊ ကျုပ်က တစ်ဖက်တစ်မှောင့်နဲ့ သူတို့လင်မယားစိတ်ထဲ ကျုပ်ကိုပါ ပစ်မထားချင်ဘဲ ဖေးဖေးမမ လုပ်နေချင်ဦးမှာနဲ့ ဗျာများကြရှာမယ်ဗျာ၊ ကျုပ်အိမ်လည်း ကျုပ်လွမ်းတပေါ့ဗျ၊ ခင်ဗျားတို့တော့ ရယ်ချင်မလား မသိဘူးပေါ့ဗျာ၊ ကျုပ်အိမ်မှာ ကျုပ်ပိုပြီး လုံခြုံနွေးထွေးတယ်ဗျ၊ ပထမ ရွှေသွေးက ခွဲသွား၊ နောက်တော့ ဒေါ်ချိုချိုက ထွက်သွားကြပေမဲ့ အရင်တုန်းက သားရော မိန်းမရော အတူနေခဲ့တဲ့ ဒီအိမ်အပေါ် ကျုပ်က သံယောဇဉ် ကြီးတယ်ဗျ"

ဒေါ်မြနန္ဒာသည် တစ်လုံးချင်း ခပ်ဖြည်းဖြည်း ပြောနေသော ဦးရဲသွေးကို စိတ်မကောင်းမှုကလေးနှင့် ကြည့်နေမိပါသည်။

(မြမြ)





"ကလေးက ငါနဲ့ ပိုတူလား ဦးဝင်းနီနဲ့ ပိုတူလား၊ မင်း ဘယ်လိုထင်လဲကွ"

ကားပေါ်မှာ သားရွှေသွေး နံဘေးက ထိုင်၍ပါလာရင်း ဦးရဲသွေးဣာ မေးလိုက်ပါသည်။ သားရွှေသွေးက လမ်းမပေါ်မီးထိုးကာ ဂရုစိုက် မောင်းနေရင်းကပင် ပြုံးလိုက်ကာ ...

"ဖေဖေနဲ့ တူတာပေါ့ ဖေဖေရ"

"အောင်မာ ... မင်းက ငါသဘောကျအောင် ပြောနေပြန်ပြီ"

"မျက်ခုံးကိုကြည့်လေ ဖေဖေ၊ ဖေဖေ့ မျက်ခုံးကြီးဟာကို၊ ထူလည်းထူ၊ အပြားလည်းကြီး၊ ဘေးစွန်းကို နည်းနည်းကုပ်ကျနေတာ၊ မျက်ခုံးကြီးက ကလေးနဲ့တောင် မလိုက်ဘူး"

"အေး ... ဟုတ်တယ်ကွ၊ ငါပြောရင် ဦးဝင်းနီ မကြိုက်မှာစိုးလို့ မပြောရတာ"

"ကျွန်တော့်ဘက် ပိုတူတာ အမှန်ပဲ ဖေဖေရဲ့၊ နီတျာတို့ဘက်က ဖြူဖြူပါးပါးတွေ၊ မျက်ခုံးဆိုလည်း မထင်ပေါ်ကြ၊ မျက်လုံးဆိုလည်း သာမန်တွေ၊ မျက်နှာပေါ်မှာ ဘာမှ ထင်းမနေဘဲ ပျောက်နေတဲ့ အဆင်းသဏ္ဍာန်မျိုးတွေလေ၊ ကျွန်တော်တို့ မိသားစုက မျက်ခုံးမည်းမည်း မျက်အိမ်ကျယ်ကျယ်နက်နက် နှာတံထင်းထင်းတွေ"

"အေးကွ ... ငါမပြောချင်လို့ မပြောဘဲနေတာ၊ မျက်လုံးက မင်းအမေမျက်လုံး၊ မျက်တောင်တွေ ကြည့်ပါလား၊ မျက်ရစ်ကြီး ကြည့်ပါလား၊ နှုတ်ခမ်းလည်း သင်းနဲ့တူတာပဲ"

သားရွှေသွေးက ပြုံးရယ်မိပါသည်။

ဖေဖေဟာ ဒီနေ့တစ်နေ့ကုန် ဆေးရုံမှာ နေ့လယ်ဆယ့်နှစ်နာရီကျော်ကတည်းက ခုထိပင်။ သားလေးကို ဖွားသန့်စင်ပြီးမှ ရွှေသွေးက ဆေးရုံရောက်လာပါသည်။ မေမေ့အိမ် ဖုန်းဆက်မရတာ မေမေ မရှိတာ ဖေဖေက ပြောသည်။ ဘယ်ကိုဆက်ရင်ရမည်ဆိုတာ သားရွှေသွေး သိပါသည်။ မေမေ သူ့ကိုပြောပြထားပြီးပါပြီ။ ဒါပေမဲ့ ဖေဖေ့ကို ပြောမပြတော့ပါ။

သူသာလျှင် ဖေဖေ မသိအောင် မေမေ့ဆီ ဖုန်းလှမ်းဆက်ကာ အခြေအနေ အကျိုးအကြောင်းတွေ ပြောပြ၍ ညွှန်ကြားချက်တွေပါ ပေးထားပြီးပါပြီ။





ဖေဖေက စတင်ပြီး သူ့အိမ်သူ ပြန်တော့မည်ဖြစ်ကြောင်း၊ မောင်ကြည် ရှိလျှင် ရကြောင်း၊ သားရွှေသွေးတို့မှာ တာဝန်မပိုစေလိုတာ အပြင် အိမ်ကိုလည်း တမ်းတကြောင်းတွေ သူ့ကိုပြောလာတဲ့အခါ သူကလည်း အသာတကြည်ပင် ခေါင်းညိတ် သဘောတူလိုက်တော့တာပင်။

အခု ဆေးရုံကအပြန် အိမ်ကိုဝင် ဖေဖေ့ပစ္စည်းပစ္စယ အဝတ်အထည်နှင့် ဆေးဝါးတို့ ဝင်ယူပြီး ဖေဖေ့ကို မေမေ့အိမ်ဆီ ခေါ်လာတာပါ။

"မောင်ကြည် တစ်ခါတည်း မထည့်လိုက်ဘူးလား"

"ပြီးရင် လွှတ်လိုက်မယ် ဖေဖေ"

"အေး ... ရပါတယ်၊ ဒီည သူ မအားသေးလည်း နောက်မှလွှတ်ပါ၊ တစ်ညတလေ တစ်ရက်တလေ ငါ့တစ်ယောက်တည်း ဘာမှမဖြစ်ဘူး၊ သိလား၊ မင်းသိထားဖို့က ငါ့ဟာငါ အားလုံး လုပ်နိုင်တယ် လှုပ်ရှားနိုင်တယ်၊ ဗိုးချဲရော ချိုင်းထောက်ပါ ရှိတာ၊ မင်းမပူနဲ့ ကြားလား၊ နောက်ဆံမတင်းနဲ့"

"ဟုတ်ကဲ့ပါ ဖေဖေ"

အိမ်ရှေ့ရောက်လျှင် မီးလင်းနေသော အိမ်ထဲနှင့် အသင့်ပွင့်ဟနေသော ခြံတံခါးတို့ကို မြင်သောအခါ ဦးရဲသွေးက အလန့်တကြားနှင့် ...

"ဟ ... တံခါးတွေပွင့်၊ မီးပါလင်းနေပါလား၊ မင်းရောက်သေးလား"

"အိမ်နဲ့ခြံကို လာရှင်းထားတာလေ"

"သြော် ..."

ဦးရဲသွေးသည် ခြံထဲဝင်လိုက်လျှင် မှောင်ရီပိုးတဝါးပေမဲ့ ခြုံနွယ်ပိတ်ပေါင်း တစ်စက်မှ မရှိတော့ဘဲ သပ်ရပ်လှပနေသည့် မြင်ကွင်းကို အံ့အားသင့်ရသည်။ ဟိုးအရင် ဒေါ်ချိုချိုရှိစဉ်ကအတိုင်းပဲ။ သူတစ်ယောက်တည်း နေရစဉ်မှာ တစ်ကိုယ်ရေ စားသောက် လျှော်ဖွပ်ရေးကို ဖြေရှင်းနိုင်ပေမဲ့ အပင်တွေကိုတော့ စိတ်လည်း မဝင်စား နားလည်း မလည်၍ ပစ်ထားပါသည်။

ပန်းကလေးတွေ ပွင့်နေဖို့ မြက်ခင်းစိမ်းစို ညီတိနေဖို့ သူ စိတ်လည်းမဝင်စား ဝါသနာလည်း မပါခဲ့ပေမဲ့ အသင့်လုပ်ကိုင်တတ်တဲ့သူရှိ၍ ဤသို့ လှပနေတော့လည်း စိတ်ထဲကြည်နူးချမ်းမြေ့တတ်ပါသေးသည်။

သားရွှေသွေးက ကားကို ပေါ်တီကိုအောက်သို့ ရပ်လိုက်သည်။ ဦးရဲသွေးသည် ချိုင်းထောက်ကို အပြင်ထုတ်ထောက်ကာ သူ့ဟာသူ ထရပ်ဖို့ ကြိုးစားနေဆဲ အိမ်တံခါးပွင့်သံ ကြားလိုက်၍ တအံ့တသြ မော်ကြည့်လိုက်ပါသည်။





ပွင့်သွားသော အိမ်တံခါးဝ၌ ဒေါ်ချိုချို။

ကုန်းကုန်းကွကွပုံနှင့် ဦးရဲသွေးမှာ စိတ်လှုပ်ရှားကုန်လှုပ်သွား၍ ကားရဲ့ကူရှင်ပေါ် ပြန်၍ပစ်ထိုင်ကျသွားပါသည်။ ဒေါ်ချိုချိုက အသာအယာ ကားအနား ရောက်လာကာ သူ့ထံလက်ကို ကမ်းရင်း ...

"ကျွန်မ လက်ကို ကိုင်လိုက် ... အားပြုပြီး ထ,ရပ်လေ"

"အိုကွာ"

ဦးရဲသွေးက ခပ်ရှက်ရှက်နှင့် ဘာပြောလိုက်မိမှန်းတောင် မသိပါ။ သားရွှေသွေးကား မြင်ကွင်းကို မလှမ်းမကမ်းမှ လက်ပိုက်ရပ်ကြည့်နေသည်။ ဝင်မတွဲပါ။ ဖေဖေဟာလည်း စိတ်ဓာတ်နိုင်မာသူမို့ နောင်လည်း လုံမတွဲဘဲ သူ့ဟာနှင့်သူသွားလာလှုပ်ရှားမဲ့သူ။ မေမေကလည်း မနေနိုင် မကြည့်နိုင်သည့် ဓာတာပါလာရှာသူဖြစ်၍ ဖေးကို ဖေးမ,ကူညီမှာပင်။ သူတို့နှစ်ယောက်ချင်း ရှေ့လျှောက်ကိုလည်း ဒီလိုပဲ စခန်းသွားမှာမို့ သားရွှေသွေးက ရပ်ကြည့်ရုံ ကြည့်နေသည်။

ဖေဖေ ဆေးရုံက မဆင်းမီကတည်းက မေမေက သူ့အိမ်ပြန်တော့မည်ရယ်လို့ သားရွှေသွေးကို အသိမပေးခဲ့တာပါ။ သားရွှေသွေး ဝမ်းသာကြည်နူးလိုက်ရတဲ့ ဖြစ်ခြင်း။

တကယ်တမ်း ဖေဖေ ခုလို ဒုက္ခိတတစ်ပိုင်း ဖြစ်တော့လည်း မေမေ့ရင်ထဲ ဖုံးကွယ်နေတဲ့ ငယ်သံယောဇဉ်ဟာ ဖိနှိပ်မရအောင် ကြွတက်လာရတာပါပဲ။ မိန်းမသားဆိုတာက စိတ်နှလုံး နူးညံ့တဲ့ ကြင်နာမျိုး။ ခြေတစ်ဖက် တစ်ဝက်မရှိတဲ့ သူ့လင်ယောကျ်ား တစ်ကိုယ်တည်း ရပ်တည်ရုန်းကန်နေမှာကို တကယ်တမ်းတွင် မေမေ မကြည့်ရက် မနေရက်ပါ။

သူ့အပေါ် ဖေဖေက မသိတတ်လေခြင်းဆိုတဲ့ နာကြည်းမှုကသတ်သတ်၊ ဘာဖြစ်ဖြစ်လို့ မျက်နှာမလွှဲနိုင်တဲ့ မေမေ့ရဲ့ နူးညံ့တဲ့ နှလုံးသား ခံစားချက်က သတ်သတ်ပါ။

ဖေဖေ ခြေထောက်ဖြတ်ရတာကို ဝမ်းနည်းဆို့နင့်စွာ မေမေ ငိုသည်။ ဖေဖေ•ဤသို့ ဖြစ်နေတဲ့ အချိန်မှာ မေမေဟာ မာနကြီးနှင့် အဝေး၌ မနေနိုင်ရှာပါ။ မသိတတ်မှု နားမလည်မှု နေနိုင်လွန်းမှုတွေကို တနုံ့နုံ့ ခံစားခဲ့ရပေမဲ့ ဒီယောကျ်ားဟာ သိက္ခာရှိတဲ့ သစ္စာရှိတဲ့ မိသားစုကို ချစ်မြတ်နိုးတဲ့ ယောကျ်ားကောင်းတစ်ယောက် ဆိုတာလည်း မေမေ နားလည်လျက်ပါပင်။

"မလိုပါဘူး ချိုချိုရာ၊ လူကောင်းဘဝကတောင် မင်းကို ကရိကထ ပေးလှပြီ၊ ခုလိုဘဝကြီးနဲ့ဆို မင်းမှာ ပိုဆိုးပါတယ်၊ ဝင့်ကြီးပါတယ်"





"ရှင်က ဝင့်ကြီးတယ် ဆိုလည်း ကြီးတယ်ပဲပေါ့ရှင်၊ ရှင့်ဒီလိုအတိုင်းနဲ့တော့ ကျွန်မမှ ပစ်ထားပြီး မနေနိုင်တာကိုး၊ ကျွန်မ စိတ်ကောင်းစေတနာနဲ့ ပြန်ရောက်လာတာနော်၊ ရှင်ကပဲ တစ်ပြန်စီး မလိုအပ်သလိုလို ဘာလိုလိုတော့ မလုပ်နဲ့၊ ကဲ ... ကဲ ... တွဲပြီးထ"

"ဟွန်း"

ဖေဖေက မေမေ့ ပခုံးတစ်ဖက်ကို အားပြုသည်။

"ဝေါ် ... မင်းဟာက အားလည်းမရှိ"

မေမေက ကိုင်းပြို့၍ ပါလာရာမှ မတ်တောင့်ရင်း ...

"ရှင့် ခန္ဓာကိုယ်ကလည်း အလေးချိန် စီးနိုင်လွန်းတယ်"

ဖေဖေ ကားပြင်ရောက်လာပါသည်။ မေမေက ချိုင်းထောက်ကို နေရာတကျ ပြုပြင်ပေးလိုက်၏။ ဒေါ်ငြိမ်းက ကားထဲမှ အိတ်တွေ အထုပ်တွေ လာသယ်ယူနေသည်။

"ဩော် ... ဒေါ်ငြိမ်းက သူ့ယောကျ်ားအိမ် သွားသွားနေတာ တစ်ပတ် ဆယ်ရက်ရှိပြီဆိုတာ လက်စသတ်တော့ မင်း ဒီအိမ်ကို လာပြုပြင်သပ်ရပ်နေတာပေါ့ ... ဟုတ်လား"

"ဟုတ်တယ်"

"သိပါဘူးကွာ၊ ဒီမိန်းမတော့ နောက်အိမ်ထောင်များ ပြုဦးမလို့လားလို့တောင် ဆေးရုံမှာ တွေးနေတာ"

"တွေ့လား၊ ရှင်ဟာ ကျွန်မကို အကောင်းမြင်မပေးတဲ့ အမှော တစ်လွဲတွေးပြီး အပြစ်တင်ဖို့က အရင်ပဲ"

"ဒီလိုတွေးမိတော့ ငါ စိတ်ကောင်းမယ် ထင်လား"

"စိတ်မကောင်းရင် လဲသေပေါ့ရှင်၊ ကိုယ့်ဒုက္ခကိုယ်ရှာပြီး မဖြစ်နိုင်တာက စ,တွေးတာကိုး၊ ကဲ ... သွား ... သွား... အိမ်ထဲဝင်၊ ရှင် ထမင်းမစားရသေးဘူးလို့ သား ဖုန်းဆက်ထားတယ်၊ ထမင်းဝိုင်းကိုသာ တန်းသွား၊ လက်ဆေးပြီး ထိုင်"

"အင်းပါကွာ"

ဖေဖေ အိမ်ထဲဝင်သွားပါသည်။ အမြဲကြားနေကျ မေမေ့ရဲ့ ဆရာလုပ်သံ မှည့်ဗျစ်တောက်သံတွေကို သားရွှေသွေးနားထဲ ပီတိစိမ့်ကာ ကြားလို့ ကောင်းနေပါသည်။

"လာလေ သား ... ထမင်းစားရအောင်"

"ကျွန်တော် မစားတော့ဘူး မေမေ၊ မေမေတို့ပဲ လက်ဆုံစားလိုက်ပါ၊ ဆေးရုံကို ပြန်လာပြီးစားမယ်လို့ မှာခဲ့လို့"

"အေး ... အေး ... ဒါဖြင့် သွားတော့"

သားရွှေသွေးသည် ရှေ့တိုးလာကာ မေမေ့ ပါးပြင်ကို ကလေးတစ်ယောက်နှယ် ငုံ့၍မွှေးလိုက်ပါသည်။

"ကျေးဇူးတင်ပါတယ် မေမေ"





"မလိုပါဘူး သားရယ်၊ မင်းအဖေ ဖြစ်သလို မေမေ့ယောကျ်ားလည်း ဖြစ်ပါသေးတယ်၊ မိန်းမတစ်ယောက်အဖို့ သံယောဇဉ်ကို ပြတ်အောင်ဖွန့်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ပါဘူး၊ ကိုယ့်ကို ရစ်ပတ်ချည်နှောင်တာ တင်းကျပ်လွန်းလို့ ကိုယ့်အတွက် နာကျင်စရာ ဒဏ်ရာဖြစ်လာရင် တောင်မှပဲ တော်ရုံဖြေလျှော့ဖို့ မလွယ်ကူပါဘူးကွယ်"

သားရွှေသွေးသည် ဖေဖေ့ကို ဝင်၍နှုတ်မဆက်တော့။ ဖေဖေ သူ့စိတ်လှုပ်ရှားမှုနှင့်သူ၊ သူ့အာရုံနှင့်သူ၊ သူ့ပီတိနှင့်သူ ရှိပါစေ။ အပိုစကားတွေနှင့် မနှောင့်ယှက်နေတော့ပါ။ မေမေ့ကို လက်ပြကာ ကားကို ဖြည်ညင်းစွာ မောင်းထွက်ခဲ့ပါသည်။

လမင်းမိုမို